www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

★ [illegible] ★

ကျွန်တော်ငယ်စဉ်က ချမ်းမြေ့ပျော်ရွှင်စွာ နေထိုင်ခဲ့ရသော ပိဿနိုးနယ်မြေ တောင်တွင်းကြီးမြို့နှင့် ကျွန်တော်ခင်ချစ်စွာသော ငယ်ပေါင်းရောင်းရင်း သူငယ်ချင်းများအား ဤဝတ္ထုဖြင့် အမှတ်တရ ရည်ညွှန်းပါသည်။




www.burmeseclassic.com

www.burmeseclassic.com

စာအုပ်၊စာတမ်း၊စာနယ်ဇင်း၊
ကြိုတင်ထုတ်ဝေခွင့်အမှတ်(၁၇၆၆)
မျက်နှာဖုံး ကြိုတင် ခွင့်ပြုချက်
အမှတ် (၁၈၂၂)

# ကန်ရေစွန်းမှာ လဝန်းသာ

သက်တင်စာပေတိုက်
အမှတ် ၁၀၃၊ ပထမထပ်
၃၂-လမ်း၊ ရန်ကုန်မြို့ မှ
ဖြန့်ချိသည်။

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်ခြင်း

၁၉၇၈၊ [illegible] ဒီဇင်ဘာလ

ပထမအကြိမ်

စောင်ရေ (၁၀၀၀)

အဆင့်အပြင်

ပန်းချီ — အောင်ဝင်း

အဖုံးရိုက် — ချင်းတွင်း

ပုံနှိပ်သူ

ဦး လပ်ချမ်းဒါ(စ်)ဘန်းဂျီ [မြ ၀၂၂၁၅]

ထွန်းထွန်းလင်း ပုံနှိပ်တိုက် အမှတ် ၅၆ (ဂ)၊

ဟာမစ်တစ် လမ်း ကုက္ကိုင်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဒေါ်ခင်ဆွေရီ [မြ-၀၁၈၄၀]

သိကြည်နီ စာပေတိုက်

အမှတ် ၈၄၊ အပေါ်ဆုံးထပ်၊ ကုန်ဈေးတန်းလမ်း၊

ရန်ကုန်မြို့။

BURMESE CLASSIC .com

တက္ကသိုလ် ခင်မောင်အေး

# ကန်ရေစွန်းမှာ လဝန်းသာ

(တန်ဖိုး တဆယ့်ငါး ကျပ်)

www.burmeseclassic.com

www.burmeseclassic.com

# ‘ကန်ရေစွန်းမှာ လဝန်းသာ’

## စာရေးသူ၏အမှာ

ကျွန်တော်၏ဝတ္ထုအသစ် မထွက်ခဲ့သည်မှာ ယခုနှစ် စက်တင်ဘာလကဲ့ တနှစ်တင်းတင်း ပြည့်ခဲ့ပြီဖြစ်သည်။ အမှန်မှု ဝတ္ထုရေးသူ တဦး အနေနှင့် ဤမျှကြာကြာ စာအဆက် မပြတ်သင့်ကြောင်း ကျွန်တော်သိပါသည်။ သို့သော်လည်း အခြေအနေ အကြောင်းကြောင်းကြောင့် ကျွန်တော့်အတွက် မတတ်သာခဲ့။

အမှန်အားဖြင့် ဤ‘ကန်ရေစွန်းမှာ လဝန်းသာ’ဝတ္ထုကို ကျွန်တော်ရေးပြီး ခဲ့သည်မှာကြာပြီ။ သို့သော်လည်း အကြောင်း အမျိုးမျိုးသော အခက်အခဲကြောင့် ယခုမှပင် ထုတ်ဝေ

သက်တင်စာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

နိုင်ခဲ့ခြင်းဖြစ်သည်။ စာရေးသူအနေနှင့်စာတအုပ် ရေးသားဖြစ်မြောက်ရန် မလွယ်သလိုပင်ရေးပြီးသောစာကို စာတအုပ် ဖြစ်လာအောင် လုပ်ရသည်မှာလည်း မလွယ်လှပါ။

ဝတ္ထုရေးဆရာများ အနေနှင့် ခံစားချက်ရှိမှ စာရေး နိုင်ကြသည်ဟု ဆိုရိုး ရှိကြပါသည်။ 'ခံစားချက်' ဟူသည်ကို 'ဝေဒနာ' ဟူ၍လည်း အဓိပ္ပါယ်ဖွင့်၍ ရနိုင်ပါလိမ့်မည်။

ကျွန်တော့် ရင်ဝယ် များလှစွာသော ဝေဒနာတို့ပေါက်ဖွား ခဲ့ကြသည်မှာ ကြာခဲ့များခဲ့သည်မှာလည်း အမှန်။ ထို 'ဝေဒနာ' တို့ကို စာရွက်ပေါ်တွင် အက္ခရာတင်ကာ ရေးချလိုက်ချင်သည်မှာလည်းအမှန်။ သို့သော်လည်း ကြိုးပမ်းရကျိုး ရေးရကျိုး မနပ်မည် စိုးသည့်ကြောင့် ကျွန်တော်လက်တွန့် နေခဲ့ရသည်မှာလည်းအမှန်။ ဤနည်းအားဖြင့် ကျွန်တော့် ဝတ္ထုတို့ အတွက်ကျဲခဲ့ရခြင်းလည်း ဖြစ်၏။

မဖွရှာဘဲ ရလာသော ဝေဒနာများကို စိတ်တွင်းမှ ဖြေလျော့ကာ ရေးလိုက်ချင်ပါလျက်နှင့် မရေးဖြစ် မရေးနိုင်ခဲ့ခြင်း ကြောင့်လည်း ကျွန်တော့်ရင်ဝယ် ထပ်ဆင့် ဝေဒနာတို့ပွားများလာခဲ့ရသည်မှာလည်း အမှန်။



ထို့ပြင် စာမရေး နိုင်၍ ကျွန်တော် "ကလောင်" သေသွားမည်ကို ကြောက်လှပါသည်။ ယခု ရရှိထားသော ကျွန်တော့် 'ကလောင်'ကလေးကို မွေးခဲ့ ရသည်မှာလည်း လွယ်ခဲ့သည် မဟုတ်ပါ။ ကြိုးပမ်းမှုနှင့်အတူ နှစ်ပေါင်းလည်း နည်းခဲ့သည်မဟုတ်ပါ။ ဘာဘဲဖြစ်ဖြစ် ကျွန်တော့် 'ကလောင်'ကိုမူ အသေမခံနိုင်ပါ။

ထို့ကြောင့် ကျွန်တော်ကြိုးစား၍ ရေးနိုင်သလောက် ရေးတော့မည်ဟု ဆုံးဖြတ်လိုက်မိပါသည်။ ထိုဆုံးဖြတ်ချက်နှင့် အညီ ရေးနိုင်ခြင်း မရေးနိုင်ခြင်း၊ ဝတ္ထုအဖြစ် ထွက်လာခြင်း ထွက်မလာခြင်းတို့ကိုမူ စာဖတ်သူတို့ မလွဲမသွေ မြင်ရသိရပါလိမ့်မည်။

ကျွန်တော့်ဝတ္ထုများ အထွက်အလာကျဲ၍ မေတ္တာဖြင့် မေးကြမြန်းကြသော ကျွန်တော့် စာဖတ်ပရိသတ်နှင့် ကျွန်တော့် မိတ်ဆွေများအား ကျေးဇူး တင်ကြောင်းကို ဤနေရာမှ လေးစားစွာ ဖော်ပြလိုပါသည်။

ထို့အတူ....

ကျွန်တော့် ဝတ္ထုများ မထွက် လာ၍ နှစ်ထောင်းအားရ ရှိကြဟန်ဖြင့် ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းကို မဟုတ်မတရား သွားပုပ်လေလွင့် ပြောဆို နေကြသော သူတို့ အတွက်မူကား ကျွန်တော်အိပ်ပျက်မခံနိုင်ပါ။

မေတ္တာများစွာဖြင့်....

(တက္ကသိုလ်ခင်မောင်အေး)

၂၅-၆-၇၇



(၁)

ကန်ရေစွန်းဝယ် လဝန်းသာနေ၏။

ကန်ရေပြင်စွန်း၏အထက် အရှေ့ဘက် ကောင်းကင်ဝယ် လမင်းဝင်းဝင်းကို မြင်နေရ၏။

ကန်ရေပြင်၌လည်း လဝန်းထင်နေ၏။

ငွေလနှစ်စင်း သာသောည။

ကန်၏အရှေ့တည့်တည့်တွင် ရွှေရောင်ဝင်းနေသောစေတီငယ်တဆူရှိ၏။

ဟို...ဝေးသော အရှေ့မြောက်ယွန်းယွန်း၌လည်းရွှေသင်္ကန်းတို့ ညိုနေပြီဖြစ်သော စေတီကြီးတဆူကိုပါ ဖူးမြင်နေရ၏။

ရေပြင်သည် ကြေးမုံပြင်ကို ခင်းထားဘိသကဲ့သို့ ပကတိငြိမ်သက်နေ၏။ အစုံအအုပ် အကွက်အကြားအားဖြင့်မူ ကြာရွက်တို့ပြန့်ကား ကြာပန်းတို့ ပွင့်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



နှင်းမြူတို့ ပါးလျားသော်လည်း ညာ၏အတွေ့သည် အေးနေ့ပါ၏။

ဆောင်းတော့ဖြင့် ပီပါပြီ။

မိမိကလှေဦးတွင် ထိုင်နေ၏။

ညရှုခင်းသည် မျက်စိထဲတွင် ပြက်ပြက်ထင်ထင် ပေါ်နေ၏။ ရုတ်တရက် ရင်ထဲ၌ အေးကနဲ ဖြစ်သွားရာက လှေပေါ်မှနေ၍ ရေထဲသို့ ဦးခေါင်းဇောက်ထိုး ကျသွား၏။ တလောကလုံး မှောင်သွား၏။ နှာခေါင်းထဲ၌ မွန်သွား၏။

ကြောက်အားလန့်အားနှင့် ရေပေါ်သို့ ပြန်တက်ကာ လှေနံရံဘောင်ကို ဆွဲလိုက်မိ၏။ လှေပေါ်သို့ လှမ်းကြည့်လိုက်သော အခါ၌ လှပသော မျက်နှာကလေးတခု။

မျက်လုံးကကြည့်နေ၏။

ဖြူဝင်းသော ညာဘက်ပါးပြင်ပေါ်၌ မှဲ့နက်ကလေးတလုံးမှာ လှလှပပထင်းနေ၏။ နှုတ်ခမ်းပွင့် ဝတ်လှာ နှစ်ချပ်မှာ တင်းတင်းပိပိစိနေ၏။ နက်မှောင်သော ဆံယဉ်စတို့မှာ ပုခုံးထက်၌ ဝဲကျနေ၏။

မျက်နှာကလေးက လှသော်လည်း ပျော့ပြောင်း ပြုံးရယ်ခြင်းမရှိ၊ ခက်ထန်တင်းမာနေ၏။

မျက်လုံးတို့က ကြည်ရွှန်းသော်လည်း ကရုဏာကြင်နာရိပ်တို့ ကင်းသည်။ ပကတိ အေးစက်မာကြောနေ၏။

'နွယ်....နွယ်....နွယ်ရယ်'

မိမိက သူ့မျက်နှာကိုကြည့်ရင်း ထိုသို့ခေါ်မိဆဲ။





သူက....သူ့လက်ထဲ၌ ကိုင်ထားလျက်ရှိသော လှေတက်ဖြင့် မိမိခေါင်းကို ရိုက်ချလိုက်ရသည်ကို ခံရ၏။ ခေါင်းထဲ၌ မိုက်ကနဲ ဖြစ်ကာ ရေထဲသို့ ကျသွားရပြန်၏။

နှုတ်မှလည်း 'အား'ကနဲ အော်လိုက်မိသည်။ အသံထွက်မထွက်တော့ဖြင့် မသိ။

မိမိ၏ မျက်လုံးများကို ဖွင့်ကြည့်လိုက်မိ၏။

အခန်းထဲဝယ် ဖယောင်းတိုင် ငါးတိုင်အားရှိသော အပြာရောင် မီးလုံးကလေးမှ အလင်းရောင်မှာ ခတ်မှုံမှုံ ဖြာကျလျက်ရှိ၏။

ရင်ထဲဝယ် ယခုတိုင်ထိ တုန်လှုပ်ဆဲ၊ ချောက်ချားဆဲ။

ရင်ခုန်မပျောက်သေး။

ဒီအိပ်မက်သည် လာပြန်ပြီ။

လွန်ခဲ့သော လေးလကျော်ကျော် တညကလည်း ဤအိပ်မက်ကိုပင် မက်ခဲ့ရပြီးပြီ။

တကယ်ဆိုတော့၊ ဤအိပ်မက်မျိုးနှင့် စာပုံစံထဲအတိုင်း မက်ခဲ့ရဘူးသည့် အိပ်မက်တို့သည် အကြိမ်ကြိမ်အခါခါ ရှိလှပြီ၊ များပြားခဲ့လှပြီလူမှန်းသိတတ်ခါစ ကတည်းကဖြစ်၍ အရေအတွက်ကိုမှတ်ပင်မမှတ်မိနိုင်တော့....။

မိမိကိုယ်ဝယ် ချွေးစေးတို့ ပြန်လျက်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



တခါလည်းမှုဟုတ်....

နှစ်ခါလည်းမဟုတ်....

ထပ်ခါတလဲလဲ၊ မှကြာခဏ မက်နေရသော၊ ဤအိပ်မက်သည် ဘယ်က လာပါသနည်း။

●

သက်တင်စာပေ

(၂)

ရွှေရောင်ဝင်း၍.... နေသော၊ စေတီငယ် ပရဝုဏ်အတွင်းမှ ထွက်ခဲ့ကြပြီးနောက်၊ မကျီးပင်ကြီး တပင်၏အောက်သို့ ရောက်ခဲ့ကြ၏။

ဖြူဖြူဖွေးဖွေး၊ ဖေါင်းဖေါင်းမို့မို့၊ နူနူအိုအိ ရှိလှသော သူ့လက်ကလေးသည် မိမိ၏လက်နှင့် တွဲလျက်ရှိ၏။

သူ့မျက်နှာကလေးကို ကြည့်လိုက်မိသော အခါတွင်၊ သူ့မျက်လုံး ကြည်ကြည်ကလေး များကလည်း၊ မိမိကိုစိုက်ကြည့်နေ၏၊ မျက်နှာကလေးကလည်း ပြုံးနေ၏။

လှပသော အပြုံးနှုတ်ခမ်းအစုန်း၏ ညာဘက် ပါးထက်ဝယ် ဝယ်ဘင်.... မှဲ့နက်ကလေးက.... မှုဟူရာရောင် တောက်နေ၏။

အရှယ်က.... ဆယ်ကျော်သက်မျှ....။

အပျိုသွေး.... မဝင့်တဝင့် ကိုယ်ဟန်ကလည်း ကလေးသာသာ။

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီရောင် အပြုံးပန်းဝယ်.... စပယ်ငုံကလေးတွေ ဖူး....နေ၏။

သူကလက်တွဲ ဖြုတ်လိုက်၏၊ သူ့ခါးကြားထဲမှ၊ မောင်းချါးကလေးကို ထုတ်လိုက်၏၊ မိမိကလည်း၊ ခါးကြားထဲမှ ဓါးမြှောင်ကိုထုတ်ခါ.... မကျီးပင်ကြီး၏ ပင်စည် အခေါက်များကို ခွာပြစ်လိုက်၏။

ထို့နောက် ပင်စည်အတွင်းသားကိုလည်း၊ မျက်နှာပြင်ညီအောင်.... အသားများကို အနည်းငယ်မျှ လွှာပြစ်လိုက်၏။

'ကဲ.... ထွင်းတော့....'

မိမိက သူ့ကိုကြည့်ကာ ပြောလိုက်၏။ သူက.... မောင်းချါးကလေးဖြင့် သစ်ပင်၊ ပင်စည်ဝယ် ထွင်းနေ၏။

ခဏနေတော့၊ စာလုံးကလေး ပေါ်လာ၏။

'နွယ်....'

သူကမိမိကို လှည့်ကြည့်ရင်းဆို၏။

'ကဲ....နွယ် ပြီးပြီ၊ အောင့်.... အလှည့်'

မိမိကဘာမှ ပြန်မပြောဘဲ၊ လက်ထဲမှဓါးဖြင့် ထိုစာလုံးကလေးနောက်မှ ကပ်၍ 'အောင်'ဟု ထွင်းလိုက်ပြန်သည်။

စာလုံးကို.... နက်နက်ထွင်းမှ ကြာရှည်ခံမည်ဟူသော အသိနှင့် မိမိကစာလုံးကို ခပ်နက်နက် ထွင်းလိုက်၏၊

'နွယ်အောင်....'

ဟူသော စာလုံးကလေး နှစ်လုံးက ပီပီသသ ထင်းတင်းကြီးပေါ်နေ၏။





တယောက်မျက်နှာကို တယောက်ကြည့်ကာ ကျေနပ်ပြုံးများကို၊ ပြုံးနေကြဆဲ၊ ယင်းနေရာမှာ ရုတ်တရက် မှောင်လာ၏။

အနောက်တောင် ဘက်ဆီမှ မိုးသားတို့.... အုံ့တက်လာသည်။

လေကလည်း ခပ်ပြင်းပြင်း တိုက်လာ၏။ ရင်ထဲ၌ စိုးရိမ်ကြောက်လန့်နေဆဲမှာပင်၊ မိုးကရွာချလာ၏။ မိုးပေါက်တို့ကျလာပုံကပြင်းသည်၊ လေတိုက်ပုံကလည်း ထန်သည်။

အလိုလိုပင် နှစ်ယောက်သား တယောက်ကိုတယောက် ဖက်ထားလိုက်မိကြသည်။

'ကြောက်တယ်.... ကြောက်တယ်၊ နွယ်.... ကြောက်တယ်'

သူက တုန်တုန်ရီရီကလေး ဆို၏၊ မိမိကသူ့ကို အားပေးရသည်။

'မကြောက်နဲ့နွယ်.... ဘာမှမကြောက်နဲ့....၊ အောင် ရှိတယ်လေ၊နွယ့်နားမှာ အောင်တယောက်လုံး ရှိနေတာဘဲ....'

သူ့ကို.... ဤသို့လျှင် အားသာ ပေးနေရသည်၊ မိမိကိုယ်တိုင်ကလည်း၊ စိုးရိမ်ကြောက်လန့်နေ၏။ သို့သော်လည်း မိုးတွေရွာ၊ လေတွေတိုက်နေသည်ကို ကြောက်လန့်ခြင်း တော့ဖြင့်မဟုတ်။ မိအိမ်က လူကြီးတွေကိုလား၊ သူ့အိမ်က လူကြီးတွေကိုလား သိ၊ မိမိတို့အဖြစ်ကို၊ လူကြီးတွေ သိသွားမှာကိုမှု ရင်ထဲမှ စိုးရိမ်ကြောက်လန့်နေမိ၏။

ထိုအချိန်မှာပင်၊ ရှဘ်တရက် ကျယ်လောင်သော ထစ်ချုန်းကြီးနှင့်အတူ၊ မိုးကြိုးကပစ်ချလိုက်၏။

'အမယ်လေး....'



www.burmeseclassic.com

www.burmeseclassic.com



သူကကြောက်အား လန့်အားနှင့် အော်လိုက်ရင်း မိမိကိုယ်ကို၊ တအားဖက်ထား လိုက်ပြန်၏။

'မိမိကိုယ်တိုင်လည်း လန့်သွား၏။

မျက်လုံးများကို ဖွင့်ကြည့်လိုက်မိ၏။

အခန်းထဲဝယ် ဖယောင်းတိုင် ငါးတိုင်အား ရှိသော အပြာရောင် မီးလုံးကလေးမှ အလင်းရောင်မှာ ခတ်မှုန်မှုန် ဖြာကျနေ၏။

ရင်ထဲဝယ် ခုချိန်ထိလှုပ်ရှားနေရဆဲ....

တုန်လှုပ်နေရဆဲ....။

ဒီအိပ်မက်သည် လာပြန်ပြီ။

လွန်ခဲ့သော ရှစ်လခန့်ကလည်း၊ ဤအိပ်မက်မျိုးကိုပင်၊ မက်ခဲ့ရပြီးပြီ။

တကယ်ဆိုတော့ ဤအိပ်မက်မျိုးနှင့် တပုံစံထဲ.... အတိုင်း၊ အကြိမ်ကြိမ်အခါခါ.... မက်နေ့ရသည်မှာ များခဲ့လှပြီ၊ လူမှန်းသိတတ်စကတည်းကပင် ဖြစ်သည်။

အရေအတွက်ကိုပင် မမှတ်မိနိုင်တော့....'

တခါလည်းမဟုတ်။

နှစ်ခါလည်းမဟုတ်။

ထပ်ခါတလဲလဲ.... မကြာခဏ မက်.... နေရသော၊ ဤအိပ်မက်သည် ဘယ်က်လာပါသနည်း။

●



(၃)

ညနေခင်းက သာယာကြည်လင်နေ၏။ မိမိတို့က ကန်ဘောင်ရိုးပေါ်ဝယ်၊ လမ်းလျှောက်နေကြ၏။

စိမ်းနေသော ကန်ရေပြင်ထဲဝယ်၊ ကြာမျိုးစုံတို့ ဖူးပွင့်နေကြ၏။ ဗေဒါပန်းတို့ကလည်း အနည်းငယ်မျှသာ၊ ကွက်တိကွက်ကြား ရှိနေကြသဖြင့် ကြည်ရှုလှ၏။

ကန်တဖက်တွင် ရွှေရောင်ဝင်းနေသောစေတီငယ်။ ဟိုအဝေးသိတွင်မူ၊ ရွှေသက်န်းတို့ ညီနေ့ပြီဖြစ်သော စေတီကြီးတဆူ....။

ရင်ထဲ၌လည်းပေါ့ပါး.... ရွှင်လန်းနေ၏။ သူ့မျက်နှာကိုကြည့်မိ၏။

သူ့မျက်နှာလေးမှာလည်း လန်းဆန်းကြည်လင်နေ၏။ ဖြူစင်ဝင်းပသော မျက်နှာကလေးမှာ လန်းဆန်း ကြည်ရွှင်နေ၏၊ ပြုံးဆောင်သန်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကန်ဘောင်ရိုးအပြင်ဘက်၌၊ကပ်လျက်ပေါက်နေသောသောင် ပင်ကြီး၏ အောက်သို့ ရောက်သောအခါတွင် မိမိကသူ့လက်ကို ဆွဲ၍ရပ်လိုက်၏။ ထို့နောက် သူ့ပုခုံးလေး နှစ်ဖက်ကို.... ကိုင်ကာ မိမိဘက်သို့ဆွဲ.... လှည့်လိုက်သည်။

ရွှန်းမြကြည်လဲ့....နေသော သူ့မျက်လုံးကလေးများသည် မိမိကိုစိုက်ကြည့်နေ၏။ သူ့မျက်နှာကလည်း ခတ်မော့မော့ ရှိနေ၏။ မိမိ၏နှာခေါင်းဖျားနှင့် သူ့ပါးပြင် ဝင်းဝင်းနုနုပေါ်မှ.... စပယ်တင်မှဲ့နက် ကလေးတည့်တည့်ကို ထိအောင် ဖိ၍နမ်း ပြစ်လိုက်သည်။

'အို'

သူက မိမိကို တွန်းပြစ်လိုက်၏။ မိမိကိုယ်က နောက်သို့ယိမ်း ကာ ယိုင်သွားသည်။

သူ့မျက်နှာကလေးမှာ ရှက်သွေးရောင်ဖျန်းသွား၏။

'ဟင်း....သူ...တော်တော်....ဆိုး'

သူက ထိုသို့ငြူစူဟန်နှင့်ဆိုသော်လည်း၊ မိမိက သူ့ကိုယ် ကလေးကိုဆွဲကာ ရင်ခွင်တွင်းသို့ သွင်းလိုက်ပြန်သည်။

သူက မိမိရင်ခွင်ကို တွန်းဖယ်လိုက်ပြီး၊ ရှေ့သို့ထွက်ပြေး သွား၏။

မိမိက သူ့နောက်သို့လိုက်၏။ သူကပြေး၊ ကိုယ်ကလိုက်။

မိမိရင်ဝယ် မောလာ၏။ အပြေးခြေထောက်တို့ နှေးလာ၏။ ရှေ့မှပြေးနေသောသူလည်း မိမိလိုပင်။

ဆက်တင်စာပေ



မှီတော့မည်၊ သူ့ကိုမှီတော့မည်၊ လက်တကမ်းမျှသာလိုတော့ သည်။

ဟော....မှီပြီ။

သူ့ကိုယ်ကလေးကို လှမ်းဆွဲလိုက်၏။

မိတော့ မိသည်၊ သို့သော်လည်း နှစ်ယောက်သားအားလွန် ၍ ထပ်လျက် လဲကျသွားကြ၏။

'အား'

နှစ်ယောက်သားပြိုင်တူ အော်လိုက်မိကြသည်။

မျက်လုံးများကို ဖွင့်ကြည့်လိုက်မိ၏။

အခန်းထဲဝယ် ဖယောင်းတိုင်ငါးတိုင်အားရှိသော၊ အပြာ ရောင်မီးလုံးကလေးမှ အလင်းရောင်သည် ခတ်မှုံမှုံ ဖြာကျလျက် ရှိ၏။

ဩော်....အိပ်မက်။

ရင်ထဲဝယ် ယခုတိုင်ထိ မောပမ်းနေဆဲ၊ ရင်ခုန်နေရဆဲ။

ဤအိပ်မက်သည် လာပြန်ပြီ။

လွန်ခဲ့သောခြောက်လခန့်ကလည်း ဤအိပ်မက်ကိုပင် မက်ခဲ့ ပြီးပြီ၊ တကယ်ဆိုတော့ ဤအိပ်မက်အတိုင်း တပုံစံတည်း မက် ခဲ့သော အိပ်မက်တို့သည် များပြားခဲ့လှပြီ၊အကြိမ်ပေါင်း မရေ တွက်နိုင်လောက်အောင်ပင် ရှိခဲ့ပြီ။

ဤအိပ်မက်မျိုးကို မက်ခဲ့ဘူးသည်မှာ လူမှန်းသိတတ်ခါစ ကတည်းက။

သက်ထွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



တခါလည်း မဟုတ်။

နှစ်ခါလည်း မဟုတ်။

အကြိမ်ကြိမ် အဖန်ဖန်၊ ထပ်ခါတလဲလဲ မကြာခဏမက်ခဲ့ရသော ဤအိပ်မက်သည် ဘယ်ကလာပါသနည်း။

●



( ၄ )

ထိုအိပ်မက်များကို အမျိုးမျိုး အထွေထွေ တလှည့်စီ အကြိမ်ကြိမ် အခါခါ မက်ခဲ့ဘူးသည်မှာ များပြီ။

အိပ်မက်များမှာလည်း ထင်ရှားပီပြင်လွန်းသည်၊ အိပ်မက်ထဲမှ မြင်ကွင်းဟူသမျှကို မျက်စိထဲ၌စွဲနေအောင် မှတ်မိနေသည်။

'နွယ်' ဆိုသော အမျိုးသမီး၏ မျက်နှာနေ မျက်နှာထား၊ ဟန်ပန်အမူအရာကအစ အားလုံးကိုလည်း မှတ်မိနေ၏။

အိပ်မက်ဟုဆိုသော်လည်း သုံးခုစလုံးပင် အသက်ဝင်လွန်းလှသည်၊ ဤကန်ဘောင် ဤကန်ရေပြင်နှင့် စေတီပုထိုးတို့သည် အိပ်မက်ထဲ၌သာလျှင်မဟုတ်၊ ဤလောကမြေ တနေရာ၌ အမှန်တကယ် တည်ရှိနေလိမ့်မည်ဟူ၍ပင် မင်းဝေ ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



၎င်းအတွေးအထင် အတွက် လုံလောက်သော အခြေခံ အကြောင်းအချက်များမရှိသော်လည်း၊ ၎င်းယုံကြည်ချက်မှာမူ သူ့စိတ်တွင်း၌ စွဲမြဲနေသည်။

အိပ်မက်သုံးခုစလုံးမှာပင် အဆုံးသတ်၌ ရင်ဖိုမောဟိုက်ကာ နိုးလာရသည်သာ ဖြစ်သည်။

အဆိုးဆုံးမှာမူ လေ့ပေါ်မှထိုးကျရသော အိပ်မက်။

လေ့ပေါ်မှနေ၍ 'နွယ်' ဆိုသူက လော်တက်ဖြင့် ရိုက်ချလိုက်သောအခါ၌ ခံလိုက်ရသော ဒဏ်ချက်သည် အမှန်တကယ်ဖြစ်လိုက်သလိုပင် ခံစားရတတ်သည်။

တကယ်တော့လည်း မယုံနိုင်စရာ အံ့သြဘွယ်ပင်ဖြစ်သည်။

မင်းဝေ၏ ခေါင်းထိပ်တည့်တည့်၌ မွေးကတည်းကပါလာသော အမာရွတ်ကြီးရှိနေသည်။ ၎င်းအမှတ် အသားအတွက် ဘယ် သိပ္ပံ ဘယ်ဗေဒသည်မှ တိတိကျကျအဖြေပေးနိုင်လိမ့်မည် မထင်။

သို့သော်လည်း မိမိတို့မြန်မာ့လူ့အဖွဲ့အစည်း၌မူ ၎င်းအဒြပ်မျိုးအတွက် အများစုတို့ယုံကြည်လက်ခံကြသော အဖြေရှိသည်။

ဘဝဟောင်းမှ အမှတ်အသားတို့ ဘဝသစ်သို့ ကူးပြောင်းပါရှိလာတတ်သည်ဆိုသော။

'လူဝင်စား'

လူဝင်စားတို့မည်သည် ဘဝဟောင်းကအဖြစ်တို့ကို မှတ်မိတတ်ကြသည်ဟု ဆိုသည်။

သို့သော်လည်း မင်းဝေသည် ဘဝဟောင်းက အဖြစ်အနေနှင့်မူ၊ ဘာကိုမျှ မမှတ်မိ။

သက်တင်စာပေ



ထင်ရှားသော အိပ်မက်တို့သည်သာ အံ့သြဘွယ်ရာဖြစ်နေရ၏၊

ခေါင်းထက်မှ မွေးရာပါ အမာရွတ်သည်သာ အဖြေမရှိသော ပဟေဠိဖြစ်နေရ၏။

အိပ်မက်နှင့် ခေါင်းထက်မှ အမာရွတ်သည် ဆက်စပ်မှုများ ရှိနေလေမည်လားဟူ၍တော့ မင်းဝေ တွေးမိတတ်သည်။

သို့သော်လည်း ၎င်းအတွေးသည် မရေရာသော အတွေးသက်သက်မျှသာ ဖြစ်နေခဲ့သည်။ တကယ်တော့ သူ့စိတ်ကလက်မခံ။

သူမယုံ။

သို့ကြောင့် အဖြေမတွေ့သေးသော အံ့သြဘွယ်ရာ ပဟေဠိအဖြစ်ဖြင့်သာ သူသဘောထားလိုက်သည်။

သူ့ရင်ထဲဝယ် ဆန္ဒပြင်းပြင်းတခုတော့ရှိနေ၏။

အိပ်မက်ထဲ၌တွေ့နေရသော ထိုရေကန် ထိုစေတီတော်များ ထိုသစ်ပင်ကြီးတို့သည် အဘယ်နေရာ အဘယ်ဌာန၌ရှိပါသနည်း၊ ဒါကိုမူ သူသိချင်လှပါ၏။

၎င်းဆန္ဒသည် အရွယ်ရောက်စ သူ့အသက် ဆယ့်လေးငါးနှစ်သောက်ကတည်းကပင် သူ့ရင်၌ ကိန်းအောင်းနေခဲ့သည်မှာ ...

... သူ့အသက်သည် နှစ်ဆယ်ကျော်၍ သုံးနှစ်စွန်းခဲ့ပြီ။ ပညာအနေနှင့်လည်း ဘီအေအောင်၍ မဟာဝိဇ္ဇာ အပိုင်း ... ဝင် အောင်ခဲ့ပြီးပြီ။ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၌ နည်းပြဆရာ ... မဟာဝိဇ္ဇာဘွဲ့အတွက် ကျမ်းပြု၍ပင်နေရပြီ။

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ခုချိန်ထိ သူ့အိပ်မက်များသည် မကြာခဏ အလုညျ့ကျလာနေဆဲ။

ထိုအိပ်မက်တို့အတွက် သူ့ရင်ထဲ၌ လိပ်ခဲလည်းတည်းနှ ပဟေဠိဖြစ်နေရဆဲ။

အိပ်မက်ထဲ၌ မြင်တွေ့ရသော နေရာဌာနတို့သည် ဘယ်ဆီ ရှိနေသည်ကို မသိမမြင် မမှန်းဆနိုင်ဆဲ။

ရှာတော့ရှာမည်၊ တနေ့တွင်တော့၊ တွေ့အောင်ရှာမည်ဟု ရှိသာ၊ စိတ်ထဲ၌ တေးမှတ်၍ထားဆဲ....။

ဟော....တွေ့မည့်တွေ့တော့လည်း လွယ်ပါဘိ။

●



(၅)

တွေ့မည့်တွေ့တော့လည်း လွယ်ပါဘိ။

တနေ့တွင် အမှတ်မထင်ပင် မဂ္ဂဇင်းတစောင်ထဲ၌ တွေ့ရသည်။

သဘာဝရှုခင်းဓါတ်ပုံကဏ္ဍထဲမှ ဓါတ်ပုံလေးတပုံ။

ဘယ်ဘက်ပိုင်း၌ ကန်ဘောင်ရိုးပေါ်သို့ကျော်ထွက်နေသော သောင်ကိုင်းသောင်ရွက်များ။ အလယ်တွင် ကြာဖူးကြာပွင့်တို့နှင့် လှပတင့်တယ်သော ကန်ရေပြင်၊ ကန်ရေပြင်ကိုဖြတ်၍ထားသော သစ်သားတံတားတခု၊ ဟိုမှာဘက်၌ စေတီငယ်တဆူ။ နောက်ခံအဝေးဆီ၌လည်း တင့်တယ် သပ္ပါယ်လှစွာသော စေတီကြီးတဆူ။



www.burmeseclassic.com

www.burmeseclassic.com



ဤရှုခင်းကို သူမမှတ်မိစရာမရှိ၊ အိပ်မက်ထဲ၌ အမြဲလိုလ
မြင်ခဲ့ရသော ရှုခင်း....။

ထိုဓါတ်ပုံကလေးကိုကြည့်ရင်း သူ့ရင်ဝယ် ထူးခြားသော
အတွေ့ကို ခံစားနေရ၏။

လွမ်းသလိုလို၊ ဆွေးသလိုလို။

ဓါတ်ပုံ၏အောက်၌ စာတကြောင်းသာပါသည်။

'ကန်သာယာ' တဲ့။

ကန်သာယာဆိုသည်မှာ ဤကန်၏ အမည်ပင်လော၊ ဒ
မဟုတ် ဓါတ်ပုံဆရာကပေးထားသော အမည်လော ဆိုသည်
သူမသိ။

'ကန်သာယာ'၏ နေရာဌာနတည်ရှိရာမြို့အမည်လည်း မပ

ပထမတော့ သူ စိတ်မောသွားရသည်။ ဆင်ခြေရာတော့ေ
ပြီ၊ ဆင်ကြီးဘယ်မှာနည်း။

သို့သော်လည်း ချက်ခြင်းဖင် သူသတိရကာဝမ်းသာသွ
ပြန်သည်။

-ဤဆင်ခြေရာသည် အိပ်မက်မဟုတ်တော့၊ လက်ဆုတ်လ
ကိုင်မြင်နေရပြီဖြစ်သော တကယ့်ဓါတ်ပုံတခု။

ဒီတော့ ဤကန်သာယာရှိသည့်နေရာကို ရှာရန် ခက်မ
မဟုတ်တော့၊ မဂ္ဂဇင်းတိုက်၌ စုံစမ်းလျှင် ရလိမ့်မည်မှာကေ
မင်းဝေ အချိန်ကိုမဆွဲတော့....

ထိုမဂ္ဂဇင်းတိုက်သို့ အပြေးအလွှားပင်သွားခဲ့သည်။ မဂ္ဂဇ
အယ်ဒီတာနှင့် ဝင်တွေ့သည်။

သက်တင်စာပေ



မဂ္ဂဇင်းအယ်ဒီတာက ဖော်ရွေစွာပင် သူ့ကိုလက်ခံစကား
ပြောခဲ့ပါ၏။ သို့သော်လည်း သူသိချင်သည်များကို အယ်ဒီတာ
က ပြောပြနိုင်ခြင်းမရှိ၊ လမ်းညွှန်မှုသာပြုနိုင်သည်။

'ဒီကန်သာယာဆိုတာ ဘယ်မြို့မှာရှိမှန်းလဲကျုပ်မသိဘူးဗျ
ကျုပ်မိတ်ဆွေတယောက်ကပေးလို့ ကျုပ်လဲ သဘောကျတာနဲ့
မဂ္ဂဇင်းထဲမှာထည့်လိုက်တာ၊ ဒီကန်အကြောင်း ခင်ဗျားသိချင်
ရင်တော့ သူ့ဆီကိုသာသွားစုံစမ်းပေတော့၊ ကျုပ် လိပ်စာပေး
လိုက်မယ်'

အယ်ဒီတာက ထိုသို့ဆိုကာ သူ့မိတ်ဆွေ၏နေရပ်လိပ်စာကို
ပေးလိုက်သည်။

နေရပ်လိပ်စာမှာလည်း အရှာရအဖွေရခက်သော နေရာမျိုး
မဟုတ်၊ ပြီးတော့ အသွားရအလာရခက်သော နေရာမျိုးလည်း
မဟုတ်။

အမည်နှင့်ဂုဏ်ဒြပ်က ဦးငွေမြင့်၊ ဘီအေဘီအယ်(လ်)၊
အငြိမ်းစားချုပ်ရှေ့နေ၊ နေရပ်က ရန်ကုန်မြို့တွင်းမှ နှစ်ဆယ့်ခွန်နှစ်
လမ်း။

ဤမျှသိရလျှင်ပင် လုံလောက်ပါပြီ။ အိမ်နံပါတ်မသိရလျှင်
လည်း ကိစ္စမရှိ၊ နှစ်ဆယ့်ခွန်နှစ်လမ်းထဲသို့လျှောက်သွားရုံနှင့်ပင်
သူ့ဆိုင်းဘုတ်ကို တွေ့နိုင်မည်ဖြစ်၏။ မေးမြန်းမည်ဆိုလျှင်လည်း
အလွယ်တကူ လမ်းညွှန်နိုင်သူတို့ရှိမည်မှာလည်းကေန်။

ထို့ကြောင့် သူသည် မဂ္ဂဇင်းတိုက်ထဲမှ ထွက်ခဲ့ပြီးနောက်
နှစ်ဆယ့်ခွန်နှစ်လမ်းသို့ တိုက်ရိုက်သွားခဲ့သည်။

သက်တင်စာပေ

www.burmeseclassic.com

မဂ္ဂဇင်းအယ်ဒီတာက နှစ်ဆယ့်ခွန်နှစ်လမ်းအောက်ပိုင်းထဲ၌ရှာပါဟုဆိုသဖြင့် သူသည် မဟာဗန္ဓုလလမ်းဘက်မှနေ၍ နှစ်ဆယ့်ခွန်နှစ်လမ်းထဲသို့ဝင်ခဲ့သည်။

ကမ်းနားလမ်းဘက်သို့မထွက်မီ အနည်းငယ် အလိုမှာပင် ဦးဌေးမြင့်၏ဆိုင်းဘုတ်ကို တွေ့ရသည်။

ဆိုင်းဘုတ်ညွှန်ရာအထက်ထပ်သို့ သွက်လက်သောခြေလှမ်းများနှင့် သူတက်လိုက်၏။

လှေခါးအဆုံးအပေါ်ထပ်၊ အခန်းတံခါးသည်ပိတ်မထား။ အဆင်သင့်ပင်ပွင့်နေ၏။

တံခါးဝ၌ရပ်လိုက်သည်။အိမ်ရှေ့အခန်းတွင်းဝယ် ခန့်ညားသောလူကြီးတယောက် ထိုင်နေ၏။ အသက်မှာ ငါးဆယ်နီးပါး ခန့်ရှိမည်။

ထိုလူကြီးသည် သူ့ခြေသံကို ကြားဟန်လက္ခဏာနှင့် လှမ်းကြည့်လိုက်သည်။ သူတို့ မျက်လုံးချင်းဆုံမိကြသည်။

ရုတ်ချည်းပင် ထိုလူကြီး၏မျက်နှာ၌ အံ့သြရိပ်တို့ လွှမ်းသွား၏။

'ဟင်....အောင်....အောင်....မင်း....မင်း'

နှုတ်မှလည်း ထိုစကားတို့သည် အထစ်ထစ်အငေါ့ငေါ့နှင့် ထွက်လာပြီး ရုတ်တရက်ရပ်သွား၏။

မင်းဝေမှာလည်း ထိုလူကြီး၏အဖြစ်ကို ကြည့်ရင်း အံ့သြသွားရ၏။

ထိုလူကြီးသည် မိမိကိုလူမှားသည်လား၊ ဒါမှမဟုတ်....





ဒါမှ ...မ....ဟုတ်....

မင်းဝေသည် ခေတ္တမျှကြောင်၍ရပ်နေပြီးမှ အံ့သြရိပ်မပြေသေးသောထိုလူကြီးအား ပြောလိုက်ရ၏။

'ဦးဌေးမြင့်ဆိုတာ ဦးလားခင်ဗျာ၊ ကျွန်တော်ဝင်ပါရစေ'

ဒီတော့မှပင် ထိုလူကြီးလည်း သတိဝင်လာရလေသည်။

'အင်း....အင်း....လာ....လာ....ထိုင်'

မင်းဝေသည် အခန်းတွင်းသို့ဝင်လိုက်ပြီး ကုလားထိုင်တလုံး၌ ဝင်ထိုင်လိုက်၏။

'ဟုတ်တယ်၊ ဦးဌေးမြင့်ဆိုတာ ကျုပ်ဘဲ၊ မောင်ရင်က ကျုပ်ကိုတွေ့ချင်လို့လား၊ မောင်ရင့်နာမည်ကကော'

သူ့ကိုမြင်မြင်ချင်း တအံ့တသြနှင့် 'အောင်'ဟု လွှတ်ကနဲခေါ်လိုက်ခဲ့သောဦးဌေးမြင့်သည် သူ့နာမည်အပေါ်၌ စိတ်ဝင်စားနေဟန်တူကြောင်းကိုလည်း မင်းဝေ သတိပြုလိုက်မိသည်၊

'ကျွန်တော့်နာမည် မင်းဝေပါ'

မင်းဝေ၏အဖြေကိုကြားလိုက်မှပင် ဦးဌေးမြင့်သည် သက်ပြင်းတချက်ကို ချလိုက်၏၊ သို့သော်လည်း သူသည် ခုတိုင်ထိ အံ့သြနေဟန်ရှိ၏။

သူ့မျက်လုံးများမှာလည်း မင်းဝေ၏ မျက်နှာပေါ်၌သာ စွဲစိုက်လျက်ရှိနေကြသေးသည်။

'အင်း....တူမှတူ၊ ရုပ်ကတော့ တထေရာထဲဘဲ'

တအံ့တသြနှင့် သူ့နှုတ်မှ တီးတိုး ရေရွတ်လိုက်သံကိုလည်း မင်းဝေကြားလိုက်ရ၏။

www.burmeseclassic.com



'ခင်ဗျာ....ဘယ်သူနဲ့ တူတာလဲခင်ဗျာ'

'အင်း....ဦးသူငယ်ချင်းတယောက်နဲ့ သိပ်တူတာဘဲ။လွန်ခဲ့တဲ့ အနှစ်သုံးဆယ်လောက်တုန်းကသာ မောင့်ကို တွေ့ရမယ်ဆိုရင်တော့ ဦးသူငယ်ချင်း အောင်ခက်လို့သာ စွပ်စွဲမိမှာဘဲ။အဲဒီတုန်းကသာဆိုရင်တော့ အောင်ခက် မဟုတ်ရင်လဲဘဲ အောင်ခက်ရဲ့ အမွှာပူးညီအကိုလို့ အောင့်မေ့မိရတော့မှာဘဲ'

မင်းဝေ၏ရင်ထဲတွင် သိမ့်ကနဲဖြစ်သွားရ၏။

အိပ်မက်ထဲတွင်လည်း သူ့နာမည်ကို 'အောင်'ဟုခေါ် ပြောခဲ့ကြသည်။ ဤတိုက်ဆိုင်မှုမှာလည်း အံ့သြဘွယ်ရာ ဖြစ်နေရပြန်သည်၊

'ကဲ....ကဲ....ဆိုပါအုံး၊ မောင်ရင်က ဦးကိုတွေ့ချင်တဲ့ကိစ္စ'

'ဒီလိုပါခင်ဗျာ....ဟို ကင်းဝန်မဂ္ဂဇင်းထဲမှာပါတဲ့ ကန်သာယာ ဓါတ်ပုံကို ကျွန်တော် စိတ်ဝင်စားမိလို့ ဦးဆီကိုလာ စုံစမ်းတာပါ၊ မဂ္ဂဇင်းတိုက်ကိုလဲ ကျွန်တော်ရောက်ခဲ့ပြီးပါပြီ ဒီဓါတ်ပုံနဲ့ ပတ်သက်ပြီး မဂ္ဂဇင်းအယ်ဒီတာက ဘာမှမပြောနိုင် ပါဘူး၊ ဦးဆီမှာ စုံစမ်းဘို့ သူကဘဲလမ်းညွှန်လိုက်လို့ ကျွန်တော် လာခဲ့တာပါခင်ဗျာ'

'မောင်ရင်က....အဲဒီပုံကို ဘာဖြစ်လို့ စိတ်ဝင်စားရတာလဲ'

ဤမေးခွန်းကို အမေးခံရလိမ့်မည်ဟုမင်းဝေသည်ကြို တင် မျှော်လင့်မထားမိ။ ထို့ကြောင့် ရုတ်တရက် မည်သို့မျှ ပြန်မ နိုင်ဘဲ နှုတ်ဆွံ့၍ သွားရ၏

ဦးဌေးမြင့်သည်အကဲခတ်ဟန်နှင့်သာမင်း ဝေအားစိုက်ကြည့် နေရင်း ပြန်ပြောမည့် စကားကိုလည်း စောင့်လင့်နေဟန်ရှိ





ဤပုဂ္ဂိုလ်ကြီး၏ အပေါ်၌ မင်းဝေလှည့်ဖျားရ၍ မပြောချင်၊ အမှန်အားလုံးကို ဖွင့်ဟ၍ မပြောလိုသော်လည်း မှုသားဆိုဘဲ တပိုင်းတစအားဖြင့်တော့ အမှန်ကို ပြောလိုက်ချင်သည်။

ထို့ကြောင့်....

'အဲဒီကန်သာယာ ရှုခင်းဟာ ကျွန်တော် အိပ်မက်ထဲမှာ တွေ့–တွေ့နေရတဲ့ ရှုခင်းနဲ့ တူလွန်းလို့ စိတ်ဝင်စားမိတာပါဦး'

'အင်း....အင်း....ဆိုပါအုံး၊ မောင်ရင့်အိပ်မက်ထဲမှာ ဘယ်လို တွေ့ရတာလဲ'

မင်းဝေသည် ဒီထက်ပို၍တော့ သူ့အိပ်မက်များအကြောင်းကိုဖွင့်ဟ၍ မပြောလိုက်ချင်။ ထို့ကြောင့် စကားကို ပိတ်ပြောလိုက်၏။

'သိပ်ထူးထူးခြားခြားတော့ မဟုတ်ပါဘူးခင်ဗျာ၊အိပ်မက်ထဲမှာ ကျွန်တော် လမ်းလျှောက်သွားရင်း အဲဒီရှုခင်းကို မြင်မြင်နေရတာပါဘဲ'

ဦးဌေးမြင့်သည် သူ့ခေါင်းကို ခတ်ဖြေးဖြေးညိတ်နေ၏။

အသက်အရွယ် အတွေ့အကြုံ၊ အမျှော်အမြင်နှင့်ပြည့်စုံပြီးဖြင့်သော ဦးဌေးမြင့်သည် မင်းဝေတယောက် စကားကုန်မဆိုဘဲ 'ချို'ထားမှန်း ရိပ်မိလိုက်သည်။ သို့သော်လည်း လူ့ကျင့်ဝတ်နှင့် ယဉ်ကျေးမှုတို့ဖြင့် ပြည့်ဝသော ဦးဌေးမြင့်သည် ဆက်လက်၍ မစပ်စုတော့။

'အဲဒီကန်သာယာဟာ ဦးရဲ့ဇာတိမြို့ဖြစ်တဲ့ တောင်တွင်းကြီးက ကန်ကြီးဘဲကွဲ။ တောင်တွင်းကြီးမြို့ ဆိုတာကိုတော့ မောင်ရင်



www.burmeseclassic.com

www.burmeseclassic.com



မရောက်ဘူးပေမဲ့ ကြားတော့ ကြားဘူးမှာပါ။ ပေလေးပင် ရှင်လေးပါးလို့ သမိုင်းတင်ခဲ့တဲ့ ရှင်ဥတ္တမကျော်တို့၊ ရှင်မဟာ သီလဝံသတို့၊ ပေါ်ထွန်းခဲ့တဲ့ မြို့ပေါ့ကွယ်။ ပြီးတော့ ပန်ထွာ မင်းသမီးရဲ့ ပိသကာ်းမြို့ကြီး ပေါ်ထွန်းလာခဲ့တဲ့အရပ်၊ ခုခေတ် တော့ လူသေလူဖြစ် ဆရာတော် ရှင်ဥက္ကဌတို့ရဲ့မြို့ပေါ့'

ဦးဌေးမြင့်သည် သူ့မြို့ကိုသူ ဂုဏ်တင်ကာ 'မှန်း' နေပြန်သည်။ မင်းဝေကလည်း ခေါင်းတညိတ်ညိတ်နှင့် စိတ်ဝင်စားစွာ နားထောင်နေ၏။

ဦးဌေးမြင့် ညွှန်း နေသော အရာအားလုံးကိုပင် မင်းဝေ ကြားဘူး၊ သိဘူး၊ဖတ်ဘူးပြီးဖြစ်သည်။

ဦးဌေးမြင့်ကမူ သူ့စကားကို ဆက်ပြောနေ၏။

'တောင်တွင်းကြီးဆိုတာ ရန်ကုန်ကနေသွားရင် မိုင်သုံးရာ လောက် ရှိမှာပေါ့ကွယ်။ မီးရထားနဲ့ သွားရင်တော့ ပျဉ်းမနား ကနေပြီး လမ်းခွဲရတယ်၊ မော်တော်ကားနဲ့ ဆိုရင်တော့ မကွေး၊ ရေနံချောင်းလမ်းပေါ့။ သွားမယ် ဆိုရင်တော့ ကားလမ်းကသွားတာ ပိုပြီးတော့ အဆင်ပြေတယ်။ နေ့ချင်း ရောက်တာပါဘဲ'

'ဟုတ်ကဲ့ဦး၊ ဒါထက် အဲဒီကန်ရဲ့ နာမည်က ဟိုဓါတ်ပုံမှာ ဦးပေးထားတဲ့အတိုင်း ကန်သာယာဘဲလားခင်ဗျာ့'

'မဟုတ်ဘူးကွဲ့၊ ကန်နာမည် အရှည်ကတော့ ရတနာပွင့်လင်း ကန်တော်ကြီး၊ ဒါပေမယ့် လူတွေကတော့ ကန်တော်ကြီးလို့ ခေါ်ကြတယ်။ အဲ ကန်ကိုသွားတဲ့ လမ်းတလျှမ်း ကိုတော့ ကန်သာယာလို့ မှည့်ထားတယ်'





ဦးဌေးမြင့်သည် စကားပြောနေရာမှ ထ,ကာ သူ့စာရေး စားပွဲရှိရာသို့ ထ,သွားပြီး စားပွဲပေါ်မှ တစုံတခုကို ယူကာ ပြန်လာပြီး သူ့အားလှမ်းပေးသည်။ ဓါတ်ပုံတပုံဖြစ်နေ၏။ မင်းဝေလှမ်းယူသည်။

ဓါတ်ပုံမှာ မဂ္ဂဇင်းထဲ၌ပါသော ကန်သာယာဓါတ်ပုံ။ မင်းဝေက ဓါတ်ပုံကို စိတ်ဝင်စားစွာကြည့်နေဆဲ။ဦးဌေးမြင့် သည် ဓါတ်ပုံပေါ်၌ လက်ညှိုးထောက်ကာဆက်ပြောနေ၏။

'ဟောဒီကန်အရှေ့ဘက်က ဘုရားလေးက အေးစေတီဘုရား လို့ခေါ်တယ်။ ဟို စစ်မဖြစ်ခင်ကတည်းက တောင်တွင်းကြီး မြို့မျက်နှာဖုံး မြေပိုင်ရှင်သူဌေး သမာဓိမြို့ဝန် ဦးဘိုးရှင်ဆိုတဲ့ လူကြီးတည်ထားခဲ့တာ၊ ဟောဒီနောက်ဘက်ကဘုရားကြီးက တော့ ရွှေဟောင်းစေတီကြီးပါဘဲ။ ပင်စည်ဘုရားလို့ခေါ်တယ်'

မင်းဝေသည် ဘာမျှပြန်မပြောဘဲ ဓါတ်ပုံကိုသာ စိုက်ကြည့် နေ၏။

'မောင်ရင်ကော အဲဒီကန်ကြီးရှိတဲ့ ဦးတို့မြို့ကို သွားချင် နေပြီလား'

မင်းဝေသည် ပြုံးရယ်ရင်း ခေါင်းညိတ်၏။

'ဟုတ်တယ်ဦး....ကျွန်တော် အဆင်ပြေတဲ့ တနေ့ သွားဘို့ စိတ်ကူးထားပါတယ်'

'အင်း....အင်း....မောင်ရင်သွားရင် တည်းဘို့ခိုဘို့ နေရေး ထိုင်ခင်းအတွက်ကတော့ဦးစီစဉ်ပေးလိုက်နိုင်ပါတယ်။ အင်းဒါလေ တောင်တွင်းကြီး ဆိုတာက ဦးရဲ့ဇာတိမြို့ဘဲဟာ၊ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ဦးငွေးမြင့်သည် ခေတ္တမျှ စကားကို ဖြတ်ထားကာ မင်းဝေအား စိုက်ကြည့်နေပြန်သည်။ ပြီးမှ သက်ပြင်းတချက်ကို ချရင်း ဆက်ပြော၏။

'မောင့်နာမည်က မောင်မင်းဝေနော်၊ အင်း မောင် တောင်တွင်းကြီးကိုသွားရင် မောင်မင်းဝေကို မြင်တဲ့လူတွေကတော့ ဦးလိုဘဲ အံ့သြကြရအုံးမှာဘဲ'

'ခင်ဗျာ'

ဦးငွေးမြင့်၏စကားကို အဓိပ္ပါယ်မပေါက်ဟန်နှင့် မင်းဝေ၏နှုတ်မှ ထိုစကားနှစ်လုံး လွတ်ထွက်သွားသည်။

'အေးလေ ဒါပေမယ့် ဦးတို့တောင်တွင်းကြီးမှာကလဲ ဇာတိချက်ကြွေ ဌာနေလူဟောင်းတွေရယ်လို့လဲ သိတ်မရှိကြတော့ပါဘူး။ မောင့်ကို သေသေချာချာမှတ်မိမယ့် လူတွေကတော့ မောင်မောင်လေးတို့ လှမြိုင်တို့ မောင်သောင်းတို့၊ အင်း ပြီးတော့ ဒိုပြင်လူ နည်းနည်းပါးပါး ပေါ့လေ'

'ခင်ဗျာ ကျွန်တော့ကို မှတ်မိမယ့် လူ ဟုတ်လား ဦး'

ဦးငွေးမြင့်သည် မင်းဝေကိုကြည့်နေရင်းက တချက်ရယ်လိုက်ပြန်၏။

'အင်း....ဘယ်လိုပြောရမလဲ မသိပါဘူးကွယ်၊ မောင်မင်းဝေကို ဦး မြင် မြင်ခြင်း ရုတ်တရက် အောင်ခက်လို့ ထင်ခဲ့သလိုပေါ့ကွယ်၊ မောင့် ကို အောင်ခက်နဲ့တူတဲ့လူရယ်လို့ အသိအမှတ်ပြုမယ့် လူတွေအနေနဲ့ ပြောတာပါ'

'အဲဒီ ဦးအောင်ခက် ဆိုတာကကော အခုဘယ်ရောက်သွားသလဲ ဦး'





'သူ သေတာကြာပါပြီကွယ်၊ လွန်ခဲ့တဲ့ အနှစ်အစိတ်ကျော်ကျော်လောက်က ဆိုပါတော့'

'ဘာဖြစ်လို့ သေတာလဲဦး၊ ကျွန်တော် သူ့အကြောင်းနည်းနည်း ပါးပါး မသိရဘူးလား'

သူသည် မင်းဝေအား စိုက်ကြည့်လိုက်ပြီးနောက်။

'နေအုံးကွာ မောင်မင်းဝေ၊ မောင်ရင်လဲ တောင်တွင်းကြီးကို သွားအုံးမှာမဟုတ်လား၊ အဲဒီကျတော့ မောင် သိချင်တာတွေ သိလာရပါလိမ့်မယ်။ မောင့်အနေနဲ့ အံ့သြစရာကလေးတွေကိုလဲ တွေ့ကောင်း တွေ့လိမ့်အုံးမယ်၊ ဟို ကျတော့မှဘဲ ကိုယ့်ဟာကိုယ် စုံစမ်းလေ့လာကြည့်ပေတော့။ အခုကြိုတင်ပြီးတော့ ဦးဘာမှမပြောလိုက်ချင်ဘူး၊ ဒါမှလဲ ဟိုကိုမောင်ရောက်တဲ့အခါမှာ လျှို့ဝှက်သဲဖိုလေးတွေ ဖြစ်ကောင်း ဖြစ်လိမ့်မယ်'

စကားအဆုံးတွင် ဦးငွေးမြင့်သည် သူ့ဟာသူ သဘောကျဟန်နှင့် ရယ်လိုက်သေးသည်။ ပြီးမှ ဆက်ပြော၏။

'မောင်ရင် တောင်တွင်းကြီးကိုသွားမယ်ဆိုရင်တော့ ဦးကိုပြောလေ၊ မောင်ရင်တည်းဖို့ ခိုဖို့အတွက် ဦးစာရေးပေးလိုက်မယ်၊ နေရေးထိုင်ရေး စားရေးသောက်ရေးအတွက်ကတော့ ဘာမှ ပူစရာ မလိုပါဘူး'

'ဟုတ်ကဲ့ဦး....ကျေးဇူးအများကြီးတင်ပါတယ် ခင်ဗျာ၊ ကဲ ကျွန်တော်ကို ပြန်ခွင့်ပြုပါအုံး'

'အင်း....အင်း ကောင်းပြီ။ ပြန်ပေအုံးတော့၊ ပြီးတော့ ဦးပြောတာလဲ မမေ့နဲ့နော်၊ တောင်တွင်းကြီးကိုတော့ သွားဖြစ်အောင် သွားလိုက်ပါအုံး'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ဦး ကျွန်တော်သွားမှာပါ'

'ဖအေး...သွားဖြစ်ရင် ဦးဆီကို လာခဲ့အုံးပေါ့ကွယ်၊ ဦး စာ ရေး ပေးလိုက်ပါ့မယ်'

'ဟုတ်ကဲ့....ခင်ဗျ'

မင်းဝေသည် ထိုစကားနှင့်အတူထပ်မံ၍ ကျေးဇူးတင်စကား ကို ဆိုခဲ့ပြီးနောက် ဦးငွေးမြင့်ထံမှ ပြန်ခဲ့သည်။

မင်းဝေ၏ စိတ်ထဲတွင်မူ ဦးငွေးမြင့်၏ ပဟေဠိဆန်သော စကားများကို စဉ်းစားရင်း တနုံ့နုံ့ဖြစ်နေရ၏။

ဦးအောင်ခက်ဆိုသူမှာ မည်သူနည်း၊တကယ်ပင်သူနှင့်တ ရာတည်း တူပါသလား။

ပြီးတော့ သူ သူသည် ဘယ်နည်းဘယ်ပုံ သေဆုံးခဲ့ရ သနည်း။

သူသိချင်နေသော ဤမေးခွန်းများ၏အဖြေသည် သူ တော တွင်းကြီးသို့သွားသောအခါ၌ ပေါ်လာလိမ့်မည်ထင်သည်။

ထို့ကြောင့် မကြာမီအတွင်းမှာပင် တောင်တွင်းကြီး သွားဖြစ်အောင် သွားမည်ဟုသန္နိဋ္ဌာန်ချလိုက်ရင်း ပင်းဝေသ သက်ပြင်းတချက်ကို ချလိုက်၏။

●

သက်ထာင်စာပေ

( ၆ )

မမျှော်လင့်သော တိုက်ဆိုင်မှုကလေးတခုသည် မင်းဝေအဖို့ အံ့ဩစရာ ဖြစ်လာရပြန်၏။

တောင်တွင်းကြီးသို့ သူသွားမည်ဆိုတော့ မင်းဝေသည် သူ့ သူငယ်ချင်း တင်ထွေးကို သတိရသည်။

တင်ထွေးမှာ ရန်ကုန် ဝိဇ္ဇာတက္ကသိုလ်၌ သူနှင့် ကျောင်းနေ ဖက် ပင်းယဆောင်တွင် တခန်းတည်း အတူနေဖက်။

ခုတော့ သူသည် ဘီအေ အောင်ပြီးနောက် တောင်တွင်း ကြီးသို့ပြန်သွားကာ မိဘ၏ လုပ်ငန်းလက်ရင်းဖြစ်သော ပွဲရုံ ကို ဆက်လက် ဦးစီးနေသူဖြစ်သည်။

သူ့ရှိရာတောင်တွင်းကြီးသို့ အလည်လာရန် တင်ထွေးက သူ့အား ဖိတ်ခေါ်ခဲ့ဘူးသည်ကိုလည်း သတိရလာသည်။

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူသည် ဦးဋ္ဌေးမြင့်ထံမှ မိတ်ဆက်စာကိုမယူတော့ဘဲ သူ့ဟာသူပင် တင်ထွေးထံသို့သွားတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

တင်ထွေးက သူ့ထံသို့လာလျှင် ဆောင်းဦးပေါက်မှာလာပါဟု မှာခဲ့ဘူးသည်ကိုလည်း သတိရလာသည်။

ယခုပင် သီတင်းကျွတ်ပြီးပြီ၊ ဆောင်းဝင်တော့မည်။

ထို့ကြောင့် အချိန်မဆွဲတော့ဘဲ မင်းဝေ ခွင့်ဆယ်ရက်တင်လိုက်၏။

သွားလျှင်လည်း ကားဖြင့်ပင်သွားရန် ဆုံးဖြတ်ပြီးဖြစ်၍၊ မကွေး ရေနံချောင်း ဟီးနိုးကားဂိတ်များရှိရာ ကီလီလမ်းသို့ ထွက်ခဲ့သည်။

မကွေးကားဂိတ်တခုသို့ဝင်ကာ နောက်တနေ့ထွက်မည့်ကားနှင့် လိုက်ရန် တောင်တွင်းကြီး လက်မှတ်တစောင် ဝယ်လိုက်သည်။

ကားဂိတ်မှသူထွက်လာလျှင် လာခြင်းမှာပင် ဖင်မလီယာအငှားကားတစီး ထိုးရပ်လိုက်သည်ကို တွေ့လိုက်ရ၏။ ကားပေါ်မှဆင်းလိုက်သောအမျိုးသမီးအား မြင်လိုက်ရသောအခါတွင် မင်းဝေ၏မျက်လုံးများ ပြူးသွားရသည်။

ကိုယ်ဟန်က တောင့်တောင့်တင်းတင်း ဖွံ့ဖွံ့ဖြိုးဖြိုး။

အသားကလေးက ဝင်းကြည်နေ၏။





ဟူဆုံနှယ်စတို ဘောင်ခတ်ထားသော မျက်နှာကလေးမှာ ဖွေးနေ ဝင်းလဲ့နေ၏။ စိမ်းညို့သွယ်ညွတ်သည့် မျက်ခုံးကိုင်း၏အောက်ဝယ် တောက်လက်ရှန်းမြသော မျက်လုံးဝန်းတို့၏ အလှမှာ ထင်ရှားပေါ်လွင်လွန်းလှသည်။ နှာတံပေါ်ကျော့မှာလည်း ပုံသွင်းထားသည့်နှယ် စင်းနေပါ၏။ နှုတ်ခမ်းနုပွင့်လွှာနှစ်ချပ်မှာလည်း ဆေးရေးသည့် ကနုတ်နှယ် အကြောက်ပမာ ကော့ညွတ်ကွေးကာ ပန်းနုရောင် ပြေပြေလွင်နေသည်။

ဤမျက်နှာ၏ အလှကို မင်းဝေ မမေ့ မြင်လျှင်မြင်ခြင်းမှာ မှတ်မိလိုက်ပါ၏။

အထပ်ထပ်အခါခါ အိပ်မက်များထဲ၌ မြင်ဘူး ကျွမ်းဘူးသည့်မျက်နှာ....။

တခုသာလိုသည်။ ညာဘက် ပါးနုနုပေါ်၌ တင့်တယ်စွာ ပေါ်နေသော မှဲ့နက်ကလေး တခုသာလျှင်....မရှိ။

ရင်သိမ့်သိမ့် လှုပ်ရှား အံ့သြရင်းကပင် မင်းဝေသည် ထိုအမျိုးသမီးကို ငေးကြည့်နေမိလိုက်သည်။

သူသည် ကားဂိတ်ထဲသို့ သွက်လက်စွာပင် ဝင်သွား၏။ လက်မှတ်ရောင်း စာရေးထံမှ လက်မှတ်တစောင်ဝယ်ပြီး ပြန်ထွက်လာ၍ ကားပေါ် ပြန်တက်၏။ ကားကလည်း လျှင်မြန်စွာပင် ထွက်သွားသည်။

ထွက်သက်သော်လည်း မျက်လွှာကိုချကာ တည်တည်ငြိမ်ငြိမ်ရှိလွန်းသည့် ထိုအမျိုးသမီးသည် မင်းဝေကို မြင်ဟန်မရှိ...



www.burmeseclassic.com

www.burmeseclassic.com



အပြေးထွက်သွားသော ဖင်မလီယာကားလေး၏ နောက်မြီးကို ငေးကြည့် ကျန်ရစ်ခဲ့ရင်းက မင်းဝေသည် လျှင်မြန်စွာပင် ဆုံးဖြတ်ချက် တခုကို ချလိုက်သည်။

သူသည် ကားဂိတ်အတွင်းသို့ ပြန်လှည့်၍ ဝင်ခဲ့သည်။

လက်မှတ်ရောင်း စာရေးက သူ့ကို မော့ကြည့်၏။

မင်းဝေသည် ပြုံးလိုက်ရင်းက....။

'ခုနက အမျိုးသမီးက ဘယ်သွားမှာလဲဗျ၊ ဘယ်နေ့သွားမှာလဲ'

ဟု မေးလိုက်သည်။

လက်မှတ်ရောင်း စာရေး၏မျက်နှာမှာ ပြုံးရောင်သန်းသွား၏။ မင်းဝေ၏မျက်နှာကိုလည်း လိုလားဟန်နှင့် ကြည့်လိုက်ပြီး သူ့စားပွဲပေါ်မှ စာအုပ်ကြီးကို ငုံ့ကြည့်လိုက်သည်။

'အင်း....နာမည်က ခင်နွယ်ခက်၊ တောင်တွင်းကြီးကိုသွားမှာ၊ သွားမယ့်နေ့က....သဘက်ခါ'

မင်းဝေသည် သူ့အိတ်ထဲမှ မော်တော်ကားလက်မှတ် ထုတ်ယူလိုက်၏။

'ကျွန်တော်လဲ ဒီလက်မှတ်ကို ပြန်လဲချင်တယ်ဗျာ၊ မနက်ဖြန် မသွားတော့ဘူး၊ သဘက်ခါကျတော့မှဘဲ သွားမယ်၊ လက်မှတ် လဲပေးဗျာ ဖြစ်တယ်မဟုတ်လား။

အရောင်းစာရေးသည် ပြုံးနေရာမှ အသံထွက်အောင် ရယ်လိုက်၏။





'ဖြစ်ပါတယ်ဗျာ ဖြစ်ပါတယ်၊ ကျွန်တော်တို့ ဂိတ်က ခရီးသည်တွေရဲ့ စိတ်ချမ်းသာမှုကို အမြဲတမ်း ဦးစားပေး ဆောင်ရွက်တာချည်းပါဘဲ၊ ကဲ....ပေး ခင်ဗျားလက်မှတ် ကျွန်တော် လဲပေးလိုက်မယ်'

ပြောပြော ဆိုဆိုပင် အရောင်းစာရေးသည် မင်းဝေထံမှ လက်မှတ်ကို လှမ်းယူလိုက်ပြီးနောက် လက်မှတ်အသစ် ဖြတ်ပိုင်းစာအောင်ကို ရေးနေရင်းက မင်းဝေ၏ မျက်နှာကို မော့ကြည့်ကာ ပြုံးလိုက်ပြန်သည်။

'ခုနပါတ်ကော ဘယ်လောက်ယူမလဲ၊ ခင်နွယ်ခက်နဲ့တွဲရက် ယူမလား'

စာရေးက ရယ်ရယ်ပြုံးပြုံးနှင့် လိုက်သိုက်လျောလျော ပြောလိုက်သော်လည်း မင်းဝေသည် ရှတ်ဘရက် ရှက်အမ်း....အမ်းဖြစ်ကာ မျက်နှာနီသွားရသည်။

ပြီးမှ အရှက်ပြေ တချက်ရယ်လိုက်ကာ သူ့ခေါင်းကို ညိတ်လိုက်သည်။

'အေးဗျာ....ကျေးဇူးပါဘဲ'

ဤသို့နှင့်ပင် မင်းဝေသည် ခင်နွယ်ခက်နှင့် ကပ်လျက်သား ခုံနံပါတ်ကို ရခဲ့၏။

ဒါသည်ပင် မင်းဝေအဖို့ မမျှော်လင့်သော တိုက်ဆိုင်မှုတခု ဖြစ်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ညဲ့ဘက် ပါးပေါ်၌ မှဲ့နက်ကလေးတခု မပါရှိသည်မှလွဲ၍ ခင်နွယ်ခက်ဆိုသူသည် အိပ်မက်ထဲမှ....'နွယ်' ဆိုသော အမျိုးသမီးနှင့် တထေရာတည်း တူလှသည်။

ပြီးတော့ သူလည်း အိပ်မက်ထဲမှ ကန်သာယာ တောင်တွင်းကြီးသို့ သွားမည့်သူ....။

အံ့သြစရာကလေးတွေ။

တိုက်ဆိုင်မှုကလေးတွေ ကတော့ဖြင့် ကြုံကြိုက် ရလိမ့်အုံးမည် ထင်သည်။

မင်းဧဝ၏ရင်....လှုပ်ရှားနေရ၏။



(၇)

နှင်းငွေ့တို့ ဝေနေသည်။

တလောကလုံး အေးချမ်းနေ၏။ ငြိမ်သက်နေ၏။

နီယွန် လမ်းမီးတိုင်များ အရောင်တို့မှအပ ယဘာဝ အလင်းရောင် ..မရှိ။

အရှေ့ဘက်ကောင်းကင်ဝယ် ရောင်နီပင် မလာသေး။

လှည်းတန်းထိပ် ပြည်လမ်းဆုံမှ မော်တော်ယာဥ် အချက်ပြ ..မီးတိုင်များ၌လည်း အဝါရောင်မီးသည်သာ မှန်မှန်ကြီး ပွင့်လိုက် ..လိုက် ဖြစ်နေ၏။

မင်းဝေသည် သူ့လက်မှ နာရီကို ကြည့်လိုက်၏။

လေးနာရီ ခွဲတော့မည်။

ရန်ကုန်မြို့ထဲ ကီလီလမ်းကားဂိတ်မှ လေးနာရီတိတိတွင် ..ထွက်ခွာလာမည့် ဟီးနိုးကားကြီးကို ဤကမာရွတ်ရဲဌာနရှေ့မှ ..စောင့်နေခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ချက်ခြင်းလိုပင် ဟီးနိုးကားသံကို သူကြားလိုက်ရ၏။

မျှော်ကြည့်လိုက်တော့လည်း နှင်းမြူတို့အကြားဝယ် ကား ရှေ့မီးကြီးနှစ်လုံး၏ အလင်းရောင်ကို မြင်လိုက်ရသည်။

ကားကြီးသည် သူ့ရှေ့နားသို့ ရောက်လာ၏၊ လက်ပြ၍ တားလိုက်သောအခါ၌ သူ့ရှေ့၌ရပ်သွားသည်။

မင်းဝေ ကားပေါ်သို့ တက်လိုက်၏။ မျက်စိတချက် ဝေ့ကြည့်လိုက်ရုံနှင့်ပင် ခင်နွယ်ခက်ကို မြင်လိုက်ရသည်။

နံနက်ဦး၏ ဖူးပွင့်စ ပန်းကလေးလိုပင် ခင်နွယ်ခက်သည် လန်းလန်းဆန်းဆန်း သန့်သန့်စင်စင်ပင် လှနေသည်။

မင်းဝေသည် ခင်ခက်နွယ်၏ဘေးမှ လစ်လပ်နေသော နေရာတွင် ဝင်ထိုင်လိုက်သည်။ ထိုင်လိုက်လျှင် ထိုင်လိုက်ခြင်းမှာပင် ဂိုယာရေမွှေးနံ့ သင်းသင်းကလေးသည် သူ့ကို ဆီးကြို နှုတ်ဆက်လိုက်သည်။

တနေ့တာ ခရီးတလျှောက်လုံး ဤရနံ့မွှေးမွှေးနှင့် ဤအလှကလေး၏ နံဘေး၌ ကပ်လျက်သား ရှိနေရမည့် အဖြစ်ကိုတော့ မင်းဝေ ကျေနပ်သွားသည်။

မင်းဝေသည် ခင်နွယ်ခက်၏ မျက်နှာကလေးကို အသာ ခေါင်းငဲ့၍ တိတ်တခိုးလေး ကြည့်လိုက်၏။

သူ့မျက်နှာ၏ ဘေးတိုက် အနေအထား လေးမှာလည်း တမျိုးလှသည်။





နှာပူးပြေပြေ၊ နှာတံမို့မို့၊ နှုတ်ခမ်းလှလှ၊ မေး....သွယ်သွယ် လေးတို့၏ တချောင်း ဆွဲကောက်ကြောင်းမှာ၊ ဘယ်ပန်းချီ ရာသို့မှ မမှီနိုင်စရာ ပင်ဖြစ်မည်၊ သူဝတ်ထားသော ကြည်ပြာ ရောင်၊ သိုးမွှေးစွယ်တာ ကလေးမှာလည်း သူ့အသား ဝါဝါ င်းနှင့် လိုက်ဖက်လှန်းလှသည်။

မင်းဝေသည်၊ အလှရှင်၏ မျက်နှာကလေးကို ခေတ္တမျှငေး ကြည့်နေလိုက်ပြီးမှ၊ သူ့ကိုယ်ကိုသူ သတိရကာ.... မျက်နှာလွှဲလိုက် ၏။

ကားပေါ်ရှိ ခရီးသည်များမှာ၊ ငြိမ်သက် တိတ်ဆိတ်စွာပင် နေကြသည်။ အများစုမှာ မျက်လုံးမှိတ်ကာ ငိုက်နေကြ၏။

လမ်းဘေးလျှပ်စစ် ဓါတ်မီးတိုင်များသည်သာ၊ တရိပ်ရိပ်နှင့် ပြေးကျန်ရစ် ခဲ့ကြသည်။ မင်္ဂလာဒုံ တပ်မြို့ကို ကျော်တော့ မီးတိုင်တို့ မရှိတော့။

လမ်းဘေးတဖက် တချက်၌ အမှောင်ရိပ်လွှမ်းဆဲ....။

အကယ်ဆိုတော့၊ တနေ့တာ ခရီးကို ဤကားကြီးပေါ်၌ သွားရမည်မှာ ပျင်းရိငြီးငွေ့ စရာသာ ဖြစ်မည်။

တော့....။

တော့.... တော်သေးသည်၊ မိမိနံဘေး၌ အိပ်မက်ထဲမှ အလှ ရှိသည်။ ဤတနေ့တာ ခရီး၌ စကားတွေတဝကြီး ပြောခွင့် မည် ထင်သည်။ အကယ်၍.... သူမလိုလားသဖြင့်၊ စကား ဆိုခွင့်မရသည်ပင်ထားဦး သူ့ရနံ့၊ သူ့အလှ.... သူ့ပုံ



www.burmeseclassic.com

www.burmeseclassic.com



ရွာမှုကလေးများကြောင့်၊ ပျင်းရိခြင်း၊ ငိုက်မျည်းခြင်း နှမ်းနယ်ခြင်းတို့ပင် ရှိမည်မထင်တော့။

တိုက်ကြီးမြို့သို့ ရောက်တော့၊ နေရောင်က ဝင်းဝင်းပပ လင်းပြီ။ နှင်းမြူတို့လည်း ပါးပြီ။

ဈေးရှေ့ လမ်းပေါ်တွင် ကားရပ်လိုက်၏။

လဘက်ရည် သောက်ချိန်...၊ မုန့်စားချိန်။

မင်းဝေသည် ထိုင်ရာမှ ထမည်ပြုပြီးမှ မထလိုက်သေးဘဲ၊ ခင်နွယ်ခက်၏ဘက်သို့ လှည့်ကာ.... ပြောလိုက်၏။

'လဘက်ရည်လေး.... မုန့်လေး စားရ သောက်ရအောင် ဆင်းပါဦးလား....'

ထိုစကားကို ရုတ်တရက် ဆိုလိုက်မိပြီးမှ၊ မင်းဝေသည် သူ့ကိုယ်သူ၊ အံ့သြသွားရသည်။

သူ့ဘဝသက်နှင့် တကိုယ်၊ဘယ်တုန်းကမှ ဤမျှနွတ်မသွက်ခဲ့ဘူး အထူးသဖြင့် မသိမကျွမ်းသေးသော၊ တစိမ်းမိန်းကလေးများနှင့်ဆိုလျှင်၊ သူ့နှုတ်သည် ဆွံ့ 'အစမြဲ....။

ခုတော့လည်း မမျှော်လင့်ဘဲနှင့် သူ့နှုတ်သည် သွက်နေ၏။ သို့သော်လည်း သူ့ရင်ထဲတွင်မူ၊ ရှုတ်ချည်းပင် စိုးရိမ်စိတ်တို့ ဝင်လာ၏။ သူ့စကားကို ခင်နွယ်ခက်က အယိအမှတ် မပြုလျှင်၊ လိုက်လျောသော တုန့်ပြန်မှုမျိုး မရှိလျှင်....၊ မင်းဝေ ရှက်ရတော့မည်။

သို့သော်လည်း.... တော်ပါသေး၏။

---

သက်တင်စာပေ



ခင်နွယ်ခက်က သူ့ကိုပြုံးကြည့်သည်။

'မစားလို့ မသောက်လို့တော့၊ ဘယ်ဖြစ်မလဲ၊ ထမင်းစားရမယ့်နေရာ အင်းမကိုရောက်ဘို့က.... နောက်ထပ် လေးနာရီလောက် လိုသေးတယ်။ ဒီမှာအဆာပြေ စားထားမှ၊ မနက်တုန်းကလဲ ဘာမှ မစားခဲ့ရသေးဘူး....'

အသံက ကြည်လင်အေးငြိမ့်သည်၊ လေယူလေသိမ်းက ဂီတသံစဉ်ဘခုကို တီးခတ်လိုက်သည့်နှယ် ရှိသည်။

ယခုမှစတင်၍ ပထမဆုံး ကြားဘူးလိုက်ရသော၊ ခင်နွယ်ခက်၏စကားသံသည်၊ မင်းဝေ၏ နားထဲ၌ သာယာချိုအေးစွာ ရိုက်ခတ်သွားသည်။

မင်းဝေ ဝမ်းသာသွားရ၏၊ ခင်နွယ်ခက်၏ တုန့်ပြန်မှုသည်၊ ယဉ်ကျေးမှုအရ၊ ဝတ္တရားကျေရုံမျှသာ မဟုတ်၊ ဖော်ရွေလိုက်လျောသော သဘောရှိသည် သူ့အား မိတ်ဆွေတဦးအဖြစ် လက်ခံလိုသော သဘောရှိသည်။

'ကဲ.... ဒါဖြင့်လာ၊ ကျွန်တော်တို့ သွားကြရအောင်....'

မင်းဝေသည် ကားပေါ်မှ ဦးဆောင်၍ ဆင်းခဲ့၏။ ခင်နွယ်ခက်သည် နောက်က....။

လဘက်ရည်ဆိုင် တဆိုင်၏ အတွင်းသို့ ဝင်ခဲ့ကြ၏။ စားပွဲလွတ်တလုံးတွင် ထိုင်လိုက်ကြသည်။

မင်းဝေက စကားဆိုရန် ခင်နွယ်ခက်၏ မျက်နှာကလေးကို ငေး၍ပြုံးဆဲ....။

---

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'ကဲ.... ဆရာဦးမင်းဝေ ဘာစားမလဲ၊ ကျမတော့ မုန့်ဟင်းခါးနဲ့ လဘက်ရည်သောက်မယ်'

မင်းဝေ၏ မျက်ခုံးများ တွန့်သွားသည်၊ အံ့သြရိပ်သည်၊ သူ့မျက်နှာပေါ်မှ ပြေး၍ မလွတ်။

မိမိနာမည်ကို၊ သူသိနေပါပကော....။

ပြီးတော့.... ဆရာတဲ့ ဆရာဦးမင်းဝေတဲ့၊ သူဘယ်လိုသိပါလိမ့်။

မင်းဝေ အံ့သြခြင်းမက၊ အံ့သြသွားရသည်မှာတော့ အမှန်....၊

ထို့ကြောင့် ထစ်ထစ်ငေါ့ငေါ့နှင့် ပြောလိုက်မိ၏။

'ကျွန်.... ကျွန်တော့နာမည်ကိုသိ သိတယ်'

ခင်နွယ်ခက်၏ ချိုလွင်သော ရယ်သံကလေး ပေါ်လာသည်။

'သိပ်ပြီး အံ့သြသွားသလား ဆရာ၊ ဆရာ့ကိုကျမ ဆရာကားပေါ်ကို တက်လာကတည်းက၊ ဆရာ ဦးမင်းဝေမှန်း သိပါတယ် ဆရာကသာ ကျမကိုမသိတာ....'

မင်းဝေပြုံးလိုက်၏၊ သူက ပညာပြနေပြီဖြစ်၍ မိမိကလည်း မညံ့ကြောင်း ပြရဦးမည်။

'ကျွန်တော့်ကို မင်းဝေမှန်း၊ မခင်နွယ်ခက်သိတဲ့ အဘက်တော့၊ ကျွန်တော် အံ့သြမိတာ အမှန်ပါဘဲ၊ ဘယ်လိုလုပ်ပြီး သိတယ်ဆိုလာကိုလဲ၊ မစဉ်းစားတတ်အောင်ပါဘဲ'





ဤအကြိမ်တွင်မူ အံ့သြရမှုသည်၊ ခင်နွယ်ခက်၏အလှည့်။

ခင်နွယ်ခက်၏ မျက်ခုံးတန်း ကလေးများ မြင့်သွား၏ ကြည်ကြည်လင်သော မျက်ဝန်းကလေး များသည်ပင်၊ ပို၍ဝိုင်းသွား၏။

'ဟင်.... ဆရာလဲ ကျမနာမည်ကို သိတယ်'

မင်းဝေရယ်လိုက်သည်။

'ကဲ.... ဒီအကြောင်းတွေကိုပြီးမှ စားရင်းသောက်ရင်း ဆွေးနွေးကြတာပေါ့၊ မခင်နွယ်ခက်က၊ မုန့်ဟင်းခါးစားမယ်ဆိုတော့ လဘက်ရည်ဆိုင်မှာ၊ မုန့်ဟင်းခါးရလို့လား'

'ဒီဆိုင်မှာတော့၊ မရဘူး ဒါပေမယ့်၊ သူတို့ကို မှာခိုင်းလို့ရပါတယ်၊ ဟို-ရှေ့က မုန့်ဟင်းခါးဆိုင်က မဆိုးဘူး၊ တော်တော်စား ကောင်းပါတယ်'

ခင်နွယ်ခက်၏ စကားမဆုံးမီမှာပင် စားပွဲထိုး လုလင်ငယ် ရောက်လာရပ်သည်။

'ဘယ်လိုလဲအမ၊ ခါတိုင်းလို လဘက်ရည်နဲ့ မုန့်ဟင်းခါးဘဲလား....'

သူသည် ခင်နွယ်ခက်အား မေးနေရာမှ မင်းဝေဘက်သို့ လှည့်ကြည့်ပြန်က....

'ဆရာကော အမလိုဘဲလား'

'အေးကွာ မုန့်ဟင်းခါးနှစ်ပွဲမှာပေးပါ၊ ပြီးတော့ လဘက်ရည်တခွက်၊ ကော်ဖီတခွက်ပေါ့'



www.burmeseclassic.com

www.burmeseclassic.com



လုလင်ငယ်သည် မချိုမချဉ်ပြုံးရင်း ခင်နွယ်ခက်ကိုကြည့်ပြန်၏။

'ဒီတခါတော့ အမကအရင်လို တယောက်ထဲမဟုတ်တော့ဘူးနော်၊ နှစ်ယောက်ဖြစ်သွားပြီ ကျွန်တော်တို့တောင်မသိလိုက်ဘူး'

သူ့စကားကရိတိတိ....နောက်တောက်တောက်။

ခင်နွယ်ခက်က ဣန္ဒြေမပျက်ပြုံးနေသော်လည်း မင်းဝေ၏မျက်နှာ နီသွားရသည်။ ခင်နွယ်ခက်ကို အားနာသွား၏။ သို့သော်လည်း ခင်နွယ်ခက် ဣန္ဒြေမပျက်၍ တော်သေးသည်။

ဤလို ခရီးသွားဘတ်(စ်)ကားတို့ဆိုရင် လဘက်ရည်ဆိုင်မျိုးမှ စားပွဲထိုးကောင်လေးများသည် အများအားဖြင့် ဤသို့လျှင် စကားကို စည်းမရှိ၊ ကမ်းမရှိ၊ ပေါက်ကရပြောတတ်ကြသည်။

မင်းဝေသည် စားပွဲထိုးကောင်လေး၏မျက်နှာကို ခပ်တည်တည်လှမ်းကြည့်နေဆဲ မျက်နှာပိုးမသပ်သောမျက်နှာပေးနှင့်ပင် ကောင်လေးလှည့်ထွက်သွားသည်။

'ကဲ....ဆိုပါအုံးဆရာ၊ ကျမနာမည်ကိုဘယ်လိုသိလဲ'

မင်းဝေသည် ပြုံးလိုက်ရင်းက....

'ကျွန်တော့်ကို ဆရာဦးမင်းဝေလို့ စပြီးခေါ်လိုက်တာကမှခင်နွယ်ခက်ဘဲလေ၊ ဒီတော့မခင်နွယ်ခက်ကဘဲ ကျွန်တော့်ကို စပြီးရှင်းမှပေါ့'

သက်တင်စာပေ



ခင်နွယ်ခက်ကလည်း ပြုံး၏၊ သူ့ခေါင်းကလေးကို ငုံ့၏။ ...နက်ဆံကလေးများကို မျက်ဝန်းဒေါင့်သို့ကပ်၏၊ ပြီးမှ ...နွဲ့ဆို၏။

'ဆရာ့ကိုသိတာမဆန်းပါဘူးဆရာရယ်၊ ဝိဇ္ဇာသိပ္ပံတက္ကသိုလ် ...ဆရာတယောက်၊ တက္ကသိုလ်အနုပညာအသင်းကြီးက အမှု...င်တယောက်၊ ဆရာတို့ဌာနအသင်းက အတွင်းရေးမှူး ...ယောက်အနေနဲ့ ဆရာ့ကိုလူသိများကြပါတယ်၊ ပြီးတော့ ...သိပ္ပံ တက္ကသိုလ်မဂ္ဂဇင်းထဲကဓါတ်ပုံတွေမှာလဲ ဆရာ့ပုံတွေ ...နေတာဘဲဟာ'

...င်းဝေသည် ခင်နွယ်ခက်ကို တက္ကသိုလ်၌မမြင်ဘူးခဲ့။ ...ကြောင့်သူ့အား ဝိဇ္ဇာသိပ္ပံတက္ကသိုလ်မှ ကျောင်းသူ... ဖြစ်လိမ့်မည်ဟူ၍လည်း မှတ်ထင်ခဲ့။ အကယ်၍ သူသည် ...သိုလ်နယ်ပယ်၌ ကျင်လည်ခဲ့ဘူးသည်ဆိုလျှင်သည်း ဤအချက်...င်ကို မိမိအမှတ်မထားဘဲ၊ ဂရုမပြုဘဲနေမိခဲ့လိမ့်မည်မဟုတ်။

...ခင်နွယ်ခက်ဘယ်တုန်းက တက္ကသိုလ်က ထွက်သွားတာလဲ

...ဤ...ကားရပ်၌မှ ခင်နွယ်ခက် ဟက်ဟက်ပက်ပက်ကလေး ...သည်၊ မှိုမောက်သော သူ့ရင်အုံကလေးသည်ပင် သိမ့်သိမ့်...

... တက္ကသိုလ်မှာမနေခဲ့ပါဘူးရှင်၊ ကျမ ရန်ကုန်မှာ ...လုပ်ရင်းအလွတ်ဝင်ဖြေပြီး ဘီအေအောင်လာခဲ့ရတာပါ၊

သက်တင်စာပေ

www.burmeseclassic.com

ကျမနဲ့မြို့ထဲကအဆောင်မှာ အတူတူနေဖက်ကျောင်းသူတဦးရဲ့ တက္ကသိုလ်မဂ္ဂဇင်းကိုကြည့်ရင်းနဲ့ ဆရာ့ကို မြင်ဘူးခဲ့ရတာပါ။ ပြီးတော့ ဆရာ့ကိုပိုပြီးမှတ်မိသွားတာကတော့ တခါကမြို့ထဲမှာ ဆရာ့ကိုတွေ့လိုက်တော့ ကျမသူငယ်ချင်းကပြဘူးတယ်’

မင်းဝေသည် ခေါင်းတညိတ်ညိတ်နှင့် နားထောင်ရင်းက ပြုံးနေ၏။ အဲဒီတုန်းကတော့ ဘာ့ကြောင့်များ မိမိက သူတို့ကို မတွေ့ခဲ့ပါလိမ့်။

‘ကဲ....ကျမကတော့ ရှင်းပြပြီးပြီ၊ ခု ဆရာ့အလှည့်။ ပြော ပေတော့’

‘ကျွန်တော်ကတော့ မခင်နွယ်ခက်ကို အရင်က မမြင်ဘူး ပါဘူး၊ ဟိုတနေ့ ကားဂိတ်ကို မခင်နွယ်ခက် လက်မှတ်လာဝယ် တော့မှ ကျွန်တော်မြင်ဘူးလိုက်တာပါ။ မြင်မြင်ခြင်းဘဲ စိတ်ဝင် စားမိတာနဲ့ ကားဂိတ်မှာ စုံစမ်းကြည့်ရင်း နာမည်ကို သိလာ ရတာ’

‘မြင်မြင်ခြင်း....စိတ်ဝင်စားတယ် ဟုတ်လား၊ ဘာ့ကြော ပါလိမ့်ရှင်’

ရုတ်ဘရက် ဤကဲ့သို့ ပွင့်ပွင့်လင်းလင်းကြီး မေးလိုက် မည်ဟု မျှော်လင့်မထားသဖြင့် မင်းဝေအံ့သြ သွားရပြန်သ

‘လှရုံသက်သက်နဲ့တော့ ကျွန်တော်ဒီလောက် စိတ်ဝင်စ မှာ မဟုတ်ပါဘူး။ လှတဲ့မိန်းခလေးတွေကတော့ နေရာတိုင်





ရှိတတ်တာပါဘဲ။ ဒါပေမယ့် မခင်နွယ်ခက်ကိုတော့ စိတ်ဝင်စား ဘို့ ကျွန်တော့မှာ လုံလောက်တဲ့အကြောင်းတွေ ရှိပါတယ်’

‘ဆိုပါအုံးရှင်၊ အဲဒီလုံလောက်တဲ့ အကြောင်းကို သိစမ်း ပါရစေ’

ခင်နွယ်ခက်သည် ပြုံးနေသော မျက်နှာပေးနှင့် မေးလိုက်ပြီး နောက် လာချသွားသော မုန့်ဟင်းခါး ပန်းကန်ကို ဆွဲယူကာ သိမ်မွေ့စွာ စားနေလိုက်သည်။

‘အဲဒီ အကြောင်းကိုတော့ အခု မပြောချင် သေးဘူး၊ နောက်ကျတော့မှ ကျွန်တော်ပြောပါ့မယ်။ ပြောချိန်တန်တဲ့ နေ့တနေ့ဟာလဲ မကြာမီမှာဘဲ ရောက်လာ လိမ့်မယ်လို့ ကျွန်တော်ထင်တယ်’

‘ကားပေါ်မှာ ခရီးသွားရင်းနဲ့ သိကျွမ်းကြတဲ့ မိတ်ဆွေချင်း ခရီးဆုံးတော့ ကိုယ့်လမ်း ကိုယ်သွားကြမဲ့ဟာ။ ပြောချိန်တန်တဲ့ နေ့တနေ့က ဘယ်လိုကြုံလာမှာလဲ ဆရာရယ်’

‘ကျွန်တော်က တောင်တွင်းကြီးကို သွားမှာပါ။ ဒီခရီး အတွက်ကတော့ မခင်နွယ်ခက်ရဲ့ ခရီးအဆုံးဟာ ကျွန်တော့ ခရီးအဆုံးပါဘဲလေ’

‘သြ....ဆရာလဲ တောင်တွင်းကြီးကို သွားမှာ ဟုတ်လား။ အာကိစ္စလဲဆရာ၊ ဘယ်သူ့ဆီကို သွားမှာလဲ၊ စပ်စုတယ်လို့တော့ အောင်းမေ့နဲ့နော်’

www.burmeseclassic.com



'ကျွန်တော့အပေါ်မှာ မခင်နွယ်ခက် မှစပ်စုမှာ ကိုဘဲ စိုးရိမ်မိတာပဲ။ များများစပ်စုလေ ကျွန်တော် ဝမ်းသာရလေ နေမှာပါ'

ခင်နွယ်ခက်သည် ခေါင်းကလေးကို ငုံ့ကာ မျက်စောင်းပန်းကလေး ပွင့်ပေးလိုက်သည်။

'အင်း....ဆရာကတော့ ပိုလာပြီ'

'မပိုပါဘူးဗျာ....တကယ်ပြောတာပါ။ ကျွန်တော့ အပေါ်မှာ စိတ်ဝင်စားမဲ့လူ၊ ကျွန်တော့အကြောင်းတွေကို စပ်စုမဲ့ လူတွေဟာ မရှိသလောက်ရှားပါတယ်'

'တက္ကသိုလ်ဆရာရယ်....မပြောရဘူး၊ စကားကတော့ တတ်လိုက်တာ'

'စကားတတ်တာမဟုတ်ဘူး မခင်နွယ်ခက်ရယ်၊ အမှန်ကို ပြောတာပါ'

မင်းဝေ၏ မျက်လုံးများသည် ခင်နွယ်ခက်၏ မျက်နှာလေးကို စူးစူးရဲရဲပင် စိုက်ကြည့်လိုက်၏။ တောက်ပသော မျက်လုံးနှစ်စုံတို့ ခေတ္တမျှဆုံမိကြသည်။

ခင်နွယ်ခက်သည် လှုပ်ရှား လိုက်ရသော ရင်နှင့် အတူ မျက်လွှာကို ချပစ်လိုက်၏။

'ကျွန်တော်....တောင်တွင်းကြီး ကျရင် ကိုတင်ထွေးဆီမှာ တည်းမယ်၊ သူနဲ့ကျွန်တော်နဲ့က တက္ကသိုလ်တုန်းက သူငယ်ချင်းပါ။ မခင်နွယ်ခက် သိမလား မဆိုနိုင်ဘူး'

သက်တင်စာပေ



'ဩော်....ဩော်....သိပါတယ်၊ ကျမနဲ့ မောင်နှမလို ခင်ကြပါတယ်။ ခု သူလဲ လခစားမလုပ်ဘဲ သူ့မိဘတွေရဲ့ ပွဲရုံကို ဆက်ပြီး ဦးစီးနေတယ်၊ သူတို့ပွဲရုံက ဈေးတောင်ဖက်တင်ဘဲ။ ခု ကျမတို့ ကားဆိုက်မဲ့နေရာနဲ့ဆို သိပ်မဝေးလှပါဘူး'

'ဟုတ်တယ်....ကျွန်တော့ကို သူလဲတခါပြောဘူးတယ်၊ သူတို့ ပွဲရုံက ကားဂိတ်နဲ့ သိပ်မဝေးဘူးတဲ့'

သူတို့ချင်း ခေတ္တစကား ပြတ်သွားကြသည်။

စားလက်စ မုန့်ဟင်းခါး ပန်းကန်များကို လှက်စသတ်လိုက်ကြပြီးနောက် လဘက်ရည် ကော်ဖီခွက်များကို ကိုယ်စီကိုင်လိုက်ကြ၏။

ခင်နွယ်ခက်က မင်းဝေ၏ လက်ထဲမှ ကော်ဖီခွက်ကို လှမ်းကြည့်လိုက်ရင်းက....

'ဘယ့်နှယ်လဲ....ဆရာ့ကော်ဖီက ကောင်းရဲ့လား'

ဟုမေးလိုက်သည်။

မင်းဝေသည် စိတ်ပျက်ပြုံးကလေးကို ပြုံးလိုက်၏။

'အများအားဖြင့် အညာဘလော ဆိုင်က ကော်ဖီတွေကတော့ ဒီလိုချည်းပါဘဲ၊ ဘာနံ့ နံ့မှန်းလဲ မသိဘူး။ ကျွန်တော်တသက်လုံး သောက်ဖူးခဲ့တဲ့ ကော်ဖီနံ့မျိုး မဟုတ်တာတော့ သေချာတယ်'

ခင်နွယ်ခက်သည် မင်းဝေ၏ အပြောကို သဘောကျဟန်ဖြင့် ရယ်လိုက်ပြီးမှ....

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'ဒါနဲ့များဆရာရယ်....လဘက်ရည် မသောက်ဘဲ ကော်ဖီ သောက်ရသလား'

'လဘက်ရည် သောက်ချင်ပေမယ့် လဘက်ရည်က ကျွန်တော်နဲ့ သိပ်မတည့်ဘူး၊ အဆင်မသင့်ရင် လေနာတတ်လို့ပါ'

'အခု....ဆရာသောက်နေတဲ့ ကော်ဖီမျိုးက ပိုဆိုးမှာပေါ့ ဆရာရယ်။ ဒါတွေက အစစ်မှမဟုတ်ဘဲ၊ ကော်ဖီတပေါင်ကို လေးငါးဆယ် ပေးနေရတော့လဲ ဒီလို လဘက်ရည်ဆိုင်တွေ အနေနဲ့ ဘယ်မှာ ကော်ဖီမှုန့်အစစ်ကို သုံးနိုင်မှာလဲ'

'ဒါဖြင့်....ဘာမှုန့်တွေနဲ့ ရောထားတာလဲ'

'ရောထားတာ မဟုတ်ဘူးဆရာ၊ ဒီအထဲမှာ ကော်ဖီမှုန့်ဆိုလို့ တမှုန့်တဖက်တောင် မပါဘူး။ ကုလားပဲကို မီးကျွမ်းအောင် လှော်ပြီး အမှုန့်ကြိတ်ထားတာ'

'ဗျာ....ကုလားပဲမှုန့်တွေ ဟုတ်လား'

မင်းဝေ၏ မျက်ခုန်းများတွန့်ကာ မျက်လုံးများပြူးသွား၏။ ခင်နွယ်ခက်က သူ့ဟန်ကိုကြည့်ကာ ရယ်နေ၏။

'ဟုတ်ဘယ်....ကုလားပဲ မီးကျွမ်းမှုန့်တွေ၊ ဒါတွေကို ဆရာ စွဲပြီး များများသောက်ရင် တနေ့မှာ ဥပါဒ်ဖြစ်မှာသေချာတယ်'

'အမလေး....ဒုက္ခပါဘဲ'

မင်းဝေပုခုန်းတွန့်ကာ ကြောက်လန့်ဟန်နှင့် ဆိုလိုက်သဖြင့် ခင်နွယ်ခက် ရယ်လိုက်မိပြန်သည်။





ထိုအချိန်မှာပင် ဟီးနိုးကားကြီးဆီမှ ကားဟွန်းသံထွက်ပေါ် လာသည်။

'ဟော....ကားထွက်တော့မယ် ခေါ်နေပြီ'

ခင်နွယ်ခက်က ပြောပြောဆိုဆိုနှင့် ကျသင့်ငွေကို ပေးရန် သူ့လက်ကိုင်အိတ်ကို ဖွင့်လိုက်၏။ မင်းဝေသည် ခင်နွယ်ခက်၏ အပေးမခံဘဲ ကျသင့်ငွေကို သူပေးလိုက်သည်။

ကားပေါ်သို့ ရောက်ကြတော့လည်း မင်းဝေနှင့် ခင်နွယ် ခက်တို့ စကားမျှင်မှုပြတ်။

တိုက်ကြီးမှထွက်တော့၊ မြူနှင်းတို့ရှင်းကာ နေခြည်ဝင်း နေပြီဖြစ်၍ ကားကြီးသည် ခတ်မြန်မြန်ပြေးနေ၏။

လမ်းတလျှောက်ရှိ လယ်ကွင်းပြင် တို့၌လည်း စပါးတို့ ရင့်မှည့်နေကြပြီ။ ရွှေလွင်ပြင်ကြီး များသည် မျှော်မဆုံး နိုင်အောင်ပင် ရှည်လျားလှသည်။

'ကျမတို့မြို့ကို ဆရာလာတာ ဒီရာသီဟာအကောင်းဆုံးပါဘဲ။ နွေကျတော့လဲ သိပ်ပူတတ်၊ ခုလို ဆောင်းဝင်စ အချိန်ကာလေး မှာတော့ သိပ်နေလို့ကောင်းပါတယ်'

'ဒါကြောင့် မခင်နွယ်ခက်လဲ ဒီအချိန်မှရွေးပြီး ပြန်လာ ဘာထင်တယ်'

'မဟုတ်ပါဘူးဆရာ၊ ကျမအနေနဲ့ကတော့ အလုပ်ကခွင့်ယူလို့ ယူယမ်မဲ့အချိန်မျိုး၊ မေမေနေမကောင်းလို့ မှာတဲ့အချိန်မျိုးမှာ ပြန်ဖြစ်တာပါဘဲ'



www.burmeseclassic.com

www.burmeseclassic.com



ဤသို့လျှင် မင်းဝေသည် ခင်နွယ်ခက်၏ အကြောင်းကို စကားစများထဲမှပင် ရရှိလာသည်။

ခင်နွယ်ခက်၏အဖေ မရှိတော့။ သူ့အသက် လေး-ငါးနှစ်သောက်ကိုပင် သူ့ဖခင်ကွယ်လွန်ခဲ့ရသည်။

ငယ်ငယ်ကတည်းက မအေတခု သမီးတခု ရှိခဲ့သော်လည်း ခင်နွယ်ခက်သည် အမေ့ကမ္ဘာ ကျဉ်းကျဉ်းကလေး၌ မနေနိုင်၊ မနေချင်၊ နယ်ကျယ်ချင်သည်၊ လွတ်လွတ်လပ်လပ် ခြေဆန့်ချင်သည်။ သူ့ကမ္ဘာကလေးကို သူ့ဟာသူ တည်ဆောက်ချင်သည်။

ထို့ကြောင့် သူ့မိခင်ကြီး တားဆီးလျက်ကပင် ကိုယ့်အားကိုယ်ကိုးကာ ရန်ကုန်သို့ ဆင်းခဲ့သည်။ ခုတော့ ရန်ကုန်မြို့ရှိ ရုံးကြီးတရုံး၌ ဌာနခွဲ စာရေးကြီးပင်ဖြစ်နေပြီ။ ဘော်ဒါဆောင်၌နေရင်းဖြင့် ဘီအေလည်း အောင်မြင်ခဲ့ပြီးပြီ။

မိခင်ကြီး၏ စီးပွားရေး အတွက်တော့ဖြင့် မပူရ။ ဈေးအနီး၌ ကုန်စုံဆိုင်ရှိသည်။ ကူဖော်လောင်ဖက် အနေနှင့် တူတော်သူ လင်မယားရှိသည်။

ကားပေါ်၌ တထိုင်တည်းမှာပင် မင်းဝေသည် ခင်နွယ်ခက်၏ အကြောင်းကို ထိုမျှသိလာရသည်။

မင်းဝေမူ သူ့အကြောင်းကို များများပြန်ပြောစရာမရှိပေ။

မြင်းခြံမြို့ဇာတိ၊ဖခင်က အငြိမ်းစားဗိုလ်မှူး၊ ကမာရွတ်ထဲမှာပင် အတူနေသည်၊ သူကလည်း တဦးတည်းသောသား။





အစက မင်းဝေမျှော်လင့်ခဲ့သလိုပင် ကားပေါ်၌ သူပျင်းရိချိန်မရှိ၊ ငိုက်မြည်းချိန်မရှိ၊ နွမ်းနယ်ချိန်မရှိ။

ဆယ့်တစ်နာရီ ထိုးလုနီးတော့ ပြည်မရောက်မီ အင်းမစခန်း၌ ထမင်းစားကြရန် ခေတ္တနားသည်။

ကားလမ်းဘေးထမင်းဆိုင်တန်းကြီးမှာ ရှည်လျားစည်ကားလှသည်။ ဆိုင်းဘုတ်မျိုးစုံတို့၏ရှေ့၌ ကားမျိုးစုံတို့ ရပ်နေကြသည်မှာလည်း နေရာမလပ်။

‘ကဲ ဒီမှာလဲ မခင်နွယ်ခက်ဘဲ ဦးဆောင်ပါနော်။ ကောင်းတဲ့ဆိုင်မှာ စားကြရအောင်’

ခင်နွယ်ခက်ကပြုံးသည်။

‘ဒီမှာတော့ ကောင်းတဲ့ဆိုင်တွေလိုလိုချည်းပါဘဲ၊ ဒါပေမယ့် ခက် စားနေကျဆိုင်တဆိုင်ရှိတယ်၊ အဲဒီကို သွားကြတာပေါ့’

တလမ်းလုံး ကျမဟုပြောနေရာမှ ခုတကြိမ်တွင် သူ့ကိုယ်ကိုသူ ‘ခက်’ ဟူ၍ စတင်သုံးနှုန်း ပြောဆိုလိုက်သည်ကို မင်းဝေ သတိပြုလိုက်မိသည်။

သူ ကျေနပ်သည်။

ခင်နွယ်ခက်၏နောက်မှ မင်းဝေ လိုက်သွား၏၊ လွတ်နေသော စားပွဲတလုံးတွင် ဝင်ထိုင်လိုက်ကြသည်။

‘ကဲ ဘာဟင်းစားမလဲဆရာ’

‘ကြက်သားဟင်းပေါ့လေ’



www.burmeseclassic.com

www.burmeseclassic.com



ခင်နွယ်ခက်က ပြုံးသည် သူ့ခေါင်းကိုလည်း ရမ်းခါလိုက်၏။

'ကြက်သား ဟင်း ဘာလုပ်ဖို့လဲ ဆရာရယ်၊ ဘယ်မှာစား စားရတာဘဲ၊ ခက် ကတော့ ဂျီသားဟင်းနဲ့စားမယ်'

မင်းဝေ အံ့ဩသွားသည်။

'ဂျီသားဟင်းရတယ်....ဟုတ်လား'

'သိပ်ရတာပေါ့၊ ဂျီသားတင်မကဘူး တောကောင်သားတွေ တော်တော်စုံစုံရတယ်'

သူသည် ပြောပြောဆိုဆိုပင် အနီးသို့ ရပ်လာသော အမျိုးသမီးငယ်သို့ လှည့်ကာ မေးလိုက်၏။

'မလှရေ....ဒီနေ့ ဘာဟင်းတွေရလဲ'

'ဟော....အမပါလား၊ ဒီဘခါ အမ အရင်တခေါက်ထက် တောင်မှပိုပြီး ဝလာ လှလာပါလား'

ခင်နွယ်ခက်က ရယ်လိုက်ပြီး....။

'မလှကတော့ မြှောက်နေပြန်ပြီ'

'မြှောက်တာမဟုတ်ပါဘူး အမရယ် တကယ်ပြောတာပါ'

မလှဆိုသူ အမျိုးသမီးက ပြုံးကာပြန်ပြောရင်း မင်းဝေဘက်သို့ အကဲခတ်သလို မျက်လုံးတချက် ဝေ့ကြည့်လိုက်သည်။

ပြီးမှ....

'အမတို့ ဒီနေ့ဘော်တော် ကံကောင်းတယ်၊ ဟင်းတွေကတော့ တော်တော်စုံဘယ် ဂျိုသား၊ တောဝက်၊ဆတ်သား၊ ဖွတ်၊ ယုန်သားကြော် ပြီးတော့ ကြက်တို့ အမဲတို့လဲ ရပါတယ်'

မင်းဝေ ဝမ်းသာသွား၏ ဤလိုတောကောင်သားတို့ကို စားရခဲဘို့ခြင်း။

သက်တင်စာပေ



ထို့ကြောင့် တော်တော်စုံစုံပင် မှာလိုက်သည်။

'ဂျိုသားရယ်၊ဖွတ်သားရယ်၊တောဝက်ရယ်၊ ဆတ်သားရယ်၊ အဲ....အဲ....ပြီးတော့ ယုန်သားကြော်လဲ ထည့်ဗျာ'

ခင်နွယ်ခက်သည် ရယ်လိုက်ရင်းက....

'မှာတဲ့ဟင်း တွေကလဲ့ များလှချည်လား'

'မများပါဘူးလေ ဒီလိုဟင်းတွေက ရန်ကုန်မှာ စားရတာ မဟုတ်ပါဘူး၊ ခုလိုကြုံမှ စားရတာ'

ချလာသောဟင်းများမှာ မွှေးနေ၏။

အားလုံးပင်ဆီပြန်ဟင်း ယုန်သားတခုသာလျှင် ငြုတ်သီးနှင့်ထောင်းပြီး ကျော်ထားသည်။

ဟင်းချက်ကလည်း ကောင်းသည် ကန်စွန်းရွက်ချဉ်ရည်ဟင်းနှင့်လည်း လိုက်ဖက်နေသည်။

'တောကောင် အသားတွေထဲမှာ ခက်တော့ ဂျိုသားအကြိုက်ဆုံးဘဲ၊ သိပ်ချိုတာ ဘယ်အသားမှ သူ့ကိုမမှီဘူး၊ သမင်သားတော့ လူပြောများလို့ ခက် မစားရဲလို့ မစားဘူး ဘူး'

'ဟုတ်တယ် ကျွန်ဘော်လဲ ဂျိုသားကြိုက်ဘယ် ဟောဒီ ဖွတ်သားလဲ ကောင်းတာဘဲ၊ သိပ်ဆူတယ် စားကြည့်စမ်းပါအုံး'

မင်းဝေသည်ပြောပြောဆိုဆိုနှင့်ပင် ဖွတ်သားဟင်းကို ခင်နွယ်ခက်၏ ပန်းကန်ထဲသို့ ထည့်ပေးလိုက်သည်။

'ခက်တို့ တောင်တွင်းကြီးဘက်မှာ မိုးဦးကျဆိုရင် ဖွတ်သားတို့ ဖွတ်ဥတို့ ပဒတ်တို့ ယုန်တို့ သိပ်ပေါတာဘဲဆရာ၊ ဖွတ်ဥကော ဆရာစားဘူးလား၊ ဖွတ်ဥ လိပ်သဲ ကျွန်နို့ခဲလို့ စာဆိုတော်ရှိတာဘဲ'

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'စာဆိုတော့ ကြွားဘူးတယ် ဒါပေမယ့် ဖွတ်ဉတော့ ခုထိ တခါမှ မစားဘူးသေးဘူး'

မင်းဝေသည် ခေတ္တမျှ စကားပြတ်သွားပြီးမှ ဆက်ပြောလိုက်သည်၊

'ဒီလောက်ရင်းနှီးနေမှတော့ ကျွန်တော့ကို ဆရာလို့ မခေါ်ပါနဲ့တော့လား မခင်နွယ်ခက်ရယ်၊ မင်းဝေလို့ဘဲ ခေါ်ပါ'

ခင်နွယ်ခက်သည် ပြုံးစစလုပ်ကာ မျက်ခုံးချီလိုက်သည်။

'ဒီလိုဆိုရင် ခက်ကိုလဲ ခင်နွယ်ခက်လို့ မခေါ်နဲ့တော့လေ၊ ရင်းနှီးတဲ့လူတွေ ခေါ်ကြသလို ခက် လို့ဘဲခေါ်ပါလား'

ဟင့်အင်း....ခက်လို့ဘော မခေါ်ချင်ပါဘူး'

ခင်နွယ်ခက်သည် အံ့သြဟန်နှင့်....

'ဘာဖြစ်လို့လဲဆရာ၊ အဲ....'

ခင်နွယ်ခက်သည် လျှာကလေး တစ်လစ်ထုပ်ကာ ရယ်လိုက်ပြီးမှ၊

'ကိုမင်းဝေ'

ဟုပင်ပြောလိုက်သည်။

'သူများတွေခေါ်နေကြ အခေါ်မျိုးနဲ့ မခေါ်ချင်ဘူး၊ပြီးတော့ မခင်နွယ်ခက်နဲ့ ပတ်သက်လာရင် ကျွန်တော့အဖို့ ဘာမှ မခက်ချင်ဘူး ဒီတော့....'

ခင်နွယ်ခက် ပြုံးနေသည်။

'ဒီတော့....ဘာဖြစ်သလဲ ကိုမင်းဝေ'

ဒီတော့ ကျွန်တော်ကတော့ နွယ်လို့ဘဲ ခေါ်ချင်တယ်'





ကြိုက်သလိုသာခေါ်ပါလေ၊ ခက်ကတော့ ကန့်ကွက်စရာမရှိပါဘူးရှင်'

မင်းဝေ၏ စိတ်ထဲတွင် အိပ်မက်ထဲ၌ အကျွမ်းဝင်ခဲ့ဘူးသူနှင့် ရုပ်ခြင်းတူသူ ခင်နွယ်ခက်အား အိပ်မက်ထဲ၌ ခေါ်ခဲ့သလိုပင် 'နွယ်' ဟုသာ ခေါ်လိုက်ချင်သည်။

ထမင်းစားအပြီးတွင် သူတို့ရှေ့သို့ လဘက်သုတ်ပန်းကန်လေးနှင့် ရေနွေးကြမ်းအိုး ရောက်လာပြန်သည်။

'ဟင်....ဘယ်တုန်းကမှာလိုက်တာလဲ နွယ်'

ခင်နွယ်ခက်က ပြုံးရင်း ခေါင်းခါ၏။

'မှာဘို့ မလိုဘူးကိုမင်းဝေ၊ ထမင်းစားတဲ့ လူတိုင်းကို ဒီလိုဘဲ လဘက်နဲ့ ရေနွေးကြမ်း ပေးနေကျ၊ ဒါသူတို့ထုံးစံ....'

'ဘယ်ဆိုးလို့တုန်း'

မင်းဝေ သဘောကျသွားသည်။

သူတို့နှစ်ဦး လဘက်နဲ့ ရေနွေးကြမ်း သောက်ကြပြီးနောက် မင်းဝေကပင် ကျသင့်ငွေကို ထုတ်ပေးလိုက်သည်၊ ခင်နွယ်ခက်က တားသော်လည်းမရ။

အင်းမှမှ ကားထွက်ခဲ့၏။

အချိန်ရွေ့လာသည်နှင့်အမျှ၊ ပြည်အာလတို့ကို လွန်ခဲ့သည်။ တောင်တွင်းကြီးမြို့သို့ဝင်တော့ သုံးနာရီ ထိုးလုနီးပြီ။

ဈေးတောင်ဘက်တွင် ကားရပ်သည်။

ခင်နွယ်ခက်နှင့် မင်းဝေတို့ ဆင်းကြ၏။



www.burmeseclassic.com

www.burmeseclassic.com



‘ကဲလာ ကိုမင်းဝေ၊ မောင်တင်ထွေးတို့ ပွဲရုံကို ခက်လိုက်ပို့မယ်။ ဒီနားလေးမှာဘဲ သူတို့ပွဲရုံရှိပါတယ်’

လက်ဆွဲအိတ် ကိုယ်စီဆွဲကာ၊ သူတို့ လမ်းလျှောက် သွားကြသည်။

သိတ်ဝေးဝေး မသွားလိုက်ရ။

‘ဟောဒီဟာ.... မောင်တင်ထွေးတို့ ပွဲရုံဘဲ လာ’

ခင်နွယ်ခက်က၊ ပြောပြောဆိုဆိုပင်၊ လမ်းဘေးသို့ ဆင်းကာ ပွဲရုံတခုအတွင်းသို့ ဝင်လိုက်၏။

‘အလို.... မမခက်ပါလား၊ ဟယ် ကိုမင်းဝေလဲပါတယ်’

ပွဲရုံတွင်း၌ ထိုင်နေသော တင်ထွေးသည်၊ အံ့ဩဝမ်းသာစွာပင်၊ ပွဲရုံအပေါက်ဝသို့ ထွက်ခါ သူတို့ကိုကြိုသည်။

‘ဟုတ်တယ် မောင်တင်ထွေးရေ၊ မမခက်နဲ့ ကားပေါ်ကျမှ အသိဖြစ်လာကြတာ၊ မောင်တင်ထွေးဆီမှာ တည်းမယ်ဆိုလို့ မမခက် လိုက်ပို့တာဘဲ’

‘ကျေးဇူးတင်ပါတယ်၊ မမခက်ရယ် ကျွန်တော်နဲ့ သူနဲ့က ကျောင်းမှာတုန်းက သိတ်ချစ်ကြတာ၊ ဟိုတုန်း ကတည်းက၊ ကျွန်တော့်ဆီ အလည်လိုက်ဘို့ ခဏခဏခေါ်တာ၊ မရဘူး၊ ခုမှ ဘာစိတ်ကူးပေါက်ပြီး၊ ရောက်လာတာလဲ မသိဘူး၊ ခင်ဗျာ့ နှယ်ဗျာ ကြိုတင်ပြီးတော့၊ စာလေးဘာလေးတောင် မရေး လိုက်ဘူး....

တင်ထွေးသည် ဝမ်းသာ အားရပင်။ ဆက်တိုက်ပြောနေ၏။ မင်းဝေမူ ဘာမှ ပြန်မပြောဘဲ ပြုံး၍သာနေသည်။





‘ကဲ.... မောင်တင်ထွေး မမခက်သွားမယ်၊ ဟောဒီမှာ မင့်သူငယ်ချင်းကို၊ ကောင်းမွန်စွာ အပ်ခဲ့ပြီနော်၊ အထိအခိုက်အပွန်းအပဲ့ အနာအဆာ မရှိ၊ ပကတိ အကောင်းနော်’

သူတို့အားလုံးပင် ရယ်လိုက်ကြ၏။

‘နေပါအုံး မမခက်ရယ် လဘက်ရည်လေးတာလေး သောက်သွားပါအုံး’

‘တော်ပြီ မောင်တင်ထွေး တော်ပြီ။ဘာမှမသောက်တော့ဘူး။မင်းသူငယ်ချင်း ကိုမင်းဝေကိုလဲ၊ မမခက်တို့အိမ်ကို ခေါ်ခဲ့အုံးနော် ဟုတ်လား ကဲ ကိုမင်းဝေ.... ခက် သွားတော့မယ်’

‘ကျေးဇူးတင်ပါတယ် မမနွယ် မမနွယ်တို့ အိမ်ကိုလဲ ကျွန်တော် လာပါအုံးမယ်’

သူ့အား မမနွယ်ဟု နောက်၍ခေါ်လိုက်သဖြင့်၊ ခင်နွယ်ခက်သည်၊ မျက်မှောင်ကလေး ကုတ်ကာ၊ မင်းဝေအား ကြည့်လိုက်သည်။

မင်းဝေမူ ပြုံးနေ၏။ ဒီတော့မှပင် ခင်နွယ်ခက်လည်း လှလှပပလေးပြုံးလိုက်ရင်း လှည့်ထွက်သွားသည်။

အသင့်ရှိနေသော မြင်းလှည်းတစီး ပေါ်သို့တက်၍၊ ထွက်ခွာသွားသည်အထိ၊ မင်းဝေမှာ ခင်နွယ်ခက်အား လှည့်ကြည့်ရင်း ကျန်ရစ်ခဲ့၏။

အစက ခင်နွယ်ခက်အား သူ့ထက် အသက်ကြီး လှလိမ့်မည်ဟု မင်းဝေမထင်ခဲ့။ ခုတော့သူနှင့် အသက်ရွယ်တူ သူငယ်ချင်း တင်ထွေးကို ‘မင်း’ နှင့် ‘မမခက်’ နှင့် ပြောနေတော့မှပင်၊ မင်းဝေ အံ့ဩရသည်။



www.burmeseclassic.com

www.burmeseclassic.com



'မမခက်က၊ ကျွန်တော့ထက် သုံးနှစ်လောက် ကြီးတယ်ဗျ။ သူဆယ်တန်းရောက်တော့ ကျွန်တော်က၊ ခုနှစ်တန်းဘဲ ရှိသေးတယ်'

တင်ထွေးက ထိုသို့ပြောတော့၊ မင်းဝေပို၍ အံ့သြရသည်။

အသက်အစိတ်ကျော် ရှိနေပြီဖြစ်သော ခင်နွယ်ခက်သည်၊ နုပျိုလွန်းနေသည်၊ အလွန်ဆုံးရှိမှ အသက်နှစ်ဆယ်ကျော် ခန့်မျှသာ ရှိဦးမည်ဟု မင်းဝေ ထင်ခဲ့မိ၏။

အိပ်မက်ထဲမှ အလှရှင်နှင့်တော့ မမျှော်လင့်ဘဲတွေ့ခဲ့ရရုံမျှမက တရင်းတနှီးပင် ရှိခဲ့ရပြီ။

ကန်သာယာကိုလည်း တွေ့ရတော့မည်။

ဤဝန်းကျင်ဝယ် အံ့သြဘွယ်ရာများ အဖြစ်၊ နောက်ထပ်ဘာတွေများ ကြုံတွေ့ရဦးမည် မသိပြီ။

●

သက်တင်စာပေ

(၇)

ကန်ဘောင်ရိုးပေါ်သို့ရောက်တော့ရေပြင်ကျယ်ကြီးကို ဘွားကနဲ တွေ့လိုက်ရသည်။

ကန်ရေကစိမ်းကာ ကြည်နေ၏။ စိမ်းညို့သော ကြာရွက်တို့က ရေပေါ်ဝဲနေ၏။ ကြာဖြူ ကြာနီ ကြာညိုတို့မှာလည်း အဖူးအငုံတို့နှင့် စုံနေသည်။

ကောင်းကင်ကလည်း ကြည်လင်ပြာလဲ့နေသည်။ တိမ်လိပ်တို့သည် ငွေဂွမ်းလိပ်တို့လည်း၊ လေယူရာ ရွေ့နေကြ၏။

ကောင်းကင်ပြာနှင့် တိမ်လိပ်တို့၏ အလှသည်၊ ကန်ရေပြင်ထက်၊ အရိပ်ထင်နေ၏။

ကန်လယ်ကိုဖြတ်ကာ ဆောက်ထားသော သစ်သား တံတားကိုအက်ကမ်း တည့်တည့်တွင်၊ ရွှေရည်ဝင်းနေသော၊ အေးဓေ

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တီနှင့် ဇရပ်တဆောင်ရှိသည်၊ မြင့်မားခိုင်မတ်သော မန်ကျည်းပင်ကြီးတပင်၏ အကိုင်းအခက်တို့သည်၊ ဇရပ်ပေါ်သို့ပင် မိုးနေ၏၊

စေတီတော်နှင့် ဇရပ်ပတ်ဝန်းကျင်ဝယ်၊ အပွင့်ဝါဝါတို့နှင့်ဝေနေသော ဆယ့်နှစ်ရာသီ ပန်းပင်တို့လည်း၊ အစီအရီရှိသည်၊

အရှေ့ဘက်ရှိ လယ်ကွင်းပြင့်တို့ဝယ်၊ စပါး ရွှေဝါလှိုင်းတို့လှုပ်ရှား ယိမ်းအိုနေကြ၏။

ကန်၏ဘယ်ဘက်ယွန်းယွန်းတွင် 'ပင်စည်'ဘုရားကြီးကိုလည်းတင့်တယ်သပ္ပါယ်လှစွာ ဖူးမြော်ရသည်။

မင်းဝေသည်၊ လှပသော ဤရှုခင်းကို၊ မှုမှိတ်သော မျက်လုံးတို့နှင့် စိုက်ငေး၍ ကြည့်နေသည်။

ဤရှုခင်းသည်၊ အိပ်မက်များထဲ၌ ကြိမ်ဖန်များစွာ သူမြင်ရ၍၊ အသဲစွဲအောင် မှတ်မိနေသော မြင်ကွင်းပင်....။

သူ့ရင်၌လည်း၊ အိပ်မက်ထဲ၌ ခံစားခဲ့ရသော အငွေ့အသက်မျိုးကို ခံစားနေရ၏။

ဆောင်းညနေ၏ ဝင်လုဆဲနေ၏ နေရောင်ခြည်သည်၊ ခတ်မြေ့မြေ့၊ ခတ်ဖျော့ဖျော့ ဖြာကျနေသည်။ မကြာမီမှာပင် အမှောင်ရိပ်တို့ လွှမ်းမိုးလာတော့မည်။

ဒင်ကြီး ငှက်အုပ်နှင့် ဗျိုင်းအုပ်တို့ကလည်း၊ အစာရှာရာမှ အိပ်တန်း'သို့ တသုတ်ပြီးတသုတ် ပြန်ကြပြီ၊

---

သက်တင်စာပေ



'ဘယ့်နှယ်လဲ ကိုမင်းဝေ၊ ကျွန်တော်တို့မြို့က ကန်တော်ကြီးရှုခင်းဟာ လှပါတယ်နော်၊ ခင်ဗျား ဘယ်လိုသဘောရသလဲ'

တင်ထွေးက မင်းဝေအား အကဲခတ်သလိုကြည့်ရင်း ငံမေးလိုက်သည်။

'လှပါတယ်ဗျာ၊ တကယ်ဆိုတော့ ရန်ကုန်မြို့လယ်က အင်းလျားတို့ ကန်တော်ကြီးတို့ထက်လှပါတယ်။ ကျွန်တော်တို့ ဗမာတပြည်လုံးမှာတောင် ခင်ဗျားတို့ကန်တော်ကြီးရှုခင်းလောက်လှတဲ့ကန်သာယာမျိုး ရှိမယ်မထင်ပါဘူး'

မင်းဝေသည် သူ့ရင်ထဲမှ ယုံကြည်ချက်နှင့် ခံစားချက်အတိုင်း ရိုးရိုးသားသားပင် ပြောလိုက်သည်။

တင်ထွေးမှာလည်း ကိုယ့်မြို့၏အလှကိုအချီးကျူးခံရ၍ ဝမ်းသာသွား၏။

'မိုးနဲ့မြေက ထာဝရ၊ ထာဝရ၊ မိုးနဲ့မြေကထာဝရ၊ လူတွေကတော့သေကြ၊ ကျေကြ၊ သခ်ါရ....သခ်ါရ၊ ဖေပုံ ပုံ၊ ဖေပုံ ပုံ'

သံချပ်လိုလို သီချင်းလိုလို လေယူလေသိမ်းနှင့် ဆွဲဆွဲငင်ငင်ဆိုလိုက်သော အသံကိုကြားလိုက်ရသဖြင့် အသံလာရာဆီသို့ သူတို့လှမ်းကြည့်လိုက်မိကြသည်။

မိန်းမလိုလို ယောကျ်ားလိုလိုသဏ္ဍာန်တခုသည်၊ အေးစေတီဘုရားရှိရာကမ်းဘက်မှနေ၍ တံတားပေါ်သို့တက်လာသည်။

ခေါင်းပေါ်မှဆံပင်များမှာ လက်သုံးလေးသစ်မျှသာရှိမည်။ အုပ်အုပ်လုံးလုံးကြီးဖြစ်နေ၏။ အဆင်အကွက်မပေါ်တော့သော

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လက်တိုအင်္ကျီနှင့် ညစ်နွမ်းစုတ်ပြတ်နေသောလုံချည်ကိုဝတ်ထားသည်။

သူ့ဟန်ပန်အမူအရာ၊ လှုပ်ရှားပုံနှင့် သံချပ်သံတို့ကြောင့် အရူးတယောက်မှန်း မင်းဝေကသိလိုက်၏။

တဖြေးဖြေးနှင့် ထိုသဏ္ဌာန်သည် တံတားလက်တန်းကိုမှီ၍ ရပ်နေကြသော သူတို့အနီးသို့ ရောက်လာသည်။

'မိုးနဲ့မြေက ထာဝရ၊ လူတွေကတော့ သေကြ...ကျေကြ သခ်ါရ။ ဩော်...လူတွေကတော့ သေကြ...ကျေကြ...သခ်ါရ'

သူက ဆွဲဆွဲငင်ငင်ပင် အော်ဆိုနေလိုက်ပြန်သည်။

မင်းဝေမှာလည်း ခုမှပင် ထိုအသံရှင်အား မိန်းမတယောက်ဖြစ်မှန်း သိလိုက်သည်။

သူသည် သီချင်းကိုဆက်ဆိုနေရင်းပင် မင်းဝေတို့အနီးသို့ ရောက်လာသည်။

အရူးမကြီးမှာ အသက်တော့ဖြင့်မငယ်လှ၊ ငါးဆယ်ကျော်လောက်တော့ရှိမည်။

'လူတွေကတော့ သေကြ ကျေကြ သခ်ါရ'

သူသည် မင်းဝေတို့နှစ်ယောက်ကိုတွေ့လိုက်၍ ကြည့်လိုက်ပြီး ဆိုလက်စသီချင်းကို ရပ်ပြစ်လိုက်၏။မင်းဝေအား စိုက်ကြည့်လိုက်ပြီး အနီးသို့ကပ်သွားကာ လက်မောင်းရင်းကို ဖမ်းကိုင်လိုက်သည်။

'ဟယ်...အောင်ခက်၊ နင် မသေဘူး၊ ဟုတ်လား၊ နင် မသေဘူးနော်၊ ငါဝမ်းသာလိုက်တာဟယ်....'





ထိုသို့ပြောနေရင်းက....

'သူသတ်ပေမယ့် နင်မသေဘူး ရေကူးတတ်တယ်၊ သူသတ်ပေမယ့် နင်မသေဘူး ရေကူးတတ်တယ်၊ ဗပေ...ပေ့ဗိုန်း.... ဗပေ့ဗိုန်း၊ အောင်ခက်မသေဘူး ရေကူးတတ်တယ်၊အောင်ခက်မသေဘူး.... ရေကူးတတ်တယ်၊ ဟယ်...နင်ကျတော့လဲ.... သခ်ါရပါကလားနော်'

ဟု ဆွဲဆွဲငင်ငင်နှင့် သီချင်းဆိုသလို ဆိုလိုက်ပြီး ကွေးနေအောင်ကလိုက်ပြန်သည်။

'ဝမ်းသာတယ်၊ ဝမ်းသာတယ်၊ နင်မသေတာ ငါဝမ်းသာတယ်၊ ငါကဖြင့် နင်သေတယ်ထင်ပြီး ငိုလိုက်ရတာဟ္ဂယ်။ကြည့်စမ်း...ခုတော့နင်က မသေတဲ့အပြင် အမလေး ဝလို့ လှလို့၊ အေး... အေး.... ကောင်းတယ်၊ နင်မသေကြောင်း ငါလျှောက်ပြောလိုက်အုံးမှ၊ လူတွေက နင်သေပြီလို့ထင်နေကြတာဟဲ့....၊ သွားမယ် သွားမယ် ငါသွားမယ်'

အရူးမကြီးသည် က ခုန်၍ထွက်သွားသည်။

'သူမသေဘူး ရေကူးတတ်တယ်၊ အောင်ခက်မသေဘူး ရေကူးတတ်ဘယ်၊ တူနယ်...တယ်နယ်...ဗျောင်'

သီချင်းလုပ်၍ဆိုသွားသော ထိုအသံသည် အရူးမကြီး၏ နောက်၌ ပြန့်လွင့်၍ကျန်ခဲ့သည်။

မင်းဝေရော တင်ထွေးပါ အံ့ဩ၍ကျန်ရစ်ခဲ့ကြသည်။

သို့သော်လည်း တင်ထွေးသည် ချက်ခြင်းပင်ရယ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'ဖြစ်မှဖြစ်ရပ်လေဗျာ၊ အဲဒီ အရှုံးမ ဖြူလုံးတဲ့ဗျ၊ ငယ်ငယ်ကလေးကတည်းက ရှုံးနေတာတဲ့၊ခင်ဗျားကို ဘယ်ကအောင်ခက်နဲ့ လူမှားသွားသလဲမသိဘူး၊ ဖြစ်မှဖြစ်ရလေ....'

တင်ထွေးသည် ပြောပြောဆိုဆိုပင် ဆက်၍ရယ်နေသည်မှာ တော်တော်နှင့်အတော့မည်သတ်။

မင်းဝေဝဲသည် ပြုံးရုံသာပြုံးနေလိုက်သည်၊ သူ့စိတ်ထဲတွင်မူ တွေးစရာတခုတိုးသွားရပြန်၏။

ဝတ်လုံတော်ရကြီး ဦးငွေးမြင့်သာလျှင်မဟုတ်တော့၊ ယခု အရှုံးမဖြူလုံးကလည်း သူ့ကို အောင်ခက်နှင့်မှားပြန်ပြီ။

အောင်ခက်ဆိုသူ အမှန်မူ သူ့အနေနှင့် ဦးအောင်ခက်ဟု ခေါ်ဝေါ်ရမည့်သူကို မည်သူမည်ဝါဖြစ်ကြောင်း သိအောင် စုံစမ်းရတော့မည်။

အောင်ခက်....ဘယ်တုန်းက ဘယ်မှာ ဘာကြောင့်....ဘယ်လို သေဆုံးခဲ့ပါသနည်း

မင်းဝေငိုင်နေ၏။

အဝေးဆီသို့ငေးနေ၏။

သူ့အတွေးတို့ မကြည်လင်။

ချက်ခြင်းလိုပင် အမှောင်ရိပ်တို့လွှမ်းလာသည်၊နေဝင်ခဲ့ပြီ

ဆောင်းညနေ၏ အအေးဓါတ်မှာလည်း လွှမ်းဝတ်စပြု လာပြီ။

'ကဲ....ကိုမင်းဝေ၊ လာဗျာ ပြန်ကြစို့'

သက်တင်စာပေ



တင်ထွေးက်ခေါ်မှပင် မင်းဇဝေသတိဝင်လာရသည်။ကန်သာယာလမ်းအတိုင်း ဆင်းခဲ့ကြပြီးနောက် တောင်ဖက်သို့လျှောက်ခဲ့ကြသည်။

'ဟို ရှေ့ကအိမ်ဟာ မမခက်တို့အိမ်ဘဲဗျ ဝင်အုံးမလား'

တင်ထွေးပြရာသို့ မင်းဝေလှမ်းကြည့်လိုက်သည်။

ခြံဝင်းကလေးတခုအတွင်း၌ သွတ်မိုးပျဉ်ထောင်အိမ်ကလေးကိုမြင်ရ၏။ ပွင့်နေသောပြတင်းပေါက်မှ မီးရောင်ထွက်နေသည်။ လူရိပ်လူရောင်ကိုမူ မမြင်ရ။

'ကနေ့တော့၊ မဝင်တော့ပါဘူးဗျာ။ နေ့လည်ကမှရောက်ကြတယ်၊ ခုညနေစောင်းမှာ အလည်သွားတယ်ဆိုတော့လဲ ကောင်းသေးပါဘူး၊ ပြီးတော့ မှောင်လဲမှောင်နေပြီ'

တင်ထွေးက ဘာမျှမပြောဘဲ ရယ်၍သာနေလိုက်သည်။

●

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

(၉)

ရှမ်းပြည်မှ သနပ်ဖက်နှင့် လဘက်ကုန်သည်များ၊ ကုန်များနှင့်အတူ ရောက်လာကြ၍ တင်ထွေး မအားလပ်။

တင်ထွေး မအားလပ်ခြင်းကိုပင် မင်းဝေ ဝမ်းသာမိသေးသည်၊ တင်ထွေးအားနေလျှင် မင်းဝေအား ဟိုဟိုဒီဒီ လိုက်ပို့မည်ဖြစ်၍ သူ့ဟာသူ လွပ်လွပ်လပ်လပ် သွားနိုင်မည်မဟုတ်။

အမှန်မူ မင်းဝေသည် ဒေသန္တရ ဗဟုသုအတွက် လည်ရေးပတ်ရေး လေ့လာရေးထက် ခင်နွယ်ခက်ထံသို့သာ သွားချင်နေသည်။

ဤတောင်တွင်းကြီးမြို့၌ သူစိတ်အဝင်စားဆုံး၊ သူ့အား အညို့ငင်နိုင်ဆုံးမှာ ခင်နွယ်ခက်နှင့် ရတနာပွင့်လှ ကန်တော်ကြီးသာလျှင် ရှိသည်။

ထိုနှစ်ခုသည် သူ့အိပ်မက်များ၏ သဲလွန်စ။

သက်တင်စာပေ



ထိုသဲလွန်စများကို ဆွဲရင်းနှင့် တစုံတခုသော လျှို့ဝှက်သည့် အတိတ် ဇာတ်လမ်းတခုကို တွေ့သိလာရလိမ့်မည် ထင်သည်။

သို့သော်လည်း ဦးအောင်ခက်ဆိုသူနှင့် ခင်နွယ်ခက်တို့ကို တော့ဘယ်လိုမှဆက်စပ်၍ ရနိုင်မည်မထင်။

ဦးအောင်ခက် သေဆုံးခဲ့ပြီးသည်မှာ အနှစ် အစိတ်ကျော် ရှိခဲ့ပြီဆို၍။ထိုစဉ်ကခင်နွယ်ခက်သည် မွေးဖွားကောင်းမှ မွေးဖွား မွေးဖွားပေဦးမည်။

ထို့ကြောင့် ဦးအောင်ခက်နှင့် ခင်နွယ်ခက်သည် သူတို့နာမည်များတွင် 'ခက်' ဟုပါကြသည်မှလွဲ၍ တယောက်နှင့်တယောက်မှာ မည်သို့မှပတ်သက်ကြလိမ့်မည်ဟု မထင်။

အံ့သြစရာ အကောင်းဆုံးမှာမူ ပါးပြင်ပေါ်၌ မှဲ့နက်ကလေး မပါသည်မှလွဲ၍ 'ခင်နွယ်ခက်' ဟူ၍သာ ပြောရမည့် အလှရှင်ကို အိပ်မက်ထဲ၌ မကြာခဏတွေ့နေရခြင်းပင်။

အံ့သြ တိုက်ဆိုင်မှုကလေးလည်း ရှိသေးသည်။

အိပ်မက်ထဲ၌ မိမိက အလှရှင်အား 'နွယ်' ဟုခေါ်ခဲ့သည်၊ အပြင်တွင် ယခုလည်း မိမိက 'နွယ်' ဟုခေါ်နေရပြီ။

အိပ်မက်ထဲမှ ဇာတ်လမ်း အဆုံးသတ်ကတော့ မလှပ။

'နွယ်' သည် ရက်စက်ကြမ်းကြုပ်သော မုဆိုးတပိုင်း မိန်းမငှင်းကြီး။

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ ခင်နွယ်ခက်သည် အိပ်မက်ထဲက 'နွယ်' ကဲ့သို့ ငြိုသည့်နည်းနှင့်မျှ ရက်စက်တတ်သူ မိန်းမစားမျိုးဖြစ်လိမ့်မည်ဟုထင်၏။

အိပ်မက်ထဲ၌ ရက်ရက်စက်စက် ပြုခဲ့သူ 'နွယ်' အား မိမိသည် အိပ်မက်ထဲ၌ ပင်မုန်းတီးနာကျည်းသော စိတ်မျိုး မဖြစ်ပေါ်ခဲ့မိ။

အိပ်မက်၏ အပြင်ဖက် ယခု တကယ့်ဘဝတွင်တော့ 'ခင်နွယ်ခက်' အား မုန်တီးရန်မှာမူ ဝေးလွန်းလှသည်။

မိမိ၏ နှစ်လုံးသား၌ တခါမှ မဖြစ်ခဲ့ဘူးသေးသည့် အချစ်သစ်နှင့်ပင် ချစ်မိလျက်ရှိရပြီ ထင်ပါ၏။

ချစ်မိသူ၌ မိမိကို ဆွဲငင်သော မေတ္တာသံလိုက်ဓါတ် ရှိသည်။

ခုလည်း မင်းဝေ၏ ခြေထောက်တို့သည် ခင်နွယ်ခက်၏ အိမ်ဆီသို့ ဦးတည်လျက် ရှိနေ၏။

အစိုးရ အထက်တန်းကျောင်းနှင့် ဘောလုံးကွင်းကို လွန်ခဲ့တော့ မင်းဝေသည် သူ့ရှေ့ဆီမှ စက်ဘီးစီးလာသူ လူကြီးတဦးနှင့် ရင်ဆိုင် တွေ့လိုက်ရသည်။

ထိုလူကြီးသည် မင်းဝေကို မြင်လျှင်မြင်ခြင်းမှာပင် စိုက်ကြည့်နေသည်၊ သူ့မျက်နှာပေါ်၌လည်း အံ့ဩရိပ်မှာ သိသိသာသာကြီး ပေါ်လွင်နေ၏။

သူ့အား စိုက်ကြည့်နေရင်းကပင် အနီးသို့ရောက်လျှင်ရောက်ခြင်း စက်ဘီးကို ဘရိပ်အုပ်ရပ်ကာ ဆင်းလိုက်သည်။

သက်တင်စာပေ

'မောင်ရှင် ဒီမြို့က မဟုတ်ပါဘူး၊ ဘယ်ကလာတာလဲကွဲ့၊ ဘယ်သူ့အိမ်မှာတည်းသလဲ'

သူမေးလိုက်သည့် မေးခွန်းတို့က ဆက်တိုက်။

မင်းဝေ ရုတ်တရက် 'ကြောင်' သွားရသော်လည်း အံ့တော့ဖြင့် သိပ်မအံ့ဩမိတော့။

ဦးငွေးမြင့်၏ စကားအရ ဤမြို့ပေါ်ဝယ် ဦးအောင်ခက်၏ သူငယ်ချင်း အချို့ ရှိကြသေးသည်၊ ထိုသူများထဲမှ ဤလူကြီးသည်တဦး ဖြစ်မည်။

ထိုလူကြီးမှာ အသက်ငါးဆယ်ကျော်တော့ ရှိမည် အသားလတ်လတ် နှာတံပေါ်ပေါ်နှင့် သဘောကောင်းမည့် မျက်နှာသားမျိုး၊ ဥပဓိရုပ်ကလည်း ကောင်းသည်။

သူသည် ထိုလူကြီးအား ငေးကြည့်နေဆဲ....။

'ဦးကို စပ်စုတယ်လို့တော့ မထင်နဲ့ကွယ်၊ မောင်ရှင်ကို မြင်မြင်ခြင်း ဦးစိတ်ဝင်စားမိလို့ပါ။'

ဟုပင် ထိုလူကြီးက ဆက်ပြောလိုက်၏။

မင်းဝေက လိုလားသော အပြုံးနှင့် ပြန်ပြုံးပြလိုက်ပြီးမှ....

'ဟုတ်ကဲ့ဦး ကိစ္စမရှိပါဘူး ကျွန်တော့ကို ဦးအောင်ခက်နဲ့တူလို့ စိတ်ဝင်စားတာလား ခင်ဗျာ။'

ထိုလူကြီးကလည်း ရုတ်တရက် အံ့ဩသွားရသော ဟန်နှင့်ငြိမ်းလိုက်သည်။

အင်း....အင်း....ဟုတ်တယ်ဗျို့ မောင်ရှင်ကကော အောင်ခက်ကို သိလို့လား'

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



- ‘ဦးအောင်ကေ်ကို ကျွန်တော် မသိပါဘူးခင်ဗျာ၊ ရန်ကုန်မှာတုန်းကလဲ ဦးဌေးမြင့်က ကျွန်တော့ကို သူ့သူငယ်ချင်း ဦးအောင်ခက်နဲ့ တူတယ်လို့ပြောဘူးလို့ပါ’

ဩ...ဩ မောင်ရင်က ဌေးမြင့်နဲ့ တွေ့ဘူးပြီမှကိုး ဌေးမြင့်နဲ့ ဦးကတော့ သူငယ်ချင်းဆိုလဲဟုတ် ညီအကိုဆိုလဲ့ ဟုတ်ပါတယ်၊ ငယ်ငယ်ကတုန်းဘော့အောင်ခက်တို့နဲ့ တဖွဲ့တည်းပေါ့၊ဦးနာမည်ကတော့ လှမြိုင်လို့ ခေါ်တယ်’

‘ဟုတ်ပြီ ဦးဌေးမြင့်ကလဲ ဦးနာမည်ကို ပြောဘူးပါတယ်’ ဦးရဲ့နာမည်တင် မကပါဘူး ဦးမောင်မောင်လေးတို့ ဦးသောင်းတို့ နာမည်လဲပါတယ်’

‘ဟုတ်တယ် သူတို့နဲ့ကော မောင် တွေ့ပြီးပြီလား’

‘မတွေ့ရသေးပါဘူးခင်ဗျာ’

‘သူတို့လဲ မောင့်ကိုမြင်ရင် အံ့ဩကြမှာဘဲ၊ ကဲ....ပြောပါအုံး မောင်ရင့်အကြောင်း’

‘ကျွန်တော့နာမည်က မင်းဝေပါ ရန်ကုန်မှာနေပါတယ်၊ အလုပ်ကတော့ ဝိဇ္ဇာပွဲ တက္ကသိုလ်မှာ နည်းပြဆရာပါ၊ဒီကိုကျွန်တော် ခဏ အလည်လာတာပါ၊ ကိုတင်ထွေးတို့အိမ်မှာတည်းပါတယ်၊သူနဲ့ကျွန်တော်က သူငယ်ချင်းတွေပါ’

‘ပွဲရုံထောင်ထားတဲ့ မောင်တင်ထွေးလား’

‘ဟုတ်ပါတယ်ဦး’

သက်တင်စာပေ



‘မောင်တင်ထွေးလဲ ဦးရဲ့တပည့်တဦးပါဘဲ၊ ဦးက အထက်တန်းကျောင်းက ကျောင်းဆရာကွဲ’

‘ဟုတ်ကဲ့ခင်ဗျာ၊ ဒီလိုသိရတာ ဝမ်းသာပါတယ်’

‘အင်း....မောင်တင်ထွေးကိုခေါ်ပြီး၊ တနေ့လောက် ဦးဆီကို လာခဲ့ကြအုံးကွယ်။ ကဲ....ဦးသွားအုံးမယ်၊ ကျောင်းတက်ချိန်နီးနေပြီ’

‘ဟုတ်ကဲ့ ခင်ဗျ’

ဆရာဦးလှမြိုင်သည် စက်ဘီးပေါ်သို့တက်ပြီး ဆက်လက်ထွက်ခွာသွားသည်။မင်းဝေလည်းအရှေ့ဘက်သို့ဆက်၍လျှောက်သွား၏။

ခင်နှယ်ခက်တို့ အိမ်ရှေ့ရောက်ခဲ့၏။

ခြံဝင်းတံခါးလေးမှာ ပွင့်နေ၏။

အိမ်တံခါးနှင့် ပြတင်းပေါက်တို့ ပွင့်နေသော်လည်း လူရိပ်လူယောင်ကိုမူ မမြင်ရ၊ ခြံအတွင်းသို့ ဝင်ခဲ့သည်။

အိမ်အောက်မှ ခွေးတကောင်ထွက်လာပြီး သူ့ကိုကြည့်ကာ ဆိုးဟောင်လိုက်၏။ မင်းဝေ ရပ်နေလိုက်၏။

တံခါးဝ၌ ခင်နှယ်ခက်ပေါ်လာသည်။

‘ဟော....ကိုမင်းဝေပါလား၊ လာ....လာ....တယောက်ထဲကို မောင်တင်ထွေးကော မပါဘူးလား’

‘မပါဘူးနှယ်၊ သူ့ပွဲရုံမှာ ကုန်တွေရောက်နေလို့ သူမအားဘူး’

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ညှော်ခန်းတွင်း၌ ထိုင်လိုက်ကြသည်။

ညှော်ခန်းကလေးမှာ များစွာမကျယ်ဝန်းလှသော်လည်း သပ်သပ် ယပ်ယပ်တော့ရှိသည်။ စားပွဲကုလားထိုင်တို့မှာ ပုံရိုးသော်လည်း ဆေးရောင် ပြောင်ပြောင်လက်လက်ရှိသည်။

အခန်းနံရံဝယ် ပြက္ခဒိန်နှင့် ပန်းချီကားများဖြင့် လှလှပပ ဆင်ယင်ထားသော်လည်း ဓါတ်ပုံအနေနှင့်မူ ဘွဲ့ယူဝတ်စုံနှင့် ရိုက်ထားသော ခင်နွယ်ခက်၏ ပုံ တပုံသာလျှင်ရှိသည်။ တအိမ် လုံးမှာ တိတ်ဆိတ်နေ၏။

'နွယ်တို့ မေမေ့ကော'

'ရှိပါတယ် ခေါင်းကိုက်လို့တဲ့ ဆေးသောက်ပြီး ခဏလှဲနေ တယ်'

'မင်းဝေသည် ဘာမှမပြောဘဲ ခင်နွယ်ခက်၏မျက်နှာလေး ကိုသာငေးကြည့်နေဆဲ....။

'ဘယ်တွေရောက်ပြီးပြီလဲ ကိုမင်းဝေ'

'မနေ့ညနေကတော့ ကိုတင်ထွေးခေါ်သွားလို့ကန်တော်ကြီး ကို ရောက်ပြီးပါပြီ'

'ဘယ့်နှယ်လဲ ခက်တို့မြို့က ကန်တော်ကြီးက လှရဲ့လား'

'အို....လှတာမှ သိတ်လှတာဘဲ၊ ရန်ကုန်မြို့က ကန်တော် ကြီး ထက်တောင်မှ လှသေးတယ်'

'ဟင်း....ဒါတော့ သူ ပိုပြီ'

သက်တင်စာပေ



ခင်နွယ်ခက်သည် မျက်စောင်းလှလှလေးနှင့်ထိုးရင်း ဆိုလိုက် သည်၊ မိမိအသံနှင့် အမူအရာသည် ကန္တကယများ နိုင်လွန်းသွား လေသလားဟု ရုတ်ချည်းပင် ခင်နွယ်ခက်တွေးလိုက်မိကာ မရွှံ့ မရဲလေး ဖြစ်သွားရပြန်သည်။

ဤမျှ အချိန်တိုကာလလေးအတွင်း မင်းဝေ၏အပေါ်၌ သူ ဤမျှ ရင်းရင်းနှီးနှီးနှင့် လိုလိုလားလား ဆက်ဆံနေမိသည့် အတွက်လည်း ခင်နွယ်ခက်သည် သူ့ကိုယ်ကိုသူ အံ့ဩလိုက်မိ၏။

မင်းဝေ၏အပေါ်၌ သူတွေ့စကတည်းကပင် ခင်မိုင်ခဲ့မိသည် မှာတော့ အမှန်။

မနေ့က ညအိပ်ရာဝင်တော့ မင်းဝေကို သတိရမိရသေး သည်။ မျက်လုံးများကိုမှိတ်ကာ အိပ်ပြန်တော့လည်း အိပ်မပျော် မီတွင် မင်းဝေ၏မျက်နှာကို မြင်နေမိရသေးသည်။ ပြီးတော့ လည်း ဘာ့ကြောင့်မှန်းမသိ၊ မင်းဝေ၏အကြောင်းကိုတွေးရင်း နှင့် သူ့ရင်တို့ ခုန်ခဲ့ရသေးသည်။

'ခက်တို့အိမ် နောက်ဖေးဘက်ကိုထွက်လိုက်ရင် ကန့်ဘောင် ရိုးပေါ်ကိုရောက်တယ် ကိုမင်းဝေ'

'နွယ် အားရင် ခဏလောက်သွားကြရအောင်လေ'

အပြင်တွင် ရာသီဥတုကလည်း သာယာနေ၏။

ဆောင်း နေခြည်မှာပြေပြေဖျော့ဖျော့ရှိသည်။ နေကလည်း မြင့်လှသေး....။

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'ကိုမင်းဝေသွားချင်ရင် ခက်လိုက်ပို့ပါမယ်။ သွားကြတာပေါ့'

ခင်နွယ်ခက်သည် ခေတ္တမျှ အိပ်ခန်းထဲသို့ဝင်ကာ သူ့မိခင်အား ကြည့်ရှု၍ ခွင့်ပန်ပြီးနောက် မင်းဝေနှင့်အတူ ထွက်ခဲ့ကြ၏။

အိမ်နောက်ဖက် ခြံတံခါးမှထွက်လိုက်လျှင်ပင် ဘုန်းကြီးကျောင်းဝင်းတခုထဲသို့ ရောက်ကြသည်။

ဘိန်ပ်ကိုယ်စီကိုင်ကာ အုပ်အုပ်ဆိုင်းဆိုင်းရှိလှသောမန်ကျည်းပင်ကြီးများ၏အောက်မှ ဖြတ်သွားကြရသည်။ ထို့နောက် ကန်တောင်ရိုးပေါ်သို့ ရောက်ကြ၏။

ဤနေရာမှမြင်ရသော ကန်ရှုခင်းကလည်း တမျိုးပင်။ သို့သော် လည်း မဂ္ဂဇင်း ဓါတ်ပုံ၌မြင်ရသော ကန်သာယာရှုခင်းမှာ ဤနေရာမှ မြင်ကွင်းပင်....။

တဖက်တွင် ညောင်ပင်ကြီး။

ကန်ရေပြင်ကျယ်၏တဖက်တွင် အေးစေတီနှင့် ဟို အဝေးဆီတွင် ပင်စည် ဘုရား။

'ကျွန်တော်တို့ အေးစေတီဘုရားဆီကို သွားကြရအောင်လား နွယ်'

'သွားချင်ရင်လဲ သွားကြတာပေါ့။ လှေနဲ့သွားကြမလား ဟင်'

သက်တင်စာပေ



ခင်နွယ်ခက်သည် သူတို့ရှေ့ကန်ရေစပ်မှ ဆိုပ်ခံတံတားကဘေးတွင် ကြိုးနှင့်ချည်ထားသော လှေကလေးကို မေးငေါ့၍ ပြရင်း မေးလိုက်သည်။

မင်းဝေသည် သူ့ပုခုန်းကိုတွန့်လိုက်ရင်းက။

'လှေတော့မစီးချင်ဘူး၊ ကျွန်တော်ရေမကူးတတ်ဘူး'

ခင်နွယ်ခက်က အသံလွင်လွင်ကလေးနှင့် ရယ်လိုက်၏။

'ခက် ငယ်ငယ်ကလေးထဲက ဒီလှေကို လှော်လာတာပါ၊ မမှောက်နိုင်ပါဘူး'

'ထားပါလေ၊ ဒါပေမဲ့ ခုလိုအချိန်လေးမှာ လမ်းလျှောက်တာ ပိုပြီးကောင်းပါတယ်။ ကျွန်တော်တို့ စကားတပြောပြောနဲ့ဘဲ လမ်းလျှောက်သွားကြတာပေါ့'

အမှန်မူ ဤလိုရာသီ၊ ဤလိုအချိန်မျိုး၌ လှေစီးရလျှင်လည်း ...နှးဘယ်ကောင်းမည်ဟူ၍တော့ မင်းဝေသိသည်။ သို့သော် ... အိပ်မှက်အစွဲကလေးကရှိနေ၍ ဤရေပြင်၊ ဤကန်ထဲ၌ ...တော့ဖြင့် သိတ်မစီးလိုက်ချင်။

ခင်နွယ်ခက်သည် ဘာမှမပြောတော့၊ မင်းဝေနှင့် ဘေးချင်း ...သာ ကန်ဘောင်ရိုးအတိုင်း လမ်းလျှောက်ရင်း လိုက်လာ...။

...နွယ် ရန်ကုန်ကို ဘယ်တော့ပြန်မှာလဲဟင်'

...ခက် ခွင့်ခယ်ရက်ယူခဲ့တယ်လေ၊ ခွင့်မစေ့ခင်တရက်မှာ ...ပေါ့'

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'ဟာ....ကျွန်တော်လဲခွင့်ဆယ်ရက်ဘဲ၊ ဒီလိုဆိုရင် ကျွန်တော်တို့ အပြန်ကျတော့လဲ အတူတူပေါ့'

'ဒီလိုဆိုလဲ ကောင်းတာပေါ့ ကိုမင်းဝေ၊ အပြန်မှာလဲ ခက်တို့ ကားပေါ်မှာ မပျင်းကြရတော့ဘူးပေါ့'

'နွယ်ကလဲ....ခက်....ခက်...လို့မပြောစမ်းပါနဲ့ဗျာ၊ ကျွန်တော့်ကို ပြောရင်တော့ နွယ်လို့ပြောစမ်းပါ'

'ခက်ဆိုတာ....ခက်ကိုခက် ဒီလိုဘဲခေါ်ပြီး ပြောနေကြတာ'

'သူများတွေကျမှ ခက်လို့ပြော၊ ကျွန်တော်နဲ့ ပြောရင်တော့ နွယ်လို့ဘဲပြောပါနွယ်ရယ်'

ခင်နွယ်ခက်သည် ဘာမျှမပြောဘဲ ပြုံး၍သာလျှင် နေလိုက်သည်။

ဤသည်ကို မင်းဝေဘဝင်မကျ၊ မကျေနပ်။

'ဘယ်လိုလဲနွယ်၊ ပြောပါအုံး'

မင်းဝေသည် ကလေးဆိုးကြီးဟန်နှင့်ထပ်၍ မေးလိုက်သည်။ ခင်နွယ်ခက်သည် မင်းဝေအား မျက်စောင်းထိုး၍ ကြည့်လိုက်ကာ....

'ကောင်းပါပြီတဲ့ရှင်....ကောင်းပါပြီတဲ့။ ကိုယ်တော်ခေါ်ကြိုက်တဲ့အတိုင်း ပြောပါမယ်တဲ့ရှင်၊ ကဲ ကျေနပ်ပြီလား'

ဟု စိတ်တိုဟန်ကလေးနှင့် ပြောလိုက်၏။

မင်းဝေပြုံးပြုံးကြီး ဖြစ်သွား၏။

သက်တင်စာပေ



ကျေနပ်ဟန်နှင့်လည်း ခင်နွယ်ခက်၏ မျက်လုံးကလေးများကို စိုက်ကြည့်နေလိုက်၏။ မျက်လုံးခြင်း ဆုံနေ၏။

နှလုံးသား၏ တံခါးဝဖြစ်သော မျက်လုံးတို့၌ ရင်တွင်းမှ ခံစားမှုတို့ အရောင်ဟပ်တတ်သည်။

မင်းဝေ၏ မျက်လုံးတို့သည် ခင်နွယ်ခက်၏ နှလုံးသားကို ရုတ်တရက်ပင် လှုပ်ခါလိုက်နိုင်စွမ်းရှိသည်။ ရင်ထဲ၌ သိမ့်ကနဲ၊ အေးကနဲ၊ ခံစားလိုက်ရသော ခင်နွယ်ခက်သည် မျက်လွှာကို ချလိုက်ရ၏။

မင်းဝေ၏ မျက်လုံးများထဲ၌ မည်သည့် အရိပ်အရောင်တို့ ပါရှိနေသည်ကိုလည်း ခင်နွယ်ခက်သည် မြင်ပါ၏။

ချစ်ခြင်းမေတ္တာဆိုသည်၌ အကောင်အထည်မရှိ၊ ဖြုပ်မရှိ။ ချော်မရှိ။ သို့သော်လည်း အရိပ်အယောင်တော့ဖြင့်ရှိသည်။

ထိုအရိပ်အရောင်တို့ကို ခင်နွယ်ခက်မြင်ပါ၏။

မင်းဝေ၏ မျက်လုံးများထဲ၌ မြင်ပါ၏။

ရင်ခုန်စိတ်ကို မြှုသိပ်ရင်း တိတ်ဆိတ်စွာပင် ခင်နွယ်ခက် ငြိမ်နေသည်။ မင်းဝေသာ စကားကို အလျှင်မပြတ် ပြောရင်း ခင်နွယ်ခက်၏ဘေး၌ ကပ်လျက် လျှောက်နေ၏။

တံတားကိုဖြတ်ကာ လျှောက်ခဲ့ကြပြီး အေးစေတီ ဘုရားရှိ ဇရပ်ပေါ်မှဖြတ်ကာ စေတီပရဝုဏ် အတွင်းသို့ ဝင်ခဲ့ကြသည်။

နှစ်ယောက်သား ဘေးခြင်းယှဉ်လျက်ပင် ဝပ်ကျိုးမာန်လျှော့၍ ဘုရားကန်တော့ကြသည်။

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'နွယ်....ဘာဆုတောင်းသလဲဟင်'

'ကြံစည်ဘိုးပမ်းအားထုတ်သမျှတို့သည်ချောချောမောမော အောင်မြင် ပြီးမြောက်ရစေဘုရားလို့ပေါ့'

'နွယ်တောင်းတဲ့ဆုက တော်တော် သိပ္ပံနည်းကျသားဘဲ'

ခင်နွယ်ခက် ရယ်လိုက်၏။

'ကိုမင်းဝေကကော'

'ကျွန်တော်ကတော့ ချစ်ခြင်းမေတ္တာနဲ့ ပလ်သက်လာရင် ဘယ်တော့မှ စိတ်မဆင်းရဲပါစေနဲ့ ဘုရားလို့'

'ဟင်း....သူ့ချစ်ကိုစွနဲ့ ပတ်သက်ပြီး ဘုရားကိုတောင်မှသွား ပြီး အပူကပ်တယ်၊ မရှက်ဘူးလား'

'ကြိုက်မရှက်၊ ငိုက်မရှက်၊ ငတ်မရှက်တဲ့၊ မကြားဘူးဘူး လား'

'ဒါက...စကားတတ်တဲ့လူတွေက ကိုယ့်ကိုယ်ကို ကာကွယ် ပြီး ပြောတဲ့စကားပါလေ၊ လူ့ယိက္ခာဟာ ရှက်စရာထက်ပိုပြီး တော့ တန်ဘိုးရှိပါတယ်'

'နွယ်ဟာလေ သိပ်စကားတတ်တာဘဲ'

'စကားတက်တာ မဟုတ်ပါဘူးလေ နွယ်ပြောတာ မှားလို့ လား'

မင်ဝေ သူ့လက်နှစ်ဖက်ကို မြှောက်ပြလိုက်၏။

'ကျွန်တော်အရှုံးပေးပါတယ်နွေယ်'

သက်တင်စာမေ



ခင်နွယ်ခက်သဘောကျစွာ ရယ်လိုက်၏။ ဘာမှ ဆက်မပြော တော့။

မင်းဝေ ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။ ဆယ့်နှစ်ရာသီ ပန်းများဝယ် ရွှေရောင်လွှင်နေသော အပွင့်တို့ဝေနေ၏။

မြေပြင်ပေါ်၌လည်း ပန်းတို့ကြဲနေ၏။

ဆယ့်နှစ်ရာသီ ပန်းများ၏ တဖက်တွင်မန်ကျည်းပင်ကြီးတပင် အကိုင်းအခက် အရွက်တို့ ဝေစီအုပ်ဆိုင်းနေသည်။

ရုတ်ဘရက် မင်းဝေသတိရသည်။ သူ့မက်လေ့မက်ထရှိသော အိပ်မက်တခု။

သူ့အိပ်မက်မှမန်ကျည်းပင်ကြီးသည် ဤမန်ကျည်းပင်ကြီးပင် ဖြစ်မည်။ မန်ကျည်းပင်ကြီး၏ပင်စည်ဝယ်သူတို့နာမည်များထွင်း ထားသည်။ ထူးဆန်းသော ထိုအိပ်မက်၏ အတိမ် အနက်ကို သူသခု စူးစမ်းခွင့်ကြုံတော့မည်။

အိပ်မက်ထဲမှ သစ်ပင်ပင်စည်ဝယ် သူတို့ထွင်းခဲ့သော အမည် များသည် အပြင်လောကရှိ ဤသစ်ပင်ကြီး၌ အဟုတ်ဘကယ် ရှိနေပါလေသလား၊

'လာနွယ်....ကျွန်တော်တို့ ဟိုမန်ကျည်းပင်ကြီးဆီ သွား ကြရ အောင်'

'ဘာလုပ်မလို့လဲ'

မင်းဝေခေတ္တမျှ ငြိမ်သွားရ၏။

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူ့ရည်ရွယ်ချက်ကို ခင်နွယ်ခက်အား ပြောသင့်–မပြောသင့် စဉ်းစားနေလိုက်ပြီးမှ....

'အသေးစိတ် အကျိုး အကြောင်းကိုတော့ ကျွန်တော် ပြီးတော့မှ ပြောပြမယ်။ အခုတော့အဲဒီမန်ကျည်းပင်ကြီးဆီ သွားကြည့်ကြရအောင်။ ဒီသစ်ပင်စည်မှာ ကျွန်တော်တို့ နာမည်တွေများ ရှိမလားလို့ပါ'

ခင်နွယ်ခက်၏ မျက်လုံးကလေးများ အံ့သြဟန်နှင့် ဝိုင်းသွား၏။ အဓိပ္ပါယ် မပေါက်ဟန်နှင့်လည်း မင်းဝေ၏ မျက်နှာကို လှမ်းကြည့်နေ၏။

'သစ်ပင် ပင်စည်မှာ နာမည်နှစ်လုံး ထွင်းထားတာများ ရှိနေမလားလို့ပါ။ လာပါလေ၊ ပြီးတော့ ကျွန်တော် နွယ့်ကို ရှင်းပြပါမယ်'

မင်းဝေ၏စကားသံနှင့် အမူအထူမှာ တည်ငြိမ်လေးနက်နေသဖြင့် ခင်နွယ်ခက်သည် ဘာမျှဆက်မပြောတော့ဘဲ မင်းဝေနှင့်အတူ မန်ကျည်းပင်ကြီးဆီသို့ လိုက်ခဲ့သည်။

မန်ကျည်းပင်ကြီးအောက်သို့ ရောက်ခဲ့ကြ၏။ မင်းဝေသည် သစ်ပင်ရင်းသို့ ကပ်သွားပြီး ပင်စည်ကို လှည့်ပတ်၍ စေ့စေ့စပ်စပ်ကြည့်နေ၏။

တစုံတခုကို ရှာဖွေနေသည့်ဟန်မျိုး။

ခင်နွယ်ခက်မူ မင်းဝေလုပ်သမျှကိုသာ ငေးကြည့်နေ၏။ သူ့မျက်နှာပေါ်မှ အံ့သြရိပ်မှာမူ ခုထိမပျောက်သေး။

သစ်ပင်တပတ် လည်သွားသည်အထိ မင်းဝေ၏ အမူအရာမှာ မည်သို့မှမထူးခြား။

သက်တင်စာပေ



ထူးထူးခြားခြား မင်းဝေဘာမှမတွေ့။

စိတ်ပျက်သွားဟန်နှင့် သူ ခေတ္တရပ်ကာ ငိုင်နေသည်။

ဤသစ်ပင်ရင်းသို့ ယခုရောက်တော့ မင်းဝေ၏ ရင်ထဲဝယ် အိပ်မက်ထဲ၌ သူခံစားခဲ့ရသော ခံစားချက် အငွေ့အသက်များ ပေါက်ဖွားလာကြသည်ကိုလည်း သူတွေ့လိုက်ရသည်။

အိပ်မက်ထဲ၌ သူတို့အမည်များကို စာလုံး ထွင်းခဲ့ကြသော သစ်ပင်သည် ဤသစ်ပင်ကြီးပင် ဖြစ်သည်ဟူ၍ သူ့စိတ်က အလိုလို သိနေသလို ခံစားနေရ၏။

သို့စဥ်လျက် တကယ်ရှာကြည့်တော့လည်း အဘယ်ကြောင့် 'နွယ်–အောင်' ဟူသော စာလုံးကလေး နှစ်လုံးကို မတွေ့ပါလိမ့်။

မင်းဝေသည် သက်ပြင်းတချက် ချလိုက်၏။

ခင်နွယ်ခက်အား လှမ်းကြည့်လိုက်မိသောအခါ သူ့အား ငေးစစနှင့်ကြည့်နေသော ခင်နွယ်ခက်၏ မျက်လုံးများကို မြင်လိုက်ရသည်။

သူ့ရင်ထဲဝယ် မသက်မသာ ခံစားလိုက်ရ၏။

ခင်နွယ်ခက်သည် မိမိအား 'လူကြောင်' တဦး ဟူ၍ ထင်ကောင်းထင်တော့မည်။

သို့သော်လည်း ချက်ခြင်းလိုပင် သူ့ခေါင်းထဲသို့ အတွေး တချက် လက်ကနဲဝင်လာ၏။

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ထဲတွင် နံ့မည်ထွင်းစဉ်က သူတို့ နှစ်ဦးသည် ဆယ်ကျော်စွန်းစ ကြီးကောင်ဝင်စအရွယ် ငယ်ကြသေးသည်နှင့် အမျှ အရပ်အမောင်းကလည်း ခုလောက် မမြင့်မားသေး။

ထိုအတွေး၊ ထိုမျှော်လင့်ချက်နှင့် မင်းဝေ ဖျတ်လတ်သွားရ ပြန်သည်။

မင်းဝေဒူးကိုညွတ် ခါးကိုကုန်းကာ သစ်ပင် ပင်စည် ခတ်နိမ့်နိမ့်ပိုင်းဆီသို့ ငုံ့၍ကြည့်လိုက်ပြန်သည်။ ထိုပုံစံအတိုင်း သစ်ပင်ကို ပတ်ကြည့်လိုက်၏။

ဟော….တွေ့ပြီ။

တနေရာတွင်တော့တွေ့ပြီ၊ အခေါက်တို့မရှိ။ ပင်စည်ကဟိုက် နေ၏။ ထိုနေရာတွင် ခတ်ရေးရေးမျှသာ ထင်သော်လည်း ထင်ထင်ရှားရှား ဖတ်၍ရသေးသော စာလုံးနှစ်လုံး။

မင်းဝေသည် သူ့မျက်လုံးများကိုပင် သူမယုံ။

သူ့ရင်မှာလည်း တဒိတ်ဒိတ်ခုန်နေ၏။

'နွယ်….အောင်'

ဟူသော စာလုံးကလေး နှစ်လုံးသည် သူ့မျက်လုံးများကို အတန်ကြာ ဖမ်းစားထားသည်။ အံ့သြခြင်းမှာလည်း သူ့ရင်နှင့် အပြည့်။

ခင်နွယ်ခက်ထံသို့ လှမ်းကြည့်လိုက်ပြီး ခေါင်းညိတ်ကာ ခေါ်လိုက်သည်။





'လာ….လာ….နွယ်၊ ဒီမှာလာကြည့်စမ်း'

ခင်နွယ်ခက်လည်း သူ့အမူအရာ၏ ထူးခြားချက်ကိုမြင်ကာ ခတ်သွက်သွက်ပင် သူ့အနီးသို့ ရောက်လာသည်။

'ဟော့ဒီမှာကြည့်….နွယ်'

ပြရမည့်နေရာကို ညွှန်ပြရင်း မင်းဝေသည် နေရာဖယ် ပေး၏။

ခင်နွယ်ခက် ကြည့်လိုက်၏။

'နွယ်….အောင်'

ထွင်းထားသည့် စာလုံးကလေးနှစ်လုံး။

ခင်နွယ်ခက် သူ့ကိုပြန်ကြည့်သည်။

ခတ်အေးအေးပင် မေးလိုက်သည်။

'ဒါ….ဘာဖြစ်သလဲ ကိုမင်းဝေ'

စိတ်လှုပ်ရှားလွန်းနေဟန် ရှိနေသော မင်းဝေ၏မျက်နှာထား ကို မြင်လိုက်ရ၍လည်း ခင်နွယ်ခက် အံ့သြနေရပြန်၏။

'ဒီစာလုံးလေးတွေကို ဘယ်သူထွင်းတာလဲ သိလား၊ နွယ် သိလား'

ခင်နွယ်ခက်၏ မျက်နှာက ခတ်ပြုံးပြုံးလေး ဖြစ်လာ၏။ ထို့နောက် သူ့ခေါင်းကို ခတ်ဖြေးဖြေး ခါလိုက်၏။

'ဟင့်အင်း….မသိဘူး ကိုမင်းဝေ'

'အဲဒါ….ကျွန်တော်နဲ့နွယ်တို့ ထွင်းခဲ့ကြတာ'

'အလိုလေး….ဘုရား….ဘုရား၊ ကိုမင်းဝေ နေကောင်းတယ် နော်….'



www.burmeseclassic.com

www.burmeseclassic.com



ခင်နွယ်ခက်သည် ခတ်ဟားဟား ကလေး ရယ်လိုက်၏၊ ဟာသတခုကို ကြားလိုက်ရသည့်ပုံမျိုးဖြစ်၏။

သို့သော်လည်း မင်းဝေမှ မရယ် ပြုံးပင်မပြုံး။

ပကတိ တည်ငြိမ် လေးနက်သည့် ဟန်နှင့် ခင်နွယ်ခက်ကို ကြည့်နေ၏။

'ကျွန်တော် တကယ်ပြောတာနွယ်၊ ကျွန်တော် ထပ်ပြောမယ်၊ ဟောဒီစာလုံးကလေး နှစ်လုံးဟာ နွယ်နဲ့ ကျွန်တော်တို့ ထွင်းခဲ့ကြတာ'

မင်းဝေ၏ မျက်နှာက တည်ငြိမ်နေသော်လည်း ခင်နွယ်ခက်သည် ပြုံးချင်ရယ်ချင်စိတ်ကို ဖိနှိပ်၍မရ။

ခင်နွယ်ခက် ပြုံးရာမှရယ်သည်။ ရယ်ရာမှ ပြန်ပြုံးသည်။

မျက်နှာပိုးသတ်၍မရ။

'ဘယ်တုန်းက ထွင်းကြတာလဲ'

ရယ်သံနှင့်ပင် ခင်နွယ်ခက် ပြန်မေးသည်။

'အိပ်မက်ထဲမှာ'

'ရှင်....အိပ်မက်ထဲမှာ ဟုတ်လား'

မင်းဝေ၏စကားကို ခင်နွယ်ခက်က ပဲ့တင် ထပ်လိုက်ပြီး ရယ်နေလိုက်ပြန်သည်။

'မရယ်နဲ့နွယ်....ကျွန်တော် အလေးအနက် ပြောနေတာ၊ ပြီးတော့ ကျွန်တော်ရူးလို့ မရူးဘူး၊ နွယ်နားထောင် ကျွန်တော် ပြောပြမယ်'

မင်းဝေ၏ မျက်နှာက တည်လွန်းကာ စကားသံက လေးနက်နေသဖြင့် ခင်နွယ်ခက် မျက်နှာပိုး သပ်လိုက်သည်။

သက်တင်စာပေ



သို့တိုင်အောင်ပင် သူ့မျက်နှာမှာ ပြုံးယောင်ယောင်။

'အဲဒီတုန်းက ကျွန်တော်တို့အသက်တွေက ဆယ့်သုံးလေးနှစ်လောက်ဘဲ ရှိအုံးမယ်။ ဒါပေမယ့် နွယ်နဲ့ ကျွန်တော်နဲ့ကလဲ ခုလို အသက်မကွာဘူး၊ ရွယ်တူတွေ'

ခင်နွယ်ခက် ဘာမျှမပြော၊ မင်းဝေ၏မျက်နှာကို စိုက်ကြည့်ရင်းသာ နားထောင်နေ၏။

'တနေ့မှာ နွယ်နဲ့ကျွန်တော်နဲ့ ဒီဘုရားထဲက ထွက်လာကြပြီး ဟောဒီမန်ကျည်းပင်ကြီးအောက်ကို ရောက်လာတယ်။ ကျွန်တော်တို့ဓါးကိုယ်စီထုတ်ပြီး ဒီနေရာမှာကိုယ့်နာမည်ကို ကိုယ်ထွင်းကြတယ်၊ နွယ်က အရင်ထွင်းပြီးမှ ကျွန်တော်က ထွင်းတယ်၊ ဒါကြောင့် 'နွယ်....အောင်' လို့ဖြစ်နေတာ'

'အောင်ဆိုတာ ကိုမင်းဝေ နာမည်မှာမှ မပါဘဲ'

'မဟုတ်ဘူး နွယ်၊ အိပ်မက်ထဲမှာ ကျွန်တော့် နာမည်က အောင်ပါတယ်။ နွယ်က ကျွန်တော့်ကို ခေါ်တော့လဲ အောင်လို့ အသုံးထဲတဲ့ ခေါ်သလို ကျွန်တော်ကလဲ နွယ့်ကို နွယ်လို့ဘဲ အသုံးထဲအဖျားဆွတ် ခေါ်ခဲ့တာဘဲ'

'အိပ်မက်ထဲကနွယ်က တကယ်ဘဲ နွယ်နဲ့တူသလား ကိုမင်းဝေ...'

'အို....တူတာမှ တဆေးရေထဲဘဲ။ နွယ်မှနွယ်ဘဲ၊ ဒါကြောင့်လဲ နွယ့်ကို ဟို ရန်ကုန်ကားဂိတ်မှာ ပထမဆုံးစပြီး မြင်လိုက်ရတုန်းက နွယ့်ကို မြင်မြင်ခြင်း ကျွန်တော် စိတ်ဝင်စား မိရခဲ့တယ်ဆိုတာလဲ အိပ်မက်ထဲက နွယ်နဲ့တူလွန်းနေလို့ဘဲ နွယ်'

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မင်းဝေတကယ်ပြောနေမှန်းသိ၍ ခင်နွယ်ခက် မယုံမရှိတော့ အံ့ဩခြင်းသည်သာလျှင် သူ့စိတ်ထဲ၌ လွှမ်းမိုးလာ၏။

‘ဒီလိုဆိုရင်တော့ ကိုမင်းဝေရဲ့ အိပ်မက်က သိပ်ဆန်းနေတာဘဲနော်။ ဒါပေမယ့် အိပ်မက်ထဲမှာ နာမည် ထွင်းရုံနဲ့တော့ တကယ့် အပြင်လောကက သစ်ပင်မှာ စာလုံးတွေ ထွင်းပြီးသား ဖြစ်မလာနိုင်ပါဘူး’

‘ဟုတ်တယ်နွယ်....ဒါလဲ ကျွန်တော်လဲသိပါတယ်။ ဒါပေမယ့် ခုလို တိုက်ဆိုင်လွန်းနေတာကိုတော့ ကျွန်တော် သိပ်အံ့ဩရတယ်’

‘အံ့တော့အံ့ဩစရာဘဲ၊ ဒီပြင်လူပြောတဲ့ စကားဆိုရင် နွယ်ယုံချင်မှယုံမယ်။ ပြောတဲ့လူက ကိုမင်းဝေလဲဖြစ်နေလို့၊ ပြီးတော့ ကိုမင်းဝေက တကယ်အလေးအနက်လဲ ပြောနေလို့သာ နွယ်ယုံလိုက်ရတာ’

ခင်နွယ်ခက်သည် စကားပြောနေရင်း သစ်ပင်ပေါ်မှ စာလုံးကလေး နှစ်လုံးကို စိုက်ကြည့်နေရင်းက။

‘ဒီသစ်ပင်ပေါ်က ထွင်းထားတဲ့ စာလုံး ကလေးတွေဟာ ဘယ်လောက် လောက် ကြာသွားပြီ ထင်သလဲ ကိုမင်းဝေ’

ယခုလို ခင်နွယ်ခက်က မေးလိုက်တော့မှပင် ဤစာလုံးကလေး နှစ်လုံး၏ သက်တမ်းကို ခန့်မှန်းကြည့်ရန် မင်းဝေ သတိရသည်။

ကြာတော့လည်း ကြာခဲ့ရှော့မည်။

သက်တင်စာပေ



နဂိုမူလက ဤစာလုံးကလေးများကို နက်နက်ကြီး ထွင်းခဲ့၍သာလျှင် ယခုလိုဖတ်၍ရသေးသော စာလုံးရာများ ကျန်နေခြင်းဖြစ်ကောင်းဖြစ်မည်။ သစ်ပင်၏ အနေအထား သစ်ခေါက်နှင့်ဝင်စည်အသားတို့ကိုခွာ၊ ခုတ်ထားသော အနေအထားတို့ကိုကြည့်ခြင်းအားဖြင့် ဤစာလုံးကလေးများ၏ သက်တမ်းသည် နှစ်ပေါင်းအစိတ်သုံးဆယ် ထက်တော့ဖြင့် နည်းမည်မထင်။

‘ဒီစာလုံး ကလေးတွေရဲ့ သက်တမ်းကတော့ နွယ်နဲ့ကျွန်တော်တို့ရဲ့ အသက်ထက်တောင်မှ ကြီးလိမ့်မယ်ထင်တယ်နွယ်’

မင်းဝေသည် ထိုစကားများကို ယုံယုံကြည်ကြည်ပင် ပြောလိုက်သည်။ သူ့အတွင်း မနောစိတ်၏ အသိကလည်း ထိုမျှနှစ်ကာလ ကြာမြင့်ခဲ့ပြီဟူ၍ပင် ထင်နေသည်။

‘ဒီလိုဆိုရင် နွယ်နဲ့ကိုမင်းဝေတို့ရဲ့ ဘဝဟောင်းက လက်ရာကလေးတွေများ ဖြစ်နေရော့သလား’

ခင်နွယ်ခက်သည် နောက်သလိုလို တကယ်လိုလိုနှင့်ခတ်ပြုံးပြုံးကလေး မှတ်ချက်ချလိုက်ရာ။

မင်းဝေ၏ မျက်လုံးများ ဝိုင်းသွားရ၏။

ဤအတွေးမျိုး သူ့ရင်ထဲ၌ ပေါ်ပေါက်ခဲ့သည်မှာကြာပြီ။ မင်းဝေသည် ခေါင်းကိုခပ်ဖြေးဖြေး ညိတ်လိုက်၏။

‘ကျွန်တော်လဲ အဲဒီလို သံသယ ရှိနေရတယ် နွယ်’

‘လူဝင်စား ဆိုတာမျိုးဟာ တကယ်ရှိတယ်လို့ ကိုမင်းဝေထင်သလားဟင်’

မင်းဝေငိုင်သွားရ၏။

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းတချက်ကိုလည်း ချလိုက်၏။

'ကျွန်တော်တော့ ယုံရမလား မယုံရဘူးလားဆိုတာ မပြောတတ်အောင်ပါဘဲ။ လူဝင်စားဆိုတဲ့ အကြောင်းကို ဟိုလူဒီလူ ပြောတာတွေတော့ ကြားဘူးတယ်၊ လက်ဆုပ်လက်ကိုင် တိတိကျကျရယ်လို့တော့ ကိုယ်တွေ့မကြုံဘူးသေးဘူး'

'ကိုမင်းဝေ အနေနဲ့ကကော ဒီအိပ်မက်အပြင် ဘဝဟောင်းက အဖြစ်တွေကို မှတ်မိတာမျိုး ရှိသေးသလား၊ ဒီပြင်လူဝင်စားတွေ မှတ်မိတယ်ဆိုတာမျိုးပေါ့'

'ဟင့်အင်း....အဲဒါမျိုးတော့ တခုမှ မရှိဘူး၊ အိပ်မက်တွေတော့ ရှိသေးတယ်'

'ဟုတ်လား....ဘယ်လိုအိပ်မက်တွေလဲ ကိုမင်းဝေ၊ ပြောစမ်းပါအုံး'

မင်းဝေသည် ခေလာလောဆယ်တွင်တော့ ကျွန်အိပ်မက်နှစ်ခု၏အကြောင်းကို မပြောလိုက်ချင်။

'အသေးစိတ်ကိုတော့ မပြောချင်သေးဘူးနော်၊ ကျွန်အိပ်မက်တွေဟာလဲ ဟောဒီကန်နဲ့ ကန်ပတ်ဝန်းကျင်မှာ ဖြစ်ပျက်ခဲ့တာချည်းဘဲ။ အိပ်မက်ဘဲ ကျွန်တော်ထင်ထင်ရှားရှား မြင်ခဲ့ရတဲ့ ကန်ရဲ့ရှုခင်းတွေဟူသမျှဟာလဲ အခုဒီကန်တော်ကြီးကို ကျွန်တော်မြင်နေရတဲ့ အတိုင်းပါဘဲ၊ တခုမှမလွဲဘူး'

'ဒါလဲ....တကယ်အံ့သြစရာကောင်းတာဘဲ ကိုမင်းဝေ'

ခင်နွယ်ခက် အံ့သြရပြန်သည်။

သက်တင်စာပေ



မင်းဝေမှ ဘာမျှ ပြန်မပြောဘဲ ခင်နွယ်ခက်၏ မျက်နှာကိုသာ လှမ်းကြည့်လိုက်၏။

မျက်လုံးခြင်း ဆုံမိကြပြန်သည်။

နှစ်ဦးစလုံးတို့၏ မျက်လုံးများသည် အရောင်လက်သွားကြသည်ဟုပင် အပြန်အလှန် ထင်လိုက်ကြသည်။

ညို့ဝင်သော မျက်လုံးခြင်းလည်း ခေတ္တမျှ ညိနေကြသည်။ မလွှဲဖယ်မိကြ။

နောက်ဆုံးတွင်တော့ မိန်းမသားတို့၏ သဘာဝအရ ခင်နွယ်ခက်ကပင် ပထမဆုံး မျက်လွှာချသွားရ၏။

●

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



(၁၀)

‘နွယ်....’

မင်းဝေ၏အသံမှာ ညို့ ငင်သံပါနေ၏။

ခင်နွယ်ခက်၏ တောက်လက်သော မျက်လုံး ဝန်းသည် ပြန်လည်၍ ပွင့်လာ၏။ မျက်လွှာခတ်လိုက်ပုံက နွဲ့သည်။

‘ကိုမင်းဝေ....’

သူ့အသံမှာလည်း ချိုသာအေးမြ ကြည်လင် နွဲ့လျ ရှိလှန်းသည်။

‘နွယ့်ကို....ကျွန်တော်ချစ်တယ်’

မင်းဝေသည် နိဒါန်းမချီ စကားမပျိုးဘဲ တုံးတိတိပင် ပြောချလိုက်၏။

‘ဟင်....’

ခင်နွယ်ခက်သည် ရုတ်တရက်ပင် ထို အာမေဋိတ်သံကလေးကို ဆိုလိုက်မိရ၏။

သက်တင်စာပေ

‘စိတ်တော့မဆိုးပါနဲ့နွယ်၊ ဒီစကားကို ကျွန်တော့ရင်ထဲမှာ သိမ်းမထားနိုင်တော့လို့ ဖွင့်ပြော လိုက်ရတာပါ။ ပြီးတော့ ကျွန်တော် နွယ့်ကိုချစ်ခဲ့ရတာဟာ လူကိုမတွေ့ဘူးခင် အိပ်မက်ထဲမှာ ကတည်းက ချစ်ခဲ့ရတာပါ’

ခင်နွယ်ခက်ပြုံးသည်။

ခုတော့လည်း သူ့စိတ်ကို ပြန်လည်၍ ထိန်းကာ သတိထားဆိုက်နိုင်ပြီဖြစ်သည်။

‘အိပ်မက်ထဲကနွယ်ဟာ နွယ်မှမဟုတ်ဘဲကိုမင်းဝေ။ အဲဒီနွယ်ဟာ နွယ်ဆိုရင် နွယ်လဲ ကိုမင်းဝေလို အိပ်မက်တွေဘာတွေ မက်ရမှာပေါ့၊ မဟုတ်ဘူးလား’

‘ကဲပါလေ....ဒါထားပါတော့၊ အိပ်မက်ထဲကနွယ်ဟာ နွယ်ဟုတ်ဟုတ်မဟုတ်ဟုတ်၊ ကျွန်တော်ကတော့ နွယ့်ကိုချစ်နေပြီ။ နွယ်ကကော ကျွန်တော့်ကို ပြန်မချစ်ဘူးလားဟင်’

ဤမေးခွန်းအတွက်အဖြေသည် ခင်နွယ်ခက်၏ရင်ထဲ၌ ရှိပြီး ဖြစ်၏။ နှလုံးသားဟူသည် မိမိ၏သဘာဝကိုမိမိ ဘယ်တော့မှ ဖုံးကွယ်ထားလေ့မရှိပါ။ သိသာစွာမဖေါက်။

သို့သော်လည်း စကားဆိုသည့် နှုတ်ဖျားဦးမှ ပရိယာယ်စကားတို့ ရှိရစမြဲ။

မိန်းမတို့၏တန်ဘိုးကို ဂုဏ်လုပ်၍ တင်ရစမြဲ။

အညှာလွယ်သည့်ခရေပန်း မဖြစ်စေရန်လည်း ဟန်ဆောင်ကာ နှုတ်ဆွံ့၍နေကြရစမြဲ။

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'မြန်လှချည်လားကိုမင်းဝေ၊ နှယ်နဲ့ကိုမင်းဝေတို့ စပြီးတွေ့ ကြတာက မနေ့ကမှ၊ ခုမှ နှစ်ရက်ထဲရှိသေးတယ်လေ'

'ပြောပါတော့ နှယ်ရယ်။ နှယ့်ကိုကျွန်တော် တွေ့ခဲ့၊ ချစ် တာဟာ ကြာပါပြီလို့ ဆိုနေမှဘဲ'

'ဒါပေမယ့် နှယ်ကတော့ ကိုမင်းဝေကိုတွေ့ခဲ့ရတာ နှစ်ရက် ထဲဘဲရှိသေးတယ်'

'နှလုံးသားက တုန့်ပြန်တတ်တဲ့ အဖြေဟာ ကာလအပိုင်း အခြားမလိုပါဘူးလေ'

ဤစကားကိုမူ ခင်နှယ်ခက်သည် သူ့စိတ်ထဲမှနေ၍ သဘော တူလိုက်သည်။ သို့သော်လည်း နှုတ်မှဖွင့်ဟ၍မူ ဝန်မခံရဲ။

မင်းဝေသည် ခင်နှယ်ခက်၏မျက်လုံးနှင့်မျက်နှာကိုကြည့်က သူ့ရင်တွင်းမှအတွေးများကို ဖတ်၍ရလိုက်သည်။

'ကဲ....နှယ်၊ ရှေ့ရှေ့ဝေးဝေးမပြောချင်ရင် အင်း....ဟင့်အင်း လို့ဘဲဖြေ၊ ဒါမှမဟုတ် ခေါင်းညိတ်ပြပေါ့၊ ဟုတ်လား'

ခင်နှယ်ခက် ဘာမှပြန်မပြော၊ ပြုံးစစနှင့်သာ မင်းဝေ ကြည့်နေ၏။

'နှယ်....ကျွန်တော့်ကိုချစ်ပါတယ်နော်'

ခင်နှယ်ခက် အသံကလေးထွက်အောင်ရယ်လိုက်သည်။

'ဟင်း....မေးခွန်းကလဲ နိမိတ်ပြမေးခွန်းကြီး'

'ဝေ လည်ကြောင်ပတ် လုပ်မနေပါနဲ့နှယ်၊ နှယ့်ရင်ထဲ ခံစားချက်အတိုင်းသာဖြေ၊ ကျွန်တော့်ကိုချစ်တယ်မဟုတ်လား

သက်တင်စာပေ



သူသည်ပြောပြောဆိုဆိုပင် ခင်နှယ်ခက်၏ခုံးစွန်းနှစ်ဖက်ကို ဆုတ်ကိုင်လိုက်သည်။

'အို....ကိုမင်းဝေ၊ ဘယ်လိုလုပ်လိုက်တာလဲ၊ လူတွေမြင်ကုန် ပါအုံးမယ်'

'မမြင်စေချင်ရင်၊ မြန်မြန်ဖြေ'

ခင်နှယ်ခက်သည် မင်းဝေကိုတချက်ကြည့်ကာ၊ မျက်လွှာချ လိုက်ပြီးနောက် သူ့ခေါင်းလေးကို ဆတ်ကနဲညိတ်လိုက်သည်။

မင်းဝေ ဝမ်းသာသွားရသည်။ ရင်ဝယ်ဒိတ်ဒိတ်ခုန်ရသည်။

မျက်နှာက ပြုံးချိုကြည်လင်သွားသည်၊

'ကဲ....ကိုင်ထားတဲ့လက်တွေကိုဖယ်တော့လေ'

မင်းဝေ သူ့လက်များကိုဖြုတ်လိုက်သည်။

'ဝမ်းသာလိုက်တာ နှယ်ရယ်'

'ကဲ....လာ....ပြန်ကြစို့၊ နေမြင့်လာပြီ'

အလာလမ်းအတိုင်းပင် သူတို့ ပြန်ခဲ့ကြသည်။

ကန်ဘောင်ရိုးတလျှောက်၌ လူရှင်းနေ၏။ ကန်ဘောင်ရိုး ပေါ်သို့ ထိုးထွက်အုပ်မိုးထားသော ညောင်ပင်ကြီးအောက်သို့ ရောက်ခဲ့ကြသည်။

မင်းဝေသည် ရုတ်တရက်ပင် သူ့အိပ်မက်တခုကို သတိရ လိုက်၏။

ဤနေရာမှာပင် သူသည် အိပ်မက်ထဲ၌ နှယ့်ပါးပြင်ကို နမ်းခဲ့ဘူးသည်။

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူသည် ခင်နွယ်ခက်ပုခုံးစွန်းတဖက်ကို ဆွဲကာ သူ့ဘက် အသာအယာပင်ဆွဲလှည့်လိုက်သည်။ ခင်နွယ်ခက်သည်နွဲ့နွဲ့ကလေး ပင်လှည့်လျက်ပါလာသည်။ မျက်နှာကမော့နေ၏။ ပါးကလေးက ဖေါင်းဖေါင်း....မို့မို့....။

မင်းဝေ ငုံ့၍နမ်းပစ်လိုက်သည်။ ခင်နွယ်ခက် အငိုက်မိသွား သည်။ မျက်နှာကလေးလည်း နီရဲသွား၏။

'အို'

ထိုသို့လွှတ်ကနဲဆိုလိုက်ရင်း ခင်နွယ်ခက်သည် မင်းဝေ၏ ရင်ပတ်ကိုတွန်းလိုက်၏။

'ဟင်း....သူ....တော်တော်ဆိုး'

မင်းဝေကျေနပ်စွာရယ်နေလိုက်သည်။

ပြီးမှ....

'မောင့် အိပ်မက်တခုထဲမှာလေ၊ ဟောဒီ ညောင်ပင်ကြီး အောက်မှာဘဲ နွယ့်ကို ခုလိုမောင်နမ်းခဲ့တာ၊ အဲဒီအိပ်မက်ကို သတိရလို့ မောင်ကလက်တွေ့လုပ်လိုက်တာပါ နွယ်ရယ်၊ စိတ် တော့မဆိုးပါနဲ့'

'အံမယ်....သူ့ကိုသူမွှောင်တဲ့၊ ဟာ....ဟာ့....'

'ဒါဖြင့် မောင်မှဟုတ်လို့ ဘယ်သူလဲ၊ ပြောလေ'

'ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်က၊ ဆရာဦးမင်းဝေ'

'အဲဒါက သူများတွေအတွက်၊ ခုဟာက ဟောဒီက နွယ့် မောင် ဟုတ်သလား မဟုတ်ဘူးလားပြော'

သက်တင်စာပေ



မင်းဝေသည် ခင်နွယ်ခက်၏လက်ကိုဆွဲထားရင်း မေးလိုက် ဖြင့်။

'ဟုတ်ပါတယ်တဲ့ရှင်၊ ဟုတ်ပါတယ်တဲ့၊ ကဲ...လွှတ်ပါ'

မင်းဝေသည် အသာအယာပင် လက်ကိုလွှတ်ပေးလိုက်ပြီး။

'ကဲ....ဒါဖြင့်ခေါ်'

'ဘာခေါ်ရမှာလဲ'

'မောင့်ကို....မောင်....လို့လေ'

'ဟင်း....ဟွင်း,...ခေါ်တယ်ဆိုတာက အကြောင်းရှိမှခေါ်ရ တာ၊ နွယ်က ခေါ်စရာအကြောင်း ဘာမှ,မှ မရှိသေးဘဲ'

'အကြောင်းရှိရှိ၊ မရှိရှိ ခေါ်ရမယ်။ နွယ်ခေါ်တာ မောင် ကြားချင်လို့'

'သြ....သူကြားချင်တာနဲ့ အလကားသက်သက်ခေါ်ရမယ် ဆိုလား၊ ဟင်း....ဟွင်း....ခေါ်ပါလိမ့်မယ်....အားကြီး'

'တကယ်မခေါ်ဘူးလား'

'ခေါ်....ပေါင်'

'အဲ... မခေါ်ရင် ဟော့ဒီလို....'

'အို... အို ဒီလိုလုပ်လို့ ဘယ်ရမလဲ သူ့လောက်တော့၊ ဒီကလဲ ခေါ်သေးတယ်....'

မင်းဝေက၊ ခင်နွယ်ခက်၏ လက်ကိုဖမ်း၍ အဆွဲလိုက်၊ ခင်နွယ် ခက်သည်း သူ့လက်ကို ရှောင်လိုက်ပြီး ပြေးသွားသည်။

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

မင်းဝေလည်း ခင်နွယ်ခက်၏ နောက်မှ ပြေး၍အလိုက် ရှယတရက် ကြားလိုက်ရသော အသံကြောင့်၊ ခြေလှမ်းများ တုံ့ သွားရ၏။

'ဟဲ့ အောင်ခက် နင်.... နင် နင်ဟာလေ နည်း နည်း အမှတ်မရှိဘူး။ ဒီတခါလဲ့ သေချင်ပြန်ပြီ ထင်တယ်....'

အရှုံးမ ဖြူလုံးသည် ညောင်ပင်ကွယ်မှ ပေါ်လာပြီး၊ မင်း ဝေအားကြည့်ကာ လှမ်းပြောနေသည်။

မင်းဝေအံ့အားသင့်ကာ ဖြူလုံးအား ငေး၍ကြည့်နေဆဲ၊

ဖြူလုံးသည် လေယူလေသိမ်း မှန်မှန်နှင့် ဆက်ပြောလိုက် ပြန်သည်။

'တခါသေလဲ့ မမှတ်၊ နှစ်ခါသေလဲမမှတ် နင်ကတော့သေ သုံးခါလောက် သေမှ မှတ်မဲ့အကောင်....'

ခတ်လှမ်းလှမ်းသို့ ရောက်နေသော ခင်နွယ်ခက်ကလည်း ပြေ ရာမှရပ်၍ ဖြူလုံးအား ပြန်ကြည့်နေသည်။

ဣတ္တိဝင်္ဂ၊ နဒီဝင်္ဂ မိန်းမမာယာ သဲ့ကိုးဖြာတဲ့၊ နင်မကြား ဘူးဘူးလား၊ ဟင်း သွား.... သွား နင်နောက်ကိုလဲ ဒီနား ဘယ်တော့မှ မလာနဲ့ ပြီးတော့....'

ဖြူလုံးသည် ခင်နွယ်ခက်ထံသို့ လက်ညှိုး ငေါက်ငေါ ထိုးလိုက်ပြီးမှ ဆက်ပြောလိုက်၏။

'သတိထား သတိထား.... ဟောဟိုက ကောင်မကို သတိ ထား၊ သူ့နားကို ဘယ်တော့မှ မကပ်နဲ့ အရောမဝင်နဲ့ မချစ် ရှုပ်လှသလောက် ကြောက်စရာကောင်းတဲ့ ကောင်မ'

သက်တင်စာပေ



ဖြူလုံးသည် စကားအဆုံးတွင်၊ ခင်နွယ်ခက်ထံသို့ ဦးတည်၍ ပြေးသွားသည်။

ခင်နွယ်ခက်မှာလည်း၊ ဖြူလုံး၏ အမူအရာကို ကြည့်ကာ၊ ကြောက်ကြောက် လန့်လန့်နှင့်ပင် သူ့အိမ်ဘက်ရှိရာသို့ ပြေးသွား သည်၊

ဖြူလုံးလိုက်သော်လည်း မမှီလိုက်။ ကန်ဘောင် ရိုးပေါ်မှ ဆင်းပြေးကာ ဘုန်းကြီးကျောင်း တွင်းသို့ ရောက်သွားပြီဖြစ် သော ခင်နွယ်ခက်အား ဖြူလုံးသည် ကန်ဘောင် ရိုးပေါ်မှ ရပ်၍ကြည့်ရင်း ရယ်နေ၏။

'ဟင်း.... ဟင်း ခုလိုတော့လဲ့၊ ကြောက်တတ်လိုက်တာ ဟိ'

မင်းဝေ ဖြူလုံး၏အနားသို့ ကပ်သွားသည်။

'ဒီမှာ ဒေါ်ဖြူလုံး ဟိုဘက်ပြေးသွားတာ ဘယ်သူလဲဗျ'

မင်းဝေသည်၊ ခင်နွယ်ခက် ပြေးသွားရာဘက်သို့ လက်ညှိုး ညွှန်ပြရင်း မေးလိုက်သည်။

အမှန်မူ မင်းဝေသည်။ ခင်နွယ်ခက်အား မည်သူအဖြစ် ဖြူလုံး အမှတ်မှားနေသည်ကို သိလို၍၊ သွေးတိုးစမ်း မေးလိုက် ခြင်းဖြစ်သည်။

ဖြူလုံးသည်၊ မင်းဝေအား လှည့်ကြည့်သည်။

'နင်.... မသိလို့မေးတာလား....'

'မသိလို့ မေးတာပေါ့ဗျာ'

'ဟိ....ဟိ၊ ငါမယုံပေါင်၊ နင်သိပါတယ်ဟယ်'

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'မသိလို့ မေးတာပေါ့၊ ဒေါ်ဖြူလုံးရဲ့'

'အမယ်၊ ငါ့နာမည်တောင် နင်သိတာ၊ သူ့နာမည်ကိုလဲ နင်သိမှာပေါ့၊ နင်ကငါ့ကို အရူးမှတ်နေသလားဟွင်'

မင်းဝေက သဘောကျစွာ ရယ်လိုက်မိ၏။

'မဟုတ်ပါဘူး ဒေါ်ဖြူလုံးရယ်၊ သူ့နာမည်ကို ကျွန်တော် မေ့နေလို့ပါ ပြောပြစမ်းပါ'

'အေး.... နင်မေ့နေရင် ငါပြောရတာပေါ့၊ သူ.... သူ သူ့ နာမည်က'

ဖြူလုံးသည် ရုတ်တရက် စကားရပ်လိုက်ပြီး၊ သူ့မျက်လုံးများက လယ်ကလယ်နှင့် ဝိုင်းလည်သွား၏။

ပြီးမှ.... ချက်ခြင်းလိုပင်....

'ဟယ်.... ငါမပြောရဲဘူး၊ ကြောက်တယ် ကြောက်တယ် ဗိုလ်မြင့်အောင်ကို ကြောက်တယ်၊ သူကဘာမှ မပြောနဲ့တဲ့'

'ဗိုလ်မြင့်အောင်ဆိုတာ ရဲဘော် ဗိုလ်ကြီးပေါ့တဲ့ လည်ပင်းမှာ ခလောက်၊ ခေါင်းမှာ အမောက်၊ ခါးမှာ ဗျောက်ကြီးရှိတဲ့ ရဲဘော်မြင့်အောင် ဗိုလ်မြင့်အောင်။ အမလေးသူ့မှာ သေနတ်ကြီးနဲ့ ငါကြောက်တယ်၊ ငါကြောက်တယ်၊ တော်ပြီ တော်ပြီ ငါဘာမှ မပြောတော့ဘူး.... သွားမယ်.... သွားမယ် ငါသွားမယ်'

ဖြူလုံးသည် ပြောပြောဆိုဆိုပင်၊ မင်းဝေအား ကျောခိုင်းကာ လှည့်ထွက်သွားတော့သည်။





မင်းဝေသည် မျက်မှောင်ကုတ်ရင်း အဖြေမတွေ့သေးသော ပဟေဠိတို့ကို စဉ်းစားရင်းနှင့်ပင် ....ငူငူငိုင်ငိုင်ကြီး ကျန်ရစ်ခဲ့၏။

ခဏနေမှသူသည်၊ ကန်ဘောင်ရိုးပေါ်မှ ဆင်းခဲ့ကာ၊ ခင်နွယ်ခက်တို့ အိမ်ဘက်သို့ လျှောက်ခဲ့သည်။

ခင်နွယ်ခက်အား၊ ခြံဝင်းတခါး ပေါက်၌ သူ့အားစောင့်နေသည်ကို တွေ့လိုက်ရ၏။

'အရူးမကြီး သွားပြီလား'

'သွားပြီ နွယ်....'

'နွယ်ဖြင့် ကြောက်လိုက်တာ၊ သူ့ပါးစပ်ကလဲ၊ ဘာတွေပြောနေမှန်း မသိဘူး၊ ပေါက်တတ်ကရတွေ'

မင်းဝေ ရယ်လိုက်၏၊

'အရူးမပါဆိုမှ သူ့ပါးစပ်က ပေါက်တတ်ကရတွေပြောတာ ဆန်းလား'

'အင်း.... အင်း ဟုတ်တယ်'

ခင်နွယ်ခက်က ထိုသို့ ပြောလိုက်သော်လည်း၊ မင်းဝေက ဆက်တွန့်လိုက် သေးသည်။

'ဒါပေမယ့် အရူးဆယ်ခွန်းပြော တခွန်းတော့.... မှန်တတ်တဲ့နွယ်'

ခင်နွယ်ခက် မျက်လုံးလေး ဝိုင်းသွား၏။

'မောင်ဘာ.... ဆိုလိုတာလဲ'

မင်းဝေ ရယ်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



'အလကားပါကဲ မောင်လဲပြန်မယ်....'

'အိမ်ပေါ် မတက်တော့ဘူးလား'

'မတက်တော့ဘူးလေ၊ဟိုမှာ ကိုတင်ထွေး ထမင်းစား စောင့်နေလိမ့်မယ်'

'နွယ့်ဆီကို လာအုံးမှာလား'

'အမလေး မလာမှာတော့ မပူနဲ့ လာလွန်းလို့ တော်တော်ကြာရင် ယောက္ခမကြီးကတောင်မှ မကြည့်မှာ စိုးရအုံးမယ်'

'ဟင်း....သူနော်၊ တော်တော်အသားယူနော်'

မင်းဝေ ကျေနပ်စွာ ရယ်လိုက်ပြီးနောက် လှည့်၍ထွက်ခဲ့၏။

●



(၁၁)

'ကနေ့ညနေ ဘယ်သွားချင်လဲ ကိုမင်းဝေ'

တနေ့လုံး အလုပ်များနေခဲ့ရပြီးနောက် ခုမှ အားလပ်စပြုသွားသော ကိုတင်ထွေးသည် မင်းဝေအား မေးလိုက်သည်။

'ကျွန်တော့ကို ခင်ဗျားပို့ချင်တဲ့ဆီကို ပို့ပေါ့ ကိုတင်ထွေး ပြီးတော့ ခင်ဗျားဆရာ ဦးလှမြိုင်ဆီကိုလဲ သွားချင်သေးတယ်'

'ဗျာ....ခင်ဗျား ဆရာဦးလှမြိုင်နဲ့လဲ သိလား'

မင်းဝေသည် ရယ်လိုက်ရင်းက

'မနက်ကမှ တွေ့ဘူးတာပါဗျာ၊ ကျွန်တော် နွယ့်ဆီကိုသွားရင်းနဲ့လမ်းမှာ မမျှော်လင့်ဘဲတွေ့ဘူးတာပါ၊သူကလဲ ကျွန်တော့ကို ဆူဘော ဦးအောင်ခက်နဲ့တူလို့တဲ့၊ အံ့ဩပြီး လာစကားပြော



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ခင်ဗျားဆီမှာတည်းကြောင်း ပြောတော့ သူ့တပည့်ဖြစ်ဘူးကြောင်း ပြောပြီး သူ့ဆီလာဘို့ မှာသွားတယ်'

တင်ထွေးက အံ့ဩဟန်နှင့်

'နေပါအုံးဗျ ဦးအောင်ခက်ဆိုတာ ဘယ်သူလဲ၊ အင်း....အင်း မနေ့က အရှုံးမဖြူလုံးကလဲ ခင်ဗျားကို အောင်ခက်လို့ ခေါ်သွားတယ်မဟုတ်လား အဲဒါ ဘယ်ကလူလဲ'

'ဘယ်ကဖြစ်ရအုံးမှာလဲဗျာ၊ ခင်ဗျားတို့မြို့က ဦးအောင်ခက်ပေါ့၊ ဆရာလှမြိုင်တို့နဲ့ သူငယ်ချင်းတဲ့'

'ဟင်....ဒါဆို တော်တော်ကြီးပြီပေါ့၊ ကျွန်တော်ဖြင့် တခါမှ အဲဒီ ဦးအောင်ခက်ဆိုတာကို မတွေ့ဘူး၊ မမြင်ဘူးခဲ့ပါဘူးဗျာ မကြားဘူး....ဘူး'

'ဘယ်တွေ့ဘူး မြင်ဘူးပါ့မလဲ၊ ခင်ဗျားတို့ ကျွန်တော်တို့ မမွေးခင်လောက်ကတည်းက သေသွားတာတဲ့'

'ဘာဖြစ်လို့ သေသွားတာလဲ'

'ဒါတော့ တပည့်တော်လဲ မလျှောက်တတ်ဘူး'

မင်းဝေက ထိုသို့ ဆိုလိုက်သဖြင့် တင်ထွေးရယ်လိုက်သည်။

'ကဲ....လာ ဒါဖြင့် ကျွန်တော်တို့ ရွှေအင်းတောင်ဘုရားကို သွားဖူးကြပြီးတော့ အပြန်မှာ ဆရာဦးလှမြိုင်တို့အိမ် ဝင်ကြတာပေါ့ဗျာ'

တင်ထွေးနှင့် မင်းဝေတို့သည် ရွှေအင်းတောင် ဘုရားကြီးရှိရာဆီသို့ လမ်းလျှောက်၍ သွားကြသည်။

သက်တင်စာပေ



စကားတပြောပြောနှင့် သွားနေကြဆဲ၊ တနေရာသို့အရောက်

'ဟေ့....ဟေ့ မောင်တင်ထွေး'

ဟု လှမ်းခေါ်သံ ကြားလိုက်ရသဖြင့် သူတို့နှစ်ဦးစလုံးပင် အသံလာရာဆီသို့ လှမ်းကြည့်လိုက်ကြသည်။

လမ်းဘေး လဘက်ရည်ဆိုင်တဆိုင်ရှေ့မှ အသားညိုညိုလူကြီးတဦးသည် သူတို့အားကြည့်ရင်း တင်ထွေးအား လက်ယပ်၍ခေါ်နေသည်ကို တွေ့လိုက်ကြရ၏။

ထိုလူကြီးထံသို့ တင်ထွေး လျှောက်သွားသည်၊ မင်းဝေသည် လမ်းပေါ်၌ ရပ်၍ကျန်ခဲ့၏။

ထိုလူကြီးနှင့် တင်ထွေးသည် တိုးတိုး တိုးတိုး ပြောနေကြသည်၊ မင်းဝေထံသို့လည်း လှည့်ကြည့်-လှည့်ကြည့်နှင့်....

ခဏနေမှတင်ထွေး ပြန်ရောက်လာကာ လှမ်းဆက်၍လျှောက်ကြသည်။

'အဲဒါ အဲဒီလဘက်ရည်ဆိုင်ပိုင်ရှင် ဦးတင်ညွန့်ဆိုတာပေါ့ဗျ၊ နဲ့ရွယ်တူတွေကတော့ 'ဂျော်ကာ' လို့ ခေါ်ကြတယ်၊ အဲ အဲဒါကလဲ ခင်ဗျားကို ဘယ်သူလဲသိချင်လို့ ကျွန်တော့်ကို ခေါ်မေးတာ၊ သူကလဲ တူပြန်ပြီတဲ့ဆရာရေ့၊ ခင်ဗျားကို သူ့သူငယ်ချင်း အောင်ခက်နဲ့ တူလွန်းလို့တဲ့'

'ခင်ဗျားက ဘာပြန်ပြောခဲ့သလဲ'

'ခင်ဗျားအကြောင်း နည်းနည်းပါးပါး ပြောပြရတာပေါ့ ဗျာ၊ သူကတော့ အံ့ဩပြီး ကျန်နဲ့လေရဲ့'

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဤတောင်တွင်းကြီးမြို့ပေါ်၌ ရှိနေသမျှ ကာလပတ်လုံး ဦးအောင်ခက်နှင့်တူသည်ဆိုကာ ပြောကြသော ဤအဖြစ်မျိုးကို တမျိုးပြီးတမျိုး ကြုံတွေ့နေရဦးမည် ဟူ၍ပင် မင်းဝေထင်သည်။

သူတို့နှစ်ဦးသည် ရွှေအင်းတောင် ဘုရားပေါ်သို့ အနောက်ဖက် မုခ်မှ တက်ခဲ့ကြသည်။

'ကျွန်တော်တို့မြို့မှာတော့ ဒီဘုရားကြီးဟာ တန်ခိုးအကြီးဆုံးဘဲ၊ တပေါင်းလပွဲတော်လုပ်ရင်လဲ သိပ်စည်တာ'

ယင်ပြင်တော်ပေါ်သို့ ရောက်သောအခါတွင် ရွှေတောင်ကြီးသဖွယ် သပ္ပါယ်လှစွာသော စေတီတော်ကြီးအား မင်းဝေ ဖူးမြော်လိုက်ရသည်။

စေတီတော်ကြီးအား ဝပ်တွားရှိခိုး ဖူးမြော် ကန်တော့ကြပြီးနောက်လက်ျာရစ် တောင်ဘက်မုခ်မှ ဆင်းခဲ့ကြ၏။

လမ်းအတိုင်း တည့်တည့်လျှောက်ခဲ့ကြပြီး လမ်းဆုံထောင့်တခုရှိ နှစ်ထပ်အိမ်ပေါ်သို့ တင်တေးက ဦးဆောင်၍တက်ခဲ့သည်။

အိမ်ရှေ့ခန်းမှာ ဆရာဦးလှမြိုင်အား လူကြီးတဦးနှင့် ထိုင်၍ စကားပြောနေသည်ကို မြင်လိုက်ရသည်။

'ဟော....အဒေါ်ဘဲ သူငယ်ချင်းရေ၊ သူတို့လာကြပြီ မင်းတွေ့ချင်တယ်ဆိုတာ ခုတွေ့ရပါပြီကွာ'

ဦးလှမြိုင်သည် လှေကားမှ မင်းဝေတို့ လိုက်လာကြသည်ကို လှမ်းကြည့်လိုက်ရင်း သူ့ရှေ့မှလူကြီးအား လှမ်းပြောလိုက်၏။





ထိုလူကြီးမှာ ဦးလှမြိုင်တို့နှင့် သက်တူ ရွယ်တူခန့် အသားညိုညို တုတ်တုတ် ဘုန်းကြီးလူထွက် ဟန်မျိုး ကတုံးနှင့် ရိုးရိုးကြီး။

ထိုလူကြီးသည် မင်းဝေအားစိုက်ကြည့်နေရင်းက သူ့ခေါင်းကိုလည်း တညိတ်ညိတ် လုပ်နေရင်းက။

'အေး....ဟုတ်တယ်ဟေ့ မောင်လှမြိုင်မင်းပြောတုန်းကတော့ ဒီလောက်တူလိမ့်မယ်လို့ ငါမထင်ခဲ့ဘူး၊ ခုတော့ တူတာမှ တကယ့်အောင်ခက်မှ အောင်ခက်ပါဘဲကွာ'

ဟု တအံ့တဩ အားရပါးရ ပြောနေပြန်သည်။

'ဟောဒါ ဦးသူငယ်ချင်း ဦးထွန်းတင်ဘဲကွဲ့၊ သူလဲဘဲ ဦးတို့လို အောင်ခက်နဲ့ ငယ်သူငယ်ချင်းတွေပါဘဲ'

'ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျာ့'

ဦးထွန်းတင်သည် မင်းဝေ၏အကြောင်းနှင့် ပတ်သက်၍ သူသိချင်သည်များကို မေးနေသည်။

မင်းဝေကလည်း သူမေးသမျှ ပြန်ဖြေနေရ၏။

ဦးထွန်းတင်၏မေးခွန်းများ ပြတ်သွားမှ....

'ကျွန်တော်လဲ သိချင်တာလေးတခု မေးပရစေ ခင်ဗျာ၊ ဦးတို့ပြောပြောနေတဲ့ ဦးတို့သူငယ်ချင်း ဦးအောင်ခက်ဆိုတာ ကျွန်တော်နဲ့ တထေရာထဲဘဲ တူသလားခင်ဗျာ။ နည်းနည်းလေးမှ ခြားနားတာ မရှိဘူးလား'

'ဟာ....မင်းတို့ ခုခေတ်ဝတ်ဆင်နေကြတဲ့ အဝတ်အစား အဆင်အသွေး ပုံစံတွေခြားနားတာကလွဲလို့ ရုပ်ကတော့ တထေရာထဲပါဘဲကွာ ငါတော့ဖြင့် အံ့ရော အံ့ရော'



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းတင်က ထိုသို့ တအံ့တသြပြောနေဆဲ ဦးလှမြိုင်က ထိုင်ရာမှထလိုက်ခါ....

'နေအုံး....နေအုံး ငါ့ဆီမှာ အောင်ခက်ဓါတ်ပုံရှိတယ်၊ ဒို့သူငယ်ချင်းတတွေ ဟိုတုန်းကစုပြီး ရိုက်ထားတာ'

ဟု ပြောရင်း ဘီရိုတခုကိုသွားဖွင့်ကာ ဓါတ်ပုံရှာနေသည်။

ချက်ခြင်းလိုပင် ဦးလှမြိုင်သည် ဓါတ်ပုံကလေးတပုံကိုကိုင်ကာကြည့်ရင်း သူ့နေရာသို့ ပြန်ထိုင်သည်။

ဓါတ်ပုံကလေးကိုမင်းဝေအား လှမ်းပေးလိုက်သည်။မင်းဝေ သွက်လက်စွာပင် လှမ်းယူလိုက်ပြီး ကြည့်လိုက်၏။

စုစုပေါင်း လူငယ်ခုနစ်ယောက်....

'ဟောဒီမှာ အောင်ခက်'

ဦးလှမြိုင်က လက်ညှိုးနှင့် ထောက်ခါပြသည်။

ဟုတ်သည်၊အောင်ခက်၏ပုံမှာ သူနှင့်တူလှသည်၊မင်းဝေကိုယ်တိုင် အံ့သြရပါ၏။

ဓါတ်ပုံထဲမှ ဦးဌေးမြင့်၊ ဦးလှမြိုင်နှင့် ဦးထွန်းတင်တို့၏ ငယ်ရုပ်များကို မင်းဝေဖမ်းရှာရသည်။

'ဟောဒါက မောင်မောင်လေး ဒါက မောင်သောင်း၊ ဒါကတော့ အောင်သင်း၊ အခုတော့ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာ ဌာနက ဆရာဦးအောင်သင်းပေါ့'

ဦးလှမြိုင် လက်ညှိုးထောက်ပြ၍ ပြနေသူများကို မင်းဝေသည် ခေါင်းတညိတ်ညိတ်နှင့်ကြည့်ရင်း နားထောင်နေသည်။





'ဦးအောင်ခက်အကြောင်း နည်းနည်းပါးပါး ကျွန်တော်ကို ပြောပြပါအုံး ဦး'

'သူ့မိဘတွေက ချမ်းသာတယ်၊ မြေပိုင်ရှင်တွေပေါ့၊ ဒါပေမယ့် ခုတော့ ဒီမှာမရှိကြတော့ပါဘူး၊၊ အောင်ခက်သေပြီးသို့ ပြည်ဘွင်းသောင်းကျန်းမှု ကာလအတွင်းမှာဘဲ တခြားကို ပြောင်းသွားကြတယ်၊ ခုတော့ ရန်ကုန်မှာထင်ပါရဲ့ကွယ်'

'သူ ဘာဖြစ်လို့ သေသွားတာလဲခင်ဗျ'

'အင်း....သေတာကတော့ အသေဆိုးနဲ့ပါဘဲကွယ်၊ ကန်တော်ကြီးထဲမှာ အလောင်းရတယ်၊ ခေါင်းမှာလဲ ဒဏ်ရာကြီးနဲ့၊ အဲဒီတုန်းက ဆရာဝန် ဦးဘထွန်းကပြောတော့ အောင်ခက်ဟာ အဲဒီဒဏ်ရာနဲ့တော့ ပွဲချင်းပြီး သေတာမဟုတ်ဘူးတဲ့၊ ဒဏ်ရာနဲ့ ရေထဲရောက်ပြီးမှ ရေမွန်းပြီးသေတာတဲ့၊ အဆုပ်ထဲမှာလဲ ရေတွေ တွေ့ဆိုဘဲ'

'တရားခံ လက်သည်ကောပေါ်ရဲ့လား၊ ဘယ်သူက ဘာရန်ငြိုးနဲ့ လုပ်လိုက်တာလဲခင်ဗျ'

'အေး လက်သည်တရားခံတော့ မပေါ်ဘူးကွဲ့၊ ဘယ်သူက ဘာအကြောင်းချက်နဲ့ ဘယ်လိုဖြစ်ကြမှန်းလဲ ဘယ်သူမှ ခုထိမသိကြပါဘူး၊ ပြီးတော့ အောင်ခက်အဲဒီလိုဖြစ်ပြီးတော့ မကြာခင်မှာဘဲ ပြည်တွင်းဆူပူမှုတွေဖြစ်လာပြီး၊ မြို့ဟာလဲ ရဲဘော်ဖြူတွေရဲ့လက်ထဲ ရောက်သွားတယ်၊ ဒီတော့ အောင်ခက်အမှုဟာလဲ လက်စပျောက်သွားရတော့တာပေါ့ကွာ'



www.burmeseclassic.com

www.burmeseclassic.com

ဦးလှမြိုင်က ထိုသို့ပြောနေဆဲ....ဦးထွန်းတင်ကြီးက....

'ငါတော့ အောင်ခက်ဒီလိုဖြစ်ရတာဟာ မိန်းမကိစ္စနဲ့ပတ်သက်ဘယ်လို့ဘဲ ထင်သကွ'

ဟု ဝင်ပြောလိုက်သည်။

ထိုစကားကို မင်းဝေစိတ်ဝင်စားသွားသည်။

'ဟုတ်ကဲ့....ဦးထင်တာ သိပါရစေခင်ဗျာ'

'ဟာ....ဒီကောင်က ငယ်ငယ်ရွယ်ရွယ်နဲ့ အလွန်မိန်းမပွေချင်တဲ့ကောင်၊ သူနဲ့ပြိုင်ဖက်တွေက သတ်သွားမှာပေါ့ကွာ'

'ဟ....မဟုတ်ဘူးကွ အဲဘော်ကြီးရ'

ဦးလှမြိုင်သည် 'အဲဘော်ကြီး' ဟု ခေါ်လိုက်မိသည်ကိုသ[illegible]ရဟန်နှင့် တချက်ရယ်လိုက်ပြီးမှ မင်းဝေတို့ဖက်သို့ လှည့်ကာ

'ဦးတို့အချင်းချင်းကတော့ သူ့ကိုနောက်ပြောင်ပြီး ရဲဘော်ကြီး အစား အဲဘော်ကြီး အဲဘော်ကြီးလို့ ခေါ်တတ်ကြတယ် အဲဒါကြောင့် သူ့ကို အဲဘော်ကြီးလို့ ခေါ်လိုက်မိတာ'

တင်တွေးနှင့် မင်းဝေသည် ဘာမှပြန်မပြောဘဲ ပြုံး၍သ[illegible]နေလိုက်ကြသည်။

ဦးထွန်းတင်ဂ.လည်း ပြုံးပြုံးကြီးလုပ်နေသည်၊ ဦးလှမြိုင်[illegible]သာ စကားကိုဆက်၏။

'အောင်ခက်က မိန်းမပွေတာတော့ မဟုတ်ပါဘူး။ လူငယ်ဘာဝ၊ ရည်းစားထားတာပါ'

'အေးလေ ငါကလဲ မိန်းမပွေတယ်ဆိုတာဟာ ငယ်[illegible]ရွယ်ရွယ်နဲ့ ရည်းစားထားတာကို ပြောတာပါဘဲ'

---

သက်တင်စာပေ



ဦးလှမြိုင်က သူ့ခေါင်းကိုရမ်းခါလိုက်ပြီးမှ....

'ရည်းစားထားတာဟာ၊ ရည်းစားထားတာပါဘဲ သူငယ်ချင်းရ၊ မိန်းမပွေတာ မဟုတ်ပါဘူး၊ မိန်းမပွေတယ်ဆိုကာက ရည်းစားတွေ မှိုလိုပေါက်အောင် ထားတာကိုပြောတာ၊အောင်ခက်ကလဲ ရည်းစားတွေ မှိုလိုပေါက်အောင် ထားခဲ့တာမဟုတ်ပါဘူး၊ လူငယ်ဘာဝ သူကြိုက်တဲ့ သူကို သူ့ဟာသူ ရည်းစားထားခဲ့တာပါ'

'သူ့ရည်းစားက ဘယ်သူလဲခင်ဗျ'

မင်းဝေသည် အရဲစွန့်၍ မေးလိုက်၏။ ဤလူကြီးများက သူ့အားစပ်စုသူတဦးဟူ၍တော့ အထင်မခံလိုက်ချင်။ သို့သော်လည်း ဤအချက်သည် သူစုံစမ်းလေ လာနေသော ပြဿနာဟောင်၏ သဲလွန်စတခု ဖြစ်နေ၍ မင်းဝေ သိချင်လှသဖြင့် မေးလိုက်ခြင်းဖြစ်၏။

ဦးလှမြိုင်နှင့် ဦးထွန်းတင်သည် မင်းဝေအား ဖျတ်ကနဲကြည့်လိုက်ကြသည်။

'အင်း....သူ့ရည်းစားကတော့'

ဦးလှမြိုင်သည် ပြောတော့မည်ပြုကာ စကားစလိုက်ဆဲ....

'အိုကွာ...သိချင်မနေပါနဲ့တော့ မောင်ရယ်။ ပြီးခဲ့တာတွေ ပြီးခဲ့ပါပြီ၊ ကြာလဲကြာပါပြီကွာ နှစ်ပေါင်းတောင်မှ အစိတ်[illegible]ခဲ့ပြီဘဲဟာ၊ ချေးခြောက်ရေနှုးမနေပါနဲ့တော့၊ ကာယကံ[illegible]တွေကလဲ ရှိသေးတော့ ဒါတွေပြန်ပြောရတာ မကောင်းပါ[illegible]'

---

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဟု ဦးထွန်းတင်က ဝင်ပြောလိုက်သဖြင့် ဦးလှမြိုင်မှာသည် နှုတ်ဆိတ်သွားရ၏။

ထိုအချိန်မှာပင် လဘက်ရည်ကြမ်းခရားနှင့် လဘက်ပန်းကန် ကို အမျိုးသမီးငယ်တဦး လာရောက်ချပေးသွားသဖြင့်....

'ကဲ....သောက်ကြပါအုံး'

ဟု ဆိုကာ ဦးလှမြိုင်သည် လဘက်ရည်ငှဲ့ထည့်ပေးနေသည်။

'ဟေ....ဒါထက်နေပါအုံး မောင်လှမြိုင်၊ ဟို....အောင်ခက် ကို ရင်ခွဲရုံထဲမှာထားတုန်းက ဒို့အောင်ခက်အလောင်းကို ဓါတ်ပုံ ရိုက်ထားခဲ့သေးတယ် မှတ်လား၊ အဲဒီပုံ ရှိသေးလားကွဲ'

ဦးလှမြိုင်သည် ခေတ္တမျှ စဉ်းစားနေလိုက်ပြီးမှ သတိရဟန် နှင့် ....

'အေး....အေး....နေအုံး ငါသတိရပြီ၊ ရှာကြည့်လိုက်အုံးမယ်'

ပြောပြောဆိုဆိုပင် ဦးလှမြိုင်သည် ဘီရိုကို သွားဖွင့်လိုက် ပြန်သည်။

'ဟော....တွေ့ပြီ'

ဦးလှမြိုင်သည် ပြန်လှည့်လာပြီး မင်းဝေအားလှမ်းပေး လိုက်သည်။

မင်းဝေကြည့်လိုက်၏၊ ပထမတွင် ပုံသဏ္ဍာန်ကို ခွဲခြား၍မရ မည်သည့် ပုံမှန်း မသိသာ။

'ဒါ....သူ့ခေါင်းကဒဏ်ရာကို ထိပ်တဲ့တဲ့က ရိုက်ထားတာကွဲ ခေါင်းက ဒဏ်ရာဆိုပါတော့ကွာ'

သက်တင်စာပေ



ဦးလှမြိုင် ပြောလိုက်တော့မှပင် မင်းဝေသည်ဓါတ်ပုံကိုကြည့် တတ်သွားသည်။

ခေါင်းတဲ့တဲ့ထိပ်တွင် ဟက်တက်ကွဲနေသောဒဏ်ရာကြီး။

မင်းဝေသည် သူ့ခေါင်းထိပ်မှ မွေးရာပါ 'အမာရွတ်ကြီး ကို လက်နှင့်စမ်းလိုက်မိတော့မလို ဖြစ်သွားပြီးမှ သူ့ကိုယ်သူ သတိထားကာ လက်ကိုပြန်ရုပ်ထားလိုက်ရ၏။

ဦးထွန်းတင်သည် ဓါတ်ပုံကို လှမ်းယူကြည့်လိုက်ရင်းက....

'အင်း....အောင်ခက် အောင်ခက် အသေဆိုးရှာတယ်ကွာ'

ဟု ရေရွတ်လိုက်သည်။

'ဦးအောင်ခက်သေတာ ဘယ်နှစ်ခုနှစ်လောက်ကလဲ ဦး'

ဦးထွန်းတင်သည် ခေတ္တမျှစဉ်းစားသလိုလုပ်နေလိုက်ပြီးမှ....

'၁၉၄၉ ခုနှစ်ကွဲ၊ ဒို့မြို့ကို ရဲဘော်ဖြူတွေ မသိမ်းခင်က လေးမှာဘဲ'

မင်းဝေသည် နှစ်ပေါင်းမည်မျှကြာခဲ့ပြီကို သူ့စိတ်ထဲမှတွက် နေလိုက်မိ၏။

အနှစ် နှစ်ဆယ့်ခြောက်နှစ်ခန့်ရှိပြီ။ မိမိမမွေးမီ သုံးနှစ်ခန့် လောက်က ဖြစ်မည်။

ထိုစဉ်က ခင်နွယ်ခက်ပင်လျှင် မွေးချင်မှ မွေးဦးမည်။

ဤသူကြီးနှစ်ဦးထံမှတော့ သူသိချင်သည်များကို အတော် အသင့် သိခဲ့ရပြီဖြစ်သည်၊ သို့သော်လည်း သူသိချင်သော အရေး ကြီးသည့်အချက်တို့ကို မသိရသေး။

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျန်သောအချက်အလက်များကိုမူ ဦးမောင်မောင်လေးနှင့် ဦးသောင်းတို့ထံမှတော့ ရနိုင်ကောင်း ရနိုင်ဦးမည်ထင်သည်။

မျှော်လင့်ချက်တော့ မကုန်သေးဟု မင်းဝေထင်သည်။

'မောင်မောင်လေးတို့ မောင်သောင်းတို့နဲ့ကော တွေ့ပြီးပြီလား မောင်မင်းဝေ'

ဦးလှမြိုင်က မေးလိုက်သဖြင့်....

'မတွေ့ရသေးဘူးခင်ဗျ'

ဟု မင်းဝေက ပြန်ဖြေလိုက်၏။

'အင်း....ဒီအချိန်ဆိုရင်တော့ ဒီလူတွေ ကလပ်မှာ ရေချိုးကိုက်ပြီး လေ့ရနေရောပေါ့ကွာ'

ဦးထွန်းတင်က ရယ်ရယ်မောမောပြောလိုက်သဖြင့် မင်းဝေတို့ ပြုံးလိုက်ရသေးသည်။

'ကျွန်တော်တို့ကို ခွင့်ပြုပါအုံးခင်ဗျာ၊ ပြန်လိုက်ပါအုံးမယ်'

မင်းဝေနှင့် တင်ထွေးတို့ ထိုင်ရာမှထကာ နှုတ်ဆက်လိုက်ကြသည်။

'အေး အေး....မပြန်ခင် လာခဲ့ကြအုံးပေါ့ကွာ'

'ဟုတ်ကဲ့ ခင်ဗျ'

ထိုအိမ်မှ သူတို့ထွက်လာခဲ့ကြပြီး တိုဝ်ဆိတ်စွာပင် လျှောက်ခဲ့ကြသည်။ အတန်ကြာထိ စကားမပြောမိကြ။

မင်းဝေ အတွေးနက်နေသည်။

'ကဲ....ကိုမင်းဝေ၊ ဦးအောင်ခက်အကြောင်းကို ခင်ဗျားခေါင်းထဲက ထုတ်ပြစ်လိုက်ပါတော့ဗျာ၊ လောကမှာ လူဟူ





ရှား၊ နှာမည်တူမရှားပါ၊ ဦးအောင်ခက်ကို မေ့ပြစ်လိုက်စမ်းပါ၊ ကျွန်တော်တို့မြို့ကိုရောက်တုန်း မြို့ပေါ်က အချောအလှလေးတွေအပေါ်မှာ စိတ်ဝင်စားလိုက်စမ်းပါအုံး'

တင်ထွေးက မင်းဝေ၏အမူအရာကို အကဲခတ်ရင်း စိတ်မရှည်ဟန်နှင့် ပြောလိုက်သည်။

တင်ထွေးတို့မြို့၌ အချောအလှတို့ပေါသည်ကိုတော့ မင်းဝေသတိပြုမိပြီးဖြစ်သည်။

သို့သော်လည်း မမျှော်လင့်ဘဲနှင့် ရုတ်တရက် ချစ်ရမည့်သူ စိတ်ဝင်စားရမည့်သူ အလှဖူးတဦးကို တွေ့ခဲ့ရပြီးပြီဖြစ်၍ အခြားတပါးသော မိန်းခလေးဟိုအပေါ်၌ စိတ်မဝင်စားချင်တော့။

တင်ထွေးအား မင်းဝေပြုံးကြည့်၏။

'ခင်ဗျားတို့မြို့မှာ အချောအလှတွေ ပေါတာအမှန်ပါဘဲ၊ စိတ်ဝင်စားတဲ့သူကို တွေ့တဲ့အခါကျတော့ စိတ်ဝင်စားပါမယ်ဗျာ၊ တွေ့သမျှအလှတိုင်းကိုတော့ စိတ်မဝင်စားပါရစေနဲ့။ ခုနက ဦးထွန်းတင်ပြောသလို ကျွန်တော် မိန်းမပွေတဲ့လူ မဖြစ်ချင်ပါဘူး'

တင်ထွေးရယ်၏။

'ခုနက လာဘက်လာချပေးတဲ့ ဆရာဦးလှမြိုင်ရဲ့သမီးကော မချောဘူးလားဗျ'

'ချောပါတယ်ဗျာ၊ ဒါပေမယ့် ကိုယ်နဲ့ချစ်တဲ့ သူငယ်ချင်းခြင်း ရန်သူဖြစ်မှာစိုးလို့ မြင်ကတည်းက မောင်နှမလို သဘောထားလိုက်ပြီးသားပါ'



www.burmeseclassic.com

 www.burmeseclassic.com

မင်းဝေ သူ့အားပြန် 'ရီ' လိုက်သည်ကို ချက်ခြင်းပင် တင်ထွေးသဘောပေါက်သည်။

'အမဇလေး....ဒီအတွက်တော့ မစိုးရိမ်ပါနဲ့ဗျာ၊ ကိုယ့်ဆရာ့ရဲ့သမီးမို့ စိတ်နဲ့တောင်မှ မပြစ်မှားရဲပါဘူး'

'ကိုယ့်ဆရာသမီးမို့ စိတ်နဲ့တောင်မှ မပြစ်မှားရဲဘူးဆိုတော့ ကိုယ့်ဆရာမဟုတ်တဲ့သူ့ရဲ့သမီးကိုတော့ စိတ်နဲ့ပြစ်မှားထားတာ ရှိရအုံးမှာပေါ့ဗျာ။ ကဲ....ပေါ်ပြီပြော အဲဒါ ဘယ်သူလဲဟင်'

'အဟီး'

ဟု တင်ထွေးရယ်လိုက်ပြီးမှ....

'ဆရာ့ သူငယ်ချင်းတွေရဲ့ သမီးတွေလဲ ချောတာဘဲဗျ ဦးမောင်မောင်လေး ဆိုရင် သမီးချောတွေချည်း မွေးထားတာဘဲ'

'အဲဒီထဲက တယောက်လောက်တော့ ခင်ဗျားနဲ့ ကြည်နေပြီထင်တယ်'

'ခင်ဗျားကလဲဗျာ....ကျွန်တော့ကို အထင်ကြီးလိုက်တာ၊ ခုနကြံတုန်းရှိပါသေးတယ်၊ ဟား ဟား'

တင်ထွေး၏ စကားအဆုံးတွင် နှစ်ယောက်စလုံးပင်ရယ်လိုက်ကြ၏။

●

---

သက်တင်စာပေ

(၁၂)

ကောင်းကင်ပြာဝယ် စိန်ကြာပွင့်ကလေးများတောက်လက်ကာ လမင်းဝင်းဝင်း သာနေ၏။

ဆောင်းအေးခါတ် ရှိသော်လည်း နှင်းတို့မူမကျ။

ညကကြည်နေ၏။ လှနေပါ၏။

ည၏အလှသည် ခင်နွယ်ခက်၏ရင်ကို ဆွတ်ပျံ့စေသည်။

ချစ်ရသောမင်းဝေကို သတိရပါ၏။

လွမ်းမက်ရသော မင်းဝေ၏ မျက်နှာကို မြင်ယောင်ရပါ၏။

နှလုံးသားတိုင်သည်ထိ ရိုက်ခတ် တတ်သော မင်းဝေ၏ အသံတလွင်လွင်ကို ကြားယောင်နေရပါ၏။

ချစ်မိရပြီဆိုတော့လည်း အချိန်နှင့်အမျှ သတိရ နေတတ်သည်သာ။

---

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

သူ့အကြောင်းကိုဘဲ တွေးနေချင်သည်။

သူ့ကိုသာဘဲ မြင်ချင်နေသည်။

နံ့ဖူးစာဆိုသည်ကလည်း အဆန်းသား။ အရင်ကသည်းခင်မင်ရင်းနှီးခဲ့ဘူးခြင်းမရှိ၊ တခါက တစေ့ဘစောင်း မြင်ဘူးရုံမျှသာ မြင်ဘူးခဲ့သည်။ တွေ့ကြတော့လည်းချက်ခြင်းပင်တရင်းတနှီးကြီး ဖြစ်ခဲ့ကြပြီး ရက်ပိုင်းအတွင်းမှာပင် ချစ်သူများ ဖြစ်ခဲ့ကြသည်။

ပြောလျှင်ပင် ယုံနိုင်ဘွယ်မရှိ။

ယုံကြလျှင်လည်း 'အညာလွယ်သူ'ဟူ၍သာ မိမိကိုစွပ်စွဲကြလိမ့်မည်။

ဘယ်သူတွေ ဘာဘဲထင်ထင် မိမိချစ်ရသူက မထင်ဘို့ဘဲ အရေးကြီးသည်။ ကိုမင်းဝေသည် မိမိကို ဤသို့ ထင်မည်တော့ မဟုတ်။ ဒါကိုတော့ စိတ်ချပါသည်။ ထို့ကြောင့်လည်း မိန်းမတို့မာယာနှင့် ဟန်မလုပ်ခဲ့၊ အချိန်မဆွဲခဲ့။

တကယ်တော့ ချစ်တာသည် ချစ်တာဘဲဖြစ်သည်။ ပြီးတော့ ကိုမင်းဝေဆိုသည်မှာ အသက်ငယ်သော်လည်း ကိုယ်ပိုင်ဂုဏ်နှင့် ဒြပ်နှင့် ပညာနှင့်။

ကိုယ့်ခြေထောက်ပေါ်၌ ရပ်နိုင်သည့်သူ။ နည်းပြဆရာဆိုပေမင့် တက္ကသိုလ်က ဆရာတို့၏ ဂုဏ်သိက္ခာကလည်း နည်းသည် မဟုတ်။

ဒီတော့ ကိုမင်းဝေသည် လူငယ်သော်လည်း တည်ကြည်မည်မှာ မုချ။ ဖေါက်လွှဲဖေါက်ပြန် လုပ်မည့်သူမဟုတ်။





သစ္စာဖျက်ယွင်းမည့် လူမျိုးမဟုတ်။

သူနှင့်ပတ်သက်၍တော့ သံသယမရှိပါ။

စိုးရိမ်ရသည်မှာ မေမေ့ဘက်က။

မေမေ့ကိုမှ အသိရခက်၊ နားအလည်ရခက်လှသည်။

မေမေ၏ အတွေးအခေါ် အမူအကျင့်တို့ကလည်းဆန်းသည်။ ပြီးတော့ မေမေ့စိတ်ဓါတ်ကလည်း ခိုင်မာပြတ်သားသည်။

ဖေဖေသေတော့ မိမိအသက်အရွယ်က လူမှန်းသိတတ်ခါစ။ ဖေဖေ့အလောင်းဘေးမှာ မိမိက ရှိုက်ကြီးတငင် ငိုခဲ့မိသည်။ သို့သော်လည်း မေမေငိုသည်ကိုမူ မတွေ့ခဲ့ရ။

မျက်ရည်ပေါက်ကြီးငယ်ပင် ကျခဲ့သည်မထင်။

ရှိုက်ကြီးတငင် ငိုနေခဲ့သော မိမိကို မေမေက တည်ငြိမ်စွာပင် ပြောခဲ့သည်။

'မငိုနဲ့သမီး….လူရယ်လို့ဖြစ်လာရင် ခုလို ဝမ်းနည်းပူဆွေးစရာတွေ၊ ကြေကွဲစရာတွေကို လူတိုင်းမလွဲမသွေ တွေ့လာကြရမှာဘဲ။ ပူဆွေးစရာ ကြုံလာရလို့ ငိုကြရတာဟာ သဘာဝ ကျပေမယ့် ဒါကို ကြံ့ကြံ့ခံနိုင်တဲ့ စိတ်မျိုးတော့ မွေးကောင်းပါတယ်။ အကြောင်းမတူးတော့မဲ့ ကိစ္စအတွက် ဘာဖြစ်လို့ အပင်ပမ်းခံပြီး ငိုရမှာလဲ'

ဟုဆိုခဲ့သည်။

ဖေဖေသေတော့ မေမေသည် အရွယ်ကောင်းတုန်း ရှိသေးသည်။

လှတုန်းပတုန်း၊ လိုချင်သူတွေပေါတုန်း။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း မေမေသည် ဘယ်ယောကျ်ားကိုမှ အကပ်မခံခဲ့၊ ကြီးလွန်းသောသိက္ခာ၊ တည်လွန်းသော ဣန္ဒြေနှင့်သာ ကိုယ့်ဟာကိုယ် နေခဲ့သည်။ အိမ်ထဲသို့ပင် တစိမ်းယောကျ်ား မဝင်ရ။

ယောကျ်ားတွေဟာ ကောင်းတာမဟုတ်ဘူး'

ဟူ၍လည်း ပြတ်ပြတ်တောက်တောက် ပြောလေ့ ရှိခဲ့ဘူးသည်။

ငယ်ငယ်ကလည်း မိမိကို ယောကျ်ားလေးများနှင့် ကစားခွင့် မပေးခဲ့။

မေ့မေသည် အပြင်အပသို့ ထွက်ခဲ့သွားခဲလှသည်။ ထို့ကြောင့် မေမေ့၌ အပေါင်းအသင်းမရှိ၊ ရင်းနှီးသူမရှိ။

မေမေ့ကမှာ ကျဉ်းကျဉ်းကလေးထဲ၌ မနေနိုင်တော့ဘဲ ရေကြည်မြက်နုရှာရန် ရန်ကုန်သို့ ဆင်းမည်ပြုတော့ တားမရခဲ့သည့် မေမေက ပြတ်သားသော စကားများနှင့် မှာကြားလိုက်တာရှိသည်။

'သမီးကို ဘယ်လိုမှ တားမရလို့ လွှတ်လိုက်ရပေမဲ့ မေမေ့ မှာလိုက်ချင်တာတွေရှိတယ်။ အဲဒါကတော့ တခြားမဟုတ်ဘူး၊ လူငယ်ဘဝ တနေ့မှာ ငါ့သမီး မေတ္တာရှိတဲ့လူ တွေ့လာမှာဘဲ၊ ဒါပေမယ့် မေတ္တာရှိသူဟာ မေတ္တာရှိသူဘဲ။ အိမ်ထောင်ဘက်ကတော့ မေမေသဘောကျတဲ့သူဘဲ ဖြစ်ရမယ်။ ဒီလိုမှ မဟုတ်လို့ မေမေသဘောမကျပါဘူး ဆိုရက်နဲ့ သမီး ဇွတ်ယူမယ်ဆိုရင်တော့ မေမေနဲ့ငါ့သမီး ဒီဘဝမှာ တသက်လုံး လမ်းခွဲကျဖို့ ပြတ်ကျဘို့ဘဲ။ မေမေသေလဲ မလာနဲ့၊ သမီးသေလဲ မလာဘူး'

သက်တင်စာမေ

ထိုစကားကိုကြားတော့ သူ့ရင်ထဲ၌ ဝမ်းနည်းသွားရသည်။ တကယ်တော့ ချစ်သူလည်း မရှိသေးပါ။ မည်သူ့ကိုချစ်မည် ဟူ၍လည်း မရည်ရွယ်သေးပါ။ မည်သို့သောသူကို ယူပါမည် ဟူ၍လည်း စိတ်ကူးနှင့်ပင် တွေးမကြည့်သေးပါ။

သို့သော်လည်း မအေတခု သမီးတခုသာ ရှိကြသည့် မိခင်က ဤကဲ့သို့ ပြောလာတော့ ရင်ထဲ၌ အလိုလို ဝမ်းနည်းမိလိုက်ရသည်ဖြစ်ခြင်း။

'မေမေ့က ဘယ်လိုလူမျိုးနဲ့မှ သမီးကို သဘောတူမှာလဲ မေမေ'

မိမိက ထိုသို့မေးခဲ့သဖြင့် မေမေပြန်ပြောလိုက်သည့် စကားကလည်း....ခတ်ဆန်းဆန်း

အိမ်ထောင်တခုကို ခိုင်ခိုင်လုံလုံ တည်ဆောက် နိုင်တဲ့ ယောကျ်ားမျိုး၊ ကိုယ့်အားကိုယ်ကိုးတဲ့ ယောကျ်ားမျိုး၊ တည်ကြည်ပြီး သစ္စာရှိတဲ့ ယောကျ်ားမျိုးပေါ့။ ဒါပေမယ့် သမီးရွေးလာတဲ့လူဟာ အဲဒီလိုလူမျိုး ဖြစ်တောင်မှ မေမေက ကြည့်ပြီး သဘောမကျရင် ငါ့သမီး မယူရဘူး။ အဲ မိဘက ပိုက်ဆံရှိပေမဲ့ လူက ဂျပိုးတေလေလို အစားမျိုး ဆိုရင်တော့ စိတ်ကူးထဲတောင် မထည့်ခဲ့နဲ့'

သူပြောခဲ့သော ယောကျ်ားကောင်းမျိုးကို မိမိကရွေးခဲ့လျှင်တောင်မှ မေမေ အမြင်တွင် မကြိုက်လျှင် မယူရတဲ့။

ဤအချက်ကိုတော့ ခင်နွယ်ခက် ဘဝင်မကျ။

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

သို့သော်လည်း အသိရခက်သည့် မေမေ့ကိုမူ မည်သို့မှတော့ စောဒကမတက်ခဲ့။

ထိုစဉ်တုန်းကတော့၊ ချစ်သူဆိုသည်ကလည်း ဘာယ်မှာနေမှန်း မသိသေး ဤပြဿနာမျိုး ကြုံလာဘို့ကလည်း ဝေးလိမ့်ဦးမည်။

ဒါတွေက ... ဟိုတုန်းက....

ခုတော့ ကြုံလာရပြီ။

မိမိ၏ချစ်ရေး ပြဿနာကို၊ မေ့မေ့ထံ တင်ပြရတော့မည်။

ကိုမင်းဝေကို မေမေ့ သဘောကျပါမည်လော။

ကြောင်းကျိုး ဆင်ချင်စိတ်နှင့်၊ ကြည့်မည် ဆိုလျှင်တော့၊ ကိုမင်းဝေလိုလူကို မေ့မေ့သည် သားမက်အဖြစ် လက်မခံနိုင်စရာ မရှိ။

မေမေ၏ လျှို့ဝှက်သော၊ သိရခက်သော အမြင်မျိုးနှင့် ဆိုလျှင်တော့ မေမေ့အဘို့၊ ကိုမင်းဝေသည် မည်သို့ရှိမည်မသိ။

အကယ်၍ ကိုမင်းဝေအား မေမေသည်၊ သဘောမကျဘူး ဆိုပါက။

တွေးရင်းပင် ခင်နွယ်ခက် သက်ပြင်းချလိုက်သည်။

ခေါက်တုန့်ခေါက်ပြန် လျှောက်နေသော ခင်နွယ်ခက်သည်၊ ရပ်လိုက်ပြီးနောက် ဝင်းပသော လမင်းကြီးနှင့်၊ ပြာလွင်သော ကောင်းကင် ပြင်ကြီးကို မော့ကြည့်နေသည်။

'နွယ်....'

ခေါ်သံကြား၍ ခင်နွယ်ခက် ဖျတ်ကနဲ လှည့်ကြည့်လိုက်သည်။ ပိတ်ထားသော ခြံဝင်းတံခါးကို လက်နှင့်ကိုင်ရင်း အပြင်ဖက်၌ ရပ်နေသူကို မြင်လိုက်ရ၏။

သက်တင်စာပေ



အသံကိုလည်း မှတ်မိပါ၏။

လရောင်လွင်နေ၍၊ လူကိုလည်းမြင်သာ သိသာပါ၏။

သို့သော်လည်း ခင်နွယ်ခက်သည်၊ မင်းဝေကို ယခုလို လာလိမ့်မည်ဟူ၍တော့ မျှော်လင့်မထားမိ။

ရုတ်တရက် ဝမ်းသာသွားရ၏။

သို့သော်လည်း ချက်ခြင်းလိုပင်ဖျတ်ကနဲအိမ်ဘက်ဆီသို့ကြည့်လိုက်မိပြန်၏။

မိမိတို့ကို မေမေများ တွေ့လေမလား၊ တံခါးမကြီးနှင့် ပြတင်းပေါက်တို့၌ မီးရောင် လင်းနေသော်လည်း။ မေ့မေ၏ အရိပ်အယောင်ကိုမူ မမြင်ရ။

ခင်နွယ်ခက် အနည်းငယ် စိတ်အေးသွားရ၏။

ခြံတံခါးဝသို့ ရောက်သွားသည်။

'နွယ်....'

မင်းဝေက ထပ်ခေါ်၏။

'မောင်...,တယောက်ထဲလား'

'ဟုတ်တယ်၊ မောင်တယောက်ထဲ၊ ကိုတင်ထွေး ငွေစာရင်းတွေရှင်းနေလို့၊ မအားဘူး၊ နွယ့်ကိုတွေ့ချင်လို့၊ မောင်ထွက်လာတာ'

ဤလိုညပိုင်း အချိန်မျိုး၌၊ မင်းဝေအား အိမ်ပေါ် သို့တော့ မခေါ်ချင်၊ မေမေနှင့် တွေ့ပေးရမည်ဆိုလျှင်လည်း၊ နေ့ခင်းခင်းတွင်သာ၊ တွေ့ပေးချင်သည်။

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ခင်နှယ်ခက်၏ အခက်အခဲကို မင်းဝေရိပ်မိသည်။ ထို့ကြောင့် ဆက်ပြောလိုက်၏။

'နှယ့်ကိုအိမ်ထဲမှာတော့ သိတ်မတွေ့ချင်ပါဘူး။ ဖြစ်နိုင်ရင် ကန်ဘောင်ရိုးပေါ်မှာသာ အတူတူ လမ်းလျှောက်ချင်တာပါ၊ နှယ်ထွက်လို့ မရဘူးလား'

ခေတ္တမျှ ခင်နှယ်ခက် စဉ်းစားနေလိုက်ပြီးမှ....

'မေမေ့ အိပ်သွားရင်တော့၊ နှယ်ထွက်လို့ရပါတယ်၊ ခဏနေရင် မေမေအိပ်ဆေး သောက်ပြီး အိပ်ပျော်သွားမှာပါဘဲ၊ အဲဒီကျတော့ နှယ်ထွက်လာခဲ့မယ်၊ နောက်တနာရီ လောက်နေရင်၊ မောင် နောက်ဘေး ဘက်ကနေပြီး လာခဲ့လေ၊ နှယ်ထွက်လာခဲ့မယ်'

မင်းဝေ ဝမ်းသာသွားသည်။

တနာရီခန့်မျှ စောင့်နေရမည်မှာတော့ မထောင်းသာလှ....

'ကောင်းပြီနှယ်၊ မောင်နောက်ဖက်က ပြန်လာခဲ့မယ်'

မင်းဝေသည် ခင်နှယ်ခက်၏မျက်နှာကို တချက်မျှ ရွှန်းရွှန်းစားစားကြည့်လိုက်ပြီးနောက်၊ ပြန်လှည့်၍ထွက်ခဲ့သည်။

မြောက်ဘက်သို့ထွက်ခဲ့၏၊ ကန်သာယာလမ်းမှ ချိုးခဲ့၏။

ကန်ဘောင်ပေါ်သို့ ရောက်ခဲ့သည်။

အား....လသာသောည၏ ကန်သာယာရှုခင်းသည် လှပလွန်းလှပါသည် တကား။

လရောင်ဖျန်းထားသော ကန်ရေပြင်ဝယ် ငွေချည်၊ငွေမင်၊ ငွေစ၊ ငွေစက် တို့ဖြင့် တောက်လက်နေ၏။

သက်တင်စာမေ



ငွေလမင်းက ဆက်ကပ်ပူဇော်ထားသော လရောင်ခြည်ဖြင့် ...း စေတီတော်မြတ်မှာလည်း ရွှေသက်န်းရောင် ဝင်းပနေ ...ည်၊ စေတီတော်မှ ပြန့်လွင့်လာသော ဆွဲလဲခေါင်းလောင်း ...သံမှတပါး ညသည် တိတ်ဆိတ်နေ၏။

အဝေးဆီတွင်မူ မြူငွေ့တို့ ဝေနေသည်။

တိမ်သားကင်းသော ကောင်းကင်ပြင်ကြီးမှာ ပြာမှိုင်းနေ၏၊ ...ယ်ကလေးများ လက်နေ၏၊ ဤညအလှကို ကြီးစိုးသော ...မင်းကြီးမှာလည်း တင့်တယ်လွန်းလှပါဘို့။

ဘယ်ဆီက ပြန့်လွင့်လာသည်မသိသော ညမွှေးပန်းယနံ့ ...ည် မင်းဝေကို ဖြတ်ပြေးသွားသည်။

ဤဝန်းကျင်၊ ဤရှုခင်းနှင့် ဤယနံ့တို့ ပေါင်းစည်းထား ...ာ ညအလှကို ခံစားနေရင်းက မင်းဝေသည် ဦးအောင် ...ဆိုသူကို သတိရမိလိုက်သည်။

...မိသည် ဦးအောင်ခက်နှင့် ရှပ်ရည်ချင်းတူသည်ကိုတော့ ...ားက အသိအမှတ်ပြုခဲ့ကြပြီးပြီ။

...၏ ဆန်းကျယ်သောအိပ်မက်များနှင့် ဦးအောင်ခက်၏ ...ယ့်အဖြစ်အပျက်သည် ဆက်စပ်ပါလေသလား။

...ါကိုမူ သိချင်လှသည်။

...အားစေတီဘုရားရှေ့မှ မန်ကျည်းပင်ကြီးဝယ် ခုတိုင် ထိမြင် ...ိုင်သေးသော....

'အောင်–နှယ်'

...သည့် စာလုံး နှစ်လုံးကမူ မိမိအိပ်မက်၏ လက်တွေ့ဆန် ...ို သက်သေပြနေသည်။

သက်တင်စာမေ

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း အိပ်မက်ထဲကနွယ်သည် မည်သူနည်း၊ ပြ
တော့ အိပ်မက်ထဲက မိမိကော မည်သူပါနည်း။

ကန်ရေစွန်းဝယ် လဝန်းသာနေချိန် လှေပေါ်မှနေ၍ မိ
အား 'နွယ်' ဆိုသူက လှော်တက်ဖြင့် ရိုက်ချခဲ့သည့်အိပ်မက်မှ
လည်း ဘကယ့်အဖြစ်အပျက်ကို ကိုယ်စားပြုပါလေသလား။

ဦးအောင်ခက်ဆိုသူသည် ခေါင်း၌ ဒဏ်ရာနှင့် ဤကန်ထဲ
ပင် ရေနစ်၍ သေခဲ့သည်။

အိပ်မက်ထဲ၌ မိမိဖြစ်ပျက်ခဲ့သည့်အတိုင်းပင်....။

တကယ့်အမှုတွင်တော့ တရားခံမပေါ်ခဲ့။ အိပ်မက်ထဲတွင်
တရားခံသည်....

'နွယ်....'

သို့သော်လည်း ယခု မိမိတွေ့နေရသော 'နွယ်' ဆိုသူ
နွယ်ခက်သည် ထိုစဉ်တုန်းက မွေးပင် မွေးဦးမည် မဟု
ဒီတော့ အိပ်မက်ထဲမှ 'နွယ်' နှင့် ယခု မိမိ၏ 'နွယ်' တို့သ
မည်သို့ ဆက်စပ်ပါလေသနည်း၊ ဘာမျှတော့ဆိုင်မည်မထင်။

တခုတော့ရှိသည်။ ဤ 'နွယ်' သည် အိပ်မက်ထဲမှ 'နွယ်'
သူ ဝင်စားခဲ့သော လူဝင်စား လေလား၊ သို့ဆိုလျှင် မိမိကော
ဦးအောင်ခက် ဝင်စားသူလား။'

ဘဝနီးသော လူဝင်စားမှန်လျှင် ဘဝဟောင်းက အ
တို့ကို မှတ်မိတတ်ကြသည်ဟု ကြားဘူးသည်။ မိမိတော့ ဘ
မှတ်မိတာမရှိ ထူးဆန်းသောအိပ်မက်တို့ကို မက်ခဲ့တာဘဲရှိသ





နွယ်ဆိုလျှင် ဘဝဟောင်းက အဖြစ်အပျက်တို့ကို မှတ်မိဘို့
မဆိုထားနှင့် ဆန်းပြားသော အိပ်မက်တို့ကိုပင် မိမိမက်သကဲ့
သို့ မမက်ဘူးခဲ့....။

လောကသဘာဝ၏ လျှို့ဝှက်နက်နဲခြင်းတို့သည် များလှစွာ
၏။ အဖြေရှာမတွေ့တတ်သော အံ့သြစဖွယ် အဖြစ်တို့လည်း ရှိ
နေတတ်ကြသည်သာတည်း။

မိမိ၏ အိပ်မက်နှင့် ဦးအောင်ခက်၏အဖြစ်တို့ မည်သို့ဆက်စပ်
သည် မည်သို့ပတ်သက်သည်မှာလည်း နောက်ဆုံးတွင်တော့အဖြေ
ရှိချင်မှ ရှိမည် ရှာတွေ့ချင်မှတွေ့မည်။

အဖြေမတွေ့သော ပဟေဠိတခုအဖြစ်နှင့်သာ၊ ရှိနေကောင်း
ရှိနေမည်။

သို့ဆိုလျှင်လည်း မိမိကကော ဘာများတတ်နိုင်ပါမည်နည်း။
မင်းဝေသည် သက်ပြင်းချလိုက်၏။

ဘာဘဲဖြစ်ဖြစ် နောက်ဆုံးတွင် အဖြေမတွေ့လျှင်လည်းရှိစေ၊
ဤပြဿနာပေါ်အောင် တတ်နိုင်သမျှတော့ ရှာရမည်။

ယခုအချိန်အထိတော့ မဆိုးလှသေး။ အဆက်အစပ်ကလေး
များကိုတော့ တွေ့လာရပြီ။ အရေးကြီးသော အချက်တခုသာ
ကျန်တော့သည်။ ဦးအောင်ခက်၏ ချစ်သူရည်းစားဆိုသူသည်
မည်သူပါနည်း၊ သူ့နာမည်လည်း 'နွယ်' ပါပါလေသလား။

ဒါကိုတော့ ဦးမောင်မောင်လေးတို့ ဦးသောင်းတို့နှင့်တွေ့
လျှင်တော့ သိလာရမည်မှာ မလွဲ။

လဝန်းသည် မြင့်လာပြီ။



www.burmeseclassic.com

www.burmeseclassic.com



ညနေခင်းသည်လည်း ပို၍လှသော သဘာဝရှုခင်းတချပ်ဖြစ်လာပြီ။

မင်းဝေသည် သူ့လက်မှနာရီကို မ,၍ လရောင်ဖြင့် ကြည့်လိုက်သည်။ ည ရှစ်နာရီ ထိုးတော့မည်။

ခုလောက်ဆိုလျှင်တော့ ခင်နွယ်ခက်တယောက် သူ့ကိုစောင့်နေလောက်ပြီထင်သည်။

မင်းဝေ ကန်ဘောင်ရိုးအတိုင်း လျှောက်ခဲ့၏။

မကြာမီမှာပင် ခင်နွယ်ခက်တို့ အိမ်နောက် တည့်တည့်သို့ရောက်ခဲ့သည်။

ကန်ဘောင်ရိုးပေါ်မှဆင်းကာ ဘုန်းကြီးကျောင်းဝင်းကိုဖြတ်ခဲ့သည်။ ခင်နွယ်ခက်တို့ ဝင်းခြံနားသို့ ကပ်မိ၏။

ခြံထဲ၌ ခင်နွယ်ခက်ကို တယောက်တည်းပင် တွေ့လိုက်သည်။

'နွယ်'

မင်းဝေ ခတ်တိုးတိုးခေါ်လိုက်၏။သူ မခေါ်မီကတည်းကပင် ခင်နွယ်ခက်ကလည်း သူ့ကိုမြင်ပြီးဖြစ်နေ၏။

'လာပြီမောင်'

ခင်နွယ်ခက်ထွက် လာသည်။

မင်းဝေလက်တွဲ၍ ခေါ်ခဲ့သည်။ သူတို့ဖြတ်လာခဲ့ရသော မန်ကျည်းပင်အုပ်အုပ်တို့၏အရိပ်မှာ မှောင်နေသည်။

မင်းဝေ ခင်နွယ်ခက်၏ပုခုံးကလေးကိုဆွဲကာလှည့်၍ သူ့ရင်နှင့်အပ်လိုက်သည်။ ထိုနောက် အငန်းမရပင် သူ့ပါးပြင်နှင့်ကို တအားကြီးမွှေးပြစ်လိုက်သည်။





ခင်နွယ်ခက်ငြိမ်နေ၏။

ရင်ထဲ၌မူ တလှပ်လှပ် ခံစားလိုက်ရသည်။ အေးအေး....သိမ့်ငြိမ့်ငြိမ့်ကလေး။

ကနေ့မှ ခင်နွယ်ခက်သည် မင်းဝေ၏ရင်ခွင်တွင်းမှ အသာပင် ခွာလိုက်သည်။ တယောက်လက်ကို တယောက်ကိုင်ကန်ဘောင်ပေါ်သို့တက်ခဲ့ကြသည်။

ချစ်သူနှင့်လရောင်သည် အလိုက်ဖက်ဆုံးသော အတွဲဖြစ်၏။

မိမိဘေး၌ချစ်သူ၊

ကောင်းကင်၌လမင်း၊

နှင်းလဲ့သောငွေရောင်ခြည်၏အောက်၌ တယောက်မျက်နှာယောက်ကြည့်မြင်နေရသည်မှာလည်း ပီတိဖြစ်စရာ။

ခင်နွယ်ခက်၏မျက်နှာကို မင်းဝေကြည့်၍အားမရ။

ခင်နွယ်ခက်လည်း မင်းဝေ၏မျက်နှာကိုကြည့်၍မဝ။

သဘာဝတရားကိုကျေးဇူးတင်ပါ၏။လမင်းကြီးကို ကျေးဇူးပါ၏။ ချစ်သူကို ကျေးဇူးတင်ပါ၏၊ ပြီးတော့ မိမိ၏ ခံစားသောနှလုံးသားကို ကျေးဇူးတင်ပါ၏။

'မောင်'

'ပြော....နွယ်'

'နွယ်တို့နှစ်ယောက် လှေစီးကြရအောင်'

'အို'

မင်းဝေသည် ထိုသို့ရေရွတ်လိုက်မိရင်းက သူ့မျက်လုံးများကမ်းစပ်၌ချည်ထားသောလှေကလေးဆီသို့ ရောက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဤလှေကလေးသည် အိပ်မက်ထဲ၌ သူစီးခဲ့ရသော [...] ကလေးပင်ဖြစ်လေသလား။

ခင်နွယ်ခက်ရယ်လိုက်သည်။

'ဘာလဲ....ရေမကူးတတ်ဘူးလို့ပြောအုံးမလို့လား'

'ဟုတ်ဘယ်နွယ်၊ မောင်....ရေမကူးတတ်ဘူး'

'မကြောက်ပါနဲ့မောင်ရယ်၊ နွယ်လှေကောင်းကောင်း[...] တတ်ပါတယ်၊လှေမမှောက်နိုင်ပါဘူး၊ကန်ရေပြင်က လဲ သင်[...] ခင်းထားသလို ငြိမ်နေတာပါ မောင်'

မှန်ပါသည်။

ကန်ရေပြင်သည် ငြိမ့်နေ၏။ လရောင်ဟပ်နေသဖြင့် ငွေ[...] ပြား ခင်းထားဘိသကဲ့သို့ပင် ရှိနေသည်။

တည်ငြိမ်လှပသော ဤရေပြင်ဝယ် အန္တရာယ်တစုံတခု[...] ပါသည်ဟူ၍လည်း ထင်ရက်စရာမရှိ။

ဝင်းပနေသော ငွေလရောင်၏အောက် လှပသောဤ[...] ရေပြင်၌ချစ်သူနှင့်လှေစီးရမည့်အလုပ်သည် တကယ်တော့ [...] နှုးပျော်မွေ့ဘွယ်ကောင်းလိုက်မည့်ဖြစ်ခြင်း။

'ကောင်းပါပြီနွယ်....မောင်စီးပါ့မယ်....'

ခင်နွယ်ခက်၏မျက်နှာကလေး ဝမ်းသာဟန်နှင့် ဝင်းပ[...] ၏၊

'ဟုတ်ပြီမောင်....ဒီလိုမှပေါ့'

အဝတ်လျှော်ရေခပ် ဆင်းရာဖြစ်သော တံတားက[...] ပေါ်သို့ သူတို့ဆင်းခဲ့ကြသည်။

---

သက်တင်စာပေ



'ကဲ....မောင် လှေပေါ်အရင်တက်၊ ပြီးတော့ လှေဦးကထိုင်၊ [...]နောက်ကထိုင်ပြီး၊ လှေလှော်မယ်'

လှေပေါ်သို့ မင်းဝေတက်လိုက်၏။

လှေသည် အနည်းငယ်မျှ ဘယ်ညာလူးသွားသည်။ မင်းဝေ[...]င်ထဲဝယ် ထိတ်ကနဲဖြစ်သွားရ၏။ ပြီးမှသူ့ကိုသူ မကြေမနပ်[...]လိုက်ရသည်။ အဘယ်ကြောင့် ဤမျှလောက်နှင့် မိမိရင်သည်[...]တ်ရပါမည်နည်း။ ယောကျ်ားတယောက်၏အသဲသည် ဤမျှ[...]ရပါမည်လား။

တခုတော့ရှိသည်။ ကြောက်လန့်ဘွယ်အိပ်မက်သည် သူ့စိတ်[...] လွှမ်းမိုးထား၍ပင်ဖြစ်မည်။

အိပ်မက်ထဲတွင် သူသည် ဤလိုလှေငယ်ပေါ်မှကျ၍ ရေနစ်[...]သည်မဟုတ်လား။

မင်းဝေသည် ခုမှပင် ငယ်ငယ်ကအဖြစ်ကို ရုတ်တရက် [...]မှတ်မထင် သတိရလိုက်မိ၏။

မိမိငယ်ငယ်က....

ကလေးအရွယ်လူမမယ်ဘဝက ရေချိုးရမှာအလွန်ကြောက် [...]သည်။ လူကြီးတွေက ရေချိုးပေးတော့မည်ပြုလျှင် ငိုခဲ့သည်။ [...]ိုးခဲ့သည်၊ ထွက်ပြေးသည်။ လူကြီးတွေက ဇွတ်အတင်းရေချိုး[...]ပြန်လျှင်လည်း မပြီးမခြင်း အော်၍ ငိုနေခဲ့သည်သာဖြစ် [...]သည်။

ပြီးတော့ ခေါင်းကရေလောင်းချိုးပေးမည်ကိုလည်း အလွန် [...]ကြောက်ခဲ့သည်။ ခေါင်းပေါ်မှနေ၍ ရေအလောင်းမခံ။

---

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

မိမိအား ရေချိုးပေးနေကြ အခေါ်က မိမိကို ရေချိုးအ တော့မည်ဆိုလျှင်....

'မင်းဝေရေ....စစ်တိုက်ကြရအောင်'

ဟုပြောလေ့ရှိသည်။

ထိုအခါမျိုးတွင် မင်းဝေသည်....

'စစ်မတိုက်ဘူး၊ ရေမချိုးဘူး'

ဟု ပြော၍ အော်ငိုသည်၊ ထွက်ပြေးသည်။

ရေချိုးပေးသော အခေါ်အနေနှင့် မိမိအား ရေချိုးပေး သည်မှာ တကယ်ပင် စစ်တိုက်ရသည်နှင့်တူသည်ဟု ပြောတ ခဲ့ဘူးသည်။

သူ့ဖခင်ကလည်း....

'ဒီကောင် ဒီလောက်တောင် ရေကြောက်တတ်တာ အရ ဘဝက ရေနစ်ပြီးတော့များ သေခဲ့သလားမသိဘူး'

ဟူ၍ပင် မှတ်ချက်ချခဲ့ဘူးသည်။

ယခုလည်း ရေချိုးရမှာမကြောက်သော်လည်း မြစ်ပြင် ကျ ရေတို့၌ ဘယ်တော့မှဆင်းမချိုး။ ရေပြင်ကျယ်၌ ဆင်းချိုးရမည့် အဖြစ်ကို မင်းဝေကြောက်သည်။

လှေပေါ်သို့မိမိရောက်ပြီး ခင်နွယ်ခက်တက်လိုက်တော့ လှေ ကပို၍လူးသွားသည်။ လှေနံနှစ်ဖက်ကိုလက်နှင့်ကိုင်ရင်း မင်းဝေ ထိုင်ချလိုက်မိ၏။

သူ့ရင်ခုန်နေ၏။





သဘောကျစွာ ခင်နွယ်ခက်ရယ်လိုက်သည်။ အသံကလေးက တခစ်ခစ်နှင့်။

'မောင်ဟာလေ....သိပ်ကြောက်တတ်တာဘဲ'

ဤစကားအတွက်မူ မင်းဝေရှက်သွားရသည်။

ချစ်သူက 'ကြောက်တတ်သည်' ဟု အပြောခံရသော ယောကျ်ားသားအနေနှင့်ရှက်စိတ်ဝင်ရသည်မှာတော့သဘာဝ။

'ရေကိုတော့ မောင်ကြောက်တယ်နွယ်၊ ဒါပေမယ့် ရေက လွဲရင် မောင် ဘာကိုမှမကြောက်ပါဘူး'

ခင်နွယ်ခက် ရယ်ပြန်၏။

'ဒါဖြင့်....သရဲကော'

'မကြောက်ဘူး'

'တကယ်....'

'တကယ်ပေါ့'

'ကဲ....ဒါဖြင့်....ရေသရဲကိုကော'

ခင်နွယ်ခက်၏ မျက်နှာက ပြုံးစိစိ။

'ရေသရဲကိုလဲ မကြောက်ပေါင်'

မင်းဝေက ခတ်တည်တည်။

'မယုံပေါင်....ရေကိုကြောက်တဲ့ လူကများ ရေသရဲဆိုရင် ပိုကြောက်မှာပေါ့'

'ရေကိုသာ မောင်ကြောက်တာနွယ်၊ ရေသရဲက ရေမှမဟုတ် ဘဲ၊ ဘာဖြစ်လို့ ကြောက်ရမှာလဲ'



www.burmeseclassic.com

www.burmeseclassic.com

'ရေသာရဲဆိုတာ ရေထဲမှာနေတာ။ (သူ့ဂုဏ်ထူးနဲ့နာမည်က ရေသာရဲ) နှယ်တို့ကတော့ ရေကိုမကြောက်ဘူး၊ ရေသာရဲကိုသာ ကြောက်တာ'

'ရေထဲမှာ နေတဲ့သူတွေကိုတော့ မောင် မကြောက်ပေါင်။ ဆိုပါတော့။ ရေသူမ ဆိုရင် မောင်က မကြောက်ဘဲ အပြင် ချစ်တောင်မှချစ်သေး'

'ဟင်း....ဟင်း'

ခင်နှယ်ခက်ရယ်သည်။

'မောင်....ငန်းတတ်တာတွေကို လူသိအောင် သိတ်မပြော နေနဲ့....'

မင်းဝေကလည်း....ရယ်သည်။

ဘာမျှပြန်မပြောဘဲ ခင်နှယ်ခက် ထိုင်ရာမှ လှေနောက်ပိုင်း ထိုင်ခုံကလေးပေါ်သို့ရွှေ့ကာ တိုးတိုးခွေ ခွေ ဝင်ထိုင်လိုက်သည်။

'အို....ဘာလို့ နှယ့်နားလာထိုင်ရတာလဲ၊ ကိုယ့်ဟာကိုယ် သပ်သပ်ထိုင်ပါလား'

'နှယ့်နားမှာ ထိုင်ချင်လို့ပေါ့။ နှယ့်အသား နုနုအိအိနဲ့ ထိချင်လို့၊ နှယ့်ကိုယ်သင်းနံ့ကလေးကို ရှူချင်လို့။ ပြီးတော့ နှယ့်ပုခုံကလေးကို ကိုင်ချင်လို့'

မင်းဝေသည် ပြောပြောဆိုဆိုပင် ခင်နှယ်ခက်၏ ပုခုံးကလေး ကို သိုင်းဖက်ကာ ဆုတ်ကိုင်လိုက်သည်။

'ဟင်း....နေဉ်၊ သူတော်တော် အသားယူ၊ နှယ်မကြိုက်ဘူး'

သက်တင်စာပေ



'ဘာကိုမကြိုက်တာလဲ'

'ခုလို....လူနားကပ်ပြီး ပုခုံးကို ဖက်ထားတာကိုပေါ့'

'ဒါပေမယ်....မောင့်ကိုတော့ ချစ်တယ်မဟုတ်လား'

'မောင့်ကိုလဲ....မချစ်ပေါင်'

'နှယ်တို့....မိန်းခလေးတွေဟာလေ စကားကို သိပ်ပြီးတော့ ပြောင်းပြန်ပြောတတ်တာဘဲ။ မသိရင်ခက်မယ်'

'အံ့မယ်....အံမယ်.... သူ့ကိုယ်သူ မှကျွမ်းကြတဲ့ လူကြီး ပေါ့လေ'

မင်းဝေ ဘာမျှပြန်မပြောတော့၊ ခင်နှယ်ခက်ကို သူ့ရင်ခွင် ထဲသို့ ခတ်စောင်းစောင်းကလေး ဆွဲသွင်းလိုက်ပြီး နောက် တော်ခမ်းပြည့်ပြည့် ပါးအိအိ ကလေးကို ခတ်ဖွဖွကလေး မွှေးပစ်လိုက်၏။

ဤတဒင်္ဂအတွင်း၌ ညဉ့်၏အလှဟူသမျှသည် တိတ်ဆိတ်ခြင်း သာလျှင် ရှိတော့သည်။

မင်းဝေ၏စိတ်ထဲတွင်ဝယ်၊ ကြည်နူးခြင်း၊ နှစ်သိမ့်ခြင်း တို့နှင့် ပြည့်နေသလိုပင်၊ ခင်နှယ်ခက်၏ ရင်ထဲ၌လည်း၊ အေးအေး ကျင် ကျင်၊ ဖိုဖိုလှိုက်လှိုက်ကလေး ခံစားလိုက်ရ၏။

ခဏနေမှ မျက်နှာချင်း ကွာသွား၏။ တပြိုင်နက်ထည်း လိုပင် ငွေ့သက်ကိုလည်း ရှိုက်လိုက်မိ၏။

ရုတ်တရက် စကားမဆိုမိကြ။

ညဉ့်၏အလှသည်ပြန်လည်၍ ပွင့်လန်းလာ၏။

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



**ရေကန်၏** အပြင်ဘက် မြေကြီးပေါ်မှနေ၍ ကန်ရေပြင်၏ အလှကို ခံစားရခြင်းနှင့် ရေပြင်ထဲမှနေ၍ ကန်ရေပြင်၏အလှ ခံစားရပုံခြင်းတို့မှာမတူ၊ ခြားနားခြင်း ရှိသည်။

မြေကြီးပေါ်မှနေ၍ ရှုမြင်ရသည်မှာ ကန်ရေပြင်သည် မိမိ အပြင်ဘက် အဝေးကတသီးတခြား။ ကန်ရှုခင်းကို ပန်းချီကာ တချပ်နှယ်၊ အဝေးကြည့် ကြည့်ရသည့်ပုံမျိုး။

ယခုလို ကန်ရေပြင်ထဲ၌ လှေပေါ်မှနေ၍ ကြည့်ရသည်မှာ ကန်ရေပြင်သည် တသီးတခြားမဟုတ်။ မိမိ၏အပြင်ဘက် အဝေ ကမဟုတ်။ မိမိသည်ပင် ကန်ထဲက ရေပတ်လည် ဝိုင်းခံနေရ မိမိကိုယ်တိုင်ပင်လျှင် ကန်၏ အစိတ်အပိုင်းတခု။

ကြယ်ပေါင်းခကာ ဝင်းပသော ငွေလမင်းကြီးနှင့် ပြာမှိုင် ကြည်လွင်သည့် ကောင်းကင်ပြင်ကြီးသည်ပင် မိမိအား အထ နှင့်အောက်က ဝန်းရံထားသည်။

ရေပြင်ဝယ် လ၊ ကြယ်၊ ကောင်းကင်နှင့် ခေါင်းထက်၌လည် လ၊ ကြယ်၊ ကောင်းကင်တို့ ရှိနေ၏။

ဒီတော့....ရေပြင်အလယ်၌ မိမိ....

ကောင်းကင်အလယ်၌ မိမိအား လဝန်း ကြည်ကြည်ကို လှမ်းဆွတ်ချူ၍ ရနိုင်လောက်သည့် အဖြစ်။

သို့သော်လည်း ကောင်းကင်မှ 'လ'၊ ရေထဲမှ 'လ' ကိုတော လှမ်းချူကာ မယူလိုက်ချင်ပါ။

မိမိ၏ နံဘေးဝယ် ဆွတ်ချူထားပြီး ဖြစ်သော 'ဘဝ ငွေလမင်း' ကြီးရှိနေပါပကော....

သက်တင်စာပေ



'ချစ်ရသူ လုနတ်သမီးကလေး' ကို ဆွတ်ချူ၍ ပြီးပါပကော။ မှင်းဝေသည် ခက်နွယ်ခက်အား ကြည့်လိုက်၏။

သူလည်း မိမိလိုပင် ဤသဘာဝအလှတို့အလယ်၌ ဆွတ်ပျံ့ ညွှတ်နူးနေသည် ထင်သည်။ ကန်ရေပြင့်၌ သူ့မျက်လုံးတို့ စိုက် နေ၏။ သူ့မျက်လုံးများသည်း ကြည်လင်ရွှန်းမြ တောက်ပနေ ကြ၏။

'မောင်....'

'ပြောပါနွယ်....'

'သိတ်ချစ်စရာ ကောင်းတယ်နော်'

'မောင့်ကိုလား၊ ချစ်စရာ ကောင်းလို့၊ မောင့်ကို နွယ်ချစ် မြီးပြီ မဟုတ်လား'

ခင်နွယ်ခက် မျက်စောင်းထိုးသည်။

'ဟင်း....ဟင်း....ဒါကို ပြောတာမဟုတ်ဘူး၊ ကိုရွှေလိပ်ကြီး ရဲ့၊ ဒီကန်၊ ဒီပတ်ဝန်းကျင်နဲ့ ဒီညကိုပြောတာ'

'သိပါဘူးဗျာ၊ မောင့်ကိုများ ပြောနေသလားလို့'

မင်းဝေကျေနပ်စွာ ရယ်နေသည်။

ပြီးမှ....။

'နွယ်ပြောတာ မောင် သဘောတူပါတယ် အချစ်ရယ်၊ ဒီကန်နဲ့ ဒီပတ်ဝန်းကျင်ဟာ တကယ်ဘဲ လှပါတယ်၊ အိပ်မက်ထဲ မှာ မောင် ခဏခဏ ဒီကန်ကြီးကို တွေ့တွေ့ နေခဲ့ ကတည်းက ဒီကန်ကို မောင် တကယ် တွေ့ချင် မြင်နေချင်တာ။

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'မောင့် အိပ်မက်တွေကို ပြောပြပါအုံးမောင်၊ အိပ်မက်တွေကကော ဘယ်နှစ်မျိုးလောက် ရှိသလဲ'

'အာလုံးသုံးမျိုး နွယ်ရဲ့နှစ်ခုကိုတော့နွယ့်ကို မောင် ပြောပြီးပြီလေ'

'သေသေချာချာ အသေးစိတ် မပြောရသေးပါဘူး၊ သစ်ပင်မှာ နာမည်ထွင်းတဲ့ အိပ်မက်ကစပြီးတော့ ပြောမောင်'

'အဲဒီအိပ်မက်ရဲ့ အစကနွယ်နဲ့ မောင်တို့နှစ်ယောက်က ဟို.... အေးစေတီ ဘုရားလေးကို နှစ်ယောက်သား အတူတူဖူး ကြပြီးတော့ ထွက်လာကြတယ်၊ အဲဒီ မှန်ကျည်းပင် အောက်ကိုရောက်ကြတော့နွယ်က နွယ့်မောင်းချပါးကလေးကိုထုတ်၊ မောင်ကလဲ မောင့် ဓါးမြှောင်ကလေးကိုထုတ်၊ ပြီးတော့ မန်ကျည်းပင်ကြီးမှာ ကိုယ့်နာမည်လေးကို ကိုယ်၊ တလှည့်စီ ထွင်းကြတာပါဘဲ၊ ဒါပေမယ့် နွယ်နဲ့မောင်က ခုမောင်တို့ အသက်အရွယ်မျိုးမဟုတ်ဘူး၊ ငယ်ကြသေးတယ် ဆယ်ကျော်သက်ကလေးတွေဘဲ ရှိကြသေးတာ'

'ဒါဖြင့် မောင်နဲ့နွယ်က ငယ်ငယ်ကလေးကတည်းကတွေ့ခဲ့ကြဘာပေါ့နော်'

ခင်နွယ်ခက်သည် ပြုံးပြုံးကလေး ဆိုလိုက်သည်။

'ဟုတ်တယ်လေ နွယ်နဲ့မောင်က ငယ်ကကျွမ်းတဲ့ ငယ်ကျွမ်းချစ်သူတွေပါ၊ ဒါမှမဟုတ်ရင်လဲ ဘဝဟောင်းက ချစ်သူတွေလို့ပြောရင်လဲ ရမယ်ထင်တယ်'

သက်တင်စာပေ



ထိုစကားကို ဆိုလိုက်ပြီးမှ မင်းဝေသည်ရင်ထဲ၌ 'ထိတ်'ကနဲဖြစ်သွားရ၏။

ဘဝဟောင်းက ချစ်သူတွေများဆိုလျှင်တော့ ဤ'နွယ်' ခင်နွယ်ခက်သည်ပင် မိမိကို လှေပေါ်မှနေ၍ တွန်းချခဲ့သူ ဖြစ်ရတော့မည်။

မိမိအား လှော်တက်ဖြင့် ရိုက်ခဲ့သူ ဖြစ်ရတော့မည်။

'ဘဝဟောင်းက ချစ်သူတွေမဟုတ်ရင်လဲ အိပ်မက်ထဲက ချစ်သူတွေပေါ့မောင်'

ခင်နွယ်ခက်၏စကားသည် သူ့စိတ်ကို သက်သာရာရစေသည်။

'ဟုတ်တယ် ဟုတ်တယ်၊အဲဒါက ပိုကောင်းတယ်၊ အိပ်မက်ထဲက ချစ်သူတွေ'

'အင်း....ဆက်ပြောပါအုံးမောင် နာမည်စာလုံးလေးတွေထွင်းပြီးတော့ ဘာတွေ ဖြစ်ကြသေးသလဲ'

'နာမည်စာလုံးလေးတွေ ထွင်းကြပြီးတော့ မိုးတွေရွာ လေတွေတိုက်လာတယ်နွယ်၊ လျှပ်စီးတွေလဲ လက်နဲ့၊သိပ်ကြောက်စရာကောင်းတာဘဲ၊ နွယ်ကလဲ ကြောက်တယ် ကြောက်တယ်နဲ့ ပြောပြီး မောင့်ကို တအားဖက်ထားလိုက်တာ ဟင်း....အိပ်မက်ထဲမှာ သိပ် ဇိမ်ရှိတာဘဲ'

ခင်နွယ်ခက် မျက်စောင်းထိုးသည်။

'ဟင်း.... စကားပြောနေရင်းက ဖေါက်မလာနဲ့ ကောင်းကောင်း ပြောစမ်းပါ'

မင်းဝေ ရယ်လိုက်သည်။

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာလေ နွယ်ကော မောင်ကော၊ စိတ်မှာ သိပ်ပြီး တော့ ကြောက်နေကြတယ်တဲ့၊ မိုးတွေရွာ လေတွေတိုက်နဲ့ လျှပ်စီးတွေ လက်တာကိုလဲ ကြောက်တယ်၊ အိမ်က လူကြီးတွေကိုလဲ ကြောက်တယ်၊အဲဒီလို ကြောက်နေကြရတုန်းမှာ တိတရက် မိုးကြိုးပစ်ချလိုက်တော့ နွယ်က အမလေး....လို့အော်ပြီး မောင့်ကို ထပ်ပြီး တအား အဖက်လိုက်မှာ မောင်လဲ အိပ်ယာကဲ လန့်နိုးလာတာဘဲ၊မောင်ဖြင့်အိပ်ယာကနိုးလာတဲ့အထိ ရင်ခုန်ရတုန်း'

'နောက် အိပ်မက် ကကော'

'နောက်တခုက ဟို-ညောင်ပင်အောက်မှာ နွယ့်ကိုနမ်းတဲ့ အိပ်မက်'

BURMESE CLASSIC .com

'တကယ်...'

ခင်နွယ်ခက် မျက်နှာကလေးမှာ ပြုံးနွဲ့နွဲ့ ရှက်ရိပ် ရှက်သွေးပြေပြေ ဝင်နေသည့်အပြုံး....

'တကယ်ပေါ့၊အဲဒါကတော့ သာယာ ကြည်လင်နေတဲ့ ညနေခင်းတခုမှာ နွယ်နဲ့ မောင်က ဟောဟို ကန်တောင်ရိုးပေါ်မှာ အတူတူတွဲပြီးလမ်းလျှောက်နေကြတယ်တဲ့၊ ဟို ညောင်ပင်အောက်နားရောက်တော့ နွယ့်ကို မောင်က မောင့်ဘက်ကို ဆွဲလှည့်လိုက်ပြီး ဟောဒီ ပါးကလေးကို....ဟောဒီလို'

မင်းဝေ၏ စကားသံက ရပ်သွား၏။





သူ့နှာခေါင်းသည် နွယ်၏ပါးပြင်နုနုကလေးပေါ် သို့ရောက်သွားကာ 'ရွတ်'ကနဲ မြည်သွား၏၊ ပြီးမှ စကားသံက ပြန်ပေါ်လာ၏။

'နမ်းလိုက်တာ....တဲ့'

'မောင်....နော်၊ ပြောရင် ကောင်းကောင်းပြောတာ မဟုတ် သိပ်ပြီးတော့ အမြွက်ထုတ်တာဘဲ'

'အမြွက်ထုတ်တာ မဟုတ်ပါဘူး နွယ်ရယ်၊ မောင်ပြောတာ ပြီး သဘောပေါက်အောင် သရုပ်ပြတာပါ၊ တလွဲမထင်ပါနဲ့'

'ဟင်း....ဟင်း တက္ကသိုလ်နည်းပြဆရာ သရုပ်ပြဆရာရယ် ပြောရဘူး၊သိပ်ပြီးတော့ သရုပ်ပြချင်လိုက်တာ၊ နေရာတိုင်းမှာ ဒီလိုသရုပ်ပြရင် ပါးချခံရမယ်နော....ကြပ်ကြပ်သတိထား'

'ကိုယ့်ဘေးတော့ ကိုယ်သိပါတယ် နွယ်ရယ်၊ ဒါက မောင့်နွယ်မို့ပါ၊ သူများတွေဆိုရင် ခုလို နမ်းဘို့မပြောနဲ့ လက်ကနဲ့တောင်မှ မတို့ပေါင်'

'ဟုပေါင်....

'ဟုပေါင်က အင်းမမှာသာရှိတာ ဒီမှာမရှိပေါင်'

'ဟုပါ.... မဟုတ်က ဟုတ်ကတွေ ပြောမနေစမ်းပါနဲ့ ကောင်း ပြောစမ်းပါမောင်ရာ'

ဒီတော့မှပင် မင်းဝေသည် မျက်နှာပိုးသပ်ကာ ဆက်ပြော၏။ ပြီးတော့ နွယ်က မောင့်ရင်ခွင်ထဲက နေပြီးတော့ ထွက်ပြေးတယ်တဲ့၊ ဒီတော့ မောင်ကလဲ လိုက်ရမလဲ နွယ့်နောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြေးပြီးတော့ မိအောင်လိုက်ဖမ်းတာပေါ့၊ ဒါပေမယ့် နှယ်
မှောင် ဖမ်းမိလိုက်တဲ့အချိန်မှာ နှစ်ယောက်စလုံး အားလုံး
လဲကျသွားသတဲ့နှယ်၊ အဲဒီမှာ မောင်လဲလန့်ပြီး နိုးလာရော'

'ဟင်.... မောင့်အိပ်မက်တွေကလဲ နောက်ဆုံးမှာ လ
တော့ နိုးတာချည်းဘဲ'

'ဟုတ်တယ် နှယ်၊ မောင့်အိပ်မက်တွေက နောက်ဆုံး
လန့်ပြီးတော့ နိုးလာရတာချည်းဘဲ၊အင်း....နောက် အိပ်မက်
ကဆိုရင် အခုဟာတွေထက်တောင်မှ ပိုပြီး ဆိုးသေးတ
ကြောက်စရာကြီး'

'ဟင်....ကြောက်စရာကြီး ဟုတ်လားမောင်၊ ဘာတွေမ
လဲဟင်'

ခင်နှယ်ခက်သည် အံ့သြဟန်ကလေးနှင့် မျက်လုံးဝိုင်း
ပြူးပြူးကလေးနှင့် မင်းဓေဝအားကြည့်ရင်း ပြောလိုက်၏
မင်းဓေဝ ရုတ်တရက် ဘာမှမဆို၊ သက်ပြင်း တချက်
ချလိုက်သည်။

'တကယ်တော့ ဒီအိပ်မက်ကို မောင် ပြန်မပြောပြ
နှယ်....'

'ဘာဘဲဖြစ်ဖြစ် ပြောစမ်းပါမောင်ရယ်၊ နှယ်သိချင်
မင်းဓေဝငြိမ်နေ၏။

သူ့မျက်လုံးများသည် ကန်ရေပြင် တဖက်စွန်းသို့ ငေး
နေ၏။ ကောင်းကင်မှ ငွေလဝန်းသည် ရေပြင်၌ အရိပ်
သည်။





ထိုတညသည် ဤလိုလ်ပြည့်ညနီးစ လဆန်းရက် မျိုးပင်
ဖြစ်မည်။

ရေပြင်၌ လဝန်းထင်နေပုံ တလောကလုံး၌ လရောင်ဖြာကျ
နေပုံ၊ ပတ်ဝန်းကျင်ရှုခင်းတို့ တည်နေပုံမှာ အိပ်မက်ထဲက
ညအတိုင်းပင်ဖြစ်သည်။

ဤလှေကလေးပေါ်၌လည်း မိမိနှင့်'နှယ်'

ဤ'နှယ်'ကလည်း အိပ်မက်ထဲက 'နှယ်'နှင့် တူပါဘိခြင်း။

မင်းဓေဝ၏ရင် လှုပ်ရှားလာရသည်။ ခုန်လာရသည်။

ထိုအိပ်မက်ထဲမှ အဖြစ်သည် ဘဝဟောင်းက အဖြစ်သာလျှင်
ဖြစ်ချင်လည်း ဖြစ်ပါစေတော့၊ ဤဘဝ၏ ရှေ့ပြေး နိမိတ်မှု
မဖြစ်ပါစေနှင့်တော့၊ လွဲပါစေ၊ ဖယ်ပါစေ။

မင်းဓေဝ သက်ပြင်းရှိုက်မိပြန်သည်။

'ဒီအိပ်မက်ကို မောင်သိပ်ကြောက်တယ်နှယ်၊ ဒီအိပ်မက်ကို
ခဏခဏ ပြန်မက်မှာ မောင်စိုးတယ်။ ဒါပေမယ့် ဒီအိပ်မက်
ဟာ မောင့်ဆီကို ခဏခဏ ပြန်လာတယ်။ ငါးလတခါ၊ခြောက်လ
တခါဆိုသလိုပါဘဲ'

'ဟိုအိပ်မက်နှစ်ခုကကော ဒီလိုဘဲလား'

'ဟိုအိပ်မက်နှစ်ခုလဲ ခဏခဏ ပြန်မက်တာဘဲ။ ဒါပေမယ့်
သူတို့ကမှ နည်းနည်း အလာကျဲသေးတယ်။ ခု အိပ်မက်ကတော့
မက်တဲ့အရေအတွက်က ပိုပြီးတော့များတယ်'



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ပြောလိုက်မှပင် ခင်နွယ်ခက်သည် ထိုအိပ်မက်၏ အကြောင်းကို ပို၍သိချင်လာသည်။

'ကဲ....ပြောမှာသာပြောမောင်၊ နွယ်သိပ်သိချင်နေပြီ'

'နွယ်ဒီလောက် သိချင်နေမှတော့ ပြောရတော့မှာဘဲလေ'

မင်းဝေသည် နှုတ်မှ ထိုသို့ဆိုလိုက်သော်လည်း နောက်ထပ်မှ စကားဆက်မလာ၊ ငေးငေးငိုင်ငိုင်နှင့်သာ ငြိမ်နေပြန်၏။

'ပြောပါမောင်....ပြောပါဆိုနေမှဘဲ'

ခင်နွယ်ခက်သည် စိတ်မရှည်ဟန်နှင့် ခတ်စူစူ ဆောင့်ဆောင့် ကလေး ဆိုတော့မှပင် မင်းဝေ ပြောဖြစ်တော့သည်။

'အဲဒီနေ့ အိပ်မက်ထဲမှာက ခုလိုညမျိုးဘဲနွယ်၊ နေရာကသဲ ဒီနေရာ ပတ်ဝန်းကျင်ကလေးဘဲ။ လကလဲ ခုလိုသာနေတယ်၊ ဟောဟိုနေရာလေးကို ကြည့်လိုက်စမ်းနွယ်၊ ကန်ရေပြင် ဟိုဘက် စွယ် အစွန်းမှာ လဝန်းကြီး အရိပ်ထင်နေတာကိုလေ မြင်သား၊ အဲ အဲဒီမြင်ကွင်းအတိုင်းဘဲ၊ အိပ်မက်ထဲက မြင်ကွင်းမှာ ဒီလိုဘဲ လဝန်းကြီး အရိပ်ထင်နေတယ်'

မင်းဝေညွှန်ပြရာသို့ ခင်နွယ်ခက် လှမ်းကြည့်လိုက်သည်။

ရေပြင်ပေါ်၌ ကြာရွက်နှင့်ကြာဖူး၊ ကြာပွင့်တို့သည် ဟိုဘ ဒီတစ် ပြန့်ကျဲကာ လရောင်ဝယ် လှနေကြ၏။ သူတို့၏ တဖ စွန်းတွင်မူ ငွေလမင်း ဝင်းဝင်းကြီးသည် ကြည်ကြည်လင်လ ထင်းထင်းပပကြီးပင် အရိပ်ထင်နေ၏။





'ဒါတင် မကသေးဘူးနွယ်၊ ညဘလဲ ခုလိုဆောင်းညမျိုး င်းတွေသိပ်မကျပေမဲ့ မြူငွေ့ကလေးတွေကတော့ ခတ်မှုံမှုံ နေတယ်။ အို ညကတော့ သိပ်လှတဲ့ ခုလိုညမျိုး'

မင်းဝေ၏ စကားကို ခင်နွယ်ခက် အကြွင်းမရှိ သဘော သည်။

ဤည လှသည်မှာတော့ အမှန်ပင်။ အငြင်းပွားစရာ မရှိ၊ န့်ကွက်စရာမရှိ။

'အဲဒီလိုအချိန်မျိုးမှာ နွယ်နဲ့မောင်ဟာ ဒီလိုဘဲ လှေကလေး ေါ်မှာ နှစ်ယောက်အတူတူ စီးနေကြတယ်။ ဒါပေမယ့် ယ်ရယ်....'

ပြောနေရင်းမှပင် မင်းဝေ၏ အသံမှာ လှိုက်လှဲလာသည်။ မ်းနည်းဟန်ပါလာသည်။

တကယ်တော့လည်း ဆက်ပြောရမည်မှာ ဝမ်းနည်းစရာ၊ ကြကွဲစရာသာဖြစ်သည်။

မကြုံကောင်းသည့်အဖြစ်။

မဖြစ်ကောင်းသည့်အရာ။

အိပ်မက်ထဲမှာမို့သာ တော်သေးသည်ဟု ဆိုရမည်။

'နောက်ကနေပြီး နွယ်က မောင့်ကို တွန်းချလိုက်လို့ဘဲ၊ ာင်လေ ဗြုံးကနဲ ရေထဲကျသွားတယ်။ ရေထဲကျတော့ ာင်လဲမွန်းသွားပြီး ကြောက်အားလန့်အားနဲ့ လှေနံဘောင်ကို င်ထားရင်းက နွယ် နွယ်ရယ်လို့ တောင်းပန်သံနဲ့ ခေါ်လိုက် ယ်၊ ဒါပေမယ့် နွယ့်မျက်နှာကလေး နည်းနည်းလေးမှ



www.burmeseclassic.com

www.burmeseclassic.com



မပြုံးမှရယ်ဘူး၊ တည်လိုက်တာမှ ခတ်ထန်လိုက်တာမှ တင်း...တာဘဲ။ နှယ့်မျက်လုံးတွေဟာ ဆိုရင်လဲ အေးစက်မာကြော...ကြတယ်။ မောင့်ကို စိုက်ကြည့်လိုက်တာများ ကြောက်...ကောင်းလိုက်တာ၊ မပြောပါနဲ့တော့

ခင်နွယ်ခက်သည် အံ့ဩစွာ နားထောင်နေ၏။ စိတ်ဝင်စား...လွန်းစွာနှင့်လည်း ငြိမ်သက်စွာ နားစိုက်နေ၏။

'မောင်က နှယ့်ကို ခေါ်နေပေမဲ့လဲ နှယ်ကထူးလဲမထူးဘ...ဘာစကားမှလဲ မပြောဘူး၊ မောင့်ခေါင်းကိုသာ နှယ့်လက်...က လှော်တက်နဲ့ ရိုက်ချလိုက်တယ်'

'အို'

ခင်နွယ်ခက်၏ အာမေဋ္ဍိတ်သံကလေးသည် အံ့ဩစွာ လွ...ဏနဲ ထွက်ပေါ်လာသည်။

'မောင်ကတော့ 'အား' ကနဲ ကြောက်အား လန့်အား...အော်လိုက်ပြီး ရေထဲကိုနစ်သွားတယ်။အဲဒီအချိန်မှာဘဲ မောင်...နိုးလာရတယ်။ နိုးလာတဲ့အထိ မောင့်နှလုံးဟာ တဒိတ်ဒိတ်...နေရတယ်၊ မောင့်ရင်ဟာ တလှပ်လှပ်နဲ့ ဖြစ်နေရတ...အိပ်မက်သုံးခုစလုံးထဲမှာ ဒီအိပ်မက်ဟာ ကြောက်စရာအကော...ဆုံးဘဲနှယ်။ အဲဒီအိပ်မက် မက်မှာကိုတော့ မောင်အကြော...ဆုံးဘဲ'

'မောင့်အိပ်မက်ကလဲ ဆန်းလိုက်တာ'

ခင်နွယ်ခက်သည် တိုးတိုးကလေး ဆိုလိုက်သည်။





မင်းဝေ သည် ခင်နွယ်ခက်၏ ပုခုံးကလေးကို ခတ်တင်းတင်း...သတ်ကိုင်လိုက်ပြီးနောက် မျက်နှာ ကလေးကိုပါ စိုက်ကြည့်...နေလိုက်၏။

'တကယ်ဆိုတော့ နှယ်ဟာ ဒီလောက်ရက်စက်သူ မဖြစ်နိုင်...ဘူး။ မောင့်ကိုကြည့်စမ်းနှယ်'

ခင်နွယ်ခက်သည် မင်းဝေအားကြည့်လိုက်သည်။

သူ့မျက်လုံး ဝန်းဝန်းလှလှကြီးများသည် ရွှန်းလက်ကြည်...နေကြ၏။

ဟောဒီ....နှယ့်မျက်လုံးတွေထဲမှာ ကရုဏာ ကြင်နာရိပ်တွေ...မောင်မြင်ရပါတယ်နှယ်။ နှယ့်မျက်နှာဟာလဲ မေတ္တာတို့ရဲ့...မျက်နှာထားမျိုးပါ။ ကြင်နာခြင်း၊ သိမ်မွေ့ခြင်း၊ ခွင့်လွှတ်...ခြင်းတွေနဲ့ အပြည့်ပါ။ အိပ်မက်ထဲကနှယ်ဟာ ဟောဒီ...မောင်ချစ်တဲ့နှယ်မောင့်ကိုချစ်တဲ့နှယ်၊မဖြစ်နိုင်ပါဘူး။မောင်ပြော...ဟုတ်ပါတယ်နော်'

ခင်နွယ်ခက် သူ့ခေါင်းကို အသာအယာညိတ်သည်။

'အိပ်မက်ထဲက နှယ်ဟာ....နှယ်မဖြစ်နိုင်ပါဘူး မောင်။ ...ယောက်ကို အဲဒီလိုရိုက်ဘို့ သတ်ဘို့မဆိုထားနဲ့၊နှယ်ကတော့ ...လေး ကြောင်လေးတွေကိုတောင်မှ ရိုက်ရဲ သတ်ရဲတာ ...တ်ပါဘူး'

'တခုတော့ ရှိတာပေါ့လေ မိန်းမဘဲဖြစ်ဖြစ် ယောကျ်ားဘဲ...ဖြစ် တချို့လူတွေဟာ အနာကျည်းဆုံးအချိန်၊ ဒေါသ



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်ဆုံး အချိန်မှာတော့ အရက်စက်ဆုံးသော ရာဇဝတ်မျိုး ကို ကျူးလွန်တတ်ကြတယ်။ ဒါပေမယ့် နွယ်ရယ် မောင်က တော့ နွယ့်ကို ဘယ်တော့မှ ဒေါသဖြစ်အောင်၊ နာကျည်း အောင်လုပ်မှာမဟုတ်ပါဘူး၊ နွယ့်ကို မောင်တကယ်ချစ်တာပ

'ခုတော့....ပြောသေးတာပေါ့လေ။ နွယ်ကတော့ မောင့်ကို စောင့်ကြည့်ရအုံးမှပါဘဲ။ အချိန်ကသက်သေပြလာမှာပါဘဲလေ

'ဒီတသက်တင် မဟုတ်ဘူးနွယ်၊ နောင်ဘဝမှာပါဆက်ကြည့် မောင့်မေတ္တာဟာ ဘယ်တော့မှ မယိမ်းယိုင် မဖေါက်ပြန် ထာဝရသစ္စာမြဲတဲ့ မေတ္တာပါနွယ်ရယ်

'လျှာမှာအရိုးမရှိဘူးတဲ့မောင်'

'ခင်နွယ်ခက်က ပြုံးစစနှင့် ခတ်နွဲ့နွဲ့ဆိုသည်။

'မောင့်စကားတွေဟူသမျှဟာ ဘယ်တော့မှ လျှာဖျား လာတာမဟုတ်ဘူးနွယ်။ ဦးနှောက်နဲ့ နှလုံးသား တခုခုက တိုက်ရိုက်လာတာပါ'

'ယုံရမှာလားမောင်ရယ်'

'ယုံပါတော့နွယ်ရယ်၊ ဟောဒီလှတဲ့ နွယ့်နှုတ်ခမ်းကလေး မောင့်ကို မယုံတဲ့အကြောင်း ဘယ်တော့မှ မပြောနဲ့တော့ကွ

မင်းဝေသည် ပြောပြောဆိုဆိုပင် ခင်နွယ်ခက်၏ နှုတ်ခ ကလေး အိအိကို သူ့နှုတ်ခမ်းနှင့်ဖိကာ တယုတယနမ်းပစ်လို သည်။

နှုတ်ခမ်းလွှာ ဝတ်ဆံများညိကာ ချစ်ဝတ်မှုံများ ဆက်လ ကြပြီးနောက် ဂယောဆက်နေသည့် နှစ်မျက်နှာ အသာအ ပင် ကွာသွားကြသည်။

သက်တင်စာပေ



'ပြောပါအုံးမောင်၊ ခုနက မောင့်အိပ်မက်ကို ဘယ်လိုထင် သလဲ'

မင်းဝေရုတ်တရက် ဘာမျှ ပြန်မပြောလိုက်နိုင်။ အတွေး နှင့်သာ ငိုင်နေမိရပြန်သည်။

မင်းဝေသည် ဤအိပ်မက်အပေါ်၌ ဤလိုမေးခွန်းမျိုးကိုပင် မိမိဘာသာမိမိ မေးခဲ့ဘူးသည်မှာကြာပြီ။

သို့သော်လည်း ခုတိုင်ထိ အဖြေမတွေ့၊ မရှိသေးခဲ့။

အိပ်မက်ထဲကနွယ်သည် အစစ်အမှန် တစုံ တယောက်ကို ကိုယ်စားပြုမည်ဟူ၍တော့ မင်းဝေထင်သည်။ သစ်ပင်ပေါ်မှ နာမည်နှစ်လုံးသည်လည်း တကယ့်အဖြစ်မှန် တခုကို ကိုယ်စား ပြုခဲ့ပြီးပြီ။

'ခုထိတော့ ဘယ်လိုမှမထင်တတ်အောင် ဖြစ်နေသေးတယ် နွယ်။ ဒါပေမယ့် ဒီအိပ်မက်ဟာ ဟောဒီ ကန်ဘောင်ကြီးထဲမှာ တခါက တကယ်ဖြစ်ပျက်ခဲ့ဘူးတဲ့ အဖြစ်တခုကိုများ ကိုယ်စား ပြုသလား ဆိုတာကိုတော့ မောင်စုံစမ်းနေတယ်'

ခင်နွယ်ခက်သည် မင်းဝေအား အကဲခတ်ကြည့်နေရင်းက....

'ဒီကန်ဘောင်ကြီးထဲမှာ အဲဒီလို အဖြစ်မျိုး တကယ်ဖြစ်ခဲ့ တယ်လို့ မောင်ထင်သလားဟင်'

'ဖြစ်ခဲ့တယ်လို့တော့၊ ထင်တာဘဲ။'

မင်းဝေသည် ထိုမျှသာ မယုတ်မလွန်ပြောလိုက်ပြီး စကားကို ရပ်ထားလိုက်သည်။

သက်တင်စာပေ

www.burmeseclassic.com

ဤကိစ္စနှင့် ပတ်သက်၍၊ သူသည်ဘာမှ ဆက်မပြောလိုက်ချင်၊

'ဒါထက် မောင်.... နှယ်တို့၊ တောင်တွင်းကြီးကို၊ အရင်တုန်းက တခါမှ မရောက်ဘူးဘူး မဟုတ်လား။ အခုမောင်လာတာ မောင့် အိပ်မက်ထဲက၊ ကန်ကြီးမျိုး၊ ဒီမှာရှိတယ်ဆိုတာ သိလို့လာတာလား။ မသိဘဲနဲ့ လာရင်းနဲ့ ဒီကျမှ အမှတ်မထင် တွေ့တာလားမောင်....'

'ဟိုတလောက မဂ္ဂဇင်း တစောင်ထဲမှာ၊ ကန်သာယာဆိုပြီး ဓါတ်ပုံတပုံ ပါလာတယ်နှယ်၊ အဲဒီဓါတ်ပုံဟာ၊ မောင်အိပ်မက်ထဲမှာ မြင်ခဲ့ရတဲ့ကန် အတိုင်းဘဲ ဖြစ်နေတယ်၊ ဒါနဲ့ အဲ့ဒီကန်သာယာဆိုတာ၊ ဘယ်မြို့မှာ ရှိသလဲလို့ လိုက်စုံစမ်းတော့ ဒီမှာရှိကြောင်းကို၊ တောင်တွင်းကြီးသား၊ ရှေ့နေ ဦးငွေးမြင့်ဆီက သိရတယ်၊ ဒါကြောင့် မောင်ဒီကို လာဖြစ်သွားတာ'

မွင်းဝေသည် ခေတ္တမျှ စကားကို ရပ်ထားလိုက်ပြီးမှ ဆက်ပြောလိုက်သည်။

'ဦးငွေးမြင့်နဲ့ တွေ့တော့၊ အံ့ဩစရာတခု။ ကြုံခဲ့ရသေးတယ်၊ သူကမောင့်ကို သူ့ သူငယ်ချင်း ဦးအောင်ခက်ဆိုတာနဲ့ တူလွန်းလို့တဲ့၊ နာမည်ကိုတောင်မှ ခေါ်မိမလို ဖြစ်သွားသေးတယ်'

ခင်နှယ်ခက် အံ့ဩသွားသည်။

'သူ့ သူငယ်ချင်းနာမည်ကကော ဘယ်သူတဲ့လဲ'

'ဦးအောင်ခက်တဲ့ နှယ်ရေ'

သက်တင်စာပေ



'ဟင်.... ဦးအောင်ခက် သူ့နာမည်မှာလဲ အောင်... ပါနေပါကလား'

'ဟုတ်ဘယ်နှယ် အောင်လဲပါတယ် ပြီးတော့ ရုပ်ခြင်းကလဲ၊ မောင်နဲ့တူနေတယ်.... ဒီတော့'

'ဒီတော့ ဘာဖြစ်သလဲ မောင်'

'ဒီတော့၊ ဟိုသစ်ပင်ပေါ်မှာ နာမည် စာလုံး ထွင်းခဲ့တဲ့သူဟာ၊ အဲဒီ ဦးအောင်ခက်များ ဖြစ်နေမလား....'

'သိတ်ဖြစ် နိုင်တာပေါ့၊ အံ့ဩစရာကြီးဘဲနော်အဲဒီ ဦးအောင်ခက်ကကော၊ အခုဘယ်မှာ ရှိသတဲ့လဲ'

'သူသေတာ ကြာပြီ....'

'ဟင်....'

'နှစ်ပေါင်း အစိတ် ကျော်ကျော်လောက် ရှိပြီလို့ ပြောတယ် အဲ့ဒီတုန်းကဆိုရင် နှယ်နဲ့မောင် တို့တောင်မှ မွေးမှာ မဟုတ်သေးဘူး'

'သူသေတော့ ငယ်ငယ်လေး ရှိအုံးမှာပေါ့။ သေတာကတော ဘာဖြစ်လို့ သေတာတဲ့လဲ'

အမှတ်မထင် မင်းဝေသက်ပြင်း ရှိုက်လိုက်မိသည်။ မပြောလိုက်ချင်သေးသော်လည်း ခုတော့မှ ပြောရတော့မည်။

'ဒီကန်တော် ကြီးထဲမှာဘဲ ရေနှစ်ပြီးသေတာ၊ ပြီးတော့ ငယ်ထိပ်တဲ့တဲ့မှာလဲ၊ ဒဏ်ရာကြီးနဲ့တဲ့'

'ဟင်....'

ခင်နှယ်ခက်၏ မျက်လုံးကလေးများ ဝိုင်းသွား၏။

သက်တင်စာပေ

www.burmeseclassic.com

အံ့သြလွန်းနေသဖြင့်လည်း၊ ဘာစကားကိုမှ ရုတ်တရက် ဆက်၍ မပြောလိုက်နိုင်။

မင်းဝေကဆက်ပြော၏။

'အမှုကတော့ လူသတ်မှုဘဲ၊ ဒါပေမယ့် တရားခံတော့မ ပေါ်ဘူးတဲ့၊ အဲဒီအချိန်တုန်းကလဲ ပြည်တွင်းသူပုန်သောင်းကျန်းမှု အဆိုးဆုံးကာလဖြစ်နေပြီး ဒီမှာက ရဲဘော်ဖြူတွေ ကြီးစိုးနေတယ်တဲ့၊ ဒီတော့ ဒီလိုမျက်မြင်သက်သေမရှိဘဲ အသတ်ခံရတဲ့ လူသတ်မှုမျိုးဟာ ဘယ် ပေါ်ပါ့မလဲလေ'

'အဲဒီတရားခံဟာ နွယ်တော့မဟုတ်ပါဘူးနော်၊ မောင်ယ တယ် မဟုတ်လား'

ခင်နွယ်ခက်က ထိုသို့ ရယ်ရယ်မောမောနှင့် ဆိုလိုက်သဖြင့် မင်းဝေလည်း ရယ်လိုက်မိသည်။ ပြီးမှ ခင်နွယ်ခက်ကပင်။

'သိတ်တော့ အံ့သြစရာကောင်းနေပြီမောင်၊ မောင့်အိပ်မက် သုံးခုစလုံးဟာ တခါက တကယ်ဖြစ်ပျက်ခဲ့ကြတာတွေချည်းဘ နဲ့ တူတယ်။ နောက်တခုက မောင်ဟာ ဦးအောင်ခက်ဝင်စား တာများ ဖြစ်နေမလား မသိဘူးနော်'

'ဒါတော့ မောင့်ကိုယ်မောင်လဲ အတိအကျမပြောနိုင်ဘူး ဘယ်သူမှလဲ ပြောနိုင်မှာမဟုတ်ဘူး၊ မောင်က လူဝင်စားဆိုတ လူတွေလို ဘဝဟောင်းကို မှတ်မိတာမှမဟုတ်ဘဲ၊ အိပ်မက် မ တာဘဲရှိတာ'

'အင်း....ဒီလိုဆိုရင်တော့ မောင့်ဟာက အဖြေမတွေ့မယ့် ပဟေဠိကြီးပါလား မောင်'

သက်တင် ၁၄ပေ



'ဟုတ်တယ် နွယ်၊ မောင့် အိပ်မက်တွေဟာ တခါက တကယ် ဖြစ်ခဲ့ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေမှန်ကြောင်းသာ အထောက် အထားတွေ ရချင် ရလာမယ်၊ မောင်ဟာ ဦးအောင်ခက်ဝင်စား တာ ဟုတ်တယ်၊ မဟုတ်ဘူးဆိုတာကိုတော့ ဘယ်လိုမှ အတိ အကျ သိနိုင်မှာမဟုတ်ပါဘူး၊ ကဲ....ဒါတွေ ထားတော့နွယ် မောင်တို့ ကိစ္စကို ပြောကြစို့'

ခင်နွယ်ခက်သည် ဘာမှပြန်မပြောဘဲ မင်းဝေ၏မျက်နှာကို ကြည့်ကာ ဆက်ပြောလာမည့်စကားကိုသာ စောင့်နေလိုက် သည်။

'မောင်နဲ့နွယ်တို့ရဲ့ အနာဂတ်ဟာ သေချာချင်တယ် နွယ်၊ ဒီတော့ မောင်တို့ဒီမှာရောက်နေတုန်း မောင်တို့အကြောင်းကို နွယ့်မေမေကို ဖွင့်ပြီးပြောပြလိုက်ရင် ကောင်းမယ်ထင်တယ်၊ တခါထဲ ကြုံတုန်းကြုံခိုက် နားဖောက်လိုက်ကြတာပေါ့'

ခင်နွယ်ခက် ချက်ခြင်းဘာမှပြန်မပြောဘဲ စဉ်းစားဟန်နှင့် ငိုင်နေသည်။

မင်းဝေ၏စကားမှာ နည်းလမ်းတော့ကျသည်။ မိမိ၏မိခင်ကြီး အား တခါတည်း အသိပေးလိုက်သင့်သည်ဟုထင်သည်။ ပြီးတော့ ကြုံတုန်း ကြုံကိုက် မေမေ့ အား သားမက်လောင်းကိုပါ တပါ တည်း ပြလိုက်နိုင်မည်လည်းဖြစ်သည်။

မေမေသဘောတူမည်ဆိုလျှင်တော့ ကောင်းလိုက်မည့် ခြင်း....။

သက်တင်၈၁ပေ

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ခင်နွယ်ခက်၏စိတ်ထဲတွင် ကြောက်နေသည်။ မေမေ၏ အတွေးအမြင် အယူအဆတွေက အသိရခက်လွန်းသည်။

ကိုမင်းဝေလိုလူမျိုးကို အခြားတပါးသော သမီးရှင်များက သားမက်တော်ရန် လိုလိုလားလားရှိကြမည်ဖြစ်သော်လည်း သူ့မေမေမှု သဘောတူချင်မှ တူလိမ့်မည်။

အကယ်၍ မိမိနှင့်ကိုမင်းဝေကို သဘောမတူဟု ဆိုပါက....

သဘောမတူဟုဆိုပါက ဘာလုပ်ရပါမည်နည်း။

မေမေ့ကို ဖြတ်ရမည်လော။

ချစ်မိပြီးဖြစ်သူ သူ့ကိုသာ ဖြတ်ရမည်လော....။

ခင်နွယ်ခက် မသိမသာကလေး သက်ပြင်းချလိုက်မိရသည်။

'ဘာဖြစ်နေသလဲ နွယ်၊ နွယ့်မှာ နွယ့်မေမေက သဘောတူထားတဲ့ လူ ရှိပြီးနေလို့လား'

ခင်နွယ်ခက် နှုတ်မှမပြော၊ ခေါင်းရမ်း၍သာနေသည်။

'ဒါဖြင့် နွယ့်မှာက ဘာအခက်အခဲတွေရှိနေလို့လဲ'

'နွယ့်မှာ ထူးထူးခြားခြားတော့ ဘာအခက်အခဲမှ မရှိပါဘူး၊ မေမေ့ကို ကြောက်တာပါဘဲ'

မင်းဝေ ရယ်လိုက်၏။

'ဖြစ်ရလေ နွယ်ရယ်'

ဟု●ည်း ဆိုလိုက်သည်။

'နွယ်က အရွယ်မရောက်သေးတဲ့ ကလေး ကလေးမှမဟုတ်ဘဲ ကိုယ့်အလုပ်နဲ့ကိုယ်တောင် ဖြစ်နေတဲ့သူ။ ပြီးတော့ မောင်ကလဲ





ပညာစုံပြီးသား၊ကိုယ့်အလုပ်နဲ့ကိုယ်၊ ကိုယ့်ခြေထောက်ပေါ်မှာ ကိုယ့်ဟာကိုယ်ရပ်နေတဲ့သူ၊ ဘယ်သူ့မှာမှ ချို့ယွင်းချက်မရှိပါဘူး နွယ်ရယ်၊ အချိန်တန် အရွယ်ရောက်လာရင် ဘယ်သူဘဲဖြစ်ဖြစ် သီးချိန်တန်သီးပြီး ပွင့်ချိန်တန် ပွင့်ကြရမှာဘဲ။ အိမ်ထောင်ပြုတာဟာ အဆန်းမဟုတ်ပါဘူး လေ'

'ဟုတ်ပါတယ်မောင်၊ မောင်ပြောတာဟုတ်ပါတယ်။ ကဲ....မနက်ဖြန်ကျတော့ အိမ်ကိုမောင်လာခဲ့။ မောင့်ကို အရင်ပြပြီးမှ မေမေ့ကို ဖွင့်ပြောလိုက်မယ်၊ မကောင်းဘူးလားမောင်'

'ကောင်းတယ်၊ ကောင်းတယ်၊ ဒါပေမယ့် မောင်ရှိနေတုန်းမှာတော့ မပြောလိုက်နဲ့နော်၊ မောင်ကသိတ်ရှက်တတ်တာ'

မင်းဝေက ရယ်ကျဲကျဲနှင့်ဆိုသည်။

'အောင်မယ် ဆန်ကြမ်းကစေးနေပြန်ပြီ။ ဒီမျက်နှာလား ရှက်တဲ့ မျက်နှာ'

မင်းဝေ ရယ်နေ၏။

'ကဲ....အဲဒါတွေထားတော့၊ မောင်တို့စကားပြောတာရပ်ပြီး အလုပ်လုပ်ကြအုံးစို့'

'ဟင်းနော် သူ....သူ ဘာပြောတာလဲ'

'မောင်ပြောတဲ့အဓိပ္ပါယ်က ဒါပါနွယ်ရယ်'

မင်းဝေသည် ပြောပြောဆိုဆိုပင် ခင်နွယ်ခက်ကို သူ့ရင်ခွင်တွင်းသို့ဆွဲသွင်းကာ ပါးမြင်မို့မို့ကို မွှေးပြစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရေလယ်တွင်ငြိမ်နေသော လှေကလေးသည် အနည်းငယ်မျှ ဘယ်ညာ လှုပ်သွားပြီးနောက် ပြန်လည်၍ ငြိမ်သွားပြန်သည်။

လဝန်းလည်း မြင့်နေပြီ။

ခင်နွယ်ခက်၏ မျက်နှာကလေးပေါ်မှ သူ့မျက်နှာကို ခွာလိုက်ပြီးနောက် မင်းဝေသည် ချစ်သူ၏ မျက်နှာလဝန်း၊ ကြည်ကြည်ရွှန်းကို စိုက်ကြည့် နေမိလိုက်ပြန်သည်။

ခုမှသတိရသည်။

အိပ်မက်ထဲက ချစ်သူတွင်တော့ ညာဘက်ပါးပြင်ဝယ် မှဲ့နက်နက်ကလေးရှိသည်။ ထိုမှဲ့နက်ကလေး တည့်တည့်ပေါ်တွင် သူနမ်းခဲ့သည်။

'ခုမှ မောင်သတိရတယ်၊ နွယ့်ကိုပြောရအုံးမယ်၊ အိပ်မက်ထဲက နွယ့်ပါးမှာတော့လေ။ စပယ်တင်မှဲ့နက်ကလေးရှိတယ်၊ အိပ်မက်ထဲမှာ မောင်နမ်းတော့လဲ ပါးပေါ်က အဲဒီမှဲ့ကလေး တည့်တည့်ပေါ်ကိုဘဲ မောင်နမ်းခဲ့တာ'

'ဘာ....ပါးပေါ်မှာ မှဲ့နက်ကလေးရှိတ ယ်ဟုတ်လား'

ခင်နွယ်ခက်၏အသံမှာ ထိတ်လန့် အံ့သြဟန်ပေါ်နေသည်။ တုန်တုန်ယင်ယင်ကလေးပင် ဖြစ်နေ၏။

မင်းဝေအံ့သြစွာသူ့ကိုကြည့်လိုက်သည်။

'ဟုတ်တယ်၊ မှဲ့နက်ကလေးမှ ညာဘက်ပါးပေါ်မှာ စပယ်တင်မှဲ့ကလေး ဘာဖြစ်လို့လဲ နွယ်'

'ဘ္ဘာ....ဘာမှမ....မဖြစ်ပါဘူး'

သက်တင်စာပေ



ခင်နွယ်ခက်၏အသံမှာ ထစ်ထစ်ငေါ့ငေါ့ကလေးဖြစ်နေ၏။

'မဟုတ်ဘူးနွယ်....၊ နွယ့် အမူအယာက တချိုးဖြစ်နေဘယ်၊ ဘာဖြစ်တာလဲ၊ မောင့်ကိုပြောစမ်းပါအုံး'

ခင်နွယ်ခက်သည် အသံကလေးထွက်အောင်ရယ်လိုက်သည်။ ပေါ့ပေါ့ဟန်နှင့်လည်း မင်းဝေ၏မျက်နှာကို ကြည့်လိုက်၏။

'အို....နောက်တော့ မောင်သိသာပါလိမ့်မယ်လေ၊ အဲဒီကျတော့မှပြောမယ်၊ ကဲ....ပြန်ကြစို့ မောင်၊ ညဉ့်နက်လာပြီ'

သူသည် ပြောပြောဆိုဆိုပင် လှော်တက်ကို ဆွဲယူလိုက်ကာ ကိုကမ်းဘက်ဆီသို့ပြန်၍ ဦးတည်လိုက်သည်။

လဝန်းသည် သူတို့နောက်၌ ကျန်ရစ်ခဲ့၏။

သို့သော်လည်း လသာသောညှ၊ တိတ်ဆိတ်သောည၊ လှပသောညသည် သူတို့နှစ်ဦးအား လွှမ်းခြုံထားဆဲပင်။

●

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

(၁၃)

ဦးမောင်မောင်လေးသည် ပယင်းရောင်ရွှေရည်လဲ့သည့် ခွက်ကို ခပ်ဖြေးဖြေးမော့ချလိုက်ပြီးနောက် သူ့ရှေ့ရှိ မင်း အား စိုက်ကြည့်လိုက်သည်။

'မင်းကတော့၊ တကယ်ဘဲ ငါ့သူငယ်ချင်းအောင်ခက် ပါတယ်ကွာ၊ တထေရာထဲပါဘဲ၊ လွန်ခဲ့တဲ့ အနှစ်အစိတ် လောက်ကသာတွေ့ခဲ့ရမယ်ဆိုရင်တော့ မင့်ကို အောင်ခက် စွပ်စွဲမိမှာဘဲ၊ ဘယ့်နှယ်လဲငါပြောတာ၊ မင်းလဲသဘောတူ မဟုတ်လား သူငယ်ချင်း'





သူသည် မင်းဝေအားပြောနေရင်းက သူ့ဘေးဘက်၌ထိုင် နေသောဦးသောင်းအား လှည့်၍အပေါ်ညှိလိုက်သည်။

ဦးမောင်မောင်လေး၏ဆံပင်များသည် အနက်ထဲ၌ အဖြူတို့ ကျို့တို့ကျဲတဲ ရောယှက်၍ နေရုံမျှသာ ရှိသေးသော်လည်း ဦးသောင်း၏ဆံပင်တို့မှာမူ အားလုံးလိုလို ငွေရောင်တောက် ကာ လှလှပပကြီးရှိနေကြပြီ။

အသက်ချင်းမူ ရွယ်တူခန့်မျှရှိမည်။ ငါးဆယ်တော့ ရှိကြ လောက်ပြီ။သို့သော်လည်း ဦးမောင်မောင်လေးကနုသေးသည်။ အသားလတ်လတ်၊ နှာတံပေါ်ပေါ်၊ ငယ်ငယ်တုန်းကတော့ တော်တော်ချောမည်။ ခုပင်လျှင် ကြည့်၍ကောင်းဆဲ။

ထို့ကြောင့်လည်း တင်တွေးက ဦးမောင်မောင်လေး၏သမီး များ ချောကြောင်းလှကြောင်း ပြောခဲ့ခြင်းဖြစ်ပေမည်။

ဦးသောင်းက အရပ်ရှည်ရှည်၊ အသားဖြူဖြူ ခန့်ညားသော ဥပမိရုပ်နှင့် လေးစားလောက်သော လူကြီး၏ပုံမျိုး။

ဦးသောင်းက သူ့သူငယ်ချင်း၏စကားကို ထောက်ခံဟန်နှင့် ခေါင်းကို သွက်သွက်ညိတ်လိုက်သည်။

'အလွန်တူပါတယ်ဆိုတဲ့အမွှာပူးညီအကိုမျိုးတွေထက်တောင် မှ သူနဲ့အောင်ခက်က ပိုပြီးတော့တူကြသေးတယ်ကွာ'

ခေတ်မှီသော ဦးသောင်း၏စကားကြောင့် မင်းဝေရော တင်တွေးပါ ပြုံးလိုက်မိကြသည်။

'ငါကတော့ သူ့ကို အောင်ခက်လို့သာထင်နေတာဘဲကွာ'



www.burmeseclassic.com

www.burmeseclassic.com



မင်းဝေ မျက်လုံးပြူးသွားသည်။ ဤလူကြီး နှစ်ဦးသည် အတိုင်အဖေါက်တော့ညီနေကြပြီ။ အဝါရည်၏ဘန်ခိုးဖြင့် လေလည်းမိနေကြပြီ။

စကားများကိုလည်း ပိုပိုမိုမို ဆိုနေကြပြီ။

'နေပါအုံးကွ၊ မောင်မင်းဝေရ၊ မင့်ကို ဘယ်သူတွေကမှ အောင်ခက်အကြောင်းကို ပြောမပြကြသေးဘူးလား'

ဦးမောင်မောင်လေးသည် မဲ့ကြနပ်သံနှင့် မေးလိုက်သည်။

'ဦးအောင်ခက်ဆိုတာနဲ့ ကျွန်ဘော်နဲ့သိပ်တူတဲ့အကြောင်းလောက်ဘဲ ပြောကြပါသေးတယ်၊ ပြီး....ပြီးတော့ ရေထဲမှာ ဒဏ်ရာနဲ့အလောင်းတွေ့တဲ့အကြောင်းလောက်ပါဘဲ။ ဒီပြင်တော့ ဘာမှမပြောကြသေးပါဘူးခင်ဗျာ'

'မင်း....လှမြိုင်နဲ့တွေ့ပြီးပြီဆို။ သူကမပြောဘူးလား'

'သူက ခုနကအကြောင်းလောက်ဘဲ ပြောပါတယ်။ သူလဲ ဆက်ပြောမလို့လုပ်နေတုန်း မြီးတာတွေလဲ့ ပြီးကုန်ပါပြီ၊ သက်ဆိုင်တဲ့လူလဲ ကျန်နေသေးတော့ ထိခိုက်မှာပူမှာ။ အဟောင်းက အသစ်ဖြစ်ကုန်လိမ့်မယ်ဆိုပြီး ဦးထွန်းတင်ကဝင်တားလို့ ဘာမှမသိရတော့ဘူးခင်ဗျာ'

'ဘယ်....ဦးထွန်းတင်လဲ၊ အဲဘော်ကြီးလား'

မင်းဝေပြုံးမိပြန်၏။

'ဟုတ်ကဲ့ခင်ဗျာ၊ ဦးလှမြိုင်ကလဲ သူ့ကို အဲဘော်ကြီးလို့ ခေါ်ပါတယ်'

သက်တင်စာပေ



'အေး....အဲဒီ....အဲဘော်ကြီးကတော့ကွာ ဘုန်းကြီးလူထွက် ...မပြောရဘူး၊ နေရာတကာမှာ သူဆရာချည်းဘဲ။ လူတွေ ...ဟာမလုပ်နဲ့၊ ဒီဟာမလုပ်နဲ့ဆိုပြီး သိပ်ဆုံးမတဲ့ကောင်။ ...တွေတိုင်းလဲ အရက်မသောက်ဘို့ ဆုံးမလိုက်ရတာအမော' ...ခ ဘင်ကြီးက သဘောကောင်းပါတယ်ကွာ၊ စိတ်ကောင်း ...ရှိတဲ့လူ'

...သောင်းက ဝင်ပြောလိုက်သဖြင့် ဦးမောင်မောင်လေး ...မျက်ခုံးနှစ်ဖက်ကိုချီလိုက်ပြီး....

'အေးပေါ့ကွာ၊ သူ့စေတနာကိုသိလို့လဲ ငါကဘာမှမပြော ...ပါ၊ ငါအရက်သောက်တာကို ငါ့ယောက္ခမကြီးကတောင် ...ပြောတာမဟုတ်ဘူး၊ မပြောတဲ့ပြင် သူ့အရက်ကလေး ...ငါ့ကို ထုတ်ထုတ်တိုက်ခဲ့သေးတာ၊ ခုမှသာအဘိုးကြီးက ...တရားဘက်သိပ်လိုက်ပြီး အရက်ပြတ်သွားတာ'

...ကြီးနှစ်ယောက် စကားအတိုင်အဖေါက်ပြောနေကြသည် ...းထောင်ရင်း မင်းဝေနှင့်တင်ထွေးသည် တယောက်ကို ...ဘက် ပြုံးကြည့်ကာ ငြိမ်နေကြသည်။

...ကြီးနှစ်ယောက်လည်း ခွက်ကိုယ်စီကိုင်ကာ မော့နေကြ ...စကားပြတ်သွားကြပြန်သည်။

...ထိုင်နေကြသော 'ကလပ်'အတွင်း၌လည်း လူရှင်းနေ ...ခပ်ဝေးဝေးတနေရာရှိစားပွဲတွင်သာ ဝိုင်းတဝိုင်းရှိသည်။ ...ပြင်ဘက် တင်းနစ်ကစားကွင်းတွင်သာ လူစည်ကားနေ ...'ကလပ်'အဆောက်အဦအတွင်း၌ မင်းဝေတို့ လွတ်လွတ် ...ပ် စကားပြောခွင့်ရနေကြသည်။

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'ဦးအောင်ခက်အကြောင်းပြောပါအုံးခင်ဗျာ။ ကျွန် သိတ်ပြီးစိတ်ဝင်စားနေမိလို့ပါ'

'အေး.... အေး အောင်ခက်အကြောင်းကို မပြောမှာ နဲ့၊ ဒီကောင်နဲ့ ဒို့တတွေက သိတ်ချစ်ကြတဲ့ သူငယ်ချင်း အမြဲတတွဲတွဲနဲ့နေတာ ဘယ်တော့မှ ခွဲကြတာ မဟုတ် ဘာလုပ်လုပ် အတူတူဘဲ။ ဒါပေမယ့် ဒီကောင်သေတာကလ ငါကလဲအသက်ကလေး နည်းနည်းရလာတော့၊ တချို့ဟာ နည်းနည်းပါးပါး မေ့ကုန်ပြီ'

'ကိစ္စမရှိပါဘူးကွာ၊ မင်းမေ့တာတွေရှိရင် ငါလဲဝင် ပေးပါ့မယ်၊ ဒို့နှစ်ယောက် ပေါင်းလိုက်ရင်တော့ အကုန် ပေါ်လာမှာပေါ့'

ဦးသောင်းက ဝင်ထောက် လိုက်သဖြင့်၊ ဦးမောင် လေးမှာ ခေါင်းတညိတ်ညိတ်နှင့် ကြေနပ်သွားဟန် ပေါ်

'အေး.... ဒါဖြင့် ငါစပြီးပြောမယ်၊ လိုတာရှိရင် မင်း ထောက်ပေး....'

ဦးသောင်း ခေါင်းညိတ်သည်။

ဦးမောင်မောင် လေးက ဆက်ပြော၏။

'အောင်ခက်က ဒို့နဲ့ရွယ်တူတွေ၊ ငယ်ငယ် ကတ ကျောင်းနေဖက် မိန်းမပိုးဖေါ်ပိုးဖက်၊ နေရာတကာ၊ တတွဲ နေကြတာ ဆိုပါတော့ကွာ၊ ငါ့မိန်းမ၊ မခင်လှကို တုန်းကလဲ ဒီကောင့်အကူအညီတွေ အများကြီးရတာပေါ့ က ငါမှတ်မိသေးတယ်။ တနေ့မှာ မခင်လှကို၊ ငါကသူ

သက်ဘင်စာပေ



း လူပြတ်တဲ့လမ်းကြား လေးထဲက နေပြီး၊ ရပ်စကားပြော တုန်း မခင်လှ အဖေကြီး အပြင်က ပြန်လာပါလေရောကွာ င်လှတို့ အိမ်ကလဲ၊ ဘောလုံးကွင်းကြီး ရှေ့တည့်တည့်ကကွ၊ ောင်ခက်က ဘောလုံးကွင်းထဲမှာ၊ မယောင်မလည်နဲ့ ထိုင်နေ လူစောင့်ပေးရတာကိုး၊ ဟာ သူ့အဖေကြီးက ပြန်လာတော့ ျတာပေါ့ကွာ၊ သူ့ခြံထဲ ဝင်သွားရင်၊ အဘိုးကြီးတော့၊ ဒို့နှစ် ောက်ကို မြင်သွားတော့မှာဘဲ ဆိုပြီး၊ အောင်ခက်လဲ စိတ်ပူ ားသတဲ့၊ ဒါနဲ့သူလဲ၊ အဘိုးကြီးကို ဦးရုံးက ပြန်လှာခဲ့ပြီလား ျှလို့ အော်ပြီးနှုတ်ဆက်လိုက်တယ်၊ အဲဒီအသံကို ကြားလိုက် ာ့ ငါလဲအသာလစ်ပြီး ပြေးခဲ့ရတယ်၊ နို့မို့မျှားဖြင့် အဘိုး ီးနဲ့တွေ့ရင် လွယ်မှာမဟုတ်ဘူး၊ အောင်ခက်တို့က အဲဒီလိုစိတ် ှတာ၊ အမှန်က အဘိုးကြီးနဲ့ ဒီကောင်နဲ့ကလဲ၊ တခါမှစကားေ ောင် ပြောဘူးကြတာ မဟုတ်ဘူး၊ သူ့ကိုလဲ့ ဟိုကသိတာ ုတ်ဘူး'

ဦးမောင်မောင်လေးသည်၊ သူ့ဟာသူ သဘောကျဟန်နှင့် ယ်နေသည်ကို ဦးသောင်းကမူ နှာခေါင်းရှုံ့၏။

'မင်းကလဲကွာ၊ စကားပြောရင်၊ မင့်မိန်းမနဲ့ မင့်အကြောင်း ပါဘဲ၊ မပြောတတ်ဘူးလား၊ အောင်ခက်အကြောင်း ပြောပါ ိမှ၊ မင်းနဲ့ မခင်လှအကြောင်းဘဲ၊ ပြန်ပြီးစမြုံ့ပြန်နေတယ်၊ ာ်တော်ဟုတ်တဲ့ကောင်....'

ဦးမောင်မောင်လေးက အသံထွက်၍ တချက်ရယ်လိုက်၏။

သက်ဘင်စာပေ

www.burmeseclassic.com

www.burmeseclassic.com


'မင်းကလဲကွာ၊ ငါက ငါ့မိန်းမနဲ့ ငါ့အကြောင်း ပြော
လွန်းလို့ ပြောနေတာ မဟုတ်ပါဘူး၊ အောင်ခက်ဟာ အား
တဲ့သူငယ်ချင်း ဖြစ်ကြောင်း သရုပ်ပေါ်အောင်လို့ ပြော
ရတာပါ'

'အင်း.... အင်း ထားပါတော့၊ ကဲဆက်ပြော'

'ငါကအဲဒီလို မခင်လှနဲ့သမီးရည်းစား ဖြစ်နေတုန်းမှာ လ
ကမသန်းမြင့်နဲ့ ဌေးမြင့်က ရှင်ရင်နဲ့ သမီးရည်းစားတွေ ဖြ
ကြပြီ။ဟောဒီမောင်သောင်းကြီးကတော့....

ဦးသောင်းက ကြားဖြတ်၍....

'ဟေ့ကောင်....ဟေ့ကောင် ငါ့မှာအဲဒီအချိန်တုန်းက၊
ကမှ ရည်းစားတကောင် တမြီး မရှိသေးပါဘူးကွာ....'

ဦးမောင်မောင်လေးက တဟားဟား ရယ်လိုက်၏။

'အေးပါကွာ....ဟုတ်ပါတယ်၊ မင်းမစ္စတာတွေကို ငါသိ
သားပါ၊ အခု မင့်မိန်းမကိုရတာ တောင်မှ မင့်ယောက်
တိတ်ကသူ့နှမနဲ့ မင့်ကို သူကိုယ်တိုင် ဆွယ်ပေးလို့ ရခဲ့တာမဟု
လား....ဟား....ဟား'

ဦးသောင်းလည်း ရယ်နေသည်၊ ဘာမှပြန်မပြောတော့

'အင်း....အဲဒီလို ဒို့သူငယ်ချင်းတွေ ကိုယ်စီကိုယ်ငှ ရည်း
တွေရှိနေကြတုန်းမှာ အောင်ခက်ကလဲ လှနွယ်ကိုပိုးနေတ

မင်းဝေ၏မျက်လုံးများ ဝိုင်းသွားရ၏။

'လှနွယ်' ဟူသောအမည်သည် သူ့ရင်ကို 'ဒိန်း' ကနဲဆော
လိုက်သည်။



ဤအမည်၌ 'နွယ်' နွယ်၊ နွယ်' ပါနေပြန်ပါပကော....။

'လှနွယ်က ဆိုရှယ်သိတ်ဖြစ်တာ ယောကျ်ားကလေးတွေနဲ့
လဲ ခင်ခင်မင်မင် ရင်းရင်းနှီးနှီးပေါင်းတာဘဲ။ ရဲလဲရဲတယ် ဒါ
ပေမယ့် အောင်ခက်သူ့ကိုပိုးတာ လွယ်လွယ်ကူကူ မြန်မြန်ဆန်
ဆန်နဲ့တော့ ရခဲ့တာမဟုတ်ဘူး'

ဦးမောင်မောင်လေးသည် စကားကိုခေတ္တရပ်ကာ တကြိုက်
မော့လိုက်ပြန်သည်။

မင်းဝေနှင့် တင်ထွေးလည်းလိုမွေ့ရည်သောက်ရင်းက ဆက်
ပြောလာမည့်စကားကို စောင့်လင့်နေကြ၏။

ဦးမောင်မောင်လေးတို့ ရမ်ခွက်ကိုကုန်အောင်သောက်လိုက်
ကြပြီး နောက်ထပ်ဖြည့်ခိုင်းနေသည်ကို ကြည့်ရင်း မင်းဝေကြေ
နပ်နေသည်။

အသောက်သမားတို့၏သဘာဝအတိုင်း ဦးမောင်မောင်လေး
တို့ အဝါရည်များများဝင်လေလေ အာဝဇ္ဇာန်းပိုရွှင်လေလေ
ဖြစ်မည်၊ သို့ဆိုလျှင် ဦးအောင်ခက်နှင့်ပတ်သက်သမျှ အကြောင်း
အရာတို့ကိုတော့ ဤလူကြီးနှစ်ဦးထံမှ မချွင်းမချန်သိရတော့မည်
မှာ ဧကန်....။

'လှနွယ်က တရုတ်ကပြားကွ။အဖေက တရုတ် အမေကဗမာ
ကပြားတွေရဲ့ထုံးစံအတိုင်း လှနွယ်လဲ ချောတာပေါ့ကွာ၊အသား
ကလေးက ဝင်းနေတာဘဲ၊ တရုတ်သွေးပါပေမယ့် မျက်လုံး
လေးတွေလဲ လှတာဘဲ။ ဒီတော့ လှနွယ်ကို ပိုးတဲ့ပန်းတဲ့လူတွေ
ကလဲ အများကြီး။


www.burmeseclassic.com

www.burmeseclassic.com

'အဲဒီလို ပိုးတဲ့ပန်းတဲ့လူတွေထဲမှာ အောင်ခက်က လှနွယ်နဲ့ အရင်းအနှီးဆုံးဘဲကွ။ သူတို့က တရပ်ကွက်ထဲနေကြပြီး ငယ်ငယ်ကတည်းက ကစားဖေါ်ကစားဖက်တွေ၊ အဲဒါတောင်မှဒီကောင် လှနွယ်ကို ပိုးလို့သိတ်လွယ်တာမဟုတ်ဘူး'

ဦးမောင်မောင်လေးက စကားခေတ္တအပြတ် ဦးသောင်းက ဝင်ပြောပြန်၏။

'ဟုတ်တယ် အဲဒီတုန်းကများကွ ညဲလသာသာသာတွေမှာဆိုရင် အောင်ခက်တကောင် လှနွယ်တို့အိမ်ရှေ့မှာ ချစ်ဒုက္ခသီချင်းကို အော်အော်ပြီး ဟဲ့ လိုက်ရတာ အမော ဂျော်ကာ တင်ညွှန့်က တယောနဲ့ ငါတို့က ဘေးကလိုက်ကြတဲ့ အဖေါ်တွေပေါ့'

ဦးသောင်းသည် ပြောနေရင်းက ထိုစဉ်ကအတိတ်၏ လှုပ်ရှားမှုတို့ကို ပြန်လည်သတိရ မြင်ယောင်ဟန်နှင့် ငေးနေသည်။

'အမှန်က လှနွယ်က သတ္တိရှိရှိနဲ့ ပွင့်ပွင့်လင်းလင်း ဘွင်းဘွင်း ပြောတာကို ကြိုက်တာကွ၊ အောင်ခက်လို ငယ်သူငယ်ချင်း ပြောမနာ ဆိုမနာ ရင်းနှီးနေပြီးသားလူက ချစ်စကား ကြိုက်စကားကို ပါးစပ်နဲ့မပြောဘဲ ရည်းစားစာပေးတာကို လှနွယ်က မကြိုက်ဘူး။ ပြီးတော့ အဲဒီလိုညတိုင်းမှာ သူ့အိမ်ရှေ့က နေပြီး ရိသဲ့သဲ့နဲ့ သီချင်းဆိုတာတွေ ဘာတွေကိုမကြိုက်ဘူး။ အောင်ခက်ကလဲ ဒါကိုမသိဘဲ ရည်းစားစာတွေချည်းဘဲ ဖိပြီး ပေးနေ ညတိုင်းလဲ သူ့အိမ်ရှေ့ကနေပြီး သီချင်းတကျော်ကျော် ဟစ်နေ ဆိုတော့ ခုတ်ရာတခြား၊ ရှရာတလွဲဖြစ်နေတော့တာ ပေါ့ကွာ'

သက်တင်စာပေ



"အေးဟုတ်တယ်၊ မောင်မောင်လေးပြောတာ ဟုတ်တယ် ဒါကြောင့်လဲဒီကောင်လှနွယ်ကို တော်တော်နဲ့ မစွံခဲ့တာပေါ့၊ ဒီလောက်အကြာကြီး လှနွယ်က သူ့အချစ်ကို လက်မခံဘဲနေခဲ့တဲ့အတွက် ငါတောင်မှ တော်တော် အံ့သြခဲ့ရသေးတယ်'

'အဲဒီတုန်းက တို့အထဲမှာ စာအဖတ်ဆုံးစာတိုပေစ အရေးဆုံးနဲ့ ဗမာစာတော်တဲ့ အောင်သင်း ကအောင်ခက်အတွက် ရည်းစားစာတွေ ရေးပေးခဲ့ရတာ မနည်းပါဘူးကွာ၊ စာတွေကတော့ သိပ်ကောင်းတယ်'

'ဒါနဲ့ ငါလဲနောက်ကျတော့ အောင်ခက်အတွက်စိတ်မရှည်ဘဲဖြစ်လာတယ်၊ ဒီလိုချည်း စာပေးနေလို့တော့ မဖြစ်တော့ဘူး၊ တေ့တေ့ဆိုင်ဆိုင် ချစ်စကား ကြိုက်စကားကို ပါးစပ်နဲ့ဘဲ ပြောပြီးတော့ အဖြေတောင်းကွာလို့ အောင်ခက်ကို မြှောက်ပေးရတော့တာပေါ့'

ဦးမောင်မောင်လေးသည် သဘောကျဟန်နှင့် ရယ်လိုက်ပြီးနောက် ဆေးလိပ်တလိပ်ကို မီးညှိ ဖွာရှိုက်နေလိုက်သည်။

ဦးသောင်းကလည်း မင်းဝေအားကြည့်ကာ ပြုံးပြုံးရယ်ရယ် ဆိုလိုက်သည်။

'ဒို့ခေတ်တုန်းကတော့ မင်းတို့ခေတ်လိုမဟုတ်ဘူးကွ၊ ပါးစပ်ကပြောဘို့မဆိုထားနဲ့ ရည်းစားစာ ပေးရတာတောင်မှ ရင်ဖိုသဲ့ဖိုနဲ့ တကယ့်စွန့်စားခန်းကြီးကွ။ မိန်းခလေးတွေဆိုရင်လဲ၊ သူတို့လမ်းလျှောက်သွားရင်း မတော်တဆ ထမိန်လေးလန်ပြီး ခြေသလုံးသား ဝင်းဝင်းကလေးများ ပေါ်သွားတာ မြင်လိုက်ရင်ဘဲ

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com


ဒို့လူပျိုတွေရင်ထဲ ဖိန်းကနဲ ရှိန်းကနဲ ဖြစ်သွားရတဲ့ ခေတ်ကွ ခုမင်းတို့ခေတ်နဲ့တော့ ကွာပါကွာ ဟားဟား....'

စကားအဆုံးတွင် ဦးသောင်းဟုန်သည် လှိုက်လှိုက် လှဲလှဲ ရယ်နေသည်။

မင်းဝေနှင့် တင်ထွေးတို့လည်း သဘောကျစွာပင် ရော၍ရယ် လိုက်မိကြ၏။

ပြီးမှဦးသောင်းကပင် ဦးမောင်မောင်လေး ဘက်သို့ လှည့် ကာ။

'ကဲ....ကဲမင့်စကား ဆက်ပါအုံး ဒီကောင် လှနွယ်ကို စပြီး စကားပြောတာ စမ်းချောင်းမှာထင်တယ် ဟုတ်လား'

'ဟုတ်တယ်ကွ ဒို့ငယ်ငယ်တုန်းကတော့ကွာ ဟို....ပင်စည် ဘုရားရဲ့အရှေ့မြောက်ဘက်လောက်မှာစမ်းချောင်းဆိုတဲ့ တောရ ဘုန်းကြီးကျောင်းရှိတယ်၊ သိတ်ပြီးတော့သာယာ အေးချမ်း တာဘဲ၊ သစ်ပင်နွယ်ပင်တွေ၊ ရေကန်တွေနဲ့ ဇရပ်ကလေး ကျောင်းကလေးတွေလဲ အများကြီးဘဲ၊ အဲ့ဒီ စမ်းချောင်းတော ရကျောင်းကို ဝါတွင်းမှာဆိုရင် ဒို့မြို့ကလူတွေဟာ တပျော်တ ပါးကြီး သွားပြီး ဥပုသ်စောင့်ကြတယ်၊အဲ့....လူကြီးတွေကတော့ ဥပုသ်စောင့်တာပေါ့ကွာ၊ ဒို့လူငယ်တွေကတော့ မိဘ တွေနဲ့ အတူတူပါလာတဲ့ အပျိုတွေကို ဂေါ်ကြတာပေါ့၊ အေး....အေး ဂေါ် တယ်ဆိုတဲ့စကားကော မင်းတို့ နားလည်ရဲ့လား၊ ခုခေတ် မင်းတို့ စကားနဲ့ ဆိုရင် 'ရှိတ်' တာပေါ့ကွာ'

မင်းဝေတို့ ပြုံးလိုက်ကြရင်း ခေါင်းကို ညိတ်လိုက်ကြသည်။



'ဥပုသ်ခနေ့ တနေ့မှာပေါ့ကွာ၊ အဲဒီလို စမ်းချောင်းတောရကို သွားကြတာမှာ လှနွယ်တို့ အိမ်က လဲသွားတော့၊ ဒို့လဲအောင် ခက်နဲ့ အတူ လိုက်သွားတယ်၊ ရည်ရွယ်ချက်ကတော့ လူလစ်ရင် လှနွယ်ကို အောင်ခက်က ကိုယ်ထိလက်ရောက် စကားပြောဘို့ဘဲ ပေါ့လေ။

'အဲဒီမှာကတော့ လူကြီးတွေက ကျောင်းပေါ်မှာ သီလယူ ကြ၊ ဘုန်းကြီးဆွမ်းကပ်ကြ၊ တရား နာကြနဲ့ အလုပ်များနေကြ ပေမယ့် ဒို့ လူငယ်တွေကတော့ သစ်ပင် နွယ်ပင်၊ ဟိုနားဒီနား မှာ၊ဟိုတစု ဒီတစု နေကြလေ့ရှိတယ်၊အဲဒါ လှနွယ်ကို တယောက် ထဲ စကားပြောခွင့်ရအောင် လုပ်ကြရတယ်၊ အဲ....ဖန်တည်းပေး သူကတော့ ဒို့ သူငယ်ချင်းမတွေဖြစ်တဲ့ မယဉ်မြင့်နဲ့ မစောယု ဆိုတာတွေပေါ့ကွာ၊ သူတို့ နှစ်ယောက်က လှနွယ်ကို ခေါ်ပြီး ချောင်ကျတဲ့ ရေကန်လေးဘေးကို ခေါ်လာကြတယ်၊ ဒို့ အား လုံးကလဲသူငယ်ချင်း တွေချည်းဘဲ ဆိုတော့ လှနွယ် ကိုအောင် ခက်နဲ့ နှစ်ယောက်ထဲ ကျန်နေအောင် ဖန်တည်းပေးရ တာဟာ သိတ်တော့ ခဲယဉ်း တဲ့အလုပ် မဟုတ်ပါဘူး၊ဒါပေမယ့် ခက်တာကအောင်ခက်ကွ၊ သူကဇာတ်လိုက်ရည်းစားစကားပြော ရမှာကသူ'

'နေပါအုံးကွ မောင်မောင်လေးရအဲဒီတုန်းကဘယ်သူဒါရိုက် တာလဲ'

ဦးသောင်းက ဝင်မေးလိုက်သဖြင့် ဦးမောင်မောင်လေး သည် ရယ်လိုက်ပြီး။


www.burmeseclassic.com

www.burmeseclassic.com

'ဒါရိုက်တာကတော့ ငွေးမြင့်ပေါ့ကွာ၊ ဒီကောင်မှိုကြံကြံဖန်ဖန် စိတ်ကူးလဲ ရတတ်တယ်'

မှင်းဝေနှင့် တင်ထွေးသည် စိတ်ဝင်စားစွာနှင့် နားစိုက်နေကြသည်၊ ဇာတ်လမ်းကို ကြားချင်နေကြပြီ။

'ဒို့ကလဲ သိတယ်လေ ဒီကောင်လှနွယ်ကို တယောက်ချင်းတွေ့ပေမယ့် လွယ်လွယ်ကူကူနဲ့တော့ ရည်းစားစကား ပြောရဲမှာမဟုတ်ဘူးဆိုပြီး ကြိုတင်ပြီး ကြံထားကြရတာ၊ ငွေးမြင့်က မြေအအသေတကောင် ရှာထားပြီး သူတို့နှစ်ယောက်ထဲရှိတဲ့အချိန်မှာ သူတို့နားကို အဲဒီမြွေအသေကြီး လှမ်းပြစ်လိုက်တယ်၊ မြွေကြီးအနား ကျလာတာမြင် တော့လှနွယ်လဲ အမလေးလို့လန့်အော်ပြီးသူ့နားမှာရှိတဲ့ အောင်ခက်ကို ဖက်လိုက်တယ်၊ အဲဒီမှာတင် အောင်ခက်လဲ လှနွယ်ကို ပြန်ဖက်လိုက်ရင်းက သတ္တိတွေဝင်လာပြီး အိုကေသွားကြတယ် ဆိုပါတော့ကွာ'

အားလုံးပင် ရယ်သိမိကြရပြန်၏။

'လှနွယ်နဲ့ အောင်ခက်ဟာ ချစ်တော့လဲတကယ် ချစ်ကြတာပါဘဲ၊ ဒါပေမယ့် ပတ်ဝန်းကျင်နဲ့ အခြေအနေ ဆိုတာကလဲ အခက်သားလားကွာ၊ ပြီးတော့တယောက်နဲ့ ကယောက်လဲ အထင်အမြင် လွဲမှားစရာလေးတွေက ဖြစ်လာတယ်'

ဦးသောင်းကလဲ စိတ်မကောင်းဟန်နှင့် ဝင်၍ ဆက်ပြောလိုက်၏။

'အောင်ခက်တို့ မိဘတွေက မြေပိုင်ရှင် သူဌေးတွေ၊ လှနွယ် အဖေက တရုတ်၊ စီးပွားရေးကလဲ အစုံလုပ်တာ၊ အကုသိုလ်ရှယ်

သက်တင်စာပေ



ဘာရယ် ရှောင်တာမဟုတ်ဖူး၊ အရက်လိုင်စင်စီတို့ ဝက်သတ်လိုင်စင်တို့လဲ လုပ်တာဆိုတော့ အောင်ခက်မိဘတွေက မကြိုက်ဘူး၊ ပြီးတော့ လှနွယ်က ဆိုရှယ်လဲဖြစ်လွန်းတော့ အောင်ခက်မိဘတွေက လုံးလုံး အကောင်းမထင်ဘူး၊ အရပ်ပျက်သာသာလောက်ထင်နေတာ'

'အဲဒါကတော့ အောင်ခက်မိဘတွေ လွန်တာပါကွာ'

ဟု ဦးသောင်းက မှတ်ချက်ချသည်။

ပိုပြီးဆိုးတာက လှနွယ်ရဲ့ မိဘတွေကလဲ သူတို့သမီးကို ဗမာနဲ့မှပေ စားချင်ဘူး။ သူတို့လို တရုတ်ကပြားလောက်နဲ့မှ ပေးစားချင်တာ။ ဒီတော့ သူ့မိဘတွေကလဲ ဈေးအနောက်ဘက်ကကျင်စွ ဆိုတဲ့ကောင်နဲ့ ပေးစားဘို့ သဘောတူနေတယ်။ ကျင်စွကလဲ နေ့တိုင်း ချောင်းပေါက်မတတ် လှနွယ်တို့အိမ်ကို ဝင်ထွက်နေတာဘဲ။ အဲဒီတုန်းကဆို အောင်ခက်တယောက် နေမထိထိုင်မသာ ဖြစ်ခဲ့ရတာပေါ့ကွာ'

စကားက အဆက်မပြတ်သည့်ကြားကပင် အရက်ခွက်ကလည်းကုန် ကုန်သွားသည်။ဘားကောင်တာ ဝန်ထမ်းကလေးက အရက်လာ၍ ထည့်ရပြန်ပြီ

'အဲဒီနောက်ကျတော့လဲ အောင်ခက်ခမြာ ကံဆိုးရရှာတာပါဘဲ'

ဦးမောင်မောင်လေးသည် ဆေးလိပ်ကို မီးညှိ၍ ရှိုက်ဖွာပစ်လိုက်ပြန်သည်။

စကားလည်းမဆက်၊ အရက်ခွက်ကိုမော့လိုက် ဆေးလိပ်ကိုဖွာလိုက်နှင့် လုပ်နေသည်။

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ချောင့်မံရဲဖြစ်နေသူမှာ မင်းဝေ။

ဇာတ်သိမ်းပိုင်းသို့ ရောက်ကာမှ အသေးစိတ်ကမလာ၍ စပ်တငန်ငန်ကြီး ဖြစ်နေရ၏။ ထို့ကြောင့် အောင့်အီးမနေနိုင်တော့၍ ဖွင့်ရှပင် မေးလိုက်တော့သည်။

'ဟုတ်ကဲ့ဦး....ဘယ်လို ကံဆိုးရတာလဲခင်ဗျာ'

ဦးမောင်မောင်လေးသည် သတင်းပြင်းတချက်ကို ချလိုက်ပြီးမှ ဆက်ပြော၏။

'တနေ့မှာ အောင်ခက် တယောက် ပျောက်သွားတယ်။ သူဘယ်သွားနေတယ်ဆိုတာ ဘယ်သူမှ မသိဘူး၊ ဒို့သူငယ်ချင်းတွေတောင် ဘယ်သူမှ မသိဘူး။ ပထမတော့ ဒို့လဲ ဒီကောင် လှနွယ်ကိုများ ခိုးပြေးသွားလေပြီလားလို့ ပေါ့ကွာ၊ ဒါလဲ တကယ်တော့ မဖြစ်နိုင်ပါဘူး၊ အဲဒီလို ဒီကောင်လုပ်သွားလဲ ဒို့ကိုမတိုင်ပင်ဘဲ ဒို့အကူအညီ မပါဘဲ လုပ်မှာမဟုတ်ဘူး၊ ပထမတော့ ဒို့လဲစဉ်းစားရ ခက်နေတာပေါ့၊ အဲ့ နောက်နှစ်ရက်လောက် နေတော့မှ ကန်တော်ကြီးထဲမှာ သူ့အလောင်း ပေါ်လာတော့တာပါဘဲကွာ'

'သူဘယ်လိုကြောင့် ဒီလိုဖြစ်သွားရတယ် ဆိုတာကို ဦးတို့လိုရင်းနှီးတဲ့ သူငယ်ချင်းတွေတောင် မသိကြဘူးလားခင်ဗျာ'

'ဒို့အားလုံးဘယ်သူမှမသိကြပါဘူးကွာ။ အဲဒါကိုဘဲ ဒို့လဲ အံ့သြခဲ့ကြရတာဘဲ၊ တခုတော့ရှိတယ်၊ အဲဒီ အချိန်တုန်းက တိုင်းပြည်ကလဲ ရှုတ်ရှုတ်ရက်ရက် ဖြစ်နေပြီ။ ဒီမြို့ကိုသောင်းကျန်း

သက်ဘင်စာပေ



သူပုန်တွေကလဲ နေ့သိမ်းတော့မလိုလို၊ ညသိမ်းတော့မလိုလို နေတဲ့အချိန်ဆိုတော့ ဒီအမှုကို ဘယ်သူကမှလဲ ပေါ်အောင် စမ်းနိုင်ကြတော့ပါဘူး။ အလောင်းရတော့လဲ ခေါင်းမှာ ဆုကြီးနဲ့ ဆိုတော့ သူ့ဟာသူ ရေနစ်သေတာတော့ မဟုတ် လူသတ်မှုဆိုတာတော့ ထင်ရှားတာပေါ့'

'သူပျောက် မသွားခင် ညတုန်းကတော့ ငါနဲ့ တွေ့လိုက်းတယ်။ ငါ့အိမ်ကသူ ညရှစ်နာရီ ထိုးခါနီး လောက်ကျမှ သွားတာကွ။ သွားတော့လဲ လှနွယ်နဲ့ ချိန်းထားလို့ သွားယ်ဆိုပြီး သွားတာဘဲ'

ဦးသောင်းက ဝင်ပြောလိုက်၏။

'အဲဒီ.... ဒေါ်လှနွယ်ကိုကော၊ ဦးတို့မေးမြန်း မကြည့်မိဘူးခင်ဗျ၊ အဲဒီညက ဦးအောင်ခက်နဲ့ တွေ့မတွေ့ပေါ့'

'ဟာ.... မမေးဘဲ ဘယ်နေပါ့မလဲ။ မေးပြီလားကွာ၊ ဒါပေ့ လှနွယ်ကလဲသူနဲ့ အောင်ခက်နဲ့ အဲဒီညက မတွေ့ပါဘူးလို့ ာတယ် ဒီတော့ သူသေတဲ့ကိစ္စမှာ၊ လမ်းစပြတ်သွားတာပေါ့ ၊ ဘာသဲလွန်စမှ မကျန်ခဲ့တော့ဘူး'

မင်းဝေသည် ရှုတ်တရက် အရှုံးမ ဖြူလုံးကို သတိရလိုက် ည်။

ဖြူလုံးသည် ဦးအောင်ခက်၏ အကြောင်းကို အတော်အတန် ာ၊ သိခဲ့ဟန်ရှိသည်။ သူပြောခဲ့သော စကားများက ခေါ်းဆန်းများချည်းသာ။

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အရှုးစကားပေမင့် မှန်တတ်သည်၊ အရှုးဆယ်ခွန်း တခွန်းတော့ မှန်တတ်သည်ဟုပင် ဆိုရိုးစကား ရှိသည်မ လား။

ထို့ကြောင့် မေးလိုက်မိ၏။

'အရှုးမ ဒေါ်ဖြူလုံးကကော၊ အဲဒီရက်တွေတုန်းက ထူးထူးခြားခြား သူ့ဟာသူ ရေရွတ်နေတာတွေ အော်နေ တွေ မရှိခဲ့ဘူးလား ခင်ဗျ...'

ဦးမောင်မောင်လေးရော၊ ဦးသောင်းပါ နှစ်ယောက် မျက်လုံးများ ပြူးသွားကြ၏။

'ဟေ....မင်းက ဖြူလုံးကို သိလို့လား၊ မင့်စကား ခတ်ဆန်းဆန်း ပါဘဲလား'

'ဒေါ်ဖြူလုံးကို ကျွန်တော်ဒီရောက်မှတွေ့တာ နှစ်ခါ ပြီ။ သူက ကျွန်တော့ကို ဦးအောင်ခက်ထင်ပြီး ပြော စကာင်းတွေက ခတ်ဆန်းဆန်းဖြစ်နေလို့ပါ'

ဦးသောင်းသည် စဉ်းစားဟန်နှင့် မျက်မှောင်ကုတ်နေ ပြီးမှ တစုံတခုကို သတိရဟန်နှင့် ရုတ်တရက်ပြောလိုက်

'အေး....အေး....နေအုံး၊ ငါသတိရသလိုလိုတော့ ရှိ ဟုတ်ပြီ၊ ဟုတ်ပြီ။ အဲဒီတုန်းက ဖြူလုံးကို ငါတခါတွေ့ သူပြောနေတာရှိတယ်အောင်ခက်၊အောင်ခက် နင်တို့သူ အောင်ခက်ကတော့ နိဗ္ဗာန်ရောက်နေပြီ။ ဟိဟိ....တဲ့ ပြီ အေး....ဒီကောင်က နိဗ္ဗာန်ရောက်တော့မှာ မဟုတ်ပါ မှဘက်လိုက်တော့ မိုက်ဘက်ပါ။ကြိုက်မရှက်တော့ အ ခုဆို သိုက်စောင့်တော့ဖြစ်နေမှာ ဟိဟိ....ဟိ....တဲ့။ အေ

သက်တင်စာပေ



က ကုတ္တိဝင်၊ နဒီဝင်ဆိုတာမှမသိဘဲ၊ သေတာဘောင်နည်းသေး တယ်။ ငါသိတယ်....ငါသိတယ်၊ ငါအကုန်သိတယ်လို့အော်ပြီး ထွက်သွားတာဘဲ၊အဲဒီအကြောင်းကို ငါမင်းတို့တတွေကိုတောင် မှပြောခဲ့သေးတာဘဲ မောင်မောင်လေးရ။ မင်းမမှတ်မိတော့ဘူး လား....'

ဦးမောင်မောင်လေးသည် စဉ်းစားဟန်နှင့်ခတ်တွေတွေလုပ် နေလိုက်ပြီးမှ သတိရလာဟန်နှင့်....

'အင်း....အင်း....ဟုတ်ပြီ၊ အဲဒီအကြောင်းကို မင်းငါပြော ဘူးတယ်၊ ဒါကြောင့် မင်းနဲ့ငါတောင်မှ ဖြူလုံးနောက်ကိုလိုက် ပြီး အောင်ခက်အကြောင်း မေးခဲ့ဘူးသေးတယ် မဟုတ်လား။ ဒါပေမယ့် ဘာမှမေးလို့မရခဲ့ဘူး။လ၊ ကြောက်တယ်၊ကြောက် တယ်....ငါကြောက်တယ်၊ ငါဘာမှမပြောဘူး၊ ဗိုလ်မြင့်အောင် ကိုကြောက်တယ်လို့ပြောပြီး ထွက်ပြေးသွားခဲ့တာချည်းဘဲ၊ ဒါနဲ့ ဒို့လဲ အရှုးစကားအလကားဆိုပြီး ဖြူလုံးကိုဘာမှမမေးတော့ဘဲ လက်လျှော့ထားခဲ့လိုက်တာဘဲ'

'ဗိုလ်မြင့်အောင်ဆိုတာ ဘယ်သူလဲဦး'

ဤအမည်ကို ဖြူလုံးကလည်း သူ့အားပြောခဲ့ဘူးသည်ဖြစ်၍ မင်းဝေမှတ်မိနေသည်။

ထို့ကြောင့်လည်း သိချင်ဇောနှင့် မေးလိုက်ခြင်းဖြစ်၏။

'ဗိုလ်မြင့်အောင်ဆိုတာကွာ အဲဒီရဲဘော်ဖြူခေတ်က ပြည်သူ့ရဲဘော်တဦးပေါ့။ ဒို့တောင်တွင်းကြီးမှာတော့ တော်တော် တန်ခိုးထွားခဲ့တာပေါ့။ ပြီးတော့ အဲဒီ ဗိုလ်မြင့်အောင်ကလဲ

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လှနွယ်တို့အမေဘာက်ကစပ်ရင် မောင်နှမဝမ်းကွဲတော်တယ် ဆိုပါတော့ကွာ’

မင်းဝေ၏စိတ်ထဲတွင် အတွေးတခုဝင်လာသည်။ ဗိုလ်မြင့်အောင်ဆိုသူသည် ဒေါ်လှနွယ်နှင့် မောင်နှမဝမ်းကွဲတော်သည်ဆိုတော့ အကယ်၍ ဦးအောင်ခက်သေရခြင်းနှင့် ပတ်သက်ပြီး ဒေါ်လှနွယ်၏ပယောဂ တခုခုပါခဲ့မည်ဆိုလျှင် ဗိုလ်မြင့်အောင်သည် ဤကိစ္စကို ဖုံးကွယ်ထားချင်ပေလိမ့်မည်၊ ဦးအောင်ခက်၏ကိစ္စနှင့်ပတ်သက်၍ အဆက်အစပ်ကလေးများတော့ ရလာပြီဟု မင်းဝေထင်သည်။

‘ကဲ....မင်းသိချင်တဲ့ အောင်ခက်အကြောင်းနဲ့ ပတ်သက်ပြီးတော့ ဒို့သိသမျှအားလုံးပြောပြီးပြီ၊ ဒို့လဲ့ရေချိန်ကိုက်ပြီ။ ဒီတော့ ပြန်မှဘဲ၊ ကဲ....မောင်သောင်းရေ ဒို့သွားကြစို့’

ဦးမောင်မောင်လေးသည် ပြောပြောဆိုဆိုနှင့်ပင် တိုင်ချာ ထလိုက်သည်။

မင်းဝေအဖို့မူ သိချင်တာလေးတချက် ကျန်နေသေးသည်။ ဒေါ်လှနွယ်ဆိုသည်မှာ မည်သူနည်း၊ ယခု ဘယ်မှာနေသနည်း။

‘အဲဒီဒေါ်လှနွယ်ဆိုတာ ဒီမှာရှိသေးလားခင်ဗျ၊ ဘယ်မှာနေသလဲ’

‘ရှိတာပေါ့ကွာ၊ သိတ်ရှိတာပေါ့၊ ဒီမြို့မှာဘဲနေတုန်းပါ အေး....မင်းတွေ့ချင်ရင်တော့ မင်းသူငယ်ချင်း တင်ထွေး လိုက်ပို့ခိုင်းပေါ့။ ဟို....ပွဲထဲကုန်းအရှပ်ထဲမှာနေ့တဲ့ ဒေါ်လှနွ လေကွာ၊ မင်းသိမှာပါ’

သက်တင်ဓာပေ



တင်ထွေးကလည်း ခပ်သွက်သွက်ပင်....

‘ဟုတ်ကဲ့ဦး၊ ကျွန်တော်သိပါတယ်’

ဟု ဆိုလိုက်သည်။

‘အေး....အေး....ကောင်းပြီ၊ ဒို့သွားတော့မယ်’

ဟုဆိုကာ ဦးမောင်မောင်လေးနှင့် ဦးသောင်းတို့ ခပ်ယိုင်ယိုင်နှင့် လျှောက်သွားကြပြီးမှ ဦးသောင်းကပြန်လှည့်ကြည့်ကာ မင်းဝေအား အာလေးလျှာလေးနှင့်ပြောလိုက်သေးသည်။

‘မောင်မင်းဝေ၊ မင်း....မင်း....လှ....နွယ်ဆီကိုတော့သွားဖြစ်အောင် သွား....သွားလိုက်စမ်းကွာ၊ သူ....သူ မင်းကိုမြင်လိုက်ရင်တော့ သိတ်ကိုအံ့သြသွားမှာ၊ ဒအောင်ခက် တဖြစ်လဲ့ပေါ့ကွာ.... ဟား....ဟား....’

●

သက်တင်ဓာပေ

www.burmeseclassic.com

www.burmeseclassic.com

## (၁၃)

'ဒေါ်လှနွယ်ဆိုတာ မမနွယ်ရဲ့ အမေပေါ့ဗျာ'

ဟု တင်ထွေးက သူ့အား ပြောပြလိုက်သော အခါတွင် မင်းဝေအံ့သြခြင်းကြီးမကာ အံ့သြသွားရသည်။

ရုတ်တရက် မင်းသက်မိကာ ဘာမျှပြန်မပြော နိုင်လောက်အောင်ပင် ဖြစ်ရ၏။ ထို့နောက် ဒေါ်လှနွယ်အား ချက်ခြင်းပင် တွေ့ချင်စိတ် ပြင်းပျခဲ့ရသည်။

'ကလပ်'ထဲမှ ဦးမောင်မောင်လေးတို့နှင့် စကားပြောပြီး ထွက်ခဲ့ကြတော့ နေ့ရောင်ပင် မပျောက်တပျောက်ရှိသေးသည်။

သက်တင်စာမျက်နှာ



မူလအစီအစဉ်ကလည်း ဒီမှာ ဦးမောင်မောင်လေးနှင့်တွေ့ပြီးလျှင် ခင်နွယ်ခက်တို့အိမ်သို့ သွားကြရန်ပင်ဖြစ်သည်။

သူတို့နှစ်ဦးစလုံး၏ခြေလှမ်းများသည် သွက်နေကြ၏။ခင်နွယ်ခက်ဆီသို့ သွားနေသည်ဟု ဆိုရမည်ထက် ယခုတော့ ဒေါ်လှနွယ်တို့ထံသို့ သူတို့သွားနေကြသည် ဟူ၍ပင် ပြောရတော့မည်ထင်သည်။

ဦးအောင်ခက်နှင့် တူလှပါသည် ဆိုသော မင်းဝေအား မြင်တွေ့လိုက်လျှင် ဒေါ်လှနွယ်သည် မည်သို့ရှိပါမည်နည်း။

မင်းဝေသာလျှင်မက တင်ထွေးပါ ထိုအတွေးကို တွေးကာ စိတ်စောနေသည်။

ကိုမင်းဝေ ကျွန်တော်တို့ ဟိုရောက်ရင် ခင်ဗျားက အရှေ့က အရင်ဝင်ဗျာ၊ ကျွန်တော်က နည်းနည်းနောက်ချန်ပြီးမှ ဝင်မယ်၊ ခင်ဗျားကို ဒေါ်လှနွယ် မြင်မြင်ခြင်း ဘယ်လို ဖြစ်သွားသလဲဆိုတာကို ကျွန်တော်တို့ ကြည့်ကြရအောင်'

တင်ထွေး၏ အကြံပေးချက်ကို မင်းဝေကလည်း သဘောတူသည်။

သို့သော်လည်း သူတို့ရည်ရွယ်သလို မဖြစ်ခဲ့။

မင်းဝေတို့ လာနေကြသည်ကို အိမ်ပေါ်မှနေ၍ လှမ်းမြင်ခဲ့သော ခင်နွယ်ခက်သည် တံခါးဝမှနေ၍ ကြိုဆိုခဲ့သည်။

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'လာကြ...လာကြ၊ မနက်ကတည်းက လာမယ်ထင်လို့ စောင့်နေတာ၊ အခုတဲ့ ပေါ်လာကြတော့တယ်၊ နောက်ကြလိုက်ကြတာ'

ခင့်နွယ်ခက်သည် အပြစ်တင်သံကလေးနှင့် ဆိုလိုက်သည်။

'မနက်ကတည်းက လာချင်နေတာပါဘဲနွယ်ရယ်၊ ဒါပေမယ့် ဟောဒီ ကိုတင်ထွေးက ပိုးသကူးမြို့ဟောင်း တူးဖေါ်နေတဲ့ နေရာကို ခေါ်သွားလို့ လိုက်သွားနေရတာနဲ့ မနက်က မလာဖြစ်တဲ့ အခုမှလာရတာပါ'

မင်းဝေ၏ စကားကြောင့် တင်ထွေး၏ မျက်လုံးများ ပြူးသွားရ၏။

မကျေနပ်ဟန်နှင့်လည်း မင်းဝေအားကြည့်လိုက်၏။

'ဟော...ခင်ဗျားကတော့လုပ်ပြီ၊ ပိသ်ကာုးမြို့ကို ခင်ဗျား သွားချင်တာလား၊ ကျွန်တော်သွားချင်တာလား။ ခင်ဗျားတဲ့ ရောက်ချင် ကြည့်ချင်လှပါတယ်ဆိုလို့ ကျွန်တော်က လိုက်ပို့ရတာ၊ ခုတော့ ကျွန်တော်က သွားချင်လို့တဲ့ ခင်ဗျားက လိုက်ရတဲ့ပုံမျိုး၊ ဟုတ် ဟုတ်သေးတော့'

မင်းဝေနှင့် ခင်နွယ်ခက်တို့ ရယ်ကြသည်။

'ကဲ...ကဲ...ခရီးရောက်မဆိုက် ဒီမှာ ရန်ဖြစ်မနေကြနဲ့အုံး လာ လာထိုင်ကြ'

သက်တင်စာပေ



ခင်နွယ်ခက်က ထိုသို့ဆိုလိုက်သဖြင့် သူတို့ နှစ်ဦးလည်း ဘာမျှမပြောကြတော့ဘဲ ဧည့်ခန်းတွင်း ကုလားထိုင်များ၌ ဝင်ထိုင်လိုက်ကြသည်။

'နှစ်ယောက်စလုံး အေးအေးဆေးဆေးပေါ့နော်၊ ကနေ့ အိမ်မှာ မုန့်ဟင်းခါး လုပ်စားကြတယ်၊ အဲဒါ ကိုမင်းဝေတို့ကိုလဲ ကျွေးချင်လို့၊ မနက်ကရော၊ နေ့လည်ကရော မျှော်နေတာ။ ခုတော့ ညစာလွတ် အဝစားသွားပေတော့'

'ဟာ....အားနာစရာကြီး မမခက်ရာ၊ မျှားမျှားမှ ကျန်သေး ရဲ့လား၊ နည်းနည်းပါးပါးဆိုရင်တော့ ဝမှာမဟုတ်ဘူးနော်'

တင်ထွေးက ထိုသို့ပြောလိုက်သဖြင့် ခင်နွယ်ခက်သည် အသံကလေးထွက်အောင် ရယ်လိုက်ပြီးမှ....

'သိပါတယ်....သိပါတယ်၊ မောင်တင်ထွေးတို့ နှစ်ယောက် စလုံး အစားကြီးကြမှန်းသိလို့ အစကတည်းက အများကြီး လုပ်ထားတယ်၊ ကဲ ခဏထိုင်ကြအုံးနော်၊ မေမေ့ကို သွားခေါ် လိုက်အုံးမယ်'

ပြောပြောဆိုဆို ခင်နွယ်ခက် ထိုင်ရာမှထကာ အိမ်ခန်း အတွင်းဘက်သို့ ဝင်သွားကြသည်။

မင်းဝေကရော တင်ထွေးပါ ခင်နွယ်ခက် ဝင်သွားရာ အခန်းဘက်သို့ကြည့်ရင်း စိတ်စောလျက် ကျန်ခဲ့ကြသည်။

ဒေါ်လှနွယ် ထွက်လာလျှင်ဟူသော အတွေးသည် သူတို့ နှစ်ဦးစလုံး၏ ရင်ထဲ၌ လှိုင်းထ၍ကျန်ခဲ့ကြ၏။

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ခြေသံများ ကြားလိုက်ရပြီးနောက် ခင်နွယ်ခက်တို့သားအမိ ထွက်လာသည်။

ဒေါ်လှနွယ်ကရှေ့က....ခင်နွယ်ခက်က နောက်က။

မင်းဝေ၏ မျက်လုံးများ ပြူးသွားရ၏။

'ဟာ....'

ဟူသော အာမေဋိတ်သံပင် သူ့နှုတ်မှ ထွက်သွားတော့မလို ဖြစ်သွားရသေး၏။

ခင်နွယ်ခက်နှင့် ရုပ်ချင်းတူသည်မှာတော့ ထင်ရှားလှန်းသည်၊ အသားအရေ၊ မျက်လုံး၊ မျက်ဖန်၊ နှာတံ၊ ပါးစပ်နှင့် မျက်နှာကျပုံသည်က တထေရာတည်း။

ရင့်ရော်ခြင်းနှင့် နုပျိုခြင်းသည်သာ ခြားနားသည်။ အထူးခြားဆုံးမှာမူ ဒေါ်လှနွယ်၏ ညာဘက်ပါးပြင်ပေါ်မှ မှဲ့နက်ကလေးကလုံး။

မင်းဝေ၏ရင်သည် ခုန်လာ၏

တပြိုင်နက်တည်းမှာပင် သူ့နှလုံးသားဝယ် တင်းကြပ်လာ၏။

'နွယ်....နွယ်....'

'အိပ်မက်ထဲမှ....နွယ်'

တွေ့ပါပြီ....နွယ့်ကိုတွေ့ပါပြီ။

သက်တင်စာပေ



အနှစ်နှစ် အလလက တွေ့ချင်နေခဲ့ရသော မှန်းဆမျှော်လင့်ခဲ့ရသော တောင့်တစောင့်စားခဲ့ရသော အိပ်မက်ထဲက တကယ့် 'နွယ့်'ကို ခုဟာ တွေ့ခဲ့ရပါပြီ။

တကယ်တော့ မိမိကို ဒေါ်လှနွယ် မြင်လိုက်လျှင် မည်သို့များ ရှိပါမည်နည်းဟု စောင့်ကြည့်ရန် စိတ်စောခဲ့သော မင်းဝေသည် ခုတော့ သူ့စိတ်ဆန္ဒကို မေ့သွားလိုက်ရပြီဖြစ်သည်၊

ဒေါ်လှယ်၏ မျက်နှာရိပ် မျက်နှာကဲကို စောင့်ဖမ်းရန်ကို သတိမရတော့။ အံ့သြခြင်းသည်သာ သူ့တကိုယ်လုံးကို ရစ်ပတ်လွှမ်းမိုးထားသည်။

မင်သက်မိနေသောမျက်လုံး။

အံ့သြပွင့်အာနေသောပါးစပ်။

တင်းကြပ်ဆို့နစ်နေသောနှလုံး။

လှုပ်ရှားလိုက်ခုန်နေသော ရင်တို့နှင့် မင်းဝေသည် ကျောက်ရုပ်ပမာ မလှုပ်မယှက် ရှိနေရသည်။

အံ့သြရမှုခြင်းပြိုင်လျှင် မင်းဝေနှင့် ဒေါ်လှနွယ်သည် မည်သူကမှတော့ နိုင်မည်မထင်။

သို့သော်လည်း တုန်လှုပ်ရခြင်း၌ ဒေါ်လှနွယ်က ပိုသည်၊ သူ့မျက်လုံးများကို သူမယုံ၊ မင်းဝေအား မြင်လိုက်လျှင်မြင်လိုက်ခြင်း သူ့နှလုံးသွေး ရပ်သွားလုမတတ်အံ့သြတုန်လှုပ်လိုက်ရသည်။

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ....

'မင်း.... မင်း....မင်း....အောင်....အောင်'

ဟူ၍ သူ့နှုတ်မှ အထစ်ထစ်အငေါ့ငေါ့နှင့်ထွက်လာပြီးအသံတိမ်ဝင်သွား၏။

ဒေါ်လှနွယ်အဖို့ ကြာခဲ့ပြီဖြစ်သော်လည်း ဘယ်တုန်းကမှ မမေ့ခဲ့နိုင်သည့်သူ....သူ....။

မေ့ချင်သော်လည်း မေ့မရ၊ မလွမ်းသော်လည်း နာကျည်းနှင့် သတိတရ ရ ဖြစ်နေခဲ့ရသောသူ။

သူမရှိတော့ပြီဖြစ်သော်လည်း အနှစ်အစိတ်ကျော် သုံးဆယ်မျှပါးမျှ မိမိစိတ်ကိုခြောက်လှန့်နေခဲ့သောသူ....။

ခုတော့....သူ....သူ။

အို....သူတော့မဟုတ်နိုင်။

မဖြစ်နိုင် ဘယ်နည်းနှင့်မှ သူမဟုတ်နိုင်။

သို့သော်လည်း သူနှင့်တော့ တူလွန်းသည်။ တူလိုက်သည်မှာတော့ သူနှင့်တထေရာတည်း....။

အချိန်ကာလ၏ ခြားနားမှုသာမရှိလျှင်တော့ သူမှသူ ဟုပင် ရဲရဲကြီး စွပ်စွဲပြစ်လိုက်နိုင်မည်ဖြစ်သည်။

သူအစစ်သာဖြစ်မည်ဆိုလျှင်တော့ မိမိဘာလုပ်ရမည်မသိ။

အို....သူ့ရှေ့မှ ထွက်ပြေးလိုက်မည်။ သူမလိုက်နိုင်အောင်ပြေးမည်၊ သူမတွေ့အောင်ပုန်းမည်။

---





အချိန်ကာလ၏ ခြားနားမှုကိုတော့ မည်သူမျှ မလွန်ဆန်နိုင်။ သဘာဝ၏လှုပ်ရှားမှုကို မည်သူမျှ မတားဆီးနိုင်။ အဟောင်းသည် ဘယ်တော့မှ အသစ်မဖြစ်၊အဟောင်းသည် အဟောင်း....အသစ်သည် အသစ်....။

တူချင်လျှင်တော့တူမည်၊ ဒါသည် မဆန်း၊ သို့သော်လည်း ခု သူသည် ဟိုတုန်းကသူမဖြစ်နိုင်....။

ဒေါ်လှနွယ်သည် သူ့စိတ်ကို တည်ငြိမ်အောင် ကြိုးစားလိုက်သည်။ ဣန္ဒြေမပျက်ရအောင် စိတ်တင်းလိုက်သည်။

ထို့နောက် ဟန်ဆောင်၍ ပြုံးလိုက်သည်။

သို့တိုင်အောင်ပင် တကယ်တော့ ဒေါ်လှနွယ်၏ စိတ်တို့ ငြိမ်။ လှုပ်ရှားနေရဆဲပင်ရှိနေသေးသည်။

နီးရာ ကုလားထိုင်၌ သူဝင်ထိုင်လိုက်သည်။

ပြူးကျယ် ဝိုင်းစက်သော မျက်လုံးများနှင့် အံ့ဩခြင်းကြီးဖြင့် မှင်းဝေအား စိုက်ကြည့်နေမိခဲ့သော သူ့မျက်လုံးများလည်း ခုမှပင် မျက်လွှာချပြစ်လိုက်၏။

ပွဲကြည့်ပရိသတ်မှာမူ တင်ထွေးနှင့် ခင်နွယ်ခက်။

ခင်နွယ်ခက်သည် မင်းဝေကိုလည်းကြည့်သည်၊သူ့မိခင်ဒေါ်လှနွယ်ကိုလည်း ကြည့်သည်။ နှစ်ဦးစလုံး၏ စိတ်၏အရောင်ကို သူ မျက်နှာ အမူအယာများ၌ မြင်လိုက်ရသည်။

တင်ထွေးမူ ဒေါ်လှနွယ်တဦးတည်းကိုသာ မျက်ခြည်မပြတ် ကြည့်နေသည်။

---



www.burmeseclassic.com

www.burmeseclassic.com



မင်းဝေကို မြင်လိုက်လျှင် မြင်လိုက်ခြင်းဒေါ်လှနွယ်၏ ပြ[..] သွားသော မျက်လုံး....။

သွေးဆုတ်ဖြူလျော်သွားသောမျက်နှာ....။

အဟောင်းသား ဖြစ်သွားသော ပါးစပ်....။

တုန်လှုပ်ချောက်ခြားနေရှာသော အမူအယာ....။

အားလုံးတို့ကို သူမြင်လိုက်ရသည်။

အားလုံးပင် နှုတ်ဆိတ်ငြိမ်သက်နေကြ၏။

ခဏနေမှ ဒေါ်လှနွယ်သည် မျက်လွှာကိုပင့်ကာ တင်ထွေး[..] ကို ကြည့်သည်။

'မောင်တင်ထွေးကော ပါသကိုး'

အသံက တုန်ယင်တိုးသဲ့နေ၏။

'ဟုတ်ကဲ့....ဒေါ်ဒေါ်'

တင်ထွေးက ထိုမျှသာ ဆိုလိုက်ဆဲ၊ ခင်နွယ်ခက်က ဝင်[..] ပြောလိုက်၏၊

'မေမေ....ဟောဒါ သမီးပြောတဲ့ ရန်ကုန်တက္ကသိုလ်က ဆ[..] ဦးမင်းဝေတဲ့ မေမေ၊ သူက မောင်တင်ထွေးရဲ့ သူငယ်ချင်း[..] ဒီကို ခက်လာလည်တာ။ သမီးနဲ့အတူတူ တနေ့ထဲ လာကြ[..] မေမေ'

'ဪ....အေး....အေး....အင်း'

ဒေါ်လှနွယ်၏အသံမှာ လှုပ်ရှားနေသေးသည်။





ဂယောင်ချောက်ချား ဖြစ်နေရသေးသည့်ပုံ။ ပြီးမှ....

'မောင်....မင်း.... ဝေတဲ့လား'

ဟု ခတ်တိုးတိုးမေးလိုက်ပြန်သည်။

'ဟုတ်ကဲ့ ခင်ဗျာ....ကျွန်တော့်နာမည် မင်းဝေပါ'

'ဇာတိက....'

'မြင်းခြံကပါ'

မင်းဝေသည် ထိုမျှမက၊ သူ့မိဘများ၏ နာမည်နှင့် ယခု နေထိုင်ရာအရပ် အလုပ်အကိုင်တို့ကိုပါ တဆက်တည်းပြောလိုက် သည်။

သူ့ဇာတိက မြင်းခြံကဆိုတော့ သူတို့မြို့နှင့် ဝေးလွန်း သည်။ ရုပ်ချင်းတူကြသော်လည်း သူသည် အောင်ခက်နှင့်တော့ သည်သို့မှ ပတ်သက်နိုင်မည်မထင်။

ဟုတ်သည်။

ဘာမှပတ်သက်စရာမရှိ၊ အို အောင်ခက်သေခဲ့သည်မှာ ကြာ ပါပကော၊ မိမိသာလျှင်မက တရပ်လုံး၊ တမြို့လုံး၊ တနယ်လုံး သိ။

ယခင်က လူတူမရှား၊ နာမည်တူမရှားဟူသော စကားကို ကြာခဏ ကြားခဲ့ဘူးသည်။

ခုတော့ မျက်ဝါးထင်ထင် ကိုယ်တွေ့ကြုံရပြီ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအတွေးတို့ကို တွေးရင်းနှင့် ဒေါ်လှနွယ်၏စိတ် တည် ငြိမ်လာသည်။ ရုတ်တရက် တုန်လှုပ်ချောက်ချား သွားရသေ စိတ်ကို ပြန်လည်စုစည်းလိုက်နိုင်ပြီဖြစ်သည်။

သို့သော်လည်း သူ့စိတ်ထဲတွင်မူ မင်းဝေ၏ အကြောင်း သိချင်နေသေးသည်။

'မောင်မင်းဝေ....ဒေါ်ဒေါ်တို့ တောင်တွင်းကြီးကိုလာ အလည်သက်သက်ဘဲလားကွဲ့၊ ဒ့်ပြင်အကြောင်းတွေများ ရှိသေ သလား'

ဤမေးခွန်းအတွက်မူ မင်းဝေသည် အထူးအထွေ စဉ်းစား စရာ မလိုလှပေ။

ဤမေးခွန်းမျိုးလာလျှင် ဒေါ်လှနွယ်အား သူမည် အဖြေပေးရမည်ကို ကြိုတင်၍ စဉ်းစားပြီးဖြစ်သည်။

'ဟိုတလောက မဂ္ဂဇင်း တစောင်ထဲမှ ကျွန်တော် ဓါတ် တပုံ တွေ့တယ်ဒေါ်ဒေါ်၊ အဲဒီပုံက ကန်သာယာတဲ့၊ အဲ ဓါတ်ပုံကို မြင်လိုက်ကတည်းက ကျွန်တော့စိတ်ထဲမှာ ဘာ ဖြစ်သွားမှန်း မသိဘူးခင်ဗျ။ အဲဒီကန်သာယာဆိုတာကို သိ တော့ ရောက်ဘူးချင်၊ မြင်ဘူးချင်လာတယ်။ ဒါနဲ့ အဲဒီကန်သာ ယာဟာ ဘယ်မြို့မှာ ရှိသလဲလို့ လိုက်စုံစမ်းတော့ ဒီတောင်တွ ကြီးက ကန်တော်ကြီးဆိုတာ သိရပါတယ်။ ဒါကြော ကျွန်တော်ခုလို လာဖြစ်သွားရတာပါ'

သက်တင်စာပေ



ဒေါ်လှနွယ်၏မျက်နှာ ကွက်ကနဲပျက်သွားသည်။

သို့သော်လည်း ချက်ခြင်းပင်ပြင်လိုက်၏။

'ဒါဖြင့်....ကန်တော်ကြီးကိုလဲ ရောက်ပြီးရောပေါ့။ တွေ့လိုက် တော့ မောင့်စိတ်ထဲမှာ ဘယ်လိုနေသလဲ'

ဒေါ်လှနွယ်က သူ့အား 'မောင့်' ဟု သုံးလိုက်သည်မှာ သူကြီးတို့က လူငယ်ကို ပြောတတ်လေ့ရှိသော အသုံးအနှုန်းမျိုး ဖြင့် ခေါ်လိုက်ခြင်း ဖြစ်သော်လည်း ဘာ့ကြောင့်မှန်း မသိ၊ မင်းဝေ၏ စိတ်ထဲတွင် လှုပ်ရှားသွားရသည်။

'သိပ်သာယာပါတယ် ဒေါ်ဒေါ်၊ ကျွန်တော် ဒီကိုလာရ တာ မျိုးနပ်ပါတယ်'

ဒေါ်လှနွယ်သည် မင်းဝေကို အကဲခတ်သလို တချက်ကြည့် လိုက်ပြီးနောက် သမီးဖြစ်သူ ခင်နွယ်ခက်၏ဘက်သို့သာ လှည့်၍ ပြောလိုက်သည်။

'ကဲ....သမီး မုန့်ဟင်းခါး ကျွေးမလို့ဆို၊ ပြင်ချည်တော့လေ'

'ဟုတ်ကဲ့မေမေ'

ဟုဆိုကာ ခင်နွယ်ခက် အခန်းတွင်းသို့ ဝင်သွားသည်။

'ဩော်....ဒါထက် မောင်မင်းဝေက အသက်ဘယ်လောက် ရှိပြီလဲကွဲ့'

'နှစ်ဆယ့်သုံးနှစ်ပါဒေါ်ဒေါ်'

ဒေါ်လှနွယ်သည် တစုံတခုကို စဉ်းစားတွက်ချက်နေဟန်ဖြင့် ခေတ္တမျှ ငိုင်သွားသည်။

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

'မောင်မင်းဝေ ခုနက ဒေါ်ဒေါ်မြင်မြင်းအံ့ဩသွားတာ ကို သတိပြုမိလိုက်လိမ့်မယ်ထင်တယ်။ ဒေါ်ဒေါ် အံ့ဩသွား တာကတော့ တခြားမဟုတ်ပါဘူး။ မောင်က ဒေါ်ဒေါ် ငယ်သူငယ်ချင်း တယောက်နဲ့ သိပ်တူလွန်းလို့ပါ'

'ဟုတ်ကဲ့...ဦးအောင်ခက် မဟုတ်လားခင်ဗျ၊ ကျွန်တော့် ဒီလိုဘဲ ဦးဌေးမြင့်တို့၊ ဦးမောင်မောင်လေးတို့က ပြောဘူး တယ်...'

'ဩ...မောင်မင်းဝေလဲ သိပြီးမှကိုး'

'ဟုတ်ကဲ့ ဒေါ်ဒေါ်၊ ဒါပေမယ့် ဦးအောင်ခက်ကို ဘယ်သူ သတ်ခဲ့သလဲ ဆိုတာကိုတော့ သူတို့လဲ မပြောနိုင်ကြပါဘူး'

ဒေါ်လှနွယ်သည် မျက်နှာတချက် ပျက်သွားရပြီးမှ ထိန်း ဆည်လိုက်ကာ....

'အင်း....ဒါတွေ ကြားခဲ့ပါပြီလေ၊ ဒေါ်ဒေါ်သမီး တသက် တောင် ရှိခဲ့ပါပြီ။ ခုတော့ ကိုအောင်ခက်ကို သိတဲ့ မှတ်မိတဲ့လူတွေတောင်မှ ဒေါ်ဒေါ်တို့မြို့မှာ သိပ်မရှိတော့ ပါဘူး'

ဒေါ်လှနွယ်က ထိုသို့ပြောနေဆဲ ခင်နွယ်ခက်သည် အခန်း တွင်းမှထွက်လာခေါ်သည်။

'ကဲ....စားဘို့သောက်ဘို့တော့ အဆင်သင့်ဘဲ၊ နဂိုကဘည်း အဆင်သင့် လုပ်ထားပြီးသားပါ။ ဟင်းချိုလေး ပူအောင် မီးဖိုပေါ်တင်လိုက်တာ၊ ကဲ....လာကြ'

သက်တင်စာပေ



သူတို့အားလုံးပင် ထိုင်ရာမှထကာ ခင်နွယ်ခက် ခေါ်ရာ ထမင်းစားခန်းတွင်းသို့ ဝင်ခဲ့ကြသည်။

စားပွဲပေါ်တွင် ပဲမှုန့်၊ ငန်ပြာရည်၊ ဆီချက်၊ နံနံပင်၊ ပန်းကန်တို့ဖြင့် ဝေဝေဆာဆာရှိနေ၏။

မပြင်ရသေးသော မုန့်ဟင်းခါးဖတ် အဖြူထည် သက်သက် သာထည့်ထားသည့် ပန်းကန်တို့ကလည်း အဆင်သင့်။

မင်းဝေနှင့် တင်ထွေးတို့သည် စားပွဲ၌ ဘေးခြင်းယှဉ်၍ ထိုင်လိုက်ကြသည်။ ခင်နွယ်ခက်တို့ သားအမိမှာ မျက်နှာချင်း ဆိုင်ဘက်က။

'မုန့်ဟင်းခါးကတော့ ရန်ကုန်မုန့်ဟင်းခါးမဟုတ်ဘူး ကိုမင်း ဝေ၊ နွယ်တို့ဇတောင်တွင်းကြီး မုန့်ဟင်းခါး။ ကိုမင်းဝေ စားဘူး အုံးမှာ မဟုတ်ဘူးထင်တယ်'

'ဟုတ်တယ်နွယ်၊ မစားဘူးသေးပါဘူး'

ခင်နွယ်ခက်သည် မုန့်ဟင်းခါး ပန်းကန်ကို ပြင်နေရင်းက....

'နွယ်တို့မြို့က မုန့်ဟင်းခါးက မန္တလေး မုန့်တီနဲ့တော့ ခပ်ဆင်ဆင်တူတယ်။ ဒါပေမယ့် လုပ်ပုံခြင်းတော့ ကွဲတာတွေ ရှိတယ်။ ကြက်သားဟင်းကို ဆီပြန်မချက်ဘူး၊ ရေကျန်ဆီကျန်မှာ ချက်တယ်၊ ပြီးတော့ ကုလားပဲဟင်းကို ခတ်ပြစ်ပြစ်ချက်တယ် မုန့်ကိုသုတ်တော့ ဆီချက်၊ ငန်ပြာရည်၊ ပဲမှုန့်၊ ပဲဟင်းနဲ့

သက်တင်စာပေ
www.burmeseclassic.com

www.burmeseclassic.com



ကြက်သားဟင်းကို သင့်သလို မျှထည့်တာပါဘဲ။ မန်ကျည်းရေနဲ့ နံနံပင်လဲ ပါသေးပေါ့လေ၊ ကဲ စားကြည့်စမ်းပါအုံး၊ အချဉ်အငန်တော့ လိုတာပြော'

ဟုပြောရင်းက မုန့်ပန်းကန်ကို မင်းဝေနှင့် ဘင်ထွေးတို့ရှေ့သို့ ချပေးလိုက်သည်။

'ဒေါ်ဒေါ်နဲ့ နွယ်တို့ကော မစားကြသေးဘူးလား'

'ဒေါ်ဒေါ်တို့ နေ့လည်က တခါစားထားကြသေးလို့ မစားကြသေးပါဘူး၊ မောင်မင်းဝေတို့ဘဲ စားကြ၊ အားရပါးရအဝသာ စားကြနော် ဘာမှ အားမနာကြနဲ့'

ခင်နွယ်ခက်သည် ဟင်းချိုပန်းကန်များကိုလည်း ချပေးလိုက်သည်။

'ဒေါ်ဒေါ်တို့ဆီက ဟင်းခါးကလဲ ဒီပြင်မြို့က ဟင်းခါးတွေနဲ့ မတူဘူးကွဲ့၊ ငါးတို့ ကြက်ရိုးတို့နဲ့ ချက်တာမဟုတ်ဘူး၊ ပုဇွန်ခြောက်နဲ့ပြုတ်ပြီး ဆိတ်ဖူးလေးခတ်ထားတယ်၊ ငြုပ်ကောင်းလေးလဲပါတော့ ငြုပ်ကောင်းနံ့ရော ဆိတ်ဖူးနံ့ရော မွှေးနေတာပေါ့ကွယ်၊ ဒေါ်ဒေါ်တို့ ငယ်ငယ်တုန်းကတော့ ဈေးထဲက ကိုအုံးဖေရဲ့ မုန့်ဟင်းခါးဟာ ဒေါ်ဒေါ်တို့မြို့မှာ အကောင်းဆုံးဘဲ၊ ခုတော့ သူလဲ ရန်ကုန်မှာသွားနေတော့ သူမရှိကထဲက ဒေါ်ဒေါ်တို့လဲ မုန့်ဟင်းခါး ကောင်းကောင်းကို မစားရတော့ပါဘူး၊ ဒါကြောင့် စားချင်ရင် ကိုယ့်ဟာကိုယ် အိမ်မှာဘဲ လုပ်စားကြရတယ်'





မုန့်ဟင်းခါးကြိုက်သောမင်းဝေသည် သူတခါမှ မစားဘူးသေးသော ဤမုန့်ဟင်းခါးကိုလည်း ခံတွင်းတွေ့သွားသည်။

တကျောင်း တဂါထား တရွာတပုဒ်ဆန်းလုပ်စားကြသော မြန်မာ့ရိုးရာ အစားအစာ မုန့်ဟင်းခါးသည် တနယ်နှင့်တနယ် မတူကြ၊ သို့သော်လည်း သူ့နည်းနှင့်သူတော့ ကောင်းကြသည်သာပင်။

မင်းဝေသည် ဟင်းခါးဟုခေါ်သော ဟင်းချိုကို ဇွန်းနှင့်ခတ်သောက်လိုက်သည်။ ချိုချိုပူပူမွှေးမွှေးလေးသည် သူ့လျှာပေါ်၌ အရသာရှိသွား၏။

ဒေါ်လှနွယ်သည် မင်းဝေ၏ မုန့်ဟင်းခါးစားပုံ၊ ဟင်းချိုသောက်ပုံကို ငေးကြည့်ရင်း အံ့သြလိုက်ရပြန်သည်။

မင်းဝေ ဇွန်းကိုင်ပုံနှင့် စားသောက်ပုံသည် အံ့သြဘွယ်ကောင်းလောက်အောင်ပင် အောင်ခက်နှင့် တူနေပြန်သည်။

သူသည် ဇွန်းဖြင့်ယူ၍ စားရသောက်ရာ၌ သူများပြုမူကြသကဲ့သို့ ပါးစပ်ထဲသို့ ဇွန်းကို ဘေးတိုက်မထည့်။ ဇွန်းလက်ကိုင်ကို ပါးစပ်ရှေ့တည့်တည့်၌ထားကာ ဇွန်းရှေ့ဘက် အဖျားပိုင်းနှင့် ပါးစပ်ထဲသို့ ထည့်သည်။ ဤအပြုအမူမှာ ယခင်က အောင်ခက်၏ သူများနှင့်မတူသော အပြုအမူ....။

ယော....ယခုလည်း မင်းဝေ၌ ဤထူးခြားသော အပြုအမူကိုပင် တွေ့နေရပြန်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ခြင်းတူနေသည်မှာ ထားတော့။ သို့သော်လည်း ခုလို ထူးခြားသော အပြုအမူခြင်း တူနေပုံမှာမူ ဒေါ်လှနွယ်၏စိတ်ကို ထပ်မံ၍ လှုပ်ရှားစေပြန်သည်။

'ဘယ့်နှယ်လဲ ကိုမင်းဝေ၊ ကျွန်တော်တို့ တောင်တွင်းကြီး မုန့်ဟင်းခါးကို ကြိုက်ရဲ့လား'

'မုန့်ဟင်းခါးဆိုရင် ကျွန်တော်က အလွန်ကြိုက်တာဗျ၊ ခု ခင်ဗျားတို့ မုန့်ဟင်းခါးလဲ တော်တော်ကောင်းတယ်၊ ကျွန်တော် ကြိုက်ပါတယ်'

'ကဲ....ဒါဖြင့် မမခက်က ကျွန်တော်တို့ကို နောက်တပန်းကန် စီလောက် ချီးမြှင့်ပါအုံး'

တင်ထွေးသည် ရယ်ရယ်မောမောနှင့် ကုန်နေပြီဖြစ်သော သူ့ပန်းကန်ကို ခင်နွယ်ခက်အားလှမ်းပေးလိုက်ရာ ခင်နွယ်ခက် ကလည်း....

'အို....တပန်းကန်ထဲနဲ့ ဝသွားပြီလား။ ဒီလို တော်လိုက်လို့ ဘယ်ဖြစ်ပါ့မလဲ၊ နောက်တပန်းကန်လောက်တော့ ထပ်စားအုံး မှပေါ့၊ အားမနာပါနဲ့'

ဟု ပြန်ပြောလိုက်လျှင် ဒေါ်လှနွယ်မှတပါး အားလုံးရယ် လိုက်မိကြသည်။

ဒေါ်လှနွယ်မှာမူ ခင်နွယ်ခက်နှင့် တင်ထွေးတို့ ဘာပြော လိုက်ကြသည်ကို မသိလိုက်၊ သူ့အတွေးတို့ ထွေပြားနေသည်။





ဟိုစဉ်တုန်းကတော့ မိမိကလည်း သမီးခင်နွယ်ခက်တို့လို တော်တုန်း ပျိုတုန်း အောင်ခက်ကလည်း ယခု မင်းဝေလို လူပျို လူရွယ်၊ နုကြတုန်း၊ ငယ်ကြတုန်း အရွယ်သာမက မိမိတို့နှလုံး သားများကလည်း နုနုနယ်နယ်နှင့် လမုဒယ သံယောဇဉ်၏ အညို့ဝယ် ယစ်မူးမိန်းမော တတ်ကြဆဲ။

ငယ် သူငယ်ချင်းများအဖြစ်မှ ချစ်သူဘဝသို့ ကူးပြောင်းခဲ့ ကြရသူများ ဖြစ်၍လည်း ကစားဖေါ် ကစားဖက် သွားဖေါ် လာဖက်၊ စားဖေါ် သောက်ဖက် ချစ်ဖေါ်ချစ်ဖက်များ ဖြစ်ခဲ့ ကြသည်။

မိမိတို့ နှစ်ဦးသက်သက်၏အကြားဝယ် အစကတော့ မည် သည့်အတားအဆီးမှ မရှိခဲ့ကြ။

ချစ်ကြသည်၊ ယုယကြသည်၊ ကြင်နာကြသည်၊ မြတ်နိုးကြ သည်။

ပြီးတော့မိမိတို့၏အနာဂါတ်ကို မည်သူကမှလည်း ဖျက်ဆီး နိုင်လိမ့်မည်မဟုတ်ဟူ၍လည်း မှတ်ခဲ့ကြသည်။

သို့သော်လည်း လူ့ဘဝဆိုသည်၌ မမျှော်လင့်သည်တို့ ဖြစ် တတ်ကြသည်။ မထင်မှတ်သည်တို့ တိုက်ဆိုင်လာတတ်ကြသည်။

ယုံမှားခြင်းနှင့် သံသယတို့ရှိလာသောအခါ၌ အနာဂါတ် သည် ပစ္စုပ္ပန်၏ ပျက်စီးခြင်း ဖြစ်လာတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လူနှင့်လူခြင်းဘဲဖြစ်ဖြစ်၊ ချစ်ကြသူခြင်းဘဲဖြစ်ဖြစ် တခါတရံတွင် လက်တွေ့အဖြစ်ဖြင့် တဖက်လူ၏ စေတနာကို တိုင်းတာ၍ မရ။

ခါချဉ်ကောင်တို့ပါလာသော အင်ကြင်းပန်းကိုရ၍ ဆဒ္ဒန်ဆင်မင်း၏မေတ္တာနှင့် စေတနာကို စူဠသုဘဒ္ဒါက ယုံမှားခြင်းဖြစ်ခဲ့ရသည်။

ထို့နောက်တွင်တော့ ဖြစ်ပေါ်လာခဲ့သော အကျိုးဆက်သည် ကြေကွဲဘွယ် ဝမ်းနည်းဘွယ် နောင်တရ မဆုံးဘွယ်သာ ဖြစ်ခဲ့၏။

မိမိနှင့် ချစ်ရသူ အောင်ခက်တို့၏ အဖြစ်မှာလည်း ယုံမှားခြင်း သံသယ၏ ဒဏ်ကို ခံခဲ့ရသည်။ ဒီတော့ အကျိုးဆက်သည်လည်း ဘယ်နည်းနှင့်မှ မကောင်းနိုင်ခဲ့။

'မေမေ....သမီးလိုက်သွားအုံးမယ် နော်'

ခင်နွယ်ခက်ပြောလိုက်သောစကားကို ဒေါ်လှနွယ်မကြားသူသည် မင်းဝေကိုသာ စိုက်ကြည့်ကာ ငေးငေးငိုင်ငိုင်ရှိနေ၏။ ခင်နွယ်ခက်က သူ့မိခင်၏ အမူအယာကိုကြည့်ကာ ထပ်ခေါ်လိုက်၏။

'မေမေ'

ဒီတော့မှပင် ဆတ်ကနဲဖြစ်ကာ ဒေါ်လှနွယ် သတိဝင်လာ၏။ ခင်နွယ်ခက်အား လှမ်းကြည့်လိုက်၏။





ခင်နွယ်ခက်က ထပ်ပြော၏။

'ကိုမင်းဝေတို့က သမီးကို ကန်စောင်းဘက် လမ်းလျှောက်လိုက်ဘို့ ခေါ်နေတယ်မေမေ၊ သမီးလိုက်သွားလိုက်အုံးမယ်'

'အင်း....အင်း....လိုက်သွားပေါ့'

ဒေါ်လှနွယ်၏ ခွင့်ပြုချက်ရပြီးဖြစ်၍ ခင်နွယ်ခက်ပြုံးသွားသည်။ ထိုင်ရာမှလည်း ထလိုက်၏။

ဒေါ်လှနွယ်သည် သူတို့သွားရာနောက်သို့ ငေးကြည့်ရင်းကျန်ခဲ့သည်။ သူ့ရင်ထဲ၌လည်း တင်းတင်းကြပ်ကြပ်ဆို့ဆို့နင့်နင့်ကြီး ဖြစ်နေရ၏။ စိုးရိမ်စိတ်တို့လည်း လွှမ်းမိုးနေရှာ၏။

မိမိကလည်း ငယ်ရာမှကြီးလာသူ၊ ပျိုရာမှအိုလာသူ....။

ဘဝ၏အတွေ့အကြုံများလည်း ရှိခဲ့ပြီးသူ....။

အချစ်နတ်အဖမ်းစားခံနေရသူတို့၏ မျက်လုံးမျိုးကိုကိုယ်တွေ့ကြုံခဲ့ဘူးရုံမျှက၊ မြင်ဘူး တွေ့ဘူးခဲ့ပေါင်းလည်း များပြီ။

ထို့ကြောင့် ချစ်ရည်ဝင်သောမျက်လုံးမျိုးနှင့် မေတ္တာဝင်သောမျက်နှာထားမျိုးကို ဖျတ်ကနဲမြင်ရုံနှင့် အကဲဖမ်းတတ်ပါ၏။

သမီးဖြစ်သူကတော့ မရိုးပြီ။

သူ့မျက်လုံးတို့က စကားပြောနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မင်းဝေ၏မျက်လုံးတို့ကလည်း စကားပြောနေပြီ။

သူတို့နှစ်ဦး၏ မျက်နှာနေမျ ်နှာထား အပြန်အလှန်ကြည့်ပုံရှုပုံတို့ကလည်း သူတို့၏ချစ်တတ်သောနှလုံးသားကို ကြည့်တတ်သူတို့မြင်အောင် ပြခဲ့ကြပြီးပြီ။

ဒေါ်လှနွယ်၏ရင်ဝယ် မောနေရှာ၏။ သက်ပြင်းကိုသာ ခတ်လေးလေးချလိုက်မိသည်။

တကယ်ဆိုတော့ မောင်မင်းဝေလို ပညာတတ်၊ တက္ကသိုလ်မှ ဆရာတဦးကိုသမီးဖြစ်သူနှင့်သဘောမတူစရာမရှိ၊သားမက်အဖြစ် လက်မခံနိုင်စရာမရှိ၊

သို့သော်လည်း မောင်မင်းဝေသည် အောင်ခက်နှင့်တူတာ ခက်သည်။

တူနေသည်မှာလည်း ရုပ်ရည်ကအစ အမူအယာ လုပ်ပုံကိုင်ပုံကလေးများကအစ....။

ဒီတော့ သူ့လိုလူကို ဘယ်လိုလုပ်၍သားမက်တော်ရပါ့။

မိမိ၏မျက်စိထဲတွင်မူ မင်းဝေသည် အောင်ခက်ကို ကိုယ်စားပြုလျက်ရှိလိမ့်မည်။ မိမိ၏စိတ်ကို ချောက်လှန့်လျက်ရှိလိမ့်မည်။

သို့ဆိုလျှင်....သို့ဆိုလျှင်....၊

သက်တင်စာပေ



ဒီသမီး ဒီသားမက်နှင့် မိမိ မည်သို့အတူနေရပါမည်နည်း။

ဩော်....အောင်ခက်သည် ခုတိုင်ထိ မိမိကိုချောက်လှန့်ဆဲပါ ကား။

●

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## (၁၄)

ဘခင်ဖြစ်သူ ဦးကျင်စွ ိသေပြီးကထဲက ဤလောကကြီး
ဒီမအေနှင့် ဒီသမီးသည်သာ အရင်းနှီးဆုံးအဖြစ် နှစ်ယော
တည်းရှိခဲ့ကြသည်။

မြင့်မိုရ်တောင်ဦး မကကျူးသည့် ကျေးဇူးရှင် မိခင်နှင့်
ဟူ၍ မိဘနှစ်ပါးတို့၏ဂုဏ်ကျေးဇူးကို ဖေါ်ကျူးသောစကာ
ခဲ့ဘူးသည်။

မိမိအဘို့မူ ကျေးဇူးရှင်ဘခင်ဆိုသူကို ဟုတ္တိပတ္တိပင် မမ
လိုက်၊ မိမိငယ်စဉ်ကပင် ကွယ်လွန်ခဲ့သည်ဖြစ်၍ ဤမိခင်
မိမိ၏မိခင်၊ ဤမိခင်သည်သာ မိမိ၏ဘခင်ဖြစ်နေရသည်။





မိဘနှစ်ပါးစလုံး၏တာဝန်ကို ဤမိခင်ကသာလျှင် ကျေပွန်စွာ ထမ်းဆောင်ခဲ့သည်။

ဤမျှကျေးဇူးကြီးမားသောမိခင်ကြီးသည် မိမိအတွက်တော့ မည်သည့်စိတ်အနှောက်အယှက်မှ မဖြစ်စေချင်။

သားသမီးတို့အပေါ်၌ထားရှိကြသော မိဘတို့၏ မေတ္တာနှင့် စေတနာအရ သားသမီးတို့၏အိမ်ထောင်ရေးသည် မိဘတို့အဘို့ အလွန်ရင်လေးရသော ပြဿနာကြီးတရပ်ပင်ဟူ၍လည်း ခင်နွယ်ခက် နားလည်သည်။

လူကြီးမိဘတို့အဘို့မူ အိမ်ထောင်ရေးကို ဘဝတခုလုံး၏အစဟုပင်မြင်သည်။ မိမိတို့လူငယ်များကျတော့လည်း အိမ်ထောင်ရေးသည် ချစ်ခြင်းမေတ္တာ၏ အဆုံးဟုမြင်သည်။

ထို့ကြောင့် အမြင်ခြင်းကိုက လူကြီးနှင့်လူငယ်တို့ မတူကြ။

ယခုလည်း ကြုံတွေ့နေရသောမိမိ၏အိမ်ထောင်ရေးပြဿနာမှု ထိုအမြင်ကွဲပြားမှုမျိုးပေါ်၌တော့ မူမတည်၊ ဆန်းပြားလှသော ကိုမင်းဝေ၏ဘဝကြောင့်သာလျှင်ဖြစ်၏။

မေမေချစ်ခဲ့ဘူးသည်ဆိုသော ဦးအောင်ခက်နှင့်မှသူက ဟူနေရသည်။ ပြီးတော့ ကိုမင်းဝေသည် ဆန်းကြယ်သောအိပ်မက်တို့ကို မက်ခဲ့ဘူးသူ ဖြစ်နေရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအိပ်မက်တို့သည်ဦးအောင်ခက်နှင့်မေမေတို့ကြုံခဲ့ကြသော တကယ့်အဖြစ်အပျက်များဟူ၍လည်း ထင်မှတ်ယုံကြည်စရာဖြစ်နေပြန်သည်။

ဒီတော့ ကိုမင်းဝေသည် ဦးအောင်ခက်ဝင်စားသော လူဝင်စားလေလား။

ဤကိစ္စနှင့်ပတ်သက်၍ သူသည် မင်းဝေနှင့်တော့ ဆွေးနွေးကြည့်ခဲ့ပြီးပြီ၊ မင်းဝေကမူ သူ့ကိုယ်သူ လူဝင်စားဟူ၍တော့ဖြင့်မထင်။ ဤလောက၌ လူဝင်စားဟူ၍ကော တကယ်ရှိပါရဲ့လား၊ ဟူ၍ပင် သူ့ကိုပြန်မေးခဲ့သေးသည်။

ဤမေးခွန်းကိုတော့ ခင်နွယ်ခက်မဖြေတတ်၊ လူဝင်စားဆိုသည်ကို ကြားဘူးနားဝသာလျှင်ရှိသည်။ တကယ်တော့ တော့တော့ဆိုင်ဆိုင်ကိုမတွေ့ကြုံဘူးခဲ့။

ဒါကိုတော့ထားပါတော့၊ ကိုမင်းဝေသည် ဦးအောင်ခက်ဝင်စားသည်ဘဲဖြစ်ဖြစ်၊မဝင်စားသည်ဘဲဖြစ်ဖြစ်၊မိမိအဘို့တော့ဘာမှပြဿနာမရှိ။

မေမေ့အတွက်သာ ခက်လိမ့်မည်ထင်သည်။

မေမေသည် ကိုမင်းဝေကို မည်သို့သဘောထားပါမည်နည်း။ မိခင်ကြီးနှင့်ပတ်သက်၍ ခင်နွယ်ခက် အကြောက်ဆုံးသော ပြဿနာမှာ မင်းဝေ၏ နောက်ဆုံးအိပ်မက်ပင်ဖြစ်သည်။

သက်တင်စာပေ



'နွယ်'ဆိုသူက သူ့အား လှေပေါ်မှနေ၍တွန်းချကာ လှော်တက်ဖြင့်ရိုက်ခဲ့သည်ဆိုသောအိပ်မက်....။

ထို'နွယ်'၏ပါးပေါ်၌ မှဲ့နက်ကလေး ပါရှိသည်ဆိုပြန်တော့ ထိုနွယ်သည် မေမေ ဒေါ်လှနွယ်ကို ကိုယ်စားပြုနေဟန် ရှိပြန်သည်။

သို့ဆိုလျှင်ဦးအောင်ခက်သေခဲ့ရသောပြဿနာ၌ မေမေသည်ပင် လက်သည်တရားခံလေလား။

မေမေငယ်စဉ်က မေမေနှင့်ဦးအောင်ခက်တို့၏ ဆက်ဆံရေးသည် မည်သို့ရှိကြပါသနည်း။

ကိုမင်းဝေ၏ အိပ်မက်တို့သည် ဦးအောင်ခက်နှင့် မေမေ ဒေါ်လှနွယ်တို့၏ ငယ်ချစ်ဖြစ်ဟောင်းတို့ကို ပြန်လည်၍ ထင်ဟပ်ခြင်း ဟုတ်မဟုတ်ဆိုသည်ကိုတော့ မေမေသည်သာလျှင် သက်သေထူနိုင်သူဖြစ်ရတော့မည်။

ခင်နွယ်ခက်သည် ထိုသို့တွေးရင်းက သူ့ခေါင်းထဲသို့အတွေးတချက် လက်ကနဲဝင်လာသည်။

ဟုတ်ပြီ....

မေမေ့ကို သွေးတိုးစမ်းကြည့်လျှင် ကောင်းလိမ့်မည်ထင်သည်။

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လှနွယ်နေကောင်းလျှင် နံနက်ပိုင်းတွင် ကန်ဘောင်ရိုးတလျှောက် လမ်းလျှောက်ထွက်တတ်သည်။ ခင်နွယ်ခက်ရှိနေလျှင်လှည်း သားအမိနှစ်ယောက်အတူတူ လမ်းလျှောက်ထွက်နေကြ။

ထို့ကြောင့် ယနေ့နံနက်တွင်ကန်ဘောင်ကြီးအတိုင်းမြောက်ဘက်အဆုံး လျှောက်သွားပြီး၊ ပြန်လှည့်လာကြသောအခါ၌ ခင်နွယ်ခက်သည် သူ့မိခင်ဒေါ်လှနွယ်အား အေးစေတီဘုရားရှိရာသို့ ခေါ်သွားသည်။

'မေမေ၊ ကနေ့တော့ သမီးတို့ဘုရားဝင်ဖူးကြရအောင် နော်'

'ကောင်းသားတဲ့ သမီး'

သမီး၏အလိုကို လိုက်လေ့ရှိသော ဒေါ်လှနွယ်သည် ထိုသို့လျှင် အသာတကြည် ဆိုလိုက်သည်။

နံနက်ခင်းကလည်း သာယာနေ၏။

နှင်းတွေက တမှုန်မှုန် နေရောင်က ဖြာအကျ၊ သစ်ပင်ကြိုသစ်ပင်ကြားမှ နေရောင် တိုးဝင်လာပုံမှာ၊ လျှပ်စစ်မီး မောင်းများထိုးထားသည့်နှယ် လှလှပပ ရှိနေသည်။

စေတီ ပရဝုဏ်တွင်းသို့ ဝင်ကာ ဘုရားကန်တော့ကြပြီး ပြန်ထွက်ခဲ့ကြသော အခါ၌ ခင်နွယ်ခက်သည်၊ ဒေါ်လှနွယ်အား မန်ကျည်းပင်ကြီးဆီသို့ ခေါ်ခဲ့သည်။

သက်တင်စာပေ



'လာ.... မေမေ ဟိုမန့်ကျည်း ပင်ကြီးအောက် သွားကြအောင်'

ခင်နွယ်ခက်သည် ဒေါ်လှနွယ်၏လက်ကိုဆွဲကာ မန်ကျည်းပင်ကြီးဆီသို့ ဦးတည်၍ ခြေလှမ်းသွက်သွက် လှမ်းလိုက်စဉ် ဒေါ်လှနွယ်သည်၊ ခင်နွယ်ခက်ကို ပြန်ဆွဲထားလိုက်သည်။

'ဘာလုပ်ဘို့ သွားမှာလဲသမီး၊ မေမေမလိုက်ချင်ဘူး၊ သွားချင်ရင် ကိုယ့်ဟာကိုယ်သွား၊ မေမေဒီနားကဘဲ စောင့်နေမယ်'

'လာပါမေမေရယ်၊ မေမေ့ကို ပြစရာတခု ရှိလို့ပါ၊ ခဏလေး...'

ပြောပြောဆိုဆိုနှင့်ပင် ခင်နွယ်ခက်သည် ဒေါ်လှနွယ်၏ လက်ကိုဆွဲကာ ခေါ်သွားပြန်သဖြင့်၊ ဒေါ်လှနွယ်မှာ မငြင်းသာဘဲ လိုက်သွားရတော့သည်။

တကယ်တော့သူသည် ဤနေရာသို့ မလာချင်၊ မရောက်ချင် ဟောင်းတို့ကို ပြန်လည်၍မမြင်ချင်။

အတိတ်ကိုပြန်၍ အသစ်မဖြစ်စေချင်....။

'ဟောဒီမှာကြည့်စမ်း မေမေ၊ ဘာမြင်ရသလဲ'

ခင်နွယ်ခက်သည် သစ်ပင် ပင်စည် တနေရာသို့လက်ညှိုးဖြင့်ထောက်ကာပြလိုက်သည်။

ဒေါ်လှနွယ်ရင်မှာ.... ဒိန်းကနဲ လှုပ်ရှားသွားရ၏။

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ခင်နွယ်ခက် ညွှန်ပြရာနေရာသို့ကြည့်လိုက်သော အခါ၌လည်း စာလုံးနှစ်လုံးကို မြင်လိုက်ရသည်။

မှေးမှိန်သော်လည်း သိသာမြင်သာ ဖတ်သာပါ၏။

'နွယ်.... အောင်'တဲ့။

ဤသစ်ပင် ဤပင်စည် ဤနေရာ၌ ဤစာလုံး နှစ်လုံးတို့ မှိန်ကာ ခုလိုမြင်သာ၊ ဖတ်ရှာခြင်း မရှိတော့ဘူးဟု ဆိုလျှ တောင်မှ၊ ဤနေရာတွင် ဘာစာလုံးတို့ ရှိခဲ့ဘူးသည်ကို သိပါ၏။

မိမိမှုမေ့ ဘယ်တော့မှ မမေ့။

အဖြစ်တို့ကတော့ ကြာခဲ့ပြီ။

အရွယ်ကငယ်ငယ်၊ နှလုံးသားကနုနု၊ စိတ်ကူးက ယဉ်ယဉ် နှင့် ပြုလုပ်ခဲ့ကြသည်မှာလည်း ကြာခဲ့ပြီ။

မည်မျှပင် ကြာကြာ မိမိ၏စိတ်ထဲတွင်တော့၊ မနေ့တနေ့က လှုပ်ရှားမှုများကဲ့သို့ပင် ထင်နေမိရသေးသည်။

နှစ်ဦးသဘောတူ တိုင်ပင်၍၊ ဤသစ်ပင်ကြီး၏ ပင်စည်ပေ ကိုယ့်အမည်ကို ကိုယ်ထွင်းခဲ့ကြသည်။

စတင်၍ အကြံပြုသူကတော့၊ အောင်ခက်။

ထိုစဉ်က မိမိက အသက်ဆယ့်သုံးနှစ်မျှသာ၊ သူကမူ မိမိထက်( လခန့်မျှသာ ကြီးလိမ့်မည်။

သက်တင်စာပေ



'လှနွယ်ရေ နှင့်နာမည်နဲ့ ငါ့နာမည်ကို သစ်ပင်ပေါ်မှာ ထွင်းထားကြရအောင်'

ပထမတော့ သူ့စကားကို မိမိက သဘောမပေါက်မိ။

'ဘယ်လို ထွင်းမှာလဲဟယ်'

'ဓါးမြှောင်နဲ့ပေါ့ဟာ၊ ငါ့ဓါးမြှောင်ကလေးက သိတ်ပြီး တော့ဦးချွန်တာ၊ဘယ်သစ်ပင်ပေါ်မှာဖြစ်ဖြစ် ထွင်းလို့လွယ်လွယ် ကလေးရယ်'

'အောင်မယ် ငါ့မှာလဲ မောင်းချဓါးရှိပါတယ်၊ ဦးကလဲ ချွန်နေတာပါဟဲ၊ ငါလဲ ငါ့ဓါးနဲ့ ငါ့ထွင်းမှာပေါ့'

'ထွင်းကြတာတော့ ဟုတ်ပါပြီ၊ ဘာဖြစ်လို့ ထွင်းမှာလဲ'

မိမိ၏အမေးကို အောင်ခက်က ရယ်ခဲ့သည်။

'အမှတ်တရပေါ့ဟယ်၊ ဒို့သူငယ်ချင်း နှစ်ယောက် ဘယ် လောက်ချစ်ကြတယ်ဆိုတဲ့ အထိမ်းအမှတ်ပေါ့'

ထိုစဉ်တုန်းကတော့ မိမိတို့နှစ်ဦးသည် ချစ်ကြသူများမဟုတ် ကြသေး။ ကစားဖေါ် ကစားဖက်သူငယ်ချင်းမျှသာ ရှိကြသေး သည်။

'ဘယ်သစ်ပင်မှာ ထွင်းမှာလဲ'

အောင်ခက်သည် ကြိုတင်စဉ်းစားပြီးဟန်ရှိသည်။ ချက်ခြင်း ပင် ပြန်ပြော၏။

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'ဒို့ကစားနေကြ အေးစေတီဘုရားရှေ့က မန်ကျည်းပင်ကြီး ပေါ်မှာ ထွင်းကြရအောင်'

'ဘယ်တော့ထွင်းမှာလဲ၊ ခုတော့ ငါ့ဆီမှာ မောင်းချဓါး လေး မပါခဲ့သေးဘူး'

'အေးပါ....ငါ့ဆီမှာလဲ ဓါးမြှောင်မပါခဲ့သေးပါဘူး။ မနက် ဖြန်ပေါ့ဟာ ဟုတ်လား'

'အေး....အေး....ကောင်းပြီ'

ထိုသို့ နှစ်ဦးသားသဘောတူခဲ့ကြပြီးနောက် နောက်တနေ့ နေ့လည်တွင် သူတို့နှစ်ဦး ဤနေရာသို့ ရောက်ခဲ့ကြသည်။

ပထမ ဘုရားအတွင်းသို့ဝင်ကာ ဦးချကန်တော့ကြသည်။ ထိုမှထွက်ခဲ့ပြီး မန်ကျည်းပင်ရင်းသို့သွားကာ ကိုယ့်အမည်ကိုယ် ထွင်းကြသည်။

'နင်အရင်ထွင်း၊ လုနွယ် ထွင်းတော့လဲ နွယ် လို့ တလုံးထဲဘဲ ထွင်း၊ ငါလဲ အောင်လို့ တလုံးထဲဘဲ ထွင်းမယ်'

အောင်ခက်သည် ပြောပြောဆိုဆိုနှင့်ပင် မန်ကျည်းပင်ကြီး၏ ပင်စည်အခေါက်များကိုခွာကာ အသားကိုလည်း အပြားလိုက် ညီအောင် လှီးပြစ်နေသည်။

ကိုယ့်အမည်ကို ကိုယ်နာမည်စာလုံး ထွင်းနေကြဆဲမှာပင် စောစောကတည်းက အုံ့ဆိုင်းနေသော မိုးသားတို့သည် ပြိုမည် လိုမှဲ့ဆင်းလာကြသည်။

သက်တင်ဖေ၁ပေ



လေပြင်းကလည်း တိုက်လာ၏၊ မိုးတွေကလည်း ရွာလာ၏။ ဒီတော့ မိမိတို့နှစ်ဦးစလုံး သစ်ပင် ပင်စည်ဝယ် ကပ်ကာ မိုးခို နေခဲ့ကြရသည်။

မကြာမီအတွင်းမှာပင် လျှပ်စီးတို့လက်လာသည်။ မိုးတို့က လည်း ထစ်ချုန်းလာ၏ မိုးခြိမ်းသံကြီးနှင့်အတူ မိုးကြိုးကလည်း ပြင်းထန်စွာ ပစ်ချလိုက်၏။

ဒီတော့ မိမိကလည်း ကြောက်အားလန့်အားနှင့် အောင် ခက်ကို တအားဖက်ထားလိုက်မိသည်။

တကယ်တော့ မိန်းခလေးတို့မည်သည် မည်မျှပင်ယောကျ်ား ဆန်သည်ပြောပြော တကယ့်အခရေးတွင်တော့ မိန်းမသွေးက ပြ သည်ပင်။

အားကိုးရာ မှီခိုရာ ကယ်မရာကို ရှာတတ်စမြဲ။

ယခုသည်း ထိတ်သန့်ဘွယ်အခရေးကြုံတော့ အောင်ခက်၏ ရင်ခွင်တွင်းသို့ပင် ပြေးဝင်ခဲ့မိသည်။

သူ့ကိုယ်ကို တအားပင် ဖက်ထားမိခဲ့သည်။ သူကလည်း မိမိ ကို တင်းကြပ်နေအောင် ပြန်ဖက်ထားခဲ့သည်။

ကြောက်လန့် နေစဉ်တုန်းကတော့ တခြားထွေထွေထူးထူး ဟူ၍ ဘာမျှမစဉ်းစားမိ။ ကြောက်တာဘဲရှိသည်၊ ရင်တုန်တာ ဘဲ ရှိသည်။

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ခဏနေ၍ အကြောက်အလန့်ပြေစ ပြုတော့မှပင် အောင်ခက်၏ ရင်ခွင်တွင်းဝယ် မိမိမှာ တင်းတင်းကြပ်ကြပ် အဖက်ခံထားရမှန်းသိသည်။

ဒီတော့လည်း အပျိုသွေးက ပြလာပြန်သည်။ ကြောက်လန့်၍ ရင်တုန်ခဲ့ရသည့် နေရာဝယ် ထူးခြားဆန်းသစ်သော ရင်ခုန်မှုက အစားဝင်၍ နေရာယူခဲ့သည်။

ရင်ထဲဝယ် ဖိုကနဲ၊ လှိုက်ကနဲ၊ အေးကနဲ၊ ငြိမ့်ကနဲ အဲ ဘယ်လိုခံစားရမှန်းမသိ။

ထိုအချိန်ကတည်းကပင် ပထမဆုံး စတင်၍ အောင်ခက်အပေါ်၌ မရိုးမသား ဆန်းပြားသည့် မေတ္တာမျိုးစေ့ ချမိခဲ့သည်ထင်သည်။

ထို့ကြောင့်...ဤနေရာ၊ ဤဌာန၊ ဤမန်ကျည်းပင်ရိပ်သည် မိမိအဖို့ ဘယ်တော့မှ မမေ့နိုင်သည့်နေရာ ဖြစ်ခဲ့ရသည်။

တနည်းအားဖြင့်ဆိုသော် အတိတ်တစ္ဆေတို့ ချောက်လှန့်ခဲ့ နေရာ တနေရာဖြစ်ခဲ့ရသည်။

ထို့ကြောင့်လည်း ဤနေရာကို အဝေးကပင် မိမိမျှော်ခဲ့သည်။ ခုမှသာ ရောက်ခဲ့ရခြင်းဖြစ်၏။

ဤနေရာသို့ ရောက်ခဲ့ရုံမျှမက မိမိတို့၏ လက်ရာဟောင်းကို သမီးဖြစ်သူက လက်ညှိုးထောက်ပြနေပြီ။





'ဒီနာမည်နှစ်လုံးကို ဘယ်သူတွေ ထွင်းခဲ့တာလဲ၊ မေမေ သိလား'

ဒေါ်လှနွယ်သည် ဆတ်ကနဲဖြစ်ကာ ခင်နွယ်ခက်၏မျက်နှာကို စိုက်ကြည့်လိုက်သည်။

ခင်နွယ်ခက်မေးလိုက်ပုံကဆန်းသည်။

'ဒီနာမည်နှစ်လုံးကို ဘယ်သူတွေထွင်းခဲ့တာလဲ'

ဟူသော အမေးဝယ် အဖြေက တစွန်းတစပေါ်နေသည်။

'ဒီနာမည်နှစ်လုံး' ဟူသောစကား၌ 'နွယ်...အောင်' ဟူသည့် နာမည်တခုတည်းမဟုတ်၊ နာမည်နှစ်ခု ပေါင်းစပ်ထားခြင်းကို သိရှိဖေါ်ထုတ်လိုက်သလိုလည်း ဖြစ်နေသည်။

ထို့နောက်...

'ဘယ်သူတွေ ထွင်းခဲ့တာလဲ'

ဟူသောအမေးစကား၌ ဤစာလုံး နှစ်လုံးကို ထွင်းရာ၌ လူတဦးတယောက်တည်း မဟုတ်၊ လက်ရာရှင်မှာ နှစ်ယောက် ဖြစ်ခြင်းကို သိရှိထားပြီးသလိုလည်း ဖြစ်နေသည်။

ဤသစ်ပင်ပေါ်မှ ဤနာမည် စာလုံးတို့နှင့် ပတ်သက်၍ သမီးခင်နွယ်ခက်သည် ဘာတွေများ သိနေသနည်း။

သိလျှင်လည်း မည်သူက ပြောပါသနည်း။



www.burmeseclassic.com

www.burmeseclassic.com



ဤနေရာ ဤသစ်ပင်၌ ဤစာလုံးနှစ်လုံး ရှိနေသည်ကို ခင်နွယ်ခက် မည်သို့သိပါသနည်း။

ပြီးတော့....မိမိကိုယ်မှ ဤမေးခွန်းမျိုးကို ဘာကြောင့် မေးပါသနည်း။

ခင်နွယ်ခက် ငယ်ငယ်က တသက်လုံး ဤအရပ် မှာပင် နေလာခဲ့သည်။ ဟိုတုန်းကတော့ ဤနေရာ၊ ဤသစ်ပင်၌ ဤစာလုံးတို့ ရှိနေခဲ့သည်ကိုပင် သိဟန်မတူ။ တခါမှလည်း မေးခြင်းမြန်းခြင်း ပြောခြင်းဆိုခြင်း မရှိခဲ့။

ခုတခေါက် ခေတ္တပြန်လာချိန်တွင်မှ ဤနေရာသို့ မိမိကို တမင်ခေါ်လာကာ ဤသို့မေးလိုက်ပုံတို့မှာမူ ဆန်းလွန်းလှသည်မှာတော့ အမှန်။

ပြီးတော့ ပို၍တိုက်ဆိုင်နေသည် မှာလည်း အောင်ခက်နှင့် တူလွန်းလှသော မင်းဝေလည်း ဤမြို့သို့ သူနှင့်အတူ ပါလာ ရောက်ရှိနေခြင်းပင်။

မိမိတို့၏ လျှို့ဝှက်ချက်ကို မည်သူ သိပါသနည်း။

ခင်နွယ်ခက်လား၊ မင်းဝေလား။

ခင်နွယ်ခက်ကတော့ဖြင့် ဘယ်နည်းနှင့်မျှ ဟုတ်နိုင်မည်မထင်၊ ဖြစ်ခြင်းဖြစ်လျှင် မင်းဝေဘဲဖြစ်ဘို့များသည်။





သို့ဆိုလျှင်....

မင်းဝေသည် လူဝင်စားလေလား၊ အောင်ခက်ဝင်စားသူလေလား။

လူဝင်စား ဆိုလျှင်တော့ ဘဝဟောင်းက အဖြစ်တို့ကို ပြန်လည်မှတ်မိကြသည်သို့ ဆိုရိုးရှိသည်။

ဟုတ်ပြီ....

မင်းဝေပင်ဖြစ်မည်။ မင်းဝေသည် အောင်ခက် ဝင်စားသူဖြစ်မည်။

ထို့ကြောင့်....ဘဝဟောင်းက သူနှင့်မိမိတို့ လုပ်ခဲ့ကိုင်ခဲ့သည့် အဖြစ်တို့ကိုသိမည်၊ ပြန်လည်၍ မှတ်မိနေမည်။

ဒေါ်လှနွယ်၏ ရင်ထဲ၌ ဒိန်းကနဲ ဖြစ်သွားရသည်။ စိုးရိမ်စိတ်တို့လည်း ကြီးမားလာရသည်။

'နေအုံးသမီး၊ ဒီသစ်ပင်ကြီးမှာ ဒီနာမည် စာလုံးတွေရှိတာကို သမီးဘယ်လို သိသလဲဟင်'

ခင်နွယ်ခက်သည် နှုတ်ဆိတ်နေသည်။ ရုတ်တရက် ဘာပြန်ပြောရမည်မသိ။

သို့သော်လည်း ခင်နွယ်ခက်သည် ဘယ်တုန်းကမှ လိမ်ညာ၍ မပြောတတ်။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်စဉ်းကတည်းကပင် ဤသိက္ခာတော့ဖြင့် ရှိခဲ့သည်။ သူ့မိခင် သန့်သင်ဆုံးမတတ်မှု ကျေးဇူးကြောင့် လိမ်ညာ၍ ပြောခြင်းသည် လူ့သိက္ခာ အမဲ့ဆုံးသော ပြစ်မှုအဖြစ် သူ ခံယူထားခဲ့သည်။

ထို့ကြောင့် ဤကိစ္စ၌လည်း သူညာမပြောလိုက်ချင်။

ထို့ကြောင့်....

'ကိုမင်းဝေပြလို့ သမီးတွေ့ခဲ့တာမေမေ'

'မနေ့တနေ့ကမှ ဒီကိုရောက်ဘူးတဲ့သူကကော ဘယ်လိုလုပ်ပြီး ဒါကိုတွေ့ခဲ့ရတာလဲ'

'ပြောရရင်တော့ ခတ်ဆန်းဆန်းဘဲ မေမေ၊ သူ အိပ်မက်မက်ဘူးတယ်တဲ့၊ ဒီသစ်ပင်ကြီးပေါ်မှာ သူနဲ့ မိန်းခလေးတယောက် နာမည်စာလုံး ထွင်းခဲ့ကြတယ်တဲ့မေမေ'

'အိပ်မက်....မက်တယ်ဟုတ်လား'

'ဟုတ်တယ်မေမေ....သူ အိပ်မက် မှက်တာ'

ဒေါ်လှနွယ် နှုတ်ဆိတ်နေသည်။ ဘာမှ ပြန်မပြောဘဲ စဉ်းစားဟန်နှင့် ငိုင်နေ၏။

သိချင်စိတ် ပြင်းပျနေပြီ ဖြစ်သော ခင်နွယ်ခက်သည် အောင့်အီးထိန်းချုပ်၍ မရတော့။

သက်တင်စာပေ



'အဲဒီအိပ်မက်ထဲက မိန်းခလေးဟာ မေမေ့လိုဘဲ ပါးပေါ်မှာ မှဲ့နက်ကလေးနဲ့တဲ့။ ဒီတော့....'

ခင်နွယ်ခက်သည် စကားကို ဖြတ်ထားလိုက်ပြီး အကဲခတ်ဟန်နှင့် မိခင်ဖြစ်သူကိုသာ စိုက်ကြည့်နေလိုက်သည်။

'ဒီတော့...ဘာဖြစ်သလဲသမီး'

'ဒီတော့....ဒီသစ်ပင်ပေါ်က ဒီနာမည် စာလုံးတွေကို တခါက တကယ်ဘဲမေမေပါ ထွင်းခဲ့ဘူးသလားဆိုတာ သိချင်လို့ပါ မေမေ'

ဒီတခါမူ အဖြေပေးရမည့်သူသည် ဒေါ်လှနွယ်ပင် ဖြစ်လာလေပြီ။

သို့သော်လည်း သူသည် နှုတ်ဆိတ်နေ၏။ငြိမ်နေ၏။ရုတ်တရက်အားဖြင့် ဘာပြောရမည်လည်းမသိ။

ဒေါ်လှနွယ်သည် မိခင်၏အဖြစ်၊ လူကြီး၏ အဖြစ်ကို အခွင့်ကောင်းယူလိုက်သည်။ လူကြီးဆိုသည်က လူငယ်၏ အမေးကို ဖြေချင်မှဖြေမည်၊ ပြောချင်မှပြောမည်။

'ကဲလာသမီး....ပြန်ကြစို့'

ဒေါ်လှနွယ်သည် ထိုစကားကိုသာ တုံးတိတိကြီးဆိုကာ ချက်ခြင်းပင်လှည့်ထွက်သွားသည်။

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လှနွယ်ထံမှ အဖြေမရ။ ခင်နွယ်ခက်သည် စပ်တင်တင် ဖြစ်သွားရ၏။ 'တိတ်တိတ်နေလျှင် ဝန်ခံရာရောက်သည်'ဟူသော ဆိုရိုးစကားကိုပင် အမှန်ယူလိုက်ရမည်လားမသိ။

အပြန်လမ်းတွင် တယောက်ကို တယောက် စကားမပြောမိကြ။

အတွေးကိုယ်စီနှင့်သာ ခတ်ဖြေးဖြေး လျှောက်လာကြသည်။

ကန်စောင်းမှ ညောင်ပင်ကြီးအောက်သို့ ရောက်ကြတော့ ဤနေရာ၌ မင်းဝေ သူ့အား နမ်းခဲ့သည်ကို သတိရသည်။ ပါးပြင်ပေါ်၌ မှဲ့နက်ကလေး ရှိသူအား နမ်းခဲ့သည် ဆိုသော အိပ်မက်ကိုပါ သတိရသည်။

ခုမှတော့ဖြင့်....မထူးပြီ။ပြောမိ လက်စနှင့်ပင် ကိုမင်းဝေ၏ အိပ်မက်တခုကိုပါ မိခင်ဖြစ်သူအား ထပ်ပြောလိုက်ဦးမည်ဟု ဆုံးဖြတ်လိုက်ပြန်သည်။

မေမေ့ကိုတော့ စိတ်ဓါတ်စစ်ဆင်ရေး စ,ရမည်။

'မေမေ....'

ဒေါ်လှနွယ်လှည့်ကြည့်သည်။

'ဟောဒီညောင်ပင်ကြီး အောက်ကိုလဲ မှဲ့နက်ကလေး ရှိတဲ့ မိန်းခလေးတယောက်နဲ့အတူတူ လာဘူးတယ်လို့လဲ ကိုမင်းဝေ အိပ်မက်မက်သေးတယ်တဲ့မေမေ'





'ဟင်....'

ဒေါ်လှနွယ်သည် ထိုအာမေဋိတ်သံကိုဆိုကာ ခင်နွယ်ခက်အား စိုက်ကြည့်နေလိုက်၏။

ဤသစ်ပင်ကြီးအောက်၌ မိမိအား အောင်ခက် နမ်းခဲ့ဘူးသည်ကို ပြန်လည်သတိရလာသည်။

ဤအတိုင်းသာ ဆိုလျှင်တော့ မင်းဝေ၏ အိပ်မက်တို့သည် ဆန်းလွန်းလှသည်၊ မှန်လွန်းလှသည်၊ အိပ်မက် ဟုတ်ချင်မှပင် ဟုတ်မည်။

လူဝင်စားအဖြစ်နှင့် မှတ်မိနေခြင်းများပင်လား။

'မောင်မင်းဝေကို မေမေတွေ့ချင်သေးတယ် သမီး'

'ဟုတ်ကဲ့မေမေ....သူလာအုံးမှာပါ'

'ရန်ကုန်ကို ပြန်တော့လဲ သမီးသူနဲ့အတူတူ ပြန်ကြမှာတဲ့လား....'

'ဟုတ်တယ်မေမေ၊ သမီးတို့အတူတူ ပြန်ဖြစ်ကြမှာပါတဲ့'

ခေတ္တမျှ စကားပြတ်သွားကြပြန်သည်။

အတွေးကိုယ်စီနှင့်။

ခုလိုစကားကြုံတုန်း မိမိနှင့် ကိုမင်းဝေတို့ မေတ္တာရှိနေကြကြောင်းကို တခါတည်း ဖွင့်ပြောလိုက်ရလျှင် ကောင်းလေမည်လားဟုလည်း ခင်နွယ်ခက် စဉ်းစားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



'မောင်မင်းဝေနဲ့ သမီးနဲ့ သိကြတာ ကြာပြီလား'

ဤမေးခွန်းကိုမူ ခင်နွယ်ခက်သည် တိုက်ရိုက်မဖြေချင်။

'သိကြတာ မကြာသေးပါဘူး၊ အခု ဒီကို လာကြတော့မှ သိကြတာပါမေမေ'

ဟူ၍တော့ ဖြေလိုက်လို့မဖြစ်။

ထို့ကြောင့် စကားကိုလှည့်ပတ်၍ ဖြေမှဖြစ်မည်။

'ကြာတာ-မကြာတာတော့ မမေးနဲ့တော့မေမေ၊ ခုဆို သူနဲ့သမီးတို့ လူ လူငယ်ခြင်း မေတ္တာရှိနေကြပြီ'

ခင်နွယ်ခက်သည် အထစ်ထစ် အငေါ့ငေါ့ကလေးနှင့် ထိုသို့ ပြောလိုက်သော်လည်း ဒေါ်လှနွယ်သည် အံ့ဩဟန်ပင်မပြ။ တည်ငြိမ်စွာသာလျှင် ခင်နွယ်ခက်ကို စိုက်ကြည့်နေလိုက်သည်။

မိခင်၏တုန့်ပြန်မှုမှာ သူမျှော်လင့်ထားသလို မဟုတ်သဖြင့် ခင်နွယ်ခက် အံ့ဩသွားရသည်။ စ,မိပြီဖြစ်၍ အားတင်းကာ ဆက်ပြောလိုက်ပြန်၏

'အဲဒါ....မေမေ သမီးနဲ့သူ သူ့ကို သဘောတူပါတယ်နော်'

ဒေါ်လှနွယ်သည် အမှတ်မထင်ပင် သက်ပြင်းကို ချလိုက်မိရသည်။

သမီးဖြစ်သူထံမှ ဤလိုစကားမျိုးကို အနေးနှင့် အမြန် ကြားရလိမ့်မည်ဟု ဒေါ်လှနွယ် မျှော်လင့်ခဲ့ပြီးဖြစ်သည်။

သို့သော်လည်း ဤမေးခွန်းအတွက်မူ သူမည်သို့ ပြန်လည်၍ ဖြေရမည်မသိ။

---





'သူနဲ့ မေမေတွေ့ပြီး စကား ပြောချင်သေးတယ် သမီး၊ ပြီးတော့မှ မေမေ့သဘောထားကို ပြောမယ်'

ထိုစကားကိုဆိုပြီးနောက် ဒေါ်လှနွယ်သည် ခတ်သွက်သွက်ပင် ရှေ့မှလျှောက်သွား၏။

မှန်သားပြင်ပမာ တည်ငြိမ်နေသော ကန်ရေပြင်ဝယ် ရေငှက်တို့ ပျံနေ၏။ နှင်းဖြူတို့ ပါးလျားကာ နေရောင်လည်း ဝင်းနေပြီ။

ထိုသဘာဝ အလှတို့ကို နောက်ခံပြုကာ ခင်နွယ်ခက်သည် ဖြေးညှင်းစွာပင် လျှောက်သွားသည်။

●

---



www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

ပြန်ရမည့်ရက်သည် နီး၍လာပြီ။

မိမိ၏ထူးဆန်းသော အိပ်မက်တို့နှင့် ဆက်စပ်၍ နေသော ဦးအောင်ခက်၏ လျှို့ဝှက်ချက်တို့ကို ဦးမောင်မောင်လေးနှင့် ဦးသောင်းတို့ထံမှတော့ သိသင့်သလောက်တော့ သိခဲ့ရပြီ။ သို့သော်လည်း ပြည့်စုံသင့်သလောက်တော့ မပြည့်စုံသေး။

မင်းဝေသိချင်တာတွေ ကျန်နေသေးသည်။

ဦးအောင်ခက်၏ နောက်ဆုံးဇာတ်သိမ်းပိုင်းသည် မှုန်လွန်း၊ ပါးလွန်း၊ မှိန်လွန်းနေသည်။





အိပ်မက်ကတော့ ထင်ရှားလွန်းသည်။ သို့သော်လည်း တကယ့်အဖြစ်တွင်မူ သူ့အိပ်မက်ထဲကအတိုင်း ဖြစ်ပျက်ခဲ့ လိမ့်မည် ဟူ၍တော့ ဘယ်လိုမှ ယုံနိုင်စရာမရှိ။

ပထမအိပ်မက် နှစ်ခုတို့သည် ဦးအောင်ခက်နှင့် ဒေါ်လှနွယ်တို့၏ တကယ့်အဖြစ်အပျက်များကို ကိုယ်စားပြုခဲ့သည်ဆိုလျှင်တောင်မှ လေ့ပေါ်မှကျ၍ သေခဲ့ရသော အိပ်မက်မူ တကယ့်အဖြစ်ကို ကိုယ်စားပြုနေပါသည် ဟူ၍တော့ ယုံရန်ခက်လှသည်။

ဒေါ်လှနွယ်သည် ဤမျှ ရက်စက်နိုင်စွမ်းရှိသော မိန်းမ ဘယောက် ဖြစ်နိုင်ပါမည်လား။

ဤအဖြေကိုမူ မင်းဝေသိချင်လှသည်။

ကာယကံရှင် ဒေါ်လှနွယ်ထံမှတော့ ဤမေးခွန်း၏အဖြေကို ဘယ်လိုမှရနိုင်လိမ့်မည်မဟုတ်။ မိမိလည်း ဘယ်လိုမှ ရနိုင်မည် မဟုတ်။ မိမိလည်း ဘယ်လိုမှမေး၍ မဖြစ်နိုင်မည့် မေးခွန်းမျိုး။

ဒီတော့ ပတ်ဝန်းကျင် သတင်းများနှင့်သာ ဆက်စပ်ချင့်ချိန်၍ တွေးဆယူရတော့မည်ဖြစ်သည်။

ဦးအောင်ခက်၏ အကြောင်းကို ပြောနိုင်မည့်သူများတော့ ရှိသေးသည်။ ဦးလှမြိုင်နှင့်ဦးထွန်းတင်။

ဦးထွန်းတင်ကိုမူ ဖယ်ထားတော့။ ဒီလူကြီးကတော့ဦးအောင်ခက်နှင့် ပတ်သက်နေသော မိန်းမ၏ အကြောင်းကို ပြန်ပြောချင်သူမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ဦးလှမြိုင်ထံမှ ထပ်မံ၍ စုံစမ်းလျှင်တော့ အတော်အတ… သိနိုင်လိမ့်မည်ထင်သည်။

ထို့ကြောင့်မှင်းဝေသည် ဦးလှမြိုင်ထံသို့ နောက်တခေါ… ရောက်ခဲ့သေးသည်။

‘ဦးအောင်ခက်ရဲ့ အကြောင်းနဲ့ ပတ်သက် ပြီးတော… ကျွန်တော် သိပ်စိတ်ဝင်စား ရှပါတယ်ဦး၊ ဒါကြောင့် သူ… ပတ်သက်တာလေးတွေကို ကျွန်တော် မေးချင်ပါသေးတယ… ကျွန်တော့ကိုခွင့်ပြုပါခင်ဗျား’

‘မောင်မောင်လေးနဲ့ မင်းသွားမတွေ့ဘူးလား’

‘ဟုတ်ကဲ့….ဦးမောင်မောင်လေးရော၊ ဦးသောင်း နဲ့ဒေ… ကျွန်တော်တွေ့ပြီးပါပြီ။ သူတို့ဆီကလဲ့ သိသင့်သလောက် သိ… ရပါတယ်။ ဒါပေမယ့် သိပ်မပြည့်စုံသေးလို့ ခင်ဗျ’

‘အင်း….အင်း ဒါဖြင့်လဲ မေးချင်တာ မေးပါလေ။ ဦးသိတာ… ကတော့ ပြောပြရမှာပေါ့’

‘ဦးအောင်ခက်ရဲ့ အမျိုးသမီးဟာ ဘယ်သူလဲ ဆိုတာကို… ဦးမောင်မောင်လေးတို့ ပြောလို့ သိရပြီးပါပြီ။ ဒါပေမယ့… နောက်ဆုံးအပိုင်းလေး ပြတ်နေလို့ခင်ဗျ’

‘ဘာပါလိမ့်ကွယ်’

သက်တင်စာပေ



‘ဪ….ဦးအောင်ခက် သေမဲ့ညက ဦးသောင်းနဲ့နောက်ဆုံး တွေ့သွားသေးတယ်လို့ ဦးသောင်းက ပြောပါတယ်။ သူတို့ချင်း ခွဲခွာကာနီးကျတော့လဲဒေါ်လှနွယ်နဲ့ ချိန်းထားလို့ သွားတွေ့အုံး မယ်လို့ ပြောသွားကယ်တဲ့ခင်ဗျ။ အဲဒီနောက် ကျတော့သာ ဦးအောင်ခက်ကို ဘယ်သူမှ မတွေ့လိုက်ရတော့တာတဲ့’

‘အင်း….ဟုတ်တယ်လေ၊ အဲဒါဘာဖြစ်သလဲ။ မောင်ရင်က ဘာသိချင်တာလဲ’

‘ဒီလိုပါခင်ဗျာ၊ ဦးအောင်ခက်နဲ့ ဒေါ်လှနွယ်တို့ အဲဒီအချိန် က တယောက်နဲ့တယောက် အဆင်မပြေကြရဲလားလို့ပါ’

ဦးလှမြိုင်သည် ခေတ္တမျှငိုင်သွား၏။

ပြီးမှ ခတ်လေးလေးဆိုသည်။

‘အင်း….အဲဒီတုန်းက တယောက်နဲ့တယောက် အဆင်မပြေ ကြဘူးရယ်လို့တော့ ပြောရမယ်ထင်တယ်။ သူတို့မှာ ပြဿနာ ကလေးတွေကတော့ ပေါ်နေတယ်ကွ’

မင်းဝေစိတ်ဝင်စားစွာနှင့် နားထောင်နေသည်။

‘ပြဿနာကတော့ နှစ်ဖက်စလုံးဘဲကွ၊ အောင်ခက်ဘက်က ရော လှနွယ်ဘက်ကရောဘဲ’

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဦးလှမြိုင်သည် ထိုမျှသာ ဆက်ပြောလိုက်ပြီး ဆေးပေါ့လိပ်တလိပ်ကို ယူကာ မီးညှိနေပြန်သဖြင့် မြင်းဇေဝမှာ စပ်တင့်တင့်ဖြစ်ကာ စောင့်နေရပြန်သည်။

'လှနွယ်ကိုလဲ သူ့မိဘတွေက အောင်ခက်နဲ့ သဘောမတူဘူး။ သူတို့က တရုတ်သွေးပါတယ် မဟုတ်လား၊ ဒီတော့ လှနွယ်ကိုလဲ တရုတ်ကပြားဖြစ်တဲ့ ကျင်စွမ်နဲ့ သဘောတူနေတယ်၊ ဒါကိုလဲ အောင်ခက်ရော ဒို့တွေပါ သိကြပါတယ်'

'ဒေါ်လှနွယ်ကကောခင်ဗျ'

'လှနွယ်က....အောင်ခက်နဲ့ အစကတည်းက ချစ်နေကြတာဘဲ။ သစ္စာရှိလိမ့်မယ်လို့ အောင်ခက်ကတော့ လှနွယ်အပေါ်မှာ ယုံကြည်မှုအပြည့် ရှိခဲ့ပါတယ်၊ ဒါပေမယ့် တနေ့မှာတော့ ကျင်စွမ်က ငါ့ကိုလာပြောတယ်ကွ၊ အဲဒီတုန်းက ဒီကောင်လဲ အရက်တွေမူးနေတယ်၊ ကျင်စွမ်နဲ့ငါ ကလဲခင်တယ်၊ သူကငါ့ကို မူးမူးနဲ့ ဘာလာပြောသလဲဆိုတော့ လှနွယ်ရဲ့ မိဘတွေကလဲ လှနွယ်နဲ့သူ့ကို သိပ်သဘောတူနေတော့ တနေ့မှာ သူနဲ့လှနွယ်ကို အိမ်ပေါ်မှာ လွှတ်ပေးတယ်တဲ့၊ အဲ့ဒါ လှနွယ်နဲ့သူနဲ့ လွန်လွန်ကျူးကျူး ဖြစ်ပြီး ခုဆိုရင် လှနွယ်မှာ ကိုယ်ဝန်တောင် ရှိနေပြီလို့ပြောတယ်'

'ဟင်....တကယ်ဘဲလား ဦး'

'အံ့သြစွာ မင်းဇေဆိုလိုက်သည်။

သက်တင်စာမေပ



'တကယ်ဘဲလား ဆိုတာတော့ ဦးလဲမပြောတတ်ဘူး၊ ကျင်စွမ်ရဲ့စကားကို ယုံရမလား မယုံရဘူးလား ဆိုတာကိုလဲ ဘယ်လိုမှ ဝေခွဲလို့ မရခဲ့ပါဘူး။ ဒါပေမယ့် ဒီအကြောင်း ကိုတော့ အောင်ခက်သိသင့်တယ်လို့ ထင်တာနဲ့ ငါလဲ အောင်ခက်ကိုတော့ ပြောပြလိုက်တယ်။ ဒါဟာ အရက်မူးမူးနဲ့ ပြောလာတဲ့ ကျင်စွမ်ရဲ့စကားဘဲ၊ ဟုတ်တာမဟုတ်တာ မှန်တာ=မမှန်တာတော့ ငါလဲမပြောတတ်ဘူး။ ဒါကို မင်းဟာမင်းသာ ချင့်ချိန်ပြီး လေ့လာစုံစမ်းကြည့်ပေတော့။ ကျင်စွမ်ပြောတဲ့အတိုင်းသာ မှန်ရင်တော့ မင်းကောင်မ မစွံဘူး။ တော်တော်ကြာ ကျတော့ လှည်းကျိုးကြီး ထမ်းမိနေအုံးမယ်လို့ အောင်ခက်ကို ငါသတိပေးလိုက်တယ်'

'အဲဒီတော့ဦးအောင်ခက်က ဘာပြောသလဲခင်ဗျ။သူယုံသွားပုံ ရသလားဦး'

'ပထမတော့ သူငိုင်သွားတာပေါ့ကွာ၊ နောက်စဉ်းစားပြီးတော့မှ ကျင်စွမ်စကားကို သူမယုံဘူး၊ လှနွယ်ဟာ သူ့အပေါ်မှာ သစ္စာဖေါက်မှာမဟုတ်ပါဘူးလို့ ပြောတယ်။ သူ့ပါးစပ်ကသာ အဲဒီလိုပြောခဲ့ပေမယ့် တကယ်တော့ ကျင်စွမ်ပြောတဲ့ အကြောင်းဟာသူ့ရင်ထဲမှာ သံသယစိတ်နဲ့အတူ တနုံ့နုံ့နဲ့တော့ ဖြစ်နေပုံရတယ်'

'ဒီအကြောင်းကို ဦးမောင်မောင်လေးတို့ ဦးသောင်းတို့ကော မသိကြဘူးလားခင်ဗျ'

သက်တင်စာမေပ

www.burmeseclassic.com

www.burmeseclassic.com



'သူတို့ကို ငါကလဲ အဲဒီအကြောင်း ခုထိ ပြောမပြခဲ့မိဘူး။ အဲဒီတုန်းက အောင်ခက်ကလဲ ကျင်စွ ပြောတဲ့ စကားကို ဘယ်သူ့မှ ပြန်ပြောမပြလိုက်ပါနဲ့ကွာလို့ ငါ့ကို တားခဲ့တာကိုး ဟုတ်တယ်လေ၊ ကျင်စွရဲ့စကားဟာ တဖက်သတ် စကားဘဲ မဟုတ်လား၊ တကယ်ဟုတ်လား-မဟုတ်လား မသေချာဘဲနဲ့ ဒီစကားဟာ မြို့ပေါ်မှာ ပြန့်သွားရင် မကောင်းဘူး မဟုတ်လား။ ကာယကံရှင် မိန်းခလေးမှာသာ သိပ်နစ်နာသွားမှာ၊ ဒါကြောင့်လဲ အောင်ခက်ကလဲလို့ ငါဘယ်သူ့ကိုမှ မပြောခဲ့ဘူး၊ ခုမှသာ ဒါတွေကလဲ ကြာခဲ့ပြီမို့၊မင်းကလဲ သိပ်သိချင်နေလို့သာ အကြောင်းဆိုလို့ ပြန်ပြောပြတာ'

'အဲဒီတုန်းက ပြဿနာကနှစ်ဖက်စလုံးမှာ ရှိနေတယ်ဆိုတော့ ဦးအောင်ခက်ဘက်က ပြဿနာကကော ခင်ဗျ'

'အေး...အောင်ခက်ဘက်မှာလဲ ပြဿနာရှိတယ်၊ အဲဒါက ဘာလဲဆိုတော့ သူ့မိဘတွေကလဲ သူ့ကို ဒီမြို့က မိန်းခလေး တဦးနဲ့ ပေးစားနေချင်ကြတယ်၊သူတို့ကလဲ အောင်ခက်ကိုတရုတ် ကပြားဖြစ်တဲ့ လှနွယ်နဲ့ သဘောမတူဘူး၊ ဒါကြောင့် အောင်ခက်ကို သူတို့သဘောတူတဲ့ မိန်းခလေးနဲ့ အတင်းပေးစားမလို့လဲ လုပ်နေကြတယ်'

ထိုအချိန်က ဦးအောင်ခက်၏ အခြေအနေသည် မည်မျှ ဘေးကြပ်နံကြပ် နိုင်ပါမည်နည်းဟု မင်းဝေစဉ်းစားနေမိသည်။

သက်တင်စာပေ



ဤအတိုင်းသာ ဆိုလျှင်တော့ ထိုအချိန်က ဦးအောင်ခက်နှင့် ဒေါ်လှနွယ်တို့၏ အကြားဝယ် အတော်တော့ ပြဿနာ ကြီးခဲ့လေမည်ဟု မင်းဝေတွေးမိ၏။

'ဦးအောင်ခက်ရဲ့ နောက်ဆုံး ဆုံးဖြတ်ချက်ကကော ဘယ်လိုလဲဦး၊ ဦးကိုများပြောခဲ့ဘူးသေးသလား'

'သူ့ဆုံးဖြတ်ချက် ကတော့ မှန်ပါတယ်ကွာ၊ လှနွယ်သာ ကျင်စွ ပြောသလို မဟုတ်ဘဲ သူ့အပေါ်မှာ သစ္စာရှိနေရင်တော့ ဘာဘဲဖြစ်ဖြစ် သူ့မိဘတွေရဲ့ စီမံချက်ကို မနာခံဘဲ လှနွယ်ကိုသာ ခိုးပြေးမယ်လို့ ဦးကိုပြောခဲ့တယ်'

'သူမသေခင်မှာ ဒေါ်လှနွယ်ကိုခိုးဘို့ အစီအစဉ်ကောလုပ်ခဲ့ သေးသလားဦး'

'အဲဒီအထိ စီစဉ်တာကိုတော့ ဦးမတွေ့ခဲ့ရဘူး။ ဒါပေမယ့် ဒီအခြေအနေတွေကတော့ အရေးကြီးနေပြီကွလို့တော့ သူမသေခင် နှစ်ရက်သုံးရက်လောက်တုန်းက အောင်ခက်ပြောခဲ့တာကို တော့ ဦးမှတ်မိတယ်'

မင်းဝေသည် သက်ပြင်းချလိုက်၏။

'ဦးအောင်ခက် သေပုံသေနည်းကတော့ တော်တော်ဆန်း နေတယ်နော်'

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'အင်း....အသတ်ခံရတာပေါ့ကွာ၊ ဘယ်သူသတ်မှန်းသာ မသိလို့ လက်သည်မပေါ်တာဘဲရှိတယ်'

'ဒါထက် ဦးအောင်ခက်ကို ဦးကျင်စွံသတ်တာကော မဖြစ်နိုင်ဘူးလားခင်ဗျ'

ဟု မင်းဝေသည် စဉ်းစဉ်းစားစားနှင့်မေးလိုက်သည်။

'ဒါတော့ ငါလဲမပြောတတ်ဘူး၊ အမှန်တရားကိုတော့ သူ့ကိုသတ်ခဲ့တဲ့လူနဲ့ ဘုရားမှသိတော့မှာဘဲကွာ'

ဤတွင် စကားကဆုံးနေပြီ၊ ဦးလှမြိုင်ထံကတော့ နောက်ထပ်ဘာမှသိစရာရှိမည်မဟုတ်တော့။

သို့သော်လည်း မင်းဝေသည် မေးခွန်းတခုကိုတော့ မေးဖြစ်ခဲ့သေးသည်။

'ဦးအောင်ခက်သေပြီးတော့ ဒေါ်လှနွယ်လဲ ဦးကျင်စွံကို ယူလိုက်တာဘဲပေါ့နော်၊ ဘယ်လောက်ကြာမှ လက်ထပ်ကြတာလဲဦး'

'လတောင်မကြာပါဘူးကွာ၊ ငါမှတ်မိသလောက် ပြောရရင်တော့ အောင်ခက်သေပြီးလို့ တလအတွင်းမှာ လှနွယ်နဲ့ ကျင်စွံတို့ လက်ထပ်လိုက်ကြတာပါဘဲ'





ဦးလှမြိုင်သည် စကားအဆုံးသတ်လိုက်တော့မလို လုပ်ပြီးမှ ဆက်ပြောလိုက်ပြန်သည်။

'သူတို့လက်ထပ်ပြီးလို့ ခုနစ်လလောက်လဲနေရော ခု လှနွယ်သမီး ခင်နွယ်ခက်ဆိုတာကို မွေးတာဘဲ၊ ဒီတော့ ဟိုတုန်းက ကျင်စွံပြောတဲ့စကား မှန်များနေလေသလားလို့တောင်မှ ငါတွေးမိခဲ့ရသေးတယ်၊ ကဲ....ငါသိတာတော့ ဒါလောက်ပါဘဲကွာ၊ ဒီထက်တော့ ငါလဲဘာမှမပြောတတ်တော့ပါဘူး'

'ဟုတ်ကဲ့ခင်ဗျာ၊ ဒီလောက်သိရတာကိုဘဲ ကျေးဇူးတင်လှပါပြီ၊ ကျွန်တော်ကို ခွင့်ပြုပါအုံး'

ထိုသို့နှုတ်ဆက်ပြီးနောက် မင်းဝေ ဦးလှမြိုင်ထံမှ ပြန်ခဲ့သည်။

မင်းဝေ၏ခြေလှမ်းများသည် ဦးလှမြိုင်အိမ်မှတဆင့် ခင်နွယ်ခက်တို့ထံသို့ ဦးတည်ခဲ့သည်။

'ဟော....အတော်ဘဲ လာ....လာ ကိုမင်းဝေ'

မင်းဝေ အိမ်ပေါ်သို့တက်လိုက်လျှင် တက်လိုက်ခြင်းမှာပင် ခင်နွယ်ခက်က ဝမ်းသာအားရ ဆီးပြောလိုက်သည်။

မင်းဝေဘာမျှမပြောဘဲ ခင်နွယ်ခက်၏ မျက်နှာကလေးကိုသာ ရှုန်းရှုန်းစားစား စိုက်ကြည့်ရင်း ပြုံးနေသည်။

ခင်နွယ်ခက်သည် မင်းဝေ၏အနီးသို့ကပ်၍ ခတ်တိုးတိုးဆက်ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'မယ်တော်ကြီးက မောင်နဲ့ တွေ့ချင်လို့တဲ့ သိလား'

'ဟုတ်လားနှယ် ဘာကိစ္စတဲ့လဲ'

'ဘာကိစ္စမှန်းတော့ မသိဘူးလေ'

'နှယ်နဲ့မောင်တို့ကိစ္စကော ဖွင့်ပြောလိုက်ပြီးပြီလား'

'ဟုတ်တယ်မောင် မနက်ကဘဲ နှယ်ဖွင့်ပြောလိုက်တယ်၊ အဲဒါကြောင့် မောင့်ကို သူမေးချင်တာရှိလို့ တွေ့ချင်တာနဲ့တူတယ်'

'မယ်တော်ကြီးကော ရှိလား'

'ရှိပါတယ်၊ နေအုံးနော်၊ နှယ် မေမေ့ကို မောင်ရောက်နေကြောင်း သွားပြောလိုက်အုံးမယ်'

'ပြောပြောဆိုဆိုပင် အိမ်ခန်းတွင်းသို့ ခင်နှယ်ခက်ဝင်သွား၏။ ချက်ခြင်းလိုပင် ခင်နှယ်ခက် ပြန်ထွက်လာသည်။

'မေမေ လာလိမ့်မယ်'

သူက တိုးတိုးပြောကာ မင်းဝေ၏ရှေ့၌ ဝင်ထိုင်သည်။

ဒေါ်လှနှယ် ထွက်လာ၏။

မင်းဝေက ထိုင်ရာမှထ၍ကြိုဆိုသည်။





'ဒေါ်ဒေါ်လဲ မောင်မင်းဝေနဲ့ တွေ့ချင်နေတာနဲ့အတော်ဘဲ'

'ဟုတ်ကဲ့ ဒေါ်ဒေါ် နှယ်ကပြောပါတယ်'

'ကဲ....လာ ဒေါ်ဒေါ်နဲ့လမ်းလျှောက်ရင်း စကားပြောကြရအောင်၊ သမီးကတော့ အိမ်စောင့်ရင်း နေရစ်....နော်'

'ဟုတ်ကဲ့မေမေ သမီးနေခဲ့ပါ့မယ်'

ဒေါ်လှနှယ်သည် ရှေ့မှထွက်သွားသည်။ မင်းဝေသည် ဒေါ်လှနှယ်၏အလစ် ကျောဘက်မှနေ၍ ခင်နှယ်ခက်နားသို့ ခတ်သွက်သွက်ကပ်သွားကာ....

'နှယ်ရေ မောင်ဘော့ စာမေးပွဲအစစ်ခံရတော့မယ်နဲ့တူတယ် မေးခွန်းတွေက ခက်ရင်တော့ ဒုက္ခဘဲ'

ဟု ခတ်တိုးတိုးပြောလိုက်ပြီးမှ ဒေါ်လှနှယ်၏နောက်သို့လိုက်သွား၏။

ခင်နှယ်ခက်သည် အသံမထွက်အောင် ကျိတ်၍ရယ်ရင်းကျန်ခဲ့သည်။

ဒေါ်လှနှယ်သည် သူ့ခြံနောက်ဖက်တံခါးမှထွက်ခါ ဘုန်းကြီးကျောင်းကိုဖြတ်၍ ကန်ဘောင်ပေါ်သို့တက်သွားသည်။

မင်းဝေသည် သူ့နောက်မှလိုက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



'မောင်မင်းဝေရဲ့အိပ်မက်တွေအကြောင်းကို သမီးကပြောပြလို့ ဒေါ်ဒေါ်သိရတယ်'

'ဟုတ်ကဲ့....ဒေါ်ဒေါ်

'အဲ့ဒီအိပ်မက်တွေဟာ အမှန်ဘဲလား'

မင်းဝေ ဘာပြန်ဖြေရမည်မှန်းမသိ၊ သူကြောင်နေ၏။

ဒေါ်လှနွယ်သည် မင်းဝေ၏အခက်အခဲကို သိဟန်နှင့် သူ့မေးခွန်းကို ပြင်မေးသည်။

'အဲ့ဒီအိပ်မက်တွေကို မောင်မင်းဝေမက်တယ်ဆိုတာ အမှန်ဘဲလားလို့ မေးတာပါ'

'ဟုတ်ပါတယ် ဒေါ်ဒေါ် အမှန်ပါဘဲ'

'အဲ့ဒီလိုအိပ်မက်မျိုးတွေ ဘယ်နှစ်ခု မက်ဘူးသလဲကွဲ့'

'သုံးခုပါ'

'အဲဒီအိပ်မက်တွေကို ဒေါ်ဒေါ်ကို ပြောပြစမ်းပါအုံး'

မင်းဝေသည် မန်ကျည်းပင်ကြီးပေါ်၌ နာမည်စာလုံး ထွင်းခဲ့ကြသောအိပ်မက်ကို ပထမဆုံးပြောပြလိုက်သည်။

ဒေါ်လှနွယ်သည် စိတ်ပါဝင်စားစွာနှင့် နားစိုက်၍ ထောင်နေ၏။

သက်တင်စာပေ



ညနေခင်းသည် သာယာနေသည်၊ နေရောင်ခြည်ကနုနေ၏။ လေညှင်းပြေပြေက တသုံ့သုံ့သွေးနေ၏။ ကန်ရေပြင်ဝယ် တိမ်ပုလွေတို့ မျောနေကြသည်။

ပထမအိပ်မက်ဆုံးသွားပြီ။

ဒေါ်လှနွယ်ဘာများပြောဦးမည်နည်း ဟူသောအတွေးနှင့် မင်းဝေစကားကိုရပ်အကဲခတ်ရင်း ကြည့်နေသည်။

ဒေါ်လှနွယ်၏မျက်နှာမှာမူ တည်ငြိမ်နေ၏။ မည်သည့်စိတ်၏ အရောင်သည်မှ ထင်ဟပ်ပေါ်လွင်နေခြင်းမရှိ။

'ကဲ....နောက်အိပ်မက်တခု ပြောပါအုံး မောင်မင်းဝေ'

မင်းဝေသည် သူနှင့်အိပ်မက်ထဲမှ အလှရှင်တို့ ညောင်ပင်အောက် ကန်ဘောင်ရိုးပေါ်၌ တွေ့ကြပုံကိုပြောပြလိုက်သည်။

စကားကိုမူ ယဉ်ကျေးအောင် လှည့်ပတ်၍ပြောသည်။

'မေတ္တာရှိနေကြတဲ့လူငယ်ချင်း လူငယ်ဘာဝ တယုတယနေကြတဲ့ အိပ်မက်ပါ ဒေါ်ဒေါ်၊ ဒီအိပ်မက်ရဲ့ ထူးခြားချက်ကတော့ သူ့ပါးပေါ်က စပယ်တင်မှဲ့ကလေးပါဘဲ'

ဤအိပ်မက် အကြောင်းကိုလည်း သမီးဖြစ်သူက ပြောခဲ့ပြီးဖြစ်၍ ဒေါ်လှနွယ်ထပ်မံ မှအံ့သြတော့။

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'ပါးပေါ်မှာ မှဲ့ပါလာတော့ ဟုတ်ပါပြီ၊ သူ့ရုပ်ကကော ဘယ်သူနဲ့ တူသလဲ'

ဒေါ်လှနွယ်နှင့် တူပါသည်ဟူ၍တော့ မင်းဝေမပြောလိုက်ချင်၊ ထို့ကြောင့်....

'ရုပ်ရည်ကတော့ မခင်နွယ်ခက်နဲ့ တူတယ်ဒေါ်ဒေါ်၊ သူက အိပ်မက်ထဲက အမျိုးသမီးလို ပါးပေါ်မှာ မှဲ့နက်ကလေး မပါတာဘဲရှိတယ်'

ဤအိပ်မက်မျိုး နှစ်ခုစလုံးပင် မိမိနှင့် အောင်ခက်တို့ လုပ်ကိုင်ခဲ့ ဖြစ်ခဲ့ ပျက်ခဲ့ကြသော တကယ့်ဖြစ်ရပ် အမှန်များပင်။

ပြီးတော့ အိပ်မက်ထဲက အမျိုးသမီးမှာ သမီးဖြစ်သူ ခင်နွယ်ခက်နှင့် တူသည်ဆိုတော့၊ မိမိငယ်ရွယ် နုပျိုစဉ်တုန်းက ရုပ်မျိုးနှင့် တူလိမ့်မည်။

ပါးပေါ်၌ မှဲ့နက်ပါသေးသည်ဆိုတော့၊ ထိုအမျိုးသမီးသည် မိမိပင် ဖြစ်သည်ဟူ၍သာ ပြောရတော့မည်။

ထိုအိပ်မက်ကို မက်သူကလည်း အောင်ခက်နှင့် တူလွန်းလှသော မင်းဝေ။

အိပ်မက်တို့ကလည်း မိမိနှင့် အောင်ခက်တို့ တကယ့်ဖြစ်ခဲ့ကြသည့်အဖြစ်....

---

သက်တင်စာပေ



ဒီတော့ မင်းဝေသည် အောင်ခက်ပင် ဖြစ်ရမည်၊ အင်း.... အင်း အောင်ခက် ဘဝတဖြစ်ကူး လူဝင်စားသာလျှင် ဖြစ်ရတော့မည်။

'နောက်အိပ်မက် တခုကတော့ ကောကွယ်၊ ပြောစမ်းပါအုံး'

ထိုအိပ်မက်ကို ပြောပြခြင်း အားဖြင့်လည်း ဘယ်လိုမှ အကျိုးထူးနိုင်မည် မထင်၊ ပြဿနာသည်သာ ပို၍ရှုပ်လာနိုင်သည်။

ထိုအိပ်မက်ပါ အဖြစ်အပျက်သည် အမှန်တကယ် ဖြစ်ပျက်ခဲ့သည့် အဖြစ်မှန် ဟုတ်မဟုတ်ကိုလည်း မည်သည့် နည်းနှင့်မှ ဒေါ်လှနွယ်ကတော့ ဝန်ခံမည် မဟုတ်၊

ထို့ကြောင့် မင်းဝေသည် မယုတ်မလွန်သာလျှင် ပြောလိုက်သည်။

'နောက်အိပ်မက်ကတော့ အဲဒီအမျိုးသမီးနဲ့ ကျွန်တော်နဲ့ ဒီကန်တော် ကြီးထဲမှာ လှေစီးကြတယ် ဒေါ်ဒေါ်။ အဲဒီညက လကလဲသာနေတယ်၊ ဟောဟိုကန် ရေစွယ်အစွန်းမှာ တောင်မှ ကောင်းကင်ကလဝန်းရဲ့ အရိပ် ထင်နေသေးတယ်၊ ညကလဲသိတ်လှတဲ့ည'

မင်းဝေညွှန်ပြရာ ကန်ရေစွယ် အစွန်းဆီသို့ ဒေါ်လှနွယ်လှမ်းကြည့်လိုက်ရင်း သူ့မျက်နှာသည် ရုတ်တရက် ဖြူဖတ်ဖြူလျော်ဖြစ်သွားသည်။

---

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

မင်းစေသည် စကားကို ထိုမျှနှင့်ပင် ရပ်ထားလိုက်သည်။ ဒေါ်လှနွယ်ကိုသာ ကြည့်ရင်း အကဲခတ်နေ၏။

ဒေါ်လှနွယ်သည် ဤအိပ်မက်၏ အကြောင်းကို ဆက်၍ မေးရဲတော့ သူ့ရင်ထဲတွင်လည်း လှုပ်ရှားနေရ၏။

ထိုကန်ရေစွယ်စွန်း၌ လဝန်း ထင်နေသောသည ကန်ရေစွန်း၌ လဝန်းသာနေသောသည။

ထိုညကိုမူ ဒေါ်လှနွယ် မမေ့။

ဒေါ်လှနွယ်က ငေးငေးငိုင်ငိုင်နှင့် ငြိမ်နေသဖြင့် မင်းစေသည် ဒေါ်လှနွယ်အား ပြောလိုက်တော့မည်ဟု ကြိုတင်၍ ဆုံးဖြတ်ချက်ချထားသည့် အတိုင်းပင် ပြောပြလိုက်သည်။

'ဒေါ်ဒေါ်ကို ကျွန်တော်တခုလောက် ပြောပရစေ ခင်ဗျာ၊ ကျွန်တော့်ကို ပြောခွင့်ပြုပါ'

ဒေါ်လှနွယ် သူ့ကို လှည့်ကြည့်သည်၊ နှုတ်မှမပြောဘဲ၊ သူ့ဦးခေါင်းကိုသာ ညိတ်၏။

'ကျွန်တော်နဲ့ ဒေါ်ဒေါ် သမီးနွယ်နဲ့ လူငယ်ခြင်း မေတ္တာမျှနေကြပါပြီ ကျွန်တော့မိဘတွေကို ကျွန်တော် ဖွင့်ပြောပြပြီး လူကြီးချင်း စကားကမ်းလှမ်းပြီး လက်ထပ်ချင်ပါတယ် ခင်ဗျာ၊ အဲဒါ ဒေါ်ဒေါ်က ခွင့်ပြုပါလို့ တောင်းပန်ပါတယ်'





ဤစကားမှာလည်း ဒေါ်လှနွယ်အတွက်မူ အသစ်အဆန်း မဟုတ်တော့၊ ခင်နွယ်ခက်မနက်ကပင် ပြောပြခဲ့ပြီးဖြစ်၍ သိခဲ့ပြီးပြီ။

ဤကိစ္စနှင့်ပတ်သက်၍ ယနေ့တနေ့လုံး မိမိလည်းစဉ်းစား နေသည်သာဖြစ်ခဲ့သည်။

သမီးဖြစ်သူ၏အပေါ်မှာ တော့သူ့အချစ်ရေးအိမ်ထောင်ရေး နှင့်ပတ်သက်၍ အနိုင်မကျင့်ချင်ပါ၊ မချုပ်ချယ်ချင်ပါ။

မိမိကိုယ်ကျိုးစီးပွားများအတွက်လည်း သမီးဖြစ်သူ၏ အိမ်ထောင်ရေးအပေါ်မှ အမြတ်မထုတ်ချင်ပါ။

သို့သော်လည်းမိဘဟူသည် သားသမီးတို့အပေါ် 'မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်' ဟူဘိသကဲ့သို့ မဖြစ်သင့်မဖြစ်ထိုက်သည်တို့ မဖြစ်အောင်တော့ တားဆီးရမည်သာဖြစ်သည်။

'အဲဒီကိစ္စနှင့်ပတ်သက်လို့ သမီးကလဲ ဒေါ်ဒေါ်ကို ပြောပြပြီးပါပြီ'

ဒေါ်လှနွယ်သည် စဉ်းစားဟန်နှင့်စကားကိုဖြတ်ထားလိုက်ပြန်သည်။ ခဏနေမှ....

'အေး....ဒီကိစ္စနှင့်ပတ်သက်ပြီး ဒေါ်ဒေါ်သဘောထားကို သမီးကိုပြောလိုက်မယ်၊ ဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com

'ကောင်းပါပြီဒေါ်ဒေါ်'

'မောင်မင်းဝေရေ....ဒေါ်ဒေါ်ကိုတခုလုပ်ပေးစမ်းပါ'

'ဟုတ်ကဲ့ခင်ဗျ၊ ပြောသာပြောပါဒေါ်ဒေါ်'

'လာမောင်မင်းဝေ'

ဒေါ်လှနွယ်သည် ပြောရပြောဆိုဆုံနှင့်ပင် ကန်ဘောင်ရိုးပေါ်မှနေ၍ ရေစပ်သို့ဆင်းသွား၏။ မင်းဝေ နောက်မှလိုက်သွားသည်။

ဒေါ်လှနွယ်ရေစပ်၌ရပ်နေ၏။

ထိုနေရာမှရေကန်စပ်မှာလည်း 'ပစောက်'ပုံသဏ္ဌာန်ဖြစ်နေကာ ပဒေါပင်တို့ဖြင့် ပြည့်နေ၏။

'ဒေါ်ဒေါ်ကို အဲ့ဒီပဒေါပန်းနဲ့နဲ့လောက် ခူးပေးစမ်းပါကွယ်'

မင်းဝေသည် ဘာမှမပြောဘဲ ဒေါ်လှနွယ်နှင့် မျက်နှာချင်းဆိုင်ဘက်သို့လျှောက်သွားလိုက်ပြီး၊ ခါးကိုကုန်းကာ ပဒေါပန်းများကိုခူးနေ၏။

ဒေါ်လှနွယ်၏စိတ်ဇောထက်သန်နေသောမျက်လုံးများသည် မင်းဝေ၏ခေါင်းထိပ်တည့်တည့်ကို ကြည့်နေသည်။





မင်းဝေ၏ ခပ်ပွပွဆံပင်သည် အောက်သို့ ငိုက်ကျလာသည်။ ဤတွင် ဆံပင်မပေါက်သော ခေါင်းထိပ်တည့်တည့်ရှိ မွေးရာပါအမာရွတ်နေရာသည် ပွင့်အာပေါ်လွင်လာသည်။

ဒေါ်လှနွယ်သည် အံ့ဩစွာ ရင်ခုန်စွာ တုန်လှုပ်စွာနှင့် ထိုအမာရွတ်ကြီးကို မမှိတ်မသုန်ကြည့်နေ၏။

မိမိအတွေးအထင်တို့မှန်ပြီ။

အကယ်၍ မင်းဝေသည် အောင်ခက်ဝင်စားသူ ကေန်အမှန်ဖြစ်မည်ဆိုလျှင် အတိတ်ဘဝမှ အောင်ခက်၏အမှတ်အသားတခုခုပါလာရမည်ဖြစ်၏။

လူဝင်စားဆိုသူတို့နှင့်ပတ်သက်၍ ကြားသိရသောသတင်းတို့တွင် လူဝင်စားမှန်လျှင် ဘဝဟောင်းက ဒဏ်ရာရခဲ့ဘူးပါက ထိုဒဏ်ရာ၏အမှတ်အသားတို့ ပါလာတတ်သည်ဟုဆိုသည်၊

အောင်ခက်သည် မသေမီက ခေါင်းတွင် လှော်တက်ဖြင့် အရိုက်ခံရသည်ဖြစ်၍ ဒဏ်ရာနှင့်သေခဲ့ရသူဖြစ်သည်။

ထိုဒဏ်ရာ၏အမှတ်အသားသည် မင်းဝေ၏ခေါင်းထက်၌ရှိနေပြီ။

ဒေါ်လှနွယ်ဘာမျှမပြောဘဲ ငေးနေသဖြင့် မင်းဝေကလည်း ပဒေါပန်းတို့ကို တခုပြီးတခုခူးနေသည်မှာ လက်နှင့်မဆန့်



www.burmeseclassic.com

 www.burmeseclassic.com

လောက်အောင်ပင် ရှိနေပြီ။ ထို့ကြောင့် မင်းဝေမော့ကြည့်လိုက်၏။

ဒီတော့မှပင် ဒေါ်လှနွယ်လည်း သတိရသည်။

'တော်ပြီမောင်မင်းဝေ၊ တော်လောက်ပါပြီ'

ဒေါ်လှနွယ်က လှက်လှမ်း၍ ပန်းများကိုယူမည်ပြုသည်၊

နေပေ့စီဒေါ်ဒေါ်၊ ကျွန်တော်ကိုင်ခဲ့ပါ့မယ်'

'ကဲ....လာ....ဒါဖြင့်ပြန်ကြစို့'

သူတို့ပြန်လှည့်ခဲ့ကြသည်။

ဒေါ်လှနွယ်၏အမူအယာမှာအတွေးနက်နေဟန်ရှိ၍ မင်းဝေလည်း ဘာမှမပြောဘဲ နှုတ်ဆိတ်နေသည်။

သူသည် သူ့လက်ထဲ၌ကိုင်ထားသော ဇေဒါပန်းတို့ကို ငုံ့၍ကြည့်လိုက်ပြီး....

'ရှာရှာဖွေဖွေ ဒီပန်းတွေများ ဘာလုပ်ဘို့ခူးခိုင်းပါလိမ့်'

ဟုတွေးရင်း ပြုံးလိုက်မိရပြန်၏။

●



(၁၆)

ဟာကယ်ဆိုတော့ သမီးဖြစ်သူအတွက်မူ စိတ်မကောင်းမိရသည်မှာ အမှန်။

မိမိလည်း ငယ်ရာမှကြီးခဲ့သူ၊ ပျိုရာမှအိုခဲ့သူ နှလုံးသားနုနုနှင့်လည်း အသဲနင့်အောင်ချစ်ခဲ့ဘူးသူ။

ချစ်ရသည့်ဝေဒနာလောက် စိတ်နှလုံးလှုပ်ရှားရသည်မျိုးမရှိဟုထင်သည်။

ရင်ဝယ်တလှပ်လှပ် တဖိုဖို၊တသိမ့်သိမ့်၊ တလှိုက်လှိုက်။

ပတ်ဝန်းကျင်နှင့် ပတ်သက်လာလျှင်လည်း တထိတ်ထိတ်တလန့်လန့်။



www.burmeseclassic.com

www.burmeseclassic.com



ခွဲကြရမည်ဆိုတော့လည်း တဆွေးဆွေး တမြေ့မြေ့။

နာကျည်းမိရင်ဆိုပြန်တော့လည်း ဒေါ်သမီးတို့လျှကာ ရင်ဝယ် ပူလောင်ထိခိုက်ရပါဘိခြင်း။

ဤဝေဒနာမျိုးအားလုံးကိုပင် အောင်ခက်ကိုအကြောင်းပြု၍ မိမိရင်ဝယ် ခံစားခဲ့ရဘူးပြီ။

ဤဒုက္ခမျိုးများကို မိမိခံစားဘူးခဲ့ရပြီ။

ထို့ကြောင့် ဤလိုဒုက္ခမျိုးများကို ချစ်ရသူသမီးတွင်တော့ မခံစားရစေချင်၊ သမီးငယ်၏ နှလုံးသားဝယ် တဆွေးဆွေး တမြေ့မြေ့မဖြစ်ရစေချင်။

သို့သော်လည်း မတတ်နိုင်၊ ကြုံလာသည့်အဖြစ်ကလည်း ထိန်းနိုင်ဘွယ်မရှိ။ ပြီးတော့ ဤအဖြစ်ကလည်း မိမိမှလွဲ၍ မည်သူမှမသိ၊ မိမိကလည်း ဤအဖြစ်အပျက်ကို မည်သူ့မှ ပြန်လည်ပြောပြ၍မဖြစ်။

သမီးဖြစ်သူကိုလည်းအသိမပေးနိုင်။

ဒီတော့ မိမိသည်သာလျှင် မိခင်ဆိုးကြီး၊ မိန်းမကြမ်းကြီးဖြစ်ရတော့မည်။သမီး၏ချစ်ခြင်းကိုခွင်းသူ၊ရက်စက်သူကြီး ဖြစ်ရတော့မည်။





သမီးအမြင်တွင်တော့ မင်းဝေဝယ် ဘာအပြစ်မှမရှိ၊ အခြေအနေ၊ အရည်အချင်း၊ ဂုဏ်အင် ကအစ သဘောမတူစရာမရှိဟု ထင်လိမ့်မည်။

နောက်ကြောင်းဇာတ်ခံ အတွင်းရေးကိုမသိသူမှန်သမျှ ဤသို့သာ မြင်ကြမည်မှာလည်း သဘာဝကျသည်။

သို့သော်လည်း မိမိ၏အဖြစ်က မတွေးနိုင်မပျို့နိုင်။

မင်းဝေကိုလက်မခံနိုင်၊ သဘောမတူနိုင်သည့်အကြောင်းကိုလည်း ရှင်းလင်းပြ၍မဖြစ်၊ ဒီတော့ သမီးခင်နှယ်ခက်ကလည်း မိမိကိုမကြေနပ်ဖြစ်လိမ့်မည်။ ကြောင်းကျိုးမခိုင်လုံဘဲ အစီပွါယ်မဲ့ အနိုင်ကျင့်သူအဖြစ် မိမိကိုမြင်လိမ့်မည်။

စဉ်းစားရင်းကပင် ဒေါ်လှနွယ်သည် စိတ်ပင်ပန်းစွာဖြင့် သက်ပြင်းတချက်ကို လေးလေးပင်ပင်ချလိုက်သည်။

ဟိုတုန်းက....

မိမိနှင့် အောင်ခက်တို့ အသဲနစ်အောင် ချစ်ခဲ့ကြစဉ်က တယောက်နှင့်တယောက် မပေါင်းရဘဲ ကွဲကွာ ကွေကွင်းရမည်ကို သေလုမတတ် ကြောက်ခဲ့ဘူးသည်။

ကွဲကွာကြရမည့်အဖြစ်ကို တွေး၍ပင် မကြည့်ဝံ့ မစဉ်းစားဝံ့ ပင်မစဉ်းစားရဲ။



www.burmeseclassic.com

www.burmeseclassic.com



မိဘများကလည်း မိမိကို အောင်ခက်နှင့် သဘောမတူ၊ အောင်ခက် မိဘများကလည်း သူတို့သားကို မိမိနှင့် သဘောမတူ။

ဒီတော့ သူတို့နှစ်ယောက်ထဲ တွေ့ကြပြီဆိုလျှင် သူ့ရင်ခွင်ငယ် မျက်နှာအပ်ကာ အားငယ်စိတ်နှင့် နှလုံးစိတ်ဝမ်း ပင်ပမ်းနွမ်းဟိုက်ခဲ့ရသည်။

စိတ်ခိုင်မာသူမို့ မျက်ရည်မကျအောင် အားတင်းနိုင်ခဲ့ရသော်လည်း တကယ်တန်း ကွဲကြရမည်ဆိုလျှင်တော့ ခက်ရချိမ့်မည်ဟု တွေးရင်း ရင်ဝယ်ဆတ်ဆတ် ခါမိခဲ့ရသည်မှာတော့ အမှန်ပင်။

ထိုစဉ်က အဖြစ်နှင့် ခံစားရချက်များကို ယခုတိုင်ထိ မိမိမှတ်မိနေသေးသည်။

ညက လဆန်း ဆယ်ရက်နေ့ည။

အချိန်ကလည်း လင့်ပြီ၊ ချစ်ကြသူခြင်း တိုတ်တခိုး တွေ့ကြရသည် ဆိုတော့လည်း သူများတွေ အိပ်ကြသည့် အကာလအချိန်မျိုးဖြစ်၍ လမင်းစက်ဝန်းသည်ပင် အနောက်ဖက်၌ ယိမ်းလွန်းလှပြီ။

ကန်ရေပြင်၌လည်း သစ်ရိပ်တို့ လွှမ်းစပြုပြီ။
ရေလယ်ကွင် လှေငယ်ငြိမ်နေပါ၏၊ လှေငယ်ပေါ်မှ မိမိတို့နှစ်ယောက်လည်း ငြိမ်နေပါ၏။





သို့သော်လည်း မိမိ၏ရင်တွင်းမှ ဘလောင်ဆူနေခဲ့သည်ပူပင်သောက စိုးရိမ်စိတ်တို့လည်း လှုပ်ရှားနေလွန်းသည်။

'ပြောပါအုံး အောင် နွယ်တို့ ဘယ်လိုလုပ်ကြမလဲ ဟင်....'

မိမိက အောင်ခက်ကို အားကိုးတကြီးနှင့် မေးမိသည်၊ တကယ်တော့ မိမိကမိန်းခလေး သူကယောကျ်ား ပြဿနာကိုဦးဆောင်ဖြေရှင်းပေးရည့်သူက....သူ။

ဒီတော့ သူ့ကိုသာ အားကိုးရသည်၊ မှန်မှန်ကန်ကန် စီမံသမျှလိုက် နာခံရမည်၊ သို့သော်လည်း သူ့အမူအယာကို မြင်ရသည့်ကတော့ အားမရစရာပင်။

နှုတ်ဆိတ် ၍ နေလွန်းသည်။

အမူအယာက ငြိမ့်လွန်းသည် အသက်ကင်းမဲ့သည့် အရုပ်ပမာ လှုပ်ရှားခြင်း ကင်းနေသည်။

အားမလို အားမရနှင့်ပင် မိမိက ထပ်မေးမိသည်။

'နွယ်တို့ ဘယ်လိုလုပ်မလဲ အောင်ရယ် ပြောပါအုံး၊ နွယ့်တို့ဘယ်လိုလုပ်ကြမလဲဟင်'

ဒီတော့လည်း သူ့ထံမှ သက်ပြင်းချသံ တချက်ကို ကြားလိုက်ရပြီး ခေတ္တမျှ တိတ်နေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ....

'သိပ်လည်း ပူမနေပါနဲ့နှယ်၊ အောင်တို့မှာ အချိန်တွေ ရှိပါသေးတယ်လေ၊ အောင့်မိဘတွေကို ပြေလည်အောင် အောင်ကြိုးစားနေပါတယ်၊ ခုအောင်တို့ ပြဿနာမှာက နှစ်ဖက်မိဘက သဘောမတူကြတာဆိုတော့ ဒီအခြေအနေအတိုင်း အောင်တို့က ဇွတ်လုပ်သွားကြရင် သူတို့ သိတ်ပြီး စိတ်ဆိုးသွားကြလိမ့်မယ် အောင်ကလဲ ကိုယ့်ခြေထောက်ပေါ်မှာ ကိုယ့် ဟာကိုယ် ရပ်နိုင်သေးတာမဟုတ်တော့ သူတို့ဖြစ်ထားရင်ရေရှည်မှာအောင်တို့ နှစ်ယောက်စလုံးဘဲ ဒုက္ခရောက်ကြမှာ၊ ဒီတော့ နှယ့် မိဘတွေဘက်က မပြေလည်တောင်မှ မောင့်မိဘတွေဘက်ကတော့ ပြေလည်စေချင်တယ်နှယ်၊ ဒါကြောင့်လဲ အောင့်မိဘတွေ ကြေနပ်အောင် အောင်ကြိုးစားနေတုန်းဘဲ နှယ်'

'ဘဝကိုရင်ဆိုင်ရမှာ အောင် ကြောက်သလားဟင်၊ မိန်းမသားဖြစ်တဲ့ နှယ်တောင် မကြောက်ပါဘူး အောင်ရယ်၊ အောင်က ယောကျာ်းပါ'

မိမိက ထိုသို့ပင် သူ့မာနကို နှိုးဆွလိုက်မိသေးသည်။

'ကြောက်တယ် မကြောက်ဘူးဆိုတာထက် မျက်စိကမ်းတရှေ့ မကြောက်ဆိုဘာလို ဆင်ကန်းတောတိုး မလုပ်ချင်ဘူးနှယ်၊အခုည တိုင်းပြည် အခြေအနေကြီးကလဲ မကောင်းဘူးမဟုတ်လား၊က ပြည်လုံးမှာလဲ ဆူပူသောင်းကျန်မှုတွေ ဖြစ်နေပြီ၊ ဘာတွေဖြစ်ပြီး





အခြေအနေတွေ ဘယ်လောက် ဆိုးအုံးမယ်ဆိုတာလဲ မသိဘူး၊ ဒီတော့ ခုလိုအချိန်မျိုးမှာ အောင်နဲ့နှယ်တို့ ဘယ်လိုလုပ် ရပ်တည်ပြီး နေထိုင်ကြမလဲ၊ ဒါ့ကြောင့် အောင် ကြိုးစားနေတာပါ၊ ဖေဖေတို့မေမေတို့ စိတ်ပြောင်းလာမယ်ဆိုရင် အောင်တို့ နှစ်ယောက်စလုံး စိတ်အေးရတာပေါ့နှယ်'

'အောင် ပြောတာကို နှယ်သဘောပေါက်ပါတယ်၊ အောင်ပြောသလိုဖြစ်လာရင် အကောင်းဆုံးဘဲဆိုတာကိုလဲ နှယ်သိပါတယ်၊ဒါပေမယ့် အောင်ကြိုးစားတာ ဖြစ်မလာဘူးဆိုရင်ကော'

လရောင်ပြေပြေဝယ် မြင်နေရသော အောင်ခက်၏မျက်နှာကို စိုက်ကြည့်ရင်း မိမိကပြောလိုက်မိသော်လည်း သူကမူ မိမိကို မကြည့်ဘဲ အဝေးဆီသို့သာ ငေးနေသည်။

မိမိကလည်း စိတ် ရှည်လက်ရှည်နှင့်သာ သူ့ထံမှစကားကို စောင့်ခဲ့ရသည်။

ခဏနေမှ....

'အောင်ကြိုးစားနေတယ် နှယ်၊ဖြစ်နိုင်တဲ့အလားအလာတွေလဲရှိပါတယ်၊ အောင့်ကြီးဒေါ် ဒေါ်သန်းမြက အောင့်ကိုသိတ်ချစ်ပါတယ်၊ အဲဒီကြီးဒေါ်ကတဆင့် မေမေ့ကိုနားဝင်အောင် အပူကပ်ထားပါတယ်၊ အင်းလေ တကယ်လို့ အောင်ကြိုးစားတာ ဖြစ်မလာဘူး မျှော်လင့်သလို ဖြစ်မလာဘူးဆိုရင်တော့လဲ ဖြစ်သလို ရင်ဆိုင်ရမှာပေါ့လေ၊ ဒီအတွက် နှယ်မပူပါနဲ့ နှယ့်ကို အောင် အဆုံးရှုံး မခံနိုင်ပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



ဤနိဂုံးချုပ်စကားကို ဒုံးဒုံးချဟန်နှင့်ဆိုလိုက်ပြီးသောအခါ တွင်မူ အောင်ခက်သည် အသက်ဝင် လှုပ်ရှားလာသည်။

သူ့လက်တို့သည် တင်းကြပ်လာသည်၊ သူ့ရင်ခွင်သည် နွေးထွေးလာသည်၊ သူ့နှုတ်ခမ်းတို့သည် နူးညံ့ပူနွေးလာသည်။

ချစ်ရသူက ဤလိုတယုတယ ပြုလာပြန်တော့လည်း ပူပင်သောကဟူသမျှတို့ လွင့်ပျောက်သွားရပြန်သည်။

ဪ....ရင်ဝယ် ကြည်နူးမိရပြန်၏။

ထိုညက ရင်ဝယ် သောကတို့ရှိနေသေးသော်လည်း ကြည်ကြည်နူးနူးနှင့်ပင် နှစ်ယောက်ခွဲခဲ့ကြသည်။

နောက် သုံးရက်လောက်ကြာတော့ ဤသို့နှစ်ယောက်တွေ့ခဲ့ကြသေးသည်။

တွေ့ကြသည့်နေရာကလည်း ထုံးစံအတိုင်း ကန်ရေပေါ်ဝယ် မျှောနေသည့် လှေငယ်ပေါ်မှာပင်။

ဤညဝယ် လကာပိုသာသည်။

ဆောင်းပီပီ ရာသီကလည်းလှသည်။ နှင်းငွေ့လေးတွေက ဝေဝေဝမှုန်မှုန်။'

ဤညတွင် အောင်ခက်ကတော့ ခါတိုင်းထက်ပို၍ တိတ်ဆိတ်လွန်းသည်၊အမူအယာကလည်း မထုံတက်တေး ငူငူငိုင်ငိုင် စကားကလည်း မပွင့်တပွင့်။





ပြောလာပြန်တော့လည်း သူ့စကားတွေက ခတ်ဆန်းဆန်း။

'နွယ်....ကိုယ့်ကိုတကယ်ချစ်ရဲ့လား ဟင်' တဲ့....

သမီးရည်းစား ဖြစ်ခဲ့ခါစတုန်းကတော့ ဤမေးခွန်းမျိုးကို မကြာခဏ အပြန်အလှန်မေးခဲ့ကြဘူးသည်၊ ခုတော့ မမေးကြသည်မှာ ကြာပြီ။

သမီးရည်းစားတို့၏ အဆုံးစွန်းဘဝ၊ လင်မယား မကျတကျအဆင့်သို့ ရောက်ခဲ့ကြပြီးဖြစ်၍လည်း တဦး၏အချစ်ကို တဦးက သံသယမရှိကြတော့။

ဤနေ့ညတွင်မှ အောင်ခက်က ဤမေးခွန်းကို အလေးအနက်ဟန်နှင့် မေးလာပြန်သဖြင့် မိမိစိတ်ဝယ် ခတ်ဆန်းဆန်းဖြစ်ခဲ့ရသည်။

'ဒီမေးခွန်းကို ဒီလောက်အလေးအနက်ထားပြီး နွယ့်ကိုမေးနေဘို့မလိုတော့ပါဘူးအောင်ရယ်၊ နွယ့်တကိုယ်လုံးကိုတောင်မှ ပုံအပ်ပြီးသားပါ'

အောင်ခက် အတန်ကြာမျှ ငိုင်နေပြန်သည်။

မိမိကိုလည်း မကြည့်၊ သူ့အမူအယာကိုကြည့်ကာ အားမလို အားမရဖြစ်ခဲ့ရသည်ကမိမိ။



www.burmeseclassic.com

www.burmeseclassic.com



'နွယ့်မေတ္တာကို ခုထိအောင် မယုံသေးလို့ မေးနေတာ လား ဟင်....'

သူရုတ်တရက် မည်သို့မျှ ပြန်မဖြေ သက်ပြင်းကိုသာ ခတ်လေးလေးချလိုက်သည် ပြီးမှ တုန့်ဆိုင်းစွာ ပြန်ပြော၏။

'နွယ့်မေတ္တာကို အောင် ယုံခဲ့ပါတယ်၊ ပြီးတော့ နွယ့်သစ္စာကိုလဲ အောင်စိတ်ချ ချင်တယ်'

ထိုစကားကို ကြားလိုက်ရစဉ်က၊ မိမိဆတ်ကနဲ ဖြစ်လိုက်ရသည်၊ သူ့စကားက တမျိုးကြီး ဤစကား၏ အပေါ်၌ မိမိဘဝင်မကျ။

'အောင်.... ဘာဆိုလိုတာလဲဟင်၊ နွယ့်သစ္စာကို စိတ်ချချင်တယ် ဟုတ်လား၊ အောင့်ရင်ထဲမှာ ရှိတာကို ရှင်းရှင်းပြောစမ်းပါ နွယ့်ကို ဝေ့လည်ကြောင်ပတ် မလုပ်နဲ့'

'ဩော်.... အောင်ပြောတာ ရှင်းပါတယ်လေ၊ နွယ့်သစ္စာကို အောင်ထာဝရ စိတ်ချချင်တယ်လို့ ပြောတာ'

'နွယ့်သစ္စာကို အောင်က စိတ်မချရအောင် နွယ်ကဘာတွေ မဟုတ်တာ လုပ်နေလို့လဲ'

မိမိစကားဝယ် အနည်းငယ် ဒေါသသံ ပါသွားသည်။

သက်တင်စာပေ



သူ့အပေါ်၌ ထားရှိသော မိမိ၏မေတ္တာနှင့် သစ္စာသည် ဤမျှ ဖြူစင်သန့်ရှင်းပါလျက်နှင့် သူကသံသယစကားကို ဆိုလာတော့ မခံချင် ဖြစ်မိရသည်မှာ မဆန်း။

မိမိစိတ်ဆိုးမှန်း သိသွားတော့လည်း သူလျှော့ခဲ့သည်။

'မဟုတ်ပါဘူး နွယ်ရယ်၊ အောင်က နွယ့်ကိုချစ်လွန်းတော့ အစစအရာရာမှာ စိတ်မချနိုင်ဘူးပေါ့၊ ကိုယ်ချစ်တဲ့သူ အပေါ်မှာ အောင်ကလဲ ဘာသံသယမှ မထားချင်ပါဘူး၊ ဒါပေမယ့်'

'ဒါပေမယ့် ဘာဖြစ်သလဲအောင်'

အောင်ခက် ချက်ခြင်းမဖြေ၊ ခေတ္တမျှ ငေးနေသေးသည်။ ပြီးမှ....

'ကျင်စွံနဲ့ ပတ်သက်ပြီး၊ နွယ့်ကို အောင်စိတ်မချဘူး နွယ်၊ မိဘတွေကလဲ ကျင်စွံကို သိတ်ပြီးတော့ အရေးပေးလွန်းကြတယ် မဟုတ်လား'

ထိုစဉ်က အောင်ခက်၏ စကားကိုခတ်ပေါ့ပေါ့ သဘောထားကာ မိမိရယ်ခဲ့မိသည်၊

မိဘများက မိမိနှင့်ကျင်စွံကို အသေအလဲ သဘောတူနေခဲ့ကြသည်မှာလည်း မှန်ပါ၏။

ကျင်စွံကို အရေးပေးနေ ခဲ့ကြသည်မှာလည်း မှန်ပါ၏။

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com


သို့သော်လည်း မိမိကသူ့အပေါ်၌ နည်းနည်း ကလေးမှ မေတ္တာမရှိ၊ ဘယ်လိုမှလည်း စိတ်ကူး၍မရ ဒီတော့ သူဘာတတ်နိုင်ပါမည်နည်း။

မိမိကလည်း စိတ်ဆုံးဖြတ်ပြီးသား ချစ်ရသူ အောင်ခက်ကလွဲ၍ မည်သူ့ကိုမှမယူ။

'ဒီအတွက်တော့ မပူပါနဲ့ အောင်ရယ်၊ ကျင်စွံကို နှယ့် မိဘတွေက ဘယ်လောက်ဘဲ သဘောကျနေနေ၊ နှယ်မကြိုက်ဘူး။ အောင်ကလွဲလို့ နှယ်ဘယ်သူ့ကိုမှ မယူပါဘူး၊ ဒါကြောင့်လဲ ဒီပြဿနာတွေက လွတ်အောင် မြန်မြန်လုပ်ပါလို့ အောင့်ကို နှယ်တိုက်တွန်းနေတာပေါ့။

ဒီတော့လည်း အောင်ခက်သည် ဘာမျှပြန်မပြောတော့ဘဲ နှုတ်ဆိတ်၍သာ နေသည်။ စဉ်းစား ဟန်နှင့်သာ နေ၏။

ထိုစဉ်တုန်းကတော့ အောင်ခက်၏ ရင်ထဲမှ ခံစားချက်များနှင့် သူ့ခေါင်းထဲ၌ ရှိနေသည့် အတွေးတို့ကို မိမိမသိခဲ့ အလေးအနက်ထား၍လည်း မစဉ်းစားခဲ့မိ။

သို့သော်လည်း တပတ်ကျော်ခန့်မျှ မိမိနှင့်အောင်ခက်တို့ မတွေ့ခဲ့ကြဘဲ ရှိကြပြီး နောက်တည ပြန်တွေ့ခဲ့ကြသည့် အခါတွင်တော့ မိမိတို့၏ ပြဿနာက ကြီးမားလွန်းခဲ့ရပြီဖြစ်သည်။

ထိုညကိုမမေ့၊ ခုတိုင်ထိမမေ့။

---

သက်တင်စာပေ

နောင်ကိုလည်း မိမိ၏အသက်နှင့် ခန္ဓာကိုယ် မြဲနေသမျှ ကာလပတ်လုံး ဘယ်တော့မှ မေ့လိမ့်မည်မဟုတ်။

ခုလိုအကြောင်းသင့်၍ ပြန်လည်သတိရကာ တွေးလိုက်မိတိုင်းလည်း မိမိရင်ဝယ် နာနာကျည်းကျည်း ဆွေးဆွေးမြေ့မြေ့ ဖြစ်ရသေးသည်။

'မေမေ့'

အနားမှကပ်၍ ခေါ်လိုက်သော သမီးဖြစ်သူ ခင်နှယ်ခက်၏ အသံကို ကြားလိုက်ရတော့မှပင် အတွေးမျှင်တို့ပြတ်ကာ ဒေါ်လှနှယ် ပြန်လည်သတိ ဝင်လာရသည်။

ဒေါ်လှနှယ်သည် ခင်နှယ်ခက်၏ မျက်နှာကိုသာ စိုက်ကြည့်နေလိုက်၏။ ပြောပေါမည့် စကားကိုသာ နားစွင့်၍နေလိုက်၏။

သို့သော်လည်း သူ့စိတ်ထဲတွင်မူ သမီးဖြစ်သူ ပြောမည့် စကားများကို သိသလိုတော့ ရှိနေ၏။

'ကိုမင်းဝေကို သဘောကျရဲ့လားမေမေ'

မေးလိုက်သည့် မေးခွန်းကဲ ရိုးရိုးလွယ်လွယ် ကလေးပင် ဖြစ်သော်လည်း ဒေါ်လှနှယ်အဖို့မူ ရုတ်တရက် မဖြေလိုက်နိုင်။

အမှန်တရားကို လက်ခံရခြင်းသည် လွယ်၏၊ ရိုး၏၊ ရှင်း၏။ ပြဿနာမရှိ။

---

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

အမုန်တရားကို လက်မခံနိုင်သောအခါ၌ မလှယ်တော့၊ မရှောင်းတော့၊ မရှိးတော့၊ ဒီတော့ပြဿနာကလည်း ပေါ်လာရ...

အမုန်မှု....မောင်မင်းဝေလို လူတဦးကို ပင်ကိုယ်အားဖြင့် သတောမကျစရာမရှိ။ မျိုးရိုးကောင်း၊ ပညာတတ်၊ ကျန်းမာရေးနှင့် ပြည့်စုံသူ။ ဘယ်သမီးရှင်မှ ငြင်းပယ်ရန် အကြောင်းမရှိ။

သို့သော်လည်း မိမိအဘိုကမူတော့ ခက်သည်။ တနည်းအားဖြင့်ဆိုသော် မိမိဘက်ကမရှိးသား။

ကိုယ်တယောက်ထဲသာသိသော လျှို့ဝှက်သည့်အကြောင်းတို့က ရှိနေသည်။ ထိုအကြောင်းကို ဖွင့်ဟ ပြောပြရန်ကလည်း မဖြစ်။

ဒီတော့....ပြဿနာက တက်လာရပြီ။

'ပြောပါအုံးမေမေ'

ခင်နွယ်ခက်ကလည်း ထပ်ခမ်း၏၊ သူ့အသံဝယ် မချင့်မရဲ ဟန်ကလေးပါနေသည်ကိုလည်း ဒေါ်လှနွယ်သတိထားလိုက်မိ၏။

'မောင်မင်းဝေကို မေမေ သဘောကျပါတယ် သမီးရယ်'

ဒေါ်လှနွယ်၏စကားအဆုံးဝယ် ခင်နွယ်ခက်၏ မျက်နှာကလေးမှာ ကြည်လင်ဝင်းပသွားသည်။ ထပ်ဆင့်၍ ပြုံးလိုက်





သော သူ့အပြုံးကလေး၌လည်း ဝမ်းသာဝမ်းမြောက် ဖြစ်ရကာ၊ စိတ်လက်ပေါ့ပါး သွားရမှုမှာ ထင်ဟပ်နေသည်။

သို့သော်လည်း ဒေါ်လှနွယ်သည် သက်ပြင်းတချက်ကိုရှိုက်ကာ ဆက်ပြောလိုက်ပြန်၏။

'ဒါပေမယ့် သူနဲ့သမီး လက်ထပ်ဘို့တော့ မေမေ သဘောမတူဘူး'

'ဟင်....'

ရုတ်ချည်းပင် ခင်နွယ်ခက်၏ မျက်နှာကလေးမှာ အံ့အားသင့်ဟန်နှင့်အတူ ညိုးကျသွားသည်။ မယုံနိုင်ဟန်နှင့်လည်း ဒေါ်လှနွယ်၏ မျက်နှာကို စိုက်ကြည့်နေ၏။

ခဏနေမှ....

'ဘာဖြစ်လို့လဲမေမေ၊ မေမေ့စကားက အဆန်းသားဘဲ၊ ကိုမင်းဝေကို မေမေသဘောတော့ကျတယ်၊ ဒါပေမယ့် သမီးလက်ထပ်ဘို့တော့ သဘောမတူဘူး ဟုတ်လားမေမေ'

'ဟုတ်တယ်သမီး....သူ့ကို သဘောကျတယ်၊ ဒါပေမယ့် သူနဲ့သမီး လက်ထပ်မှာကိုတော့ မေမေသဘောမတူဘူး၊ သူ့ကို မေမေရဲ့ သားမက်အဖြစ်နဲ့တော့ မေမေလက်မခံနိုင်လို့ပါ'

ခင်နွယ်ခက်သည် သူ့မိခင်အား စိုက်ကြည့်နေရာမှ မျက်လွှာချသွား၏။


www.burmeseclassic.com

www.burmeseclassic.com



အပြင်ပ ဟန်အမူအယာက တည်ငြိမ်ဟန် ရှိနေသော်လည်း သူ့ရင်တွင်းမှာမူ လှုပ်လှုပ်ရှားရှား ဖြစ်နေရ၏။

သူကြိုတင်၍ စိုးရိမ်မိခဲ့ရသော စိုးရိမ်မှုတို့သည် ခုတော့ အကောင်အထည် ပေါ်လာခဲ့ပြီဖြစ်သည်။

'သဘောကျတာနဲ့ သဘောတူတာ လက်ခံနိုင်တာနဲ့ ခြားနားပါတယ်သမီးရယ်။ မတူပါဘူး၊ လောကမှာ သဘောကျနိုင်တဲ့ လူတွေကတော့ အများကြီး ရှိနိုင်တာပေါ့။ ဒါပေမယ့် ကိုယ့်သားမက်အဖြစ် လက်ခံနိုင်တဲ့လူ၊ သဘောတူနိုင်တဲ့ လူက တော့ အများကြီး မရှိနိုင်ဘူး၊ တခယောက်ထဲဘဲ ရှိရမှာဘဲ'

ဒေါ်လှနွယ်က သူ့စကားကို ထပ်မံ၍ အစိပ်ပွါယ်ဖွင့်လိုက်ပြန်သည်။

မိခင်ဖြစ်သူက မည်သို့မျှပင် စကားကို လှည့်ပတ်၍ပြောကာ အစိပ်ပွါယ်တွေဖွင့်၍ ရှင်းပြနေနေ၊ ကိုမင်းဝေအား သူနှင့် သဘောမတူခြင်း၏အကြောင်းရင်းကိုမူ ခင်နွယ်ခက် မှန်းဆ၍ ရပါ၏။

ကိုမင်းဝေသည် ဦးအောင်ခက်နှင့် တူလွန်းသည်ဟု ဆိုကြသည်။ ဦးအောင်ခက်သည် မေမေငယ်စဉ်က ချစ်ခဲ့ဘူးသူ မေမေ၏ ငယ်ချစ်ဦး။

ပြီးတော့ မေမေနှင့် ဦးအောင်ခက်၏ အကြား၌ ဘာတွေ ဖြစ်ခဲ့ကြဘူးသည်မသိ။

သက်တင်စာပေ



ကိုမင်းဝေသည်သာ ဦးအောင်ခက် ဝင်စားသူ မှန်ခဲ့မည် ဆိုလျှင် ပြီးတော့ သူ့အိပ်မက်များသည် ဘဝဟောင်းက ဦးအောင်ခက်၏ တကယ့် အဖြစ်အပျက်များကိုသာ ကိုယ်စား ပြုခဲ့ရိုး မှန်မည်ဆိုလျှင်တော့ မေမေသည် ကိုမင်းဝေကိုသားမက် အဖြစ် ဘယ်နည်းနှင့်မျှ လက်ခံချင်လိမ့်မည် မဟုတ်။

သို့သော်လည်း လောက၏ အဖြစ်တို့ကဆန်းသည်။

သဘာဝတရား၏ လှုပ်ရှားမှုတို့က နက်နဲသည်။

မယုံနိုင်စရာတို့လည်းရှိသည်။

အဖြေရှာ မရနိုင်သည်တို့မှာလည်း ရှိသေးသည်။

သဘာဝတရား၏ လျှို့ဝှက်နက်နဲသော အမှန်တရားတို့ကို မသိနိုင်သည်တို့မှာလည်း ရှိသေးသည်။

ဆိုကြပါစို့၊ ယခုကိစ္စနှင့် ပတ်သက်နေသော လူဝင်စား ဆိုသည့်ပြဿနာ။

ဘဝဟောင်းက လူဘဦး သေခဲ့ပြီး နောက်ဘဝသစ်၌ လူပြန် ဖြစ်သည်ဆိုသော လူဝင်စား အယူအဆသည် မှန်ကန်သော အယူအဆပင် ဖြစ်ပါလေသလား။

ဘဝဟောင်းက မည်သူသေခဲ့ပြီး ဘဝသစ်၌ မည်သူ လူဝင် စား ဖြစ်နေသည်ဟူ၍ ပြောကြဆိုကြသော စကားတို့ကို ကြားရ တတ်ကြသော်လည်း တကယ်လက်တွေ့တွင်မူ ဟုတ်တုတ်ဟပ်ဟပ် သက်သေရှာ၍မရတတ်။

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ယုံကြည်စိတ်ချစွာ လက်ခံလိုက်ရန် အတွက်လည်း သက်သေခံ အထောက်အထားဟူ၍ ခိုင်ခိုင်လုံလုံ ရှာမရနိုင်။

ထို့ကြောင့် ယခု ကိုမင်းဝေနှင့် ဦးအောင်ခက်တို့၏ ပြဿနာမှာလည်း ဘဲဥကိုအစရှာမရနိုင်သည့်အဖြစ်မျိုး၊

ကံသေ....ကံမ ဟုတ်ပါသည်၊ သေချာပါသည်ဟူ၍ ပြောမရသည့်အဖြစ်မျိုး။

လောက၌ လူတူမရှားနာမည်တူမရှားဟူသော ဆိုရိုးစကားမှာလည်းမှန်လွန်းသည်။

လုံးတူ၊ ရုပ်တူ၊ ရွယ်တူခြင်း၊ ရုပ်ခြင်းတူသူတို့ပင် ရှိကြမှတော့ အသက်ကွာခြားသူခြင်း၊ ရုပ်တူနေကြမှု အတွက်ကိုမူ အထူးအံ့ဩစရာ မရှိဟုထင်သည်။

အိပ်မက်ပြဿနာကိုတော့ မည်သူမျှရှင်းနိုင်မည်မထင်။

တစုံတဦး၏ အိပ်မက်နှင့် တစုံတဦး၏ အဖြစ်တို့ တူညီနေကြသည်မှာလည်း တိုက်ဆိုင်မှုဟူ၍သာ ယူရမည်ဖြစ်သည်။

လောလောဆယ်တွင်တော့ ဘယ်သိပ္ပံနည်းနှင့်မျှ တိုင်းတာ၍ ရနိုင်မည်မဟုတ်။

ဒီတော့ ကိုမင်းဝေသည် ဘဝဟောင်းက ဦးအောင်ခက်ပင် ဖြစ်သည်ဟူ၍လည်း တထစ်ချ ပြော၍မရနိုင်။





ပြီးတော့....ကိုမင်းဝေသည် ဦးအောင်ခက် ဝင်စားခဲ့ခြင်း မှန်သည်ဆိုလျှင်ကောဘာဖြစ်ပါသနည်း။

ဘဝဟောင်းဆိုသည်မှာ ပြီးခဲ့ပြီ၊ လွန်ခဲ့ပြီ၊ ဟောင်းခဲ့ပြီ၊ ခုမရှိတော့။

အဟောင်းကို အသစ်လုပ်၍မရ။

အသစ်သည်အသစ်ယခုသည်ယခု။ဤလူသည်ဟိုလူမဟုတ်နိုင်။

ဒီတော့....ကိုမင်းဝေကို လူသစ်အဖြစ် တခြားလူ အဖြစ်၊ အဟောင်းမဟုတ်သော သီးခြားလူ အဖြစ် ဘာကြောင့်လက်မခံနိုင်ရပါမည်နည်း။

ကိုမင်းဝေကို လက်မခံနိုင်တဲ့ အကြောင်းကို ပြောပါအုံး မေမေ'

ခင်နွယ်ခက်၏အသံက အနည်းငယ်တုန်ယင် လှုပ်ရှားနေ၏။

ဒေါ်လှနွယ်သည် ရုတ်တရက် မည်သို့မျှ ပြန်မပြောလိုက်နိုင်ဘဲ နှုတ်ဆွံ့၍နေသည်။ ပြောရမည့်စကားကို စဉ်းစားဟန်နှင့်လည်း ငိုင်နေ၏။

'ပြောပါအုံးမေမေ၊ အဲဒီအကြောင်းကို သမီးသိချင်လွန်းလို့ပါ'

ခင်နွယ်ခက်က ထပ်၍မေးပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လှနွယ် မနေသာတော့။ အမေးရှိက အဖြေရှိရတော့မည်။

'ဒီအကြောင်းကို သမီးလဲ သိပြီးသား နေမှာပါလေ။ မောင်မင်းဝေဟာ ဦးအောင်ခက် ဝင်စားသူဘဲ မဟုတ်လား။ ကိုအောင်ခက်နဲ့ မေမေ့မှာက ပြဿနာတွေ အများကြီး ရှိခဲ့တယ်သမီး၊ သူ့အပေါ်မှာ မေမေ့အနေနဲ့ ဘယ်လိုမှ ခွင့်မလွှတ်နိုင်စရာတွေလဲ ရှိခဲ့တယ်၊ ဒီတော့ သမီးကို မောင်မင်းဝေနဲ့ သဘောမတူတာဟာ မဆန်းပါဘူးလေ'

'ဒါတော့...မဟုတ်သေးပါဘူး မေ့မေရယ်၊ ကိုမင်းဝေဟာ ဦးအောင်ခက် ဝင်စားတာဘဲရယ်လို့ ဘယ်သူမှ အတိအကျ ပြောနိုင်တာ မဟုတ်ပါဘူး၊ ဘဝဟောင်းက အဖြစ်ဆိုလို့လဲ ကိုမင်းဝေအနေနဲ့ မှတ်မိတာ သိတာရယ်လို့ ဘာမှမရှိပါဘူး။ ဦးအောင်ခက်ရုပ်နဲ့ သူတူတာ အိပ်မက်တွေ မက်တာလောက်ဘဲ ရှိတာပါ။ ဒါတွေကတော့ ဘယ်သူမှ အတိအကျ အဖြေမဟုတ်နိုင်တဲ့ ဆန်းကြယ်မှုတွေပါ။ ဘာဘဲဖြစ်ဖြစ် ကိုမင်းဝေဟာ ကိုမင်းဝေပါဘဲ၊ ဦးအောင်ခက် မဟုတ်ပါဘူး၊ ဖြစ်လဲမဖြစ်နိုင်ပါဘူးမေမေ'

ဒေါ်လှနွယ်ငြိမ်နေသည်။ ဘာမျှမပြောမဆိုဘဲ မျက်လွှာကို သာချထားသည်။

ခင်နွယ်ခက်မူ ဒေါ်လှနွယ်ကိုသာအကဲခတ်ဟန်နှင့် စိုက်ကြည့်နေ၏။





မကြာမီအတွင်းမှာပင် ဒေါ်လှနွယ်သည် မျက်လွှာကိုပင့်ကာ ခင်နွယ်ခက်အား စိုက်ကြည့်လိုက်သည်။

သူ့မျက်နှာသည် တည်ငြိမ်လေးနက်သည်။ ခိုင်မာသော ဆုံးဖြတ်ချက်တခုကိုလည်း ချပြီးဖြစ်ဟန်မှာလည်း သူ့မျက်နှာ၌ ပေါ်လွင်နေ၏။

'ဘာဘဲဖြစ်ဖြစ် မေ့မေကတော့ သမီးကို မောင်မင်းဝေနဲ့ လုံးဝသဘောမတူဘူး၊ သူ့ကိုလည်း ဘယ်နည်းနဲ့မှ မေမေ့ သားမက်အဖြစ် လက်မခံနိုင်ဘူး'

ဒေါ်လှနွယ်၏စကားသံမှာ တည်ငြိမ်သော်လည်း စူးစူးရဲရဲ ရှိလှန်းသည်၊ ခင်နွယ်ခက်က ဘာမှပြန်မပြောဘဲငြိမ်နေတော့မှ ပင် ဒေါ်လှနွယ်သည် သူ့ကိုယ်သူသတိရဟန်နှင့် ထိန်းလိုက်ကာ လေအေးကလေးနှင့် ဆက်ပြောလိုက်ပြန်သည်။

'တကယ်တော့ မေမေတို့မှာ ဒီမအေ ဒီသမီးရယ်လို့ နှစ်ယောက်ထဲရှိကြတာပါ၊ မေမေ့ဘဝဟာ အထီးကျန်ဘဝပါ သမီးရယ်၊ ဒီလောကမှာ မေမေ့အနေနဲ့ တဦးတည်းသောချစ်စရာဆိုလို့ သမီးတယောက်ထဲဘဲရှိတာပါ၊ သမီးနဲ့မေမေ ရှင်လျက်နဲ့ ဘဝခြင်းမခြားချင်ပါဘူးကွယ်'

ဒေါ်လှနွယ်သည် သက်ပြင်းတချက်ကိုချလိုက်ပြီးမှ စကားကို ဆက်ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



'မေ့မေကတော့မေမေနဲ့သမီးတို့ရဲ့ဘဝအတွင်းမှာ မောင်မင်းဝေကိုအဝင်မခံနိုင်ဘူး၊ ဒါကိုတော့ဘယ်နည်းနဲ့မှမေမေလက်မခံနိုင်ဘူး၊ ဒါပေမယ့် တကယ်လို့ သမီးကမေမေ့စကားကို နားမထောင်ဘဲ မောင်မင်းဝေကို ဇွတ်ယူမယ်ဆိုရင်တော့ သမီးနဲ့မေမေတို့ထာဝရလမ်းခွဲကြဘို့ဘဲရှိတော့တယ်၊ ဒီဘဝ ဒီမျှသာဘဲပေါ့သမီးရယ်၊ မေမေ့ကို သမီးထူသက်လုံးပြတ်နိုင်တယ်ဆိုရင်တော့လဲ လုပ်ပေါ့လေ၊ မေ့မေကတော့ဘာတတ်နိုင်မှာလဲ'

ဒေါ်လှနွယ်၏လေသံက တီးတိုးညင်သာသော်လည်း စကားလုံးများမှာမူ ပြတ်သားသည်။

ခင်နွယ်ခက်ကလည်း နားလည်ပါ၏။

မိခင်ဖြစ်သူသည် ဤစကားများဖြင့် သူ့ကိုတမင်ခြိမ်းခြောက်နေခြင်းမဟုတ်၊အပေါ်ယံအာ‌ဖြင့်ဟန်လုပ်၍ပြောနေခြင်းလည်းမဟုတ်၊ သူ့စိတ်ထဲတွင် တကယ်ရှိသည့်အတိုင်း ပြတ်ပြတ်သားသား ပြောနေခြင်းသာဖြစ်သည်ဟူ၍လည်း ခင်နွယ်ခက် နားလည်လိုက်သည်။

မေမေသည် အပြောနှင့်လက်တွေ့ ကိုက်ညီအောင်လုပ်တတ်လေ့ရှိသည်ကိုလည်း သူသိပြီးဖြစ်သည်။

ဒီတော့ ခင်နွယ်ခက်သည် ဤကိစ္စနှင့်ပတ်သက်၍ အလေးအနက်စဉ်းစားလိုက်ရပြီဖြစ်သည်။

မေမေကတော့ သူ့စကားကိုမနာခံလျှင်တကယ်ပြတ်မည့်သူ။

သက်တင်စာပေ



ဒါကိုတော့ ယုံမှားစရာမရှိ၊ ပြတ်လျှင်လည်း "သူ့စကားအတိုင်းပင် ဘယ်တော့မှပြန်၍လှည့်ကြည့်မည်မဟုတ်။သေတပန်သက်ဆုံး ထာဝရပြတ်သည့်နည်းနှင့်သာ ပြတ်မည်မှာ သေချာသည်။

စိတ်ဆိုးတုန်း ဒေါသဖြစ်တုန်းမို့သာ စိတ်လိုက်မာန်ပါပြောသည်မဟုတ်။

ပြတ်လျှင်လည်း စိတ်ဆိုးတုန်းမို့သာ ခေတ္တပြတ်မည်၊ စိတ်ပြေတော့ပြန်ခေါ်လိမ့်မည်ဟူ၍တော့ မေမေ့ထံမှ မျှော်လင့်ရန်မရှိ။

မိဘဟူသည် တောင်းဆိုးပလုံးဆိုးကိုသာ ပစ်ရိုးထုံးစံရှိသည် သားသမီးဆိုးကိုမူ ပစ်ရိုးမရှိဟူသော ဆိုရိုးစကားသည် မေမေနှင့်ပတ်သက်လာလျှင်မူ ချွင်းချက်ဖြစ်လိမ့်မည်ဟုယုံသည်။

မေမေသည် အေးသော်လည်းတင်းသည်။

ပျော့သော်လည်းခိုင်သည်။

သူခိုင်ခိုင်မာမာ ဆုံးဖြတ်ထားသော ဆုံးဖြတ်ချက်ကို ဘယ်တော့မှ ပြင်မည့်သူမဟုတ်။

ဒါကိုမူ ခင်နွယ်ခက် နားလည်သိရှိပြီးဖြစ်သည်။

ဒီတော့ သူသည် ကျေးဇူးရှင်မိခင်ကို ဆုံးသက်ပန်ပြတ်ရမည်လော။

ချစ်မိသူ ကိုမင်းဝေကိုပင် စွန့်လွှတ်ရမည်လော။

ဤနှစ်ခုအနက် တခုခုကိုတော့သူရွေးရတော့မည်။

သူ ဆုံးဖြတ်ရတော့မည်။

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မေမေ့ကိုလား....

ကိုမင်းဝေကိုလား....

ခင်နွယ်ခက်၏ရင်သည် လှိုက်ဖိုလာသည်။

မျက်ရည်ကြည်တို့ကလည်း သူ့မျက်လုံးဝယ် ဝေ့လာကြ၏။ သူ့ရင်ငယ် ဆို့နင့်နေဆဲမှာပင်မိခင်ဖြစ်သူ၏တည်ငြိမ်သော အသံက ထွက်ပေါ်လာပြန်သည်။

'တကယ်ဆိုတော့ သားသမီးတွေအနေနဲ့ ချစ်သူနဲ့မိဘရယ်လို့ ပြဿနာပေါ်လာရင် မိဘကိုစွန့်ပြီး ချစ်သူနောက်ကို လိုက်တတ်ကြတာတွေလဲ ရှိပါတယ်။ ဒါပေမယ့် သမီးအပေါ်မှာတော့ မေမေယုံကြည်မိတာတခုရှိတယ်။ သမီးအနေနဲ့တော့ မေမေ့အပေါ်မှာ ရက်စက်နိုင်မယ် စိမ့်ကားနိုင်မယ်လို့ မေမေမထင်ပါဘူး။ ဒီအမေဒီသမီးရယ်လို့ နှစ်ယောက်ထဲရှိကြတာမှာ သမီးကတော့ မေမေ့ရင်ကိုစုံကန်ပြီး ထွက်မသွားတန်ကောင်းပါဘူး နော်....'

နှားထောင်ရင်းပင် ခင်နွယ်ခက်ငိုချင်လာသည်။

မျက်လုံးအိမ်၌ ဝေ့လာကြသောမျက်ရည်ကြည်တို့ စုစည်း၍ စီးကျမလာကြစေရန်လည်း သူ့စိတ်ကိုတင်းထားရသည်။

'သမီးရဲ့ဆုံးဖြတ်ချက်ကို သမီးရန်ကုန်မပြန်မီမှာဘဲ မေမေသိချင်ပါတယ်၊ သမီးရဲ့ဆုံးဖြတ်ချက်ဟာ မေမေ့ရင်ကိုခွဲတဲ့ ဆုံးဖြတ်ချက်မျိုးမဖြစ်ပါစေနဲ့လို့ဘဲ ဆုတောင်းပါတယ်'





ခင်နွယ်ခက်သည် ထိုင်နေရာမှ ရုတ်တရက်မတ်တတ်ရပ်လိုက်ပြီး ဒေါ်လှနွယ်အား မျက်ရည်ဝေသော မျက်လုံးများနှင့် တချက်ကြည့်လိုက်ပြီး သူ့အိပ်ခန်းတွင်းသို့ ပြေးဝင်သွားသည်။

အိပ်ခန်းထဲသို့ရောက်၍ သူ့အိပ်ရာပေါ်သို့ ပစ်လှဲလိုက်မိတော့မှပင် သူသည် အားရပါးရငိုချလိုက်မိသတည်း။

●



www.burmeseclassic.com

www.burmeseclassic.com

(၁၇)

မောင်....

ကနေ့ညခုနစ်နာရီမှာနှယ်တို့အိမ်နောက်ကန်ဘောင်ရိုးပေါ်က စောင့်နေပါ၊ အရေးကြီးတဲ့စကားတွေ ပြောစရာရှိလို့ပါ၊ နှယ့်ရင်ထဲမှာတော့ ပူနေပါပြီမောင်....၊ ဆက်ဆက်လာခဲ့ဖြစ်အောင်လာပါနော်....

မောင့်ကိုအသဲနှစ်အောင်ချစ်ရတဲ့

နှယ်





စာဖတ်ရင်းနှင့်ပင် မင်းဝေ၏မျက်ခုံးတန်းတို့သည် တွန့်သွားကြ၏။

ထိုနောက် စာရွက်ပေါ်ကိုသာ စိုက်ကြည့်ရင်း ငိုင်နေပြန်သည်။

တင်ထွေးသည် မင်းဝေ၏အမူအယာကို အကဲခတ်၍ကြည့်နေရင်းက သိချင်ဇောနှင့်မေးလိုက်သည်။

'ငိုင်လှချည်လားကိုမင်းဝေ၊ စာထဲမှာ ဘာတွေပါလို့လဲဗျ၊ မမခက်က ဘာတွေရေးလိုက်လို့လဲ'

ဤစာမှာ ခင်နှယ်ခက်က မင်းဝေထံသို့ ကောင်လေးတယောက်ကိုလွှတ်ပြီး ပေးခိုင်းလိုက်သောစာဆိုသည်ကိုတော့ တင်ထွေးသိပြီးဖြစ်သည်။

မင်းဝေ နှုတ်မှပြန်မဖြေဘဲ သူ့လက်ထဲမှစာကိုသာ တင်ထွေးအား လှမ်းပေးလိုက်၏။

သွက်သွက်လက်လက်ပင် တင်ထွေးလှမ်းယူပြီးဖတ်လိုက်သည်။ သူ့မျက်နှာပေါ်ဝယ် အံ့ဩဟန်ပေါ်လာ၏။ မင်းဝေအား လှမ်းကြည့်ရင်း ခပ်ပြုံးပြုံးနှင့်ပြောလိုက်၏။

'ဘယ်လိုလဲဗျ၊ တယ်ဟုတ်ပါလား၊ မောင်တွေနှယ်တွေနဲ့ဖြစ်နေပါပကော၊ တယ်မြန်ပါလားဗျ၊ ကျွန်တော်ဖြင့်အံ့ရောဗျာ'



www.burmeseclassic.com

www.burmeseclassic.com

'ဒါ အံ့စရာမဟုတ်ပါဘူးဗျာ၊ ကနေ့ခေတ်က အနုမြူခေတ် ဒုံးပျံခေတ်၊ ဂျက်လေယာဉ်ပျံခေတ်ဘဲ၊ ဘာမဆိုမြန်ရမှာပေါ့၊ ဒါကအရေးမကြီးဘူး၊ နွယ့်စာကိုဖတ်ရတာ ကျွန်တော့ရင်ထဲမှာ ထိတ်သွားရတယ်ကိုတင်ထွေး၊ နွယ့်မှာ ဘာပြဿနာတွေများပေါ်နေပြီလဲမသိဘူးဗျာ'

'သူ့အမေ ကြီးသိသွားလို့ ဖြစ်မှာပေါ့ဗျာ'

'သူ့အမေကြီး သိသွားတဲ့တော့ မဆန်းဘူးဗျ၊ ကျွန်တော်နဲ့ နွယ်တို့ လူငယ်ချင်း မေတ္တာရှိနေကြတာကို သူ့အမေကိုဖွင့်ပြောလိုက်ပြီးသားဗျ၊ ခုဟာက သူ့အမေက ကျွန်တော့်ကို သူ့သမီးနဲ့ သဘောမတူဘူးနဲ့ တူတယ်'

'ဒါတော့ ဟုတ်မယ် မထင်ပါဘူးလေ၊ ခင်ဗျားလိုလူတယောက်ကို ဘယ်သမီးရှင်ကမှ သဘောမတူနိုင်စရာ မရှိပါဘူးဗျာ'

'ခင်ဗျားပြောတာ ဒီပြင် သမီးရှင်တွေ အတွက်တော့ ဟုတ်ချင်ဟုတ်မယ် ဒါပေမယ့် နွယ့်အမေ ဒေါ်လှနွယ်ကတော့ ဟုတ်ချင်မှ ဟုတ်မှာဗျ'

'ဘာဖြစ်လို့လဲဗျာ'

'ကျွန်တော်နဲ့ ဦးအောင်ခက်က ရုပ်ချင်းတူနေတယ် မဟုတ်လား'

သက်တင်စာပေ



'အမလေးဗျာ ဒါများအဆန်းလား လောကမှာ နှာမည်တူမရှား လူတူမရှားပါ၊ သူ့ဟာသူ တူတာ ဘာဖြစ်သလဲ မဆိုင်လိုက်ဘာ'

တင်ထွေးသည် သူ့အမြင်နှင့်သူ စွတ်ပြောနေသည်။

မင်းဝေကလည်း ထူးဆန်းသော သူ့အိပ်မက် အကြောင်းများကို မပြောပြလိုက်ချင်သဖြင့် ဘာမှ ဆက်မပြောတော့ဘဲ ငြိမ်နေလိုက်သည်။

'ညကျတော့ ကျွန်တော်လိုက်ခဲ့ရအုံးမလား ကိုမင်းဝေ'

'ကိစ္စမရှိပါဘူးဗျာ မလိုက်ခဲ့ပါနဲ့တော့၊ ခင်ဗျား ဒုက္ခများနေပါအုံးမယ်၊ ကျွန်တော့ ဟာ ကျွန်တော်ဘဲသွားပါမယ်'

'ဖြစ်ပါ့မလားဗျာ၊ ယော်တော်ကြာ တခုခု ဖြစ်နေမှဖြင့်'

စိုးရိမ်ဟန်နှင့် ပြောလိုက်သော တင်ထွေး၏စကားကြောင့် မင်းဝေသည် အသံထွက်အောင် ရယ်လိုက်မိသည်။

'ဘာလဲ ခင်ဗျားက ကျွန်တော့ကို ဦးအောင်ခက်လို ဖြစ်မှာစိုးရိမ်လို့လား၊ မစိုးရိမ်ပါနဲ့ဗျာ ဘာမှ မဖြစ်နိုင်ပါဘူး။ ခင်ဗျားလိုက်လာတာကမှ ကျွန်တော့အဖို့ နှောက်ဆံ တင်းနေရပါအုံးမယ်'

'အေးဗျာ သိတ်တော့ ညဥ့်နက်အောင် မနေနဲ့၊ ခင်ဗျားပြန်လာတဲ့အထိ ကျွန်တော်မအိပ်သေးဘဲ စောင့်နေမယ်၊ စောစော ပြန်လာခဲ့'

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

'ကောင်းပါပြီဗျာ'

တင်ထွေးသည် ဘာမှမပြောတော့ဘဲ သူ့အလုပ်ရှိရာသို့ ထသွားသဖြင့် မင်းဝေမှာ တယောက်တည်း ခပ်ငိုင်ငိုင်နှင့်စဉ်းစားရင်း ကျန်ရစ်ခဲ့၏။

●



(၁၈)

နေလုံး မပျောက်မီကတည်းကပင် မင်းဝေ အိမ်မှထွက်ခဲ့သည်။

ကန်တော်ကြီး တံတားပေါ်သို့ ရောက်တော့ နေရောင်ရှိသေးသည်။

ညနေချမ်း၏ကန်သာယာအလှကို ထင်းထင်းပပ မြင်နေရဆဲ။

အနောက်ဖက် ကောင်းကင်ဝယ် တိမ်နီနီတို့လှပစွာ တောက်နေ၏။

သူသည် အေးစေတီဘုရား ခြေတော်ရင်းသို့ သွားကာ ဝပ်စင်း ရှိကျိုး ရှိခိုး ကန်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



လေညင်း ပြေပြေ တိုက်ခတ်နေ၍ စေတီတော်ဦးဆီမှ ဆွဲလွဲ သံကလေးတို့မှာ အေးချမ်းသာယာစွာ ထွက်ပေါ်နေကြသည်။

နေရောင်ပျောက်ပြီ တိမ်နီတို့လည်း ပြယ်ပြီ။

အိပ်တန်းပြန် ငှက်တို့လည်း တအုပ်ပြီးတအုပ် အနောက်ဖက်သို့ ပြန်သွားခဲ့ကြပြီးပြီ။

သူသည် စေတီ ပရဝုဏ်အတွင်းမှ ထွက်ခဲ့ကာ တံတားပေါ်သို့ ပြန်လာသည်။

ခင်နွယ်ခက်တို့ အိမ်ရှိရာဖက်ဆီသို့ မျှော်ကြည့်လိုက်သည်။

ကန်ဘောင်ရိုးပေါ်ဝယ် လူရှင်းနေ၏။

အမှောင်ရိပ် သန်းနေပြီဖြစ်သော ညောင်ပင်ရိပ် မဲမဲကိုသာ လှမ်းမြင်နေရ၏။

အမှောင်ရိပ်တို့ လွှမ်းလာပြီ။

သို့သော်လည်း ခုနစ်နာရီထိုးရန် တနာရီ ကျော်ကျော်မျှ စောင့်ရဦးမည်ဖြစ်သည်။

လှုပ်ရှားနေသော သူ့စိတ်ကို ထိန်းရန်အတွက် မင်းဝေသည် စီးကရက်တလိပ်ကို ထုတ်ယူ မီးညှိလိုက်၏။

ချစ်သူ ခင်နွယ်ခက်၏ အမှာစာသည် ပြဿနာ၏ အစပင် ဖြစ်တော့မည်ဟု မင်းဝေနားလည်လိုက်ပြီးဖြစ်သည်။





မိမိတို့၏ အချစ်ရေး၌ အထစ်ထစ် အငေါ့ငေါ့တော့ ရှိနေပြီမှာ သေချာသည်။

ဒေါ်လှနွယ်နှင့် မိမိတို့ လွန်ဆွဲကြရတော့မည် ထင်သည်။

ချစ်ရသူခင်နွယ်ခက်ကို မဆုံးရှုံးရပါစေနှင့်။

မင်းဝေ ခေါင်းထဲတွင် အတွေးတို့ ထွေပြားနေသည်။

ဖြစ်လာနိုင်သော အလားအလာတို့ကို စဉ်းစားရင်း အဖြေရှာနေမိသည်။

လိုရင်းကတော့ မိမိနှင့် ခင်နွယ်ခက်တို့ မကွဲကွာရေးပင် ဖြစ်သည်။

အတန်ကြာသည်အထိ အတွေးနယ်ထဲတွင် မင်းဝေ နစ်နေသည်။

ပြန်လည်၍ သတိဝင်လာတော့ ပတ်ဝန်းကျင်ဝယ် မှောင်နေပြီ။

ပြာမှိုင်းသော ကောင်းကင်၌သာ ကြယ်ကလေးများ သာနေကြ၏။

သို့သော်လည်း အရှေ့ ကောင်းကင်ဝယ် လမင်းကြီးကတော့ ထွက်စပြူပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူသည် စီးကရက် တလိပ်ကို မီးညှိလိုက်ရင်း ယက်မှ နာရီကို ကြည့်လိုက်၏။

ခုနစ်နာရီ ထိုးတော့မည်။

အချိန်တန်ပြီပဲ ထင်သည် ခင်နွယ်ခက်တို့ အိမ်ဖက်ဆီသို့ သွားဘို့သင့်ပြီ၊ကိုယ်ဂ၊ စောစောရောက်မှ...ကြိုနှင့်မှ...။

သူသည် ထိုင်နေရာမှ ထလိုက်၏၊ ကန်ဘောင်ရိုးပေါ်သို့ တက်ခဲ့သည်။

ထို့နောက် တောင်ဘက်သို့ ခတ်ဖြေးဖြေးပင် လျှောက်ခဲ့၏။

မကြာမီအတွင်းမှာပင် ခင်နွယ်ခက်တို့အိမ် အနောက်ဖက်ဆီရှိ ညောင်ပင်ကြီးအောက်သို့ ရောက်ခဲ့သည်။

'မောင်....'

ညောင်ပင်ရင်း ပင်စည်ဆီမှ လူရိပ်တခု ထွက်လာကာ ခတ်တိုးတိုးခေါ်သံကို မင်းဝေကြားလိုက်ရ၏။

'နွယ်....'

မင်းဝေကလည်း ထိုသို့ ပြန်ခေါ်ရင်းက ခင်နွယ်ခက်အား သူ့ရင်ခွင်တွင်းသို့ ဆွဲသွင်းကာ တင်းတင်းကြပ်ကြပ်ပင် ဖက်ထားလိုက်သည်။

'မောင်....'





ခင်နွယ်ခက်က ခတ်တိုးတိုး ထပ်ခေါ်ရင်း ရင်ခွင်တွင်းမှနေ၍ မင်းဝေ၏မျက်နှာကို မော့ကြည့်၏။

မင်းဝေ ဘာမှမပြောဘဲ ခင်နွယ်ခက်၏ ပါးပြင် နုနုကိုသာ ငုံ၍ နမ်းပစ်လိုက်ပြန်သည်။

သူ့ဟန်က အငန်းမရ ပါးပြင်မှ သည်နှုတ်ခမ်းငုံထွေးထိုမှတဆင့် လည်တိုင်ကြော့ကြော့။

ခင်နွယ်ခက်ထံမှ သက်ပြင်းချသံကလေး ပေါ်လာ၏။

'လွှတ်ပါအုံးမောင်ရယ်....၊နွယ်အသက်ရှူ ကြပ်လှပြီ'

ဒီတော့မှပင် မင်းဝေသည် ခင်နွယ်ခက်အား ဖက်ထားရာမှ အသာအယာပင် လွှတ်ပေးလိုက်သည်။

'ကဲပြောပါအုံး နွယ်.... နွယ့်စာကို ဖတ်ရတာ၊ မောင့်ရင်ထဲမှာ ထိတ်သွားတာဘဲ၊ နွယ့်ကို မယ်တော်ကြီးက ဘာတွေပြောလို့လဲဟင်'

ခင်နွယ်ခက် သက်ပြင်းချပြန်၏။

'မေမေက၊ ပြောတယ်၊ နွယ် နွယ်.... နွယ်လေမောင့်ကို မယူရဘူးတဲ့၊ ယူရင်သူနဲ့ တသက် အပြတ်တဲ့မောင်'

'အင်း....'

မင်းဝေသည် သက်ပြင်းကို မှုတ်ထုတ်လိုက်ပြီးမှ....



www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လို့တဲ့လဲ.... နွယ်ရယ်'

'မောင်ဟာ ဦးအောင်ခက် ဝင်စားတာတဲ့၊ မေမေ့အနေနဲ့ ဦးအောင်ခက် အပေါ်မှာ ဘယ်လိုမှ ခွင့်မလွှတ်နိုင်တာတွေ ရှိခဲ့တယ်တဲ့၊ အဲဒါကြောင့် မောင့်ကို နွယ်မယူရဘူးတဲ့ မောင်ရယ်'

စကားအဆုံးဝယ် ရှိုက်သံပါလာ၏။

ထို့နောက်ခင်နွယ်ခက်သည် သူ့မျက်နှာကို မင်းဝေ၏ရင်ခွင်၌ အပ်ကာ ငိုချလိုက်သည်။

'နွယ်.... နွယ် မငိုပါနဲ့အချစ်ရယ်၊ မောင်တို့ သွေးအေးအေးနဲ့တိုင်ပင် ကြသေးတာပေါ့၊ ပြဿနာရှိရင် အဖြေရှိရမှာပေါ့ နွယ်ရယ်'

ခင်နွယ်ခက် ဘာမျှပြန်မပြော။

ကိုယ်ကလေးက သိမ့်သိမ့်တုန်ရင်း နှင့်သာ ရှိုက်၍ ရှိုက်၍ ငိုနေသည်။

မင်းဝေသည် ခင်နွယ်ခက်၏ လွှပ်ရှားနေသော ကျောပြင်ကလေးကိုသာ အသာအယာ ပွတ်သပ်ပေးရင်း စဉ်းစားနေ၏။

ဤပြဿနာကို မည်သို့ သူရင်ဆိုင်ရပါမည်နည်း။

'မောင့်ကိုမောင် ဦးအောင်ခက် ဝင်စားတယ်လို့ မှုထင်ပါဘူး နွယ်၊ ဖြစ်လဲမဖြစ်နိုင်ပါဘူး၊ ဦးအောင်ခက် ဝင်စားရတယ်လို့ ဆိုရအောင်ကလဲ၊ မောင့်အနေနဲ့ ဦးအောင်ခက်ရဲ့ အကြောင်းကို ဘာမှ သိခဲ့တာ မှတ်မိတာမှ မရှိဘဲ'

သက်တင်စာပေ



'မောင်အိပ်မက်.... မက်ခဲ့တာတွေကကော'

စိတ်တင်းထားလျက် ကပင် ခင်နွယ်ခက်၏ အသံဝယ် ရှိုက်သံပါနေသေးသည်။

'အဲဒါ ဘာဖြစ်သလဲနွယ်၊ အိပ်မက်ဆိုတာ သူ့ဟာသူ မက်ချင်မက်တာဘဲပေါ့၊ မောင့်လိုဘဲ အိပ်မက်ဆန်းဆန်း ပြားပြားတွေ မက်တတ်တဲ့လူတွေ မက်ဘူးတဲ့ လူတွေပြည့်လို့ပါ နွယ်ရယ်၊ လောကမှာ အဖြေရှာ မတွေ့သေးတဲ့ လျှို့ဝှက် ဆန်းပြားမှုတွေ တိုက်ဆိုင်မှုတွေဟာ အများကြီးပါ'

'မောင်ပြောတာကလဲ ဟုတ်တော့ဟုတ်တာပေါ့ မောင်၊ ဒါပေမယ့် မေမေက တယူသန့် ဖြစ်နေတာ ခက်တယ်၊ ခု မောင်ပြောသလိုဘဲ နွယ်လဲ မေမေ့ကို ရှင်းပြ၊ ပြောပြပြီးပါပြီ၊ မေမေက လက်မခံဘူးမောင်'

မင်းဝေသည် ခေတ္တမျှ ငိုင်သွားသည်။

နှစ်ယောက်စလုံးပင် တိတ်နေ၏။

တယောက်၏ နှလုံးခုံသံကိုပင် တယောက်က ကြားနေရသည်ဟု ထင်နေကြ၏။

ခဏနေမှ မင်းဝေက....

'နွယ့်မေမေနဲ့ မောင်တွေ့ပြီး ဆွေးနွေးလိုက်ကြရင် မကောင်းဘူးလားဟင်၊ အဲဒီလိုဆိုရင်တော့ ပြေလည်အောင် မောင်ပြောနိုင်လိမ့်မယ်ထင်တယ်။

ဟုပြောလိုက်သည်။

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

မင်းဝေအား မော့ကြည့်နေသော ခင်နွယ်ခက်သည် သူ့ခေါင်းကလေးကို ဖြေးညှင်းစွာ ရမ်းခါလိုက်သည်။

'ဒါလဲ မဖြစ်နိုင်ဘူး ထင်တယ်မောင်၊ မေမေဟာ ဘူးဆိုရင် ဖရုံမသီးတဲ့ အစားထဲကပါ၊ သူ့ဆုံးဖြတ်ချက်၊ သူ့အယူအဆကို လွယ်လွယ်နဲ့ပြင်တတ်၊ စွန့်တတ်တဲ့ သူမဟုတ်ဘူးမောင်'

မင်းဝေသည် သက်ပြင်းကို ချလိုက်၏။

'ဒါဖြင့်ရင် ဒီလိုဘဲမောင်က လွယ်လွယ်နဲ့ လက်လျှော့ပြီး နွယ့်ကို စွန့်လွှတ်လိုက်ရတော့မှာလား ဟင်'

ခင်နွယ်ခက်သည် မင်းဝေ၏ ရင်ခွင်၌ မျက်နှာကို အပ်ကာ ရှိုက်၍ နေလိုက်ပြန်သည်။

မည်သို့မှ ပြန်ပြောခြင်း မရှိ။

မင်းဝေသည် မချင့်မရဲ ဖြစ်ရဟန်နှင့်.... ထပ်ပြော၏။

'ပြောလေနွယ်၊ မောင်ကဒီလိုဘဲ လက်လျှော့ပြီး အရှုံးပေးလိုက်ရတော့မှာလားဟင်.... ပြောပါအုံး၊ နွယ့်ကိုမောင်ကလက်လွှတ်ဆုံးရှုံး ပစ်လိုက်ရတော့မှာလားဟင်၊ နွယ်ကကော မောင့်ကို စွန့်လွှတ်နိုင်သလားနွယ်'

ခင်နွယ်ခက် ဘာမျှမပြော ရှိုက်၍ရှိုက်၍သာ ငိုနေ၏။ သိမ့်သိမ့် လှိုက်မျှ ခုန်နေသော သူ့ရင်သည် မင်းဝေ၏ ကိုယ်ကို ပုတ်ခတ်နေ၏။





ထိုမှတဆင့် ခင်နွယ်ခက်၏ ကြေကွဲလှိုက်လှဲခြင်းသည် မင်းဝေ၏ရင်သို့ ကူးစက်နေ၏။

'ပြောပါနွယ်ရယ်၊ မောင်ဘာလုပ် ရမှာလဲ၊ နွယ့်ကိုမောင် စွန့်လွှတ် လိုက်ရမှာလား၊ မောင့်မေတ္တာကို ရင်မှာသိမ်းပြီးတော့ ရင်ကွဲပက်လက်နဲ့ လက်လျှော့ပြီး ပြန်သွားရတော့မှာလား ဟင်၊ ပြော.... ပြော.... ပြောစမ်းပါနွယ်၊ ပါးစပ်က ပြောတာကို မောင်ကြားစမ်း ပါရစေ'

ခင်နွယ်ခက်၏ ပုခုံးလေးနှစ်ဖက်ကို ဆုတ်ကိုင်ကာ ခတ်သွက်သွက်ရမ်းခါလိုက်ရင်း မင်းဝေသည် တုန်ယင်လှိုက်လှဲစွာ ပြောလိုက်သည်။

'နွယ်.... ဘာပြောရမယ်ဆိုတာကို တောင်မှ မသိတော့ပါဘူးမောင်ရယ်'

ရှိုက်သံတို့ လွှမ်းနေ၍ စကားလုံးတို့သည်ပင် မသဲမကွဲဖြစ်နေရ၏၊ မင်းဝေ သက်ပြင်းချရပြန်သည်။

'ကဲ နွယ်ဒီလိုငိုနေရုံနဲ့ တော့ပြီးမှာမဟုတ်ဘူး၊ မောင်တို့တခုခု တော့ လုပ်မှဖြစ်လိမ့်မယ်၊ နွယ့်မေမေကို မောင်တွေ့မယ်၊ သူနဲ့ မောင် ပြေလည်အောင် ဆွေးနွေးမယ်၊ အို.... သူနားလည် လက်ခံအောင် မောင်ပြောမယ်၊ မောင်ကြိုးစား ကြည့်အုံးမယ်နွယ် ဟုတ်လား'

မင်းဝေသည် ယတိပြတ် ဆုံးဖြတ်လိုက်ဟန်နှင့် ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှပင် ခင်နွယ်ခက် ခေါင်းမော့လာ၏။

လမင်းဝင်းဝင်းသည် ကန်၏ရှေ့ဘက်ရှိ သစ်ပင် ထိပ်ဖျားပေါ်ဝယ် မေးတင်လျက်ရှိပြီ။

အေးမြကြည်လင်သော လရောင်ခြည်သည် ခင်နွယ်ခက်၏ မျက်နှာပေါ်သို့ ဖြာကျနေ၏။

လရောင် ဟပ်နေသော ခင်နွယ်ခက်၏ မျက်လုံးအိမ်နှင့် မျက်နှာပေါ်မှ မျက်ရည်စတို့သည် စိန်ရောင် လက်နေကြ၏။

'ဒါတော့ မောင့်သဘောဘဲမောင်၊ ဒါ့ပေမယ့်'

မှဆုံးမှီမှာပင် စကားက ပြတ်သွားပြန်၏။

'ဒါပေမယ့်.... ဘာဖြစ်သလဲနွယ်'

'ဒါပေမယ့် မလွယ်ဘူး မောင်ရယ်၊ မေမေ့ကိုတော့ ပြောလို့ရမှာမဟုတ်ဘူး'

ခင်နွယ်ခက်၏အသံက အားလျော့သံပါနေ၏။

'ပြောလို့ရတာ မရတာတော့ ထားပါလေ၊ ပြောရမှာကတော့ မောင့်တာဝန်ပေါ့၊ ပြောတာတော့ မောင်ပြောမယ်၊ အဲ....ပြောလို့မရရင်တော့ မောင်တို့ရှေ့ဆက်ပြီး ဘာလုပ်ကြမလဲ ဆိုတာကိုသာ စဉ်းစားထားဘို့လိုမယ် နွယ်'

သက်တင်စာပေ



ခင်နွယ်ခက် ဘာမှမဆို၊ တိတ်ဆိတ်စွာသာလျှင် ငြိမ်နေ၏။ မင်းဝေဆက်ပြော၏။

'မောင်ကတော့ နွယ့်ကိုအဆုံးရှုံးမခံနိုင်ဘူးနွယ်၊ မောင့်သဘောထားကို ပြောရမယ်ဆိုရင်တော့ ဘယ်နည်းနဲ့ဘဲဖြစ်ဖြစ် နွယ့်ကို မောင်ရအောင်ယူမယ်၊ နွယ်ကသာ မောင့်ကိုစွန့်မယ် စိတ်မကူးနဲ့ နော်'

'ဟုတ်ပါပြီ မောင်ရယ်၊ မောင်ကသာ မေမေ့ကိုတွေ့ပြီး ပြောမယ်ဆိုတာတွေ ပြောစမ်းပါအုံး၊ ဘယ်တော့ပြောမှာလဲဟင်....'

'ပြောဆို မြန်မြန်ပြောရမှာဘဲနွယ်၊ မောင်တော့ မနက်ဖြန်ခါမှာဘဲ ပြောလိုက်မယ်စိတ်ကူးတယ်၊ မကောင်းဘူးလား'

'ကောင်းပါတယ်မောင်'

'ပြောစရာရှိလို့ ပြောချင်ရင်လဲ နက်ဖြန်ခါထိ စောင့်မနေကြပါနဲ့လေ၊ အခုပြောချင်လဲရပါတယ်၊ ငါကတော့ အဆင်သင့်ဘဲဟေ့....'

ထိုအသံမှာ သူတို့နှစ်ဦး၏ ဘေးဘက်ညောင်ပင်ရင်းဆီမှ ရုတ်တရက်ထွက်ပေါ်လာသည်။

သူတို့နှစ်ဦးစလုံးပင် လန့်သွားကြသည်။

ဘယ်လိုမှ မမျှော်လင့်သောအသံ ဘယ်လိုမှမမျှော်လင့်သောအဖြစ် ပြိုင်တူပင် လှည့်ကြည့်လိုက်မိကြ၏။

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်လှနွယ်အား လရောင်တွင် ထင်ထင်ရှားရှားမြင်ရ၏။

သူသည် မင်းဝေတို့အနီးသို့ ခြေလှမ်းမှန်မှန်နှင့် လျှောက်လာသည်။

မင်းဝေ၏ရင်ခွင်မှ ခင်နွယ်ခက်ခွာလိုက်၏။

'ဟင်....မေ....မေမေ'

ခင်နွယ်ခက်ကလည်း ထစ်ထစ်ငေါ့ငေါ့နှင့် အံ့ဩစွာခေါ်လိုက်မိသည်။

'ဟုတ်ဘယ်...မေမေပါ၊ မေမေလဲ့ အိပ်မပျော်သေးလို့ သမီးတို့ နောက်ကိုလိုက်လာတာ'

'ခင်နွယ်ခက် ဘာပြန်ပြောရမည်မသိ။

မင်းဝေလည်း ဘာဆိုရမည်မသိ။

ဒေါ်လှနွယ်ကိုသာ ငေးကြည့်နေလိုက်မိကြ၏။

ဒေါ်လှနွယ်ရယ်လိုက်သည်။

သူ့ရယ်သံမှာ ချောက်ကပ်ကပ်နိုင်နေ၏။ တမင်လုပ်၍ရယ်လိုက်သောအသံမျိုးလည်းဖြစ်၏။

'သမီးတို့ပြောနေတဲ့စကားတွေကို မေမေ နားစွန် နားဖျားကြားပြီးပါပြီ၊ ကဲ....ဒီတော့ မောင်မင်းဝေပြောချင်တယ်ဆိုတဲ့ စကားတွေကိုလဲ ဒေါ်ဒေါ်နားထောင်ချင်ပါတယ်၊ ပြီးတော့ ဒေါ်ဒေါ်ကလဲပြောစရာရှိတာတွေပြောရအုံးမှာပေါ့။အင်း ဒါ

သက်တင်စာပေ



ပေမယ့် သမီးကတော့ အိမ့်ကိုပြန်နှင့်မှဖြစ်လိမ့်မယ်၊ပြောစရာရှိတာတွေကလဲ မေမေတို့နှစ်ယောက်ထဲ ပြောကြမှ ဖြစ်လိမ့်မယ်'

ခင်နွယ်ခက်သည် မင်းဝေ၏မျက်နှာကို ဖျတ်ကနဲလှမ်းကြည့်လိုက်၏။

မင်းဝေနှင့် မျက်လုံးချင်းဆုံကြသည် မင်းဝေက ပြုံးပြ၏။

သူ့အား အားပေးသောအပြုံးမျိုး။

ချစ်ရသူ၏ ထိုအပြုံးကိုမြင်လိုက်ရ၍ ခင်နွယ်ခက် အားတော့ဖြင့် တက်ရသည်။

'နွယ်သွားမယ်'

ခင်နွယ်ခက်က တိုးတိုးသဲ့သဲ့နှုတ်ဆက်သည်။

မင်းဝေနှုတ်က ဘာမျှမဆို သူ့ခေါင်းကိုသာ အသာအယာညိတ်ပြလိုက်၏။

ခင်နွယ်ခက် လှည့်ထွက်သွားသည်။

မိခင်ဖြစ်သူ၏မျက်နှာကိုမူ မကြည့်ရဲ၍ တချက်ကလေးမျှပင် မျက်လွှာပင့်၍ မကြည့်ခဲ့။ ခေါင်းငုံ့၍သာ တုန့်နှေးသော ခြေလှမ်းများနှင့် လျှောက်သွားသည်။

ဒေါ်လှနွယ်မူ နောက်မှနေ၍ အတန်ကြာမျှ ခင်နွယ်ခက်ကိုလှမ်းကြည့် နေသည်။ မျက်စိတဆုံးကြည့်ပြီးနောက် သက်ပြင်းတချက်ကို ခတ်လေးလေးချလိုက်၏။

သက်တင်စာပေ
www.burmeseclassic.com

www.burmeseclassic.com



'ကဲ....လာ....မောင်မင်းဝေ'

ပြောပြောဆိုဆိုနှင့်ပင် ဒေါ်လှနွယ်သည် ကန်ဘောင်ရိုးပေါ်မှနေ၍ ကန်ရေစပ်နားသို့ဆင်းသွားသည်။

မင်းဝေနောက်မှလိုက်သွားပြီး သူ့နံဘေး၌ရပ်လိုက်၏။

'လမင်းသည် သူတို့နှင့်မျက်နှာချင်းဆိုင်တည့်တည့် အရှေ့ကောင်းကင်ဝယ်၊ ဝင်းဝင်းပပသာနေ၏။

တိမ်စင်သော ကောင်းကင်အနှံ့၌လည်း ကြယ်ကလေးများ ဝေနေကြ၏။

ဒေါ်လှနွယ်ငြိမ်နေသည်၊ သူ၏မျက်လုံးများသည် လဝန်းရိပ်ထင်နေပြီဖြစ်သော ကန်ရေပြင်ပေါ်၌သာငေးစိုက်လျက်ရှိနေ၏။

ငွေလရောင်ဟပ်နေသော ကန်ရေပြင်၏အလှမှာ ကြည့်၍မဝနိုင်စရာပင်ဖြစ်သည်။

စိမ်းညို့တောက်လက်နေသော ကန်ရေပြင်ဝယ် ကြာရွက်တို့ ဆင်ယင်နေပုံမှာလည်း မြစိမ်းစားပွဲပေါ်ဝယ် အနုပညာမြောက်သော ငွေလင်ပန်းလေးများကို ခင်းထားသည့်နှယ်ရှိသည်။

ကြာဖြူကြာနီ အဖူးအပွင့်တို့ ဝင့်ဝင့်ကြွားကြွားပွင့်လန်းနေကြပုံမှာလည်း အနုပညာဆန်သော ကန်ရေပြင်၏အလှတို့ကို ပို၍တင့်တယ်စေပါ၏။





အတန်ကြာသည်အထိ နှစ်ဦးသား စကားမဆိုမိကြ။ အတွေးကိုယ်စီနှင့် သာငြိမ်နေကြ၏။

'လာ....မောင်မင်းဝေ၊ ဒို့များလှေစီးရင်းနဲ့ ပြောစရာရှိတာ ပြောကြတာပေါ့'

အသက်ဝင်လှုပ်ရှားလာသော ဒေါ်လှနွယ်သည် ထိုစကားကိုဆိုကာ ရေစပ်တလျှောက်အတိုင်း ခတ်ဖြေးဖြေးလျှောက်သွား၏။

မင်းဝေ၏ရင်ထဲတွင်မူ ရုတ်ဘရက် ထင့်ကနဲဖြစ်သွားမိရ၏၊

ခြေလှမ်းများမရွေ့ဘဲ ရပ်လျက်နှင့်ပင် ဒေါ်လှနွယ်အား ငေးကြည့်နေလိုက်သည်။

လှေဆိုက်ထားရာဘက်ဆီသို့ ဦးတည်၍သွားနေသော ဒေါ်လှနွယ်က သူ့ကိုလှည့်ကြည့်၏။

ခြေလှမ်းများကို တုန့်လိုက်ရင်းက။

'ဒီနေ့ညဲလဲသိတ်လှတယ်၊ မောင်မင်းဝေ။ ဟိုတုန်းကလိုဘဲ၊ အေးလေ ဒို့ကန်တော်ကြီးကတော့ လသာတဲ့ညတိုင်း လှတာပါဘဲ၊ ခုလို ဆောင်းရာသီမှာဆိုရင် သာပြီးတော့တောင် မှလှသေးတယ်၊ ဒီလိုညမျိုးမှာ လှေစီးရတာဟာ သိပ်ကြည်နူးဖို့ကောင်းပါတယ်၊ လာလေကွယ် မောင်မင်းဝေ'



www.burmeseclassic.com

www.burmeseclassic.com



ဟု အေးချမ်းစွာပြောရင်း ခေါ်နေပြန်သည်။

ဘာကြောင့်မှန်းမသိ၊မင်းဝေ၏ရင်မှာ အလိုလိုပင်ခုန်နေ၏။

ဒေါ်လှနွယ်နှင့်အတူ ဤကန်ရေပြင်၌ လှေစီးရတော့မှာပါ တကား....။

လေးကန့်တုန့်နှေးသော ခြေလှမ်းများနှင့်ပင် မင်းဝေသည် ဒေါ်လှနွယ်ထံသို့ လိုက်သွားသည်။

သူ့နောက်ဖက်မှဆီမှ ရင်တုန်ဖွယ် ကောင်းသော ရယ်သံ စူးစူးက ရုတ်တရက်ပင် ပေါ်ထွက်လာ၏။

'ဟီ....ဟီ....ဟိ၊ ဟီ....ဟီ....ဟိ'

ဖျတ်ကနဲပင် သူနောက်သို့လှည့်ကြည့်လိုက်၏။

'အမှတ်မရှိတဲ့ကောင်၊ သောက်မှတ်ဆိုလို့ နည်းနည်းကလေးမှ မရှိတဲ့ကောင်၊ ဟီ ဟိ ဟ်၊ မ,ဘက်လိုက်လို့ မိုက်ဘက်ပါ လှေကိုစီးတော့ သေအုံးမှာ၊ ဟီ ဟိ ဟိ'

ဤအသံကို သူမှတ်မိပါပြီ။

အရူးမ ဖြူလုံး။

သူ့ကို....ဦးအောင်ခက်အဖြစ် အသိအမှတ် ပြုထားသော အရူးမ၊ မဖြူလုံး။

သက်တင်စာပေ



ညောင်ပင်အောက် ကန်ဘောင်ရိုးပေါ်၌ ဖြူလုံးသည် ရပ်နေ၏။

သူ့ညာဘက်လက်ကိုတန်းကာ မင်းဝေ့ထံသို့ လက်ညှိုးထိုး ထားရင်း နှုတ်မှလည်း ထိုသို့ဆိုနေ၏၊

ဖြူလုံး၏အသံမှာ ကြောက်စရာ ကောင်းနေ၏။

မင်းဝေ၏ ကျောရိုးတလျှောက်မှာလည်း စိမ့်ကနဲဖြစ်သွားရ သည်။

ဟဲ့....ကောင်မဖြူလုံး၊ ဘာတွေလာအော်နေတာလဲ ဟင်၊ ဒီအရူးမ နေရာတကာ ဟိုပြောဒီပြောနဲ့ ဗိုလ်မြင့်အောင်ကို ငါသွားခေါ်လိုက်မယ်နော်၊ ဟင်း နင်သေချင်ပြီ ထင်တယ်၊ သွား သွား ဒီနားကနေသွားစမ်း'

ဒေါ်လှနွယ်သည် ဒေါသတကြီးနှင့်ပင် ဖြူလုံးအား လှမ်း ငေါက်လိုက်သည်။

'ကြောက်တယ်....ကြောက်တယ်၊ ဗိုလ်မြင့်အောင် ကိုတော့ ငါကြောက်ပါတယ်ဟယ်၊ သူ့ကိုတော့ သွားမခေါ်ပါနဲ့၊ သွား မယ်၊ သွားမယ်။ ငါသွားမှယ်။ ကဲ အောင်ခက် နင့်ဟာနင် သာ နေရစ်ပေတော့၊ ဒို့သွားပြီ၊ ဟီ ဟိ'

ပြောပြောဆိုဆိုနှင့်ပင် ဖြူလုံးသည်ကန်ဘောင်ရိုးအနောက် ဘက်သို့ ဆင်းပြေးပျောက်ကွယ်သွားသည်။

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ညသည် တိတ်ဆိတ်တဲမြဲ တိတ်ဆိတ်၍ ကျန်ခဲ့၏။

ဒီတော့မှပင် ဒေါ်လှနွယ်သည် ဖြူလုံးဆင်းသွားရာဘက်ဆီသို့ လှမ်းကြည့်နေရင်းက သက်ပြင်းတချက်ကို ချလိုက်ပြီး စကားတခွန်းကို ညည်းညည်းညူညူ ဆိုလိုက်သည်။

'အင်း....ဒီအရွူးမကလဲ ခုထက်ထိ သေ မသေနိုင်သေးဘူး'

မင်းဝေ၏ ရင်ထဲတွင်မူ ဘဝင်မကျဖြစ်ကာ စိတ်လှုပ်ရှားနေရ၏။

အရူးမ ဖြူလုံး၏စကားများသည် သူ့စိတ်ကို ခြောက်လှန့်နေကြ၏။

ဒေါ်လှနွယ်သည် ရေစပ်ရှိ ဆိပ်ခံတံတားကလေး ပေါ်သို့ တက်သွားသည်။

ထိုနေရာ၌ ကပ်ချည်ထားသော လှေကလေးနားသို့ ရောက်သွားသော အခါတွင် ရပ်လိုက်ပြီးနောက် မင်းဝေအား လှည့်ကြည့်သည်။

မင်းဝေသည် ရေစပ်တွင်သာ မလှုပ်မယှက်ရပ်လျက် ရှိသေးသည်။

'လာလေကွာ....မောင်မင်းဝေ။ မင်းပြောချင်တဲ့စကားတွေကို ဒို့အေးအေးဆေးဆေး လှေစီးရင်း ပြောကြတာပေါ့'

ဒေါ်လှနွယ်က ထိုသို့ထပ်မံ၍ ပြောလိုက်တော့မှပင် မင်းဝေသည် တံတားလေးပေါ်သို့ တက်လျှောက်သွား၏။

---

သက်တင်စာပေ



ဒေါ်လှနွယ်လည်း မင်းဝေ၏ ရှေ့မှပင် လှေပေါ်သို့ တက်လိုက်ပြီး ပဲ့ဘက် ထိုင်ခုံလေးပေါ်၌ ထိုင်ချလိုက်ကာ လှော်တက်ကို ကိုင်လိုက်၏။

မင်းဝေသည် လှေပေါ်သို့ လိုက်တက်လိုက်ပြီး လှေဦးဘက်ရှိ ရှေ့ထိုင်ခုံတန်းပေါ်၌ ဒေါ်လှနွယ်၏ဘက်သို့ လှည့်၍ထိုင်လိုက်သည်။

'လှေဦးကကြိုးကို ဖြုတ်လိုက်ပါအုံး မောင်မင်းဝေ'

ဒီတော့မှပင် မင်းဝေသည် လှေကိုချည်ထားသော ကြိုးအား ဖြုတ်လိုက်ပြီးမှ ပြန်ထိုင်၏။

လှေသည် တဒင်္ဂအတွင်းမှာပင် ရေလည်သို့ ဦးတည်၍ ရှေ့လျှားသွားသည်။

လှေကိုကျင်လည်စွာ လှော်ခတ်ပဲ့ကိုင်နေသော ဒေါ်လှနွယ်အား မင်းဝေသည် ငေးကြည့်နေသည်။

'လာ....မောင်မင်းဝေ၊ ဒီနားမှာလာထိုင်ကွယ်။နီးနီးနားနားစကားပြောကြရအောင်'

မင်းဝေသည် ထိုင်နေရာမှထကာ ဒေါ်လှနွယ်၏ ရှေ့ခုံတန်းဆီသို့ ရွှေ့၍ထိုင်လိုက်၏။

လူချင်းနီးသွားကြပြန်သည်။ မျက်နှာချင်းဆိုင် ထိုင်နေကြသည် ဖြစ်၍လည်း တယောက်၏ မျက်နှာကို တယောက်က ထင်ထင်ရှားရှား မြင်နေရသည်။

ရေအလယ်သို့ရောက်တော့ ဒေါ်လှနွယ်သည် လှော်တက်ကို ချထားလိုက်သည်။

---

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အရှိန်သေသွားသော လှေငယ်သည် ရေပြင်ပေါ်၌ငြိမ်သွားသည်။

မင်းဝေသည် ဘေးတိုက်မြင်နေရသော အရှေ့ဘက်ကန်ရေစပ်မှ ရေစွယ်စွန်းကို လှမ်းကြည့်နေသည်။

ထိုနေရာ၌ လဝန်းရိပ်ထင်နေ၏။

ကန်ရေစွန်းဝယ် လဝန်းသာနေပါပကော။

●



(၁၉)

အတန်ကြာသည်အထိ မည်သူမှ စကားမဆိုကြ။

အားလုံးသည် ငြိမ်သက်တိတ်ဆိတ်နေ၏။

ငွေလရောင်သည် ပိုမိုဝင်းပလာသည်။

မင်းဝေသည် အဝေးသို့ ငေးနေရာမှ မျက်နှာကိုလှည့်ကာ ဒေါ်လှနွယ်အား ကြည့်လိုက်သည်။

စကားမဆိုသော်လည်း တချိန်လုံး သူ့ကိုသာ စိုက်ကြည့်နေသည့် ဒေါ်လှနွယ်၏ မျက်လုံးများနှင့် သူ့မျက်လုံးတို့ဆုံကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လရောင်ဝယ် ထင်ရှားသော ဒေါ်လှနွယ်၏ မျက်နှာမှာ ပကတိတည်ငြိမ်နေ၏။

သူ့မျက်လုံးများမှာလည်း တောက်ပစူးရှနေ၏။

ညာဘက်ပါးထက်မှ မဟူရာမှဲ့နက်ကို မြင်လိုက်ရသောအခါတွင် မင်းဝေ၏စိတ်သည် လှုပ်ရှားသွားရပြန်၏။

ထို့ကြောင့် သူသည် မျက်လွှာကို ချလိုက်မိရ၏။

'ကဲ....မောင်မင်းဝေ ဘာပြောမှာလဲ၊ ဒေါ်ဒေါ်ကြားချင်ပါပြီ'

'နွယ်နဲ့ကျွန်တော်တို့ ကိစ္စအပေါ်မှာ ဒေါ်ဒေါ်ရဲ့ သဘောထား ဘယ်လိုရှိတယ်ဆိုတာကို နွယ်ပြောပြလို့ ကျွန်တော်သိရပါပြီ ဒေါ်ဒေါ်။ အဲဒါနဲ့ပတ်သက်ပြီး ကျွန်တော် ဒေါ်ဒေါ်ကို နည်းနည်းပါးပါး အစီရင်ခံချင်လို့ပါခင်ဗျာ'

ဒေါ်လှနွယ်သည် သဘောကျဟန်နှင့် အသံထွက်အောင်ပင် ရယ်လိုက်သည်။

မင်းဝေအံ့ဩစွာ ဒေါ်လှနွယ်အား ကြည့်လိုက်၏။

မိမိစကား၌ မည်သို့သော ဟာသများ ပါသွားလေသနည်းဟူ၍လည်း စဉ်းစားနေမိရပြန်၏။

'အစီရင်ခံချင်လို့တွေ ဘာတွေ လုပ်မနေစမ်းပါနဲ့လေ၊ ဒို့အပေါ်မှာ ဘယ်တုန်းကမှ အောင်ခက်ဟာ ဒီလိုယဉ်ယဉ်ကျေးကျေး ပြောခဲ့ဘူးတာ မဟုတ်ပါဘူး'

သက်တင်စာပေ



'ခင်ဗျာ....'

နားမလည်ဟန်....အံ့ဩဟန်နှင့် မင်းဝေ အာမေဋိတ်သံနှင့် ဆိုလိုက်ဆဲ....

ဒေါ်လှနွယ်သည် အမျှင်မပြတ်ပင် ရယ်နေ၏။

သို့သော်လည်းသူ့ရယ်သံမှာ ချောက်ကပ်ကပ် နိုင်နေသည်ဟု မင်းဝေထင်သည်။

'ကဲ....ကဲ....ထားပါတော့၊ ပြောစရာရှိတာသာ ဆက်ပြော'

'ဒီလိုပါခင်ဗျာ၊ ကျွန်တော့အပေါ်မှာ ဒေါ်ဒေါ်ထင်ထားသလို ကျွန်တော်ဟာ ဦးအောင်ခက် ဝင်စားတယ်ဆိုတာ မဖြစ်နိုင်ပါဘူးခင်ဗျာ။ ဒါဟာ ကျွန်တော်ရိုးရိုးသားသား ပြောတာပါ'

'ဟုတ်ပါပြီလေ....မင်းရုပ်က အောင်ခက်အတိုင်း ဖြစ်နေတာဟာလဲ လူတူမရှား၊ နာမည်တူမရှားဆိုတဲ့ စကားအတိုင်းဘဲ ဆိုပါတော့၊ ဟုတ်လား။ ဒါပေမယ့် မင်း မက်တယ်ဆိုတဲ့ အိပ်မက်တွေက အောင်ခက် တကယ်ဖြစ်ခဲ့တာတွေနဲ့ တူနေတာကကော၊ ငါထင်တာတော့ မင်းအိပ်မက် မက်တယ် ဆိုတာတောင် ဟုတ်ချင်မှဟုတ်မယ်။ မင်းဟာမင်း အလိုလို ပြန်ပြီး မှတ်မိနေတာများ ဖြစ်နေမလား မသိဘူး'

'ဟာ....မဟုတ်ပါဘူးခင်ဗျာ၊ သူ့ဟာသူ အိပ်မက် မက်တာပါ....။

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မင်းဝေက ပြုံးပြုံးပျာပျာနှင့် ပြောလိုက်သဖြင့် ဒေါ်လှနွယ် ရယ်ပြန်၏။

'ဟုတ်ပါပြီလေ....ထားပါတော့၊အိပ်မက်ဆိုရင်လဲ့ဘဲ ဒါဟာ မှင်းဘဝဟောင်းက အဖြစ်ကို ထင်ဟပ်တာနေမှာပါဘဲ'

'မဟုတ်ပါဘူး ဒေါ်ဒေါ်ရယ်၊ လောကမှာ ထူးဆန်းတဲ့ အဖြစ်တွေ အဖြေရှာလို့ မတွေ့နိုင်သေးတဲ့ ဆန်းကျယ်တဲ့ အဖြစ်တွေဟာ အများကြီးပါ။ ကျွန်တော် အခုလို အိပ်မက် မက်တာ မျိုးထက်တောင်မှ ဆန်းကျယ်တဲ့ အဖြစ်တခုကို ကျွန်တော် ကြားဘူးပါသေးတယ်ဒေါ်ဒေါ်'

'အင်း....အင်း....ဆိုပါအုံး'

ဒေါ်လှနွယ်သည် စိတ်မပါတပါ လေသံမျိုးနှင့်ပြန်ပြော၏။

သို့သော်လည်း မင်းဝေသည် စိတ်အား ထက်သန်စွာနှင့် ဆက်ပြောလိုက်သည်။

'ရမည်းသင်းမြို့နားက ရွာကလေးမှာ ဖြစ်ပျက်ခဲ့တဲ့ တကယ့် အဖြစ်အပျက် တခုကို ကျွန်တော် ပြောပြပါ့မယ် ဒေါ်ဒေါ်။ ဟို လွန်ခဲ့တဲ့ ခြောက်နှစ်ကျော်ကျော်က အဲဒီရွာလေး တရွာက ကျောင်းထိုင်ဆရာတော်ကြီး တပါးဟာ ဖျားနာပြီးတော့ ဝေဒနာ ပြင်းလွန်းတာနဲ့ မျောသွားတယ်။





'ဒါပေမယ့် တနေ့နဲ့တည မျောသွားပြီးတော့မှ သတိပြန် လည်လာပြီးနောက် ကျန်းမာသွားတယ်။ အဲ့ဒီလိုနဲ့ နောက် ငါးနှစ်လောက်ကြာတော့ ဆရာတော် နေတဲ့ရွာနဲ့ ဆယ်မိုင် လောက်ဝေးတဲ့ ရွာတရွာကနေပြီး လင်မယားနှစ်ယောက်နဲ့ လေးနှစ်သားကလေးတယောက်ဟာ အဲ့ဒီဘုန်းကြီးကျောင်းကို လှည်းနဲ့ရောက်လာကြတယ်။

'ရောက်တယ်ဆိုရင်ဘဲ ကလေးလေးဟာ ရှိုက်ကြီးတငင် ငိုပြီး ကျောင်းပေါ်ကို ပြေးတက်လာတယ်တဲ့၊ ဆရာတော်လဲ အံ့သြနေတာပေါ့'

'အဲဒီကလေးရဲ့ မိဘတွေက ဘာပြောသလဲဆိုတော့ သူတို့ ကလေးဟာ လူမှန်းသိစ စကားပြောတတ်ခါစ ကတည်းက ငို ငိုပြီး သူဟာ အဲဒီဆရာတော်ရဲ့ ရွာနာမည်ကို ပြောပြီးတော့ အဲဒီရွာ ဘုန်းကြီးကျောင်းက ကျောင်းထိုင်ဆရာတော် ဖြစ်တဲ့ အကြောင်းနဲ့၊ ဆရာတော်ရဲ့ ဘွဲ့အမည်ကိုပါ ပြော ပြောနေတဲ့ အကြောင်း ပထမတော့ သူတို့မိဘတွေက အမှတ်မထင်ဘဲ နေခဲ့ ကြတဲ့အကြောင်း၊ ယုံလဲမယုံတဲ့အကြောင်းပြောသတဲ့။

'အခုတော့ သူတို့သားက ခဏခဏ ပြောလွန်းမက ပြောပြီး ဒီရွာကိုလိုက်ပို့ခိုင်းလို့ လိုက်ပို့ရတဲ့ အကြောင်း ပြောကြ ပါတယ်'

'ကလေး ပြောတဲ့ ရွာနာမည်ကော သူဝင်စားတယ် ဆိုတဲ့ ဆရာတော်ရဲ့ ဘွဲ့အမည်ရော အားလုံးတူနေတယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမယ့်လို့ ပိုပြီးတော့ အံ့ဩစရာ ကောင်းတာက သူဝင်စားပါတယ်ဆိုတဲ့ ဆရာတော်ဟာ ခုထိပျံလွန်တော်မမူသေးဘဲနဲ့ အသက်ထင်ရှား ရှိနေသေးတာပါဘဲ'

'အဲဒီအကြောင်းကိုဆရာတော်ကိုလျှောက်တော့ ဆရာတော်က ပြုံးတယ်တဲ့၊ ပြီးတော့ ဆရာတော်က ပြောပြတာကတော့ တခါတုန်းက ဆရာတော် ဖျားနာပြီး မေ့မျောသွားတာမှာ ဆရာတော်ဟာရွာတရွာကအိမ်ပေါ်ကိုရောက်သွားပြီး တကာမတယောက်ရဲ့အိပ်ရာမှာ ဝင်အိပ်နေတယ်တဲ့။

'အဲဒီလိုအိပ်နေရင်းက ငါအိပ်နေတာ တကာမတယောက်ရဲ့နဘေးမှာဖြစ်နေပါလား၊ မသင့်တော်ပါဘူးလေလို့ သတိရပြီးတော့ အဲဒီအိမ်ပေါ်ကပြန်ဆင်းလာခဲ့တယ်တဲ့၊ အဲဒီအခါမှာဘဲ ဆရာတော်ဟာ မျောသွားရာကနေပြီးတော့ ပြန်ပြီး သတိလည်လာခဲ့ရတယ်လို့ဆိုတယ်။

'အဲဒါဟာ တကယ့်အဖြစ်အပျက်ပါဒေါ်ဒေါ်၊ အဲဒီရွာတွေမှာ ခုထိ အဲဒီဆရာတော်ကော၊ ဆရာတော်ဝင်စားတယ်ဆိုတဲ့ကလေးကော ရှိကြပါသေးတယ်ခင်ဗျာ။

'ဆရာတော်ဝင်စားတာမဟုတ်ဘဲနဲ့ ဆရာတော်ဝင်စားတာပါလို့ပြောပြီး သူပြောသမျှတွေဟာလဲ အားလုံးမှန်နေတာဟာ သိတ်ပြီးတော့လဲ အံ့ဩဘို့ကောင်းပါတယ်။ ယုံနိုင်စရာတောင်မရှိပါဘူး။

---

သက်တင်စာပေ



'အဲ....အဲ....ပြီးတော့ အဲဒီကလေးရဲ့ရုပ်ရည်ကလဲ ဆရာတော်ငယ်ငယ်တုန်းကရုပ်အတိုင်း ချွတ်စွပ်ဘဲတဲ့။

'အဲဒါနဲ့စာရင် ဦးအောင်ခက်နဲ့ကျွန်တော်တူတာ အိပ်မက်မက်တာတွေဟာ မပြောပလောက်ပါဘူး၊ ကျွန်တော်ဟာ ဦးအောင်ခက်ဝင်စားသူရယ်လို့လဲ ဘယ်လိုမှပြောနိုင်မှာမဟုတ်ပါဘူးခင်ဗျာ'

မင်းဝေသည် စကားကို မနားတမ်းဆက်တိုက်ကြီးပြောလိုက်ပြီးနောက် မောသွားဟန်နှင့် သက်ပြင်းကိုမှုတ်ထုတ်လိုက်သည်။

ဒေါ်လှနွယ်ကရယ်ပြန်၏။

'မင်းပုံပြင်ကလေးက နားထောင်လို့ကောင်းသားဘဲ'

ဟုလည်း ဆိုလိုက်သည်။

'ပုံပြင်မဟုတ်ပါဘူးဒေါ်ဒေါ်ရယ်၊တကယ့်အဖြစ်အပျက်ပါ'

'အေးလေ....ဘာဘဲဖြစ်ဖြစ် မင့်ကို အောင်ခက်ဝင်စားသူလို့ဘဲယုံကြည်နေတဲ့ ငါ့စိတ်ထဲကအစွဲအလန်းဟာတော့ ဘယ်လိုမှ ပျောက်နိုင်မှာမဟုတ်ဘူး၊ မင့်ကိုမြင်တိုင်း တွေ့တိုင်း ငါ့စိတ်ထဲမှာတော့ အောင်ခက်ကိုဘဲသတိရနေမှာဘဲ။မင့်ကိုလဲအောင်ခက်အနေနဲ့ဘဲ ငါ့စိတ်ကမြင်နေမှာဘဲ၊စိတ်ဆိုတာကလဲ အခက်သားကလား မောင်မင်းဝေ၊ ယုံကြည်စွဲလန်းမှုကို ပျောက်အောင်ဖျောက်ဘို့ဆိုတာ လွယ်တာမဟုတ်ဘူး'

---

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မင်းဝေသည် စိတ်ပျက်အားလျော့ရဟန်နှင့် သက်ပြင်းတချက်ကို ခတ်လေးလေးချလိုက်သည်။

ဤအတိုင်းသာ ဆိုလျှင်တော့ ယောက္ခမလောင်းကြီးအား ခွတ်၍ရနိုင်မည်မထင်တော့။

'ငါ့အဖနန့်ကတော့ အောင်ခွက်အပေါ်မှာ ဘယ်လိုမှ ခွင့်မလွှတ်နိုင်တူးမောင်မင်းဝေ၊ ဘဝဟောင်းတုန်းက သူ့အပြစ်ကို သူ့အသက်နဲ့ ပေးဆပ်သွားရပေမယ့်လဲ ငါကတော့ သူ့ကို ခုထိမကျေနပ်နိုင်သေးပါဘူး။ ဒီတော့ မှင့်ကိုငါ မှမြင်ချင်မတွေ့ချင်ဘူးမောင်မင်းဝေ၊ မင့်ကိုမြင်ရတိုင်း ငါစိတ်ဆင်းရဲရတယ်။ ဒီတော့ မင်းလိုလူကို ငါကဘယ်လိုလုပ်ပြီးတော့ သားမက်တော်ရမှာလဲ ဟွင်....'

မင်းဝေသည် တည်ငြိမ်လေးနက်စွာပြောနေသော ဒေါ်လှနွယ်၏မျက်နှာကိုကြည့်နေရင် က စိတ်မသက်မသာနှင့်ပင် မျက်နှာလွှဲလိုက်သည်။

နှင်းတို့ကျနေပြီဖြစ်၍ ပတ်ဝန်းကျင်သည် စောစောကလို ကြည်လင်မနေတော့၊ အဝေးဆီတွင်မှုန်နေ၏။

ဒေါ်လှနွယ် စကားပြတ်သွားသောအချိန်ကလေးအတွင်းတွင် တလောကလုံးသည် တိတ်ဆိတ်သွားပြန်သည်။

မင်းဝေ ဘာပြန်ပြောရမည်မသိတော့။

သက်တင်စာပေ



နောက်ထပ် ဘယ်လိုမှ လျှောက်လဲချက်တင်၍လည်း ရနိုင်မည်မထင်တော့။

သို့သော်လည်း သူ့စိတ်ထဲတွင် မကျေနပ်ချက်ကိုမူ ဖွင့်၍တော့ ပြောလိုက်မိရ၏။

'ဘဝခြားသွားပြီဖြစ်တဲ့ ဦးအောင်ခက်အပေါ်မှာ ခုထိနာကျည်းတုန်းလားဒေါ်ဒေါ်ရယ်။ နှစ်တွေလဲကြာခဲ့ပါပြီ၊ ဒီလောကကြီးပေါ်မှာ သူလဲမရှိတော့ပါဘူး။ သူ့အပြစ်တွေဟာ ဘယ်လောက်ဘဲ ကြီးခဲ့ကြီးခဲ့ သေသွားပြီးသားလူတယောက်အပေါ်မှာတော့ ခွင့်လွှတ်နိုင်ကောင်းပါတယ်'

ဒေါ်လှနွယ် ရှတ်တရက်ဘာမှပြန်မပြောဘဲ ငြိမ်နေ၏။

သူ့ကိုမကြည့်ဘဲ အဝေးဆီသို့လည်း ငေးနေ၏။

သူ့စိတ်သည် အဝေးဆီသို့ဘဲ ပြန့်လွင့်နေသလား၊ သို့မဟုတ် တစုံတခုကို စဉ်းစားရင်း အတွေးနက်နေသလားဟူ၍ တော့ဖြင့် မသိ။

ခဏနေမှ ဒေါ်လှနွယ် သက်ပြင်းတချက်ကို ရှိုက်လိုက်ပြီး ပြောသည်။

'အင်း....အမှန်တော့ သူသေပြီးတဲ့နောက်မှာ သူ့ကိုငါ ကြိုးစားပြီး မေ့ဖျောက်ခဲ့ပြီးသားပါ။ တကယ်တော့လဲ ဒီလောကမှာမရှိတော့တဲ့ သေသွားပြီးသားလူတယောက်အပေါ်မှာခွင့်

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

လွှတ်ခြင်း၊ ခွင့်မလွှတ်ခြင်းဆိုတာဟာလဲ့ သိတ်ပြီးတော့အခိပ္ပါယ်ခတော့မရှိပါဘူးလေ၊ ဒါပေမယ့်မောင်မင်းဝေ ခု မင်းနဲ့ငါ့သမီး ခင်နွယ်ခက်တို့ရဲ့ပြဿနာကတော့ တမျိုးပါ'

မင်းဝေ စိတ်ဝင်စားစွာနှင့် နားစွင့်နေလိုက်မိသည်။

ဒေါ်လှနွယ်သည် သူ့စိတ်ကိုဆုံးဖြတ်လိုက်ဟန်နှင့် ဆတ်ကနဲ မင်းဝေအား လှည့်ကြည့်ပြီးပြောလိုက်၏။

'ဒီစကားကို ငါမပြောတော့ဘူးလို့အောင်းမေ့ထားပေမယ့် ခုတော့ ငါပြောပါ့မယ်၊ ငါ့သမီးခင်နွယ်ခက်ဟာ လူတွေထင်ကြသလို ကိုကျင်စွ ရဲ့သမီးမဟုတ်ပါဘူး၊ တကယ်တော့ သူဟာ အောင်ခက်ရဲ့သမီးပါ'

မင်းဝေသည် တည်တည်ငြိမ်ငြိမ်ပင် နားထောင်နေသည်။

ထိုစကားသည် သူ့စိတ်ကို မည်သို့မှလှုပ်ရှားစေနိုင်စွမ်းမရှိ။ ခင်နွယ်ခက်သည် ဦးကျင်စွ၏သမီးဘဲဖြစ်ဖြစ်၊ ဦးအောင်ခက်၏သမီးဘဲဖြစ်ဖြစ်။

သူ့အတွက် ဘာပြဿနာမှမရှိ။

သို့သော်လည်းဒေါ်လှနွယ်ဆက်ပြောလိုက်သောစကားသည် သူ့အတွက် ပြဿနာရှိလာပြီ။

'ခင်နွယ်ခက်ဟာ အောင်ခက်ရဲ့သမီး၊ ဒါကြောင့် ဒီပြင်လူတွေက သူ့ကို ကိုကျင်စွ သမီးအဖြစ် အသိအမှတ်ပြုထားကြပေမယ့် ငါကတော့ အဲဒီလိုအထင်ခံရတာ ရင်နာတယ်။ ဒါကြောင့်လဲ သူ့နာမည်ကို သူ့အဖေအစစ်ရဲ့နာမည်ပါအောင်ဆိုပြီး ခင်နွယ်ခက်လို့ တမင်ရွေးမှည့်ခဲ့တာ။ ခင်နွယ်ခက်ဟာ အောင်ခက်ရဲ့သမီး၊ ဒီတော့ သူဟာ မင့်သမီးဘဲပေါ့'





မင်းဝေ မျက်လုံးပြူးသွားရ၏။

ဒေါ်လှနွယ်ကတော့ ပြဿနာကြီးအောင်လုပ်နေပြီ။
ပြဿနာတော့ဖြင့် ရေရေလည်လည်တက်ပါပြီ။

'ဟာ....မဟုတ်တာ ဒေါ်ဒေါ်ကလဲ'

ကယောင်ကတမ်းပင် မင်းဝေရုတ်တရက်ပြောလိုက်၏။

သို့သော်လည်း ဒေါ်လှနွယ်သည် မင်းဝေ၏စကားကို မည်သို့မှ အသိအမှတ်ပြုဟန်မရှိ၊ ကြားဟန်လည်းမရှိ။

ငေးငေးငိုင်ငိုင်နှင့်သာအဝေးသို့လှမ်းကြည့်နေရင်းကစကားကို ဆက်ပြောနေ၏။

'တသက်လုံး ဘယ်သူ့ကိုမှမပြောဘဲ ငါ့ရင်ထဲမှာမျိုသိပ်ထားခဲ့ရသမျှတွေကို ခုတော့ငါ မင့်ကိုပြောပြလိုက်ရအုံးမယ်'

'အဲဒီနေ့ညက။ အင်း.... အင်းလွန်ခဲ့တဲ့ အနှစ်အစိတ်လောက်ကပေါ့လေ၊ အဲဒီညဟာ ခုလိုဘဲ၊ လမင်းကြီးသာပြီး နှင်းတွေဝေနေတဲ့ည၊ ကန်ရေပြင်ဟာလဲ ခုလိုဘဲ လရောင်ဟပ်ပြီး၊ လှနေတဲ့ည.... ပေါ့။ အဲဒီညမှာ ငါနဲ့ အောင်ခက်ဟာ ခုလိုဘဲ လှေစီးရင်း စကားပြောနေ ခဲ့ကြတယ်၊ အင်း ဒို့နှစ်ယောက်ရဲ့ နောက်ဆုံးညပေါ့လေ....'



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်လှနွယ်၏ အသံမှာ၊ အေးအေး ငြိမ့်ငြိမ့်ရှိလှသည်။

သူ့စိတ်သည်လည်း သူ့စကား ဖလှိုင်းကို စီးကာ၊ ဝေးခဲ့လှပြီဖြစ်သော အတိတ်ကာလဆီသို့ တရွေ့ရွေ့ ပြန်လည် မျောပါသွားနေဟန် ရှိသည်။

'အဲဒီတုန်းက....'

●

သက်တင်စာပေ

(၂၀)

အောင်ခက်သည် ဆတ်ကနဲ ဖြစ်သွား၏။

သူ့မျက်နှာထားမှာလည်း ရုတ်ချည်းပင် အံ့ဩဟန်မှ တင်းမာခြင်းသို့ ပြောင်းသွားသည်။

လရောင်ဟပ်နေသော သူ့မျက်နှာထားသည် ကြောက်စရာကောင်းနေ၏။ မျက်လုံး အစုံမှာလည်း ဒေါသငွေ့သန်းကာ အရောင် တောက်လာ၏။

'ဘာ....... ဘာပြောတယ်၊ ခု.... ကိုယ်ဝန်ရှိနေပြီ.... ဟုတ်လား....'

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်အောင်.... နွယ့်မှာကိုယ်ဝန် ရှိနေပြီ'

ဤစကားကို ဆိုလိုက်ရုံနှင့်၊ အောင်ခက်သည်၊ ဤသို့ဖြစ်သွားလိမ့်မည်ဟု လှနွယ်မထင်ခဲ့မိ။

လှနွယ်သည်၊ ထိုသို့ ပြန်ပြောလိုက်ရင်းက၊ အောင်ခက်၏မျက်နှာထားနှင့် အမူအယာကို အံ့ဩစွာ ကြည့်နေမိသည်။

အောင်ခက်သည်၊ သရော်ရယ် ရယ်လိုက်ပြန်၏။

'ဆိုပါအုံး.... အဲဒီကိုယ်ဝန်က ဘယ်သူနဲ့ ရတဲ့ ကိုယ်ဝန်လဲ'

လှနွယ် အံ့ဩသွားရသည်။

ဤမေးခွန်းကို မေးရန်အကြောင်း ဘာမျှမရှိ၊ မေးစရာလည်း မလို။

ဤကောင်းကင်၊ ဤလမင်းနှင့် ဤကြယ်ပွင့် ကလေးများကို မေးလျှင်တောင်မှ၊ သူတို့သည် မှန်ကန်သော အဖြေကို ပေးနိုင်ကြပါလိမ့်မည်။

ထိုမေးခွန်းကို သူက၊ ဤလိုမေးလာတော့ မိမိကလည်း စိတ်ထွက်လာသည်။

ထို့ကြောင့် ဆတ်ကနဲပင် ဖြေလိုက်မိသည်။

'ဘယ်သူနဲ့ ရတဲ့ကိုယ်ဝန်ရမှာလဲ၊ အောင့်အပြင်.... ဘယ်သူရှိသေးလို့လဲ၊ ကိုယ့်ဟာကို မသိဘူးလား၊ ဒီမေးခွန်းကိုဖြေဖို့မလိုပါဘူး'

အောင်ခက် ရယ်ပြန်၏။

သက်တင်စာပေ



မိမိအား ဒေါသထွက်အောင် တမင်လုပ်နေသလားမသိ။

'အောင့်အပြင် ဘယ်သူရှိသေးလို့လဲ၊ ဟုတ်လား၊ ဘယ်သူရှိတယ်မရှိဘူးဆိုတာ မင်းဟာမင်း အသိဆုံးနေမှာပေါ့နွယ်'

'အောင်.... ဘာပြောတာလဲ....'

'ဘာပြောရမှာလဲ။ ဒီပြင်ဘယ်သူ ရှိသေးသလဲဆိုတာ မေးနေတာ'

'နွယ့်ကို ဒီလိုမစော်ကားနဲ့'

မိမိစိတ်ကို မိမိချုပ်တီးထားလျက်ကပင်၊ လှနွယ်၏အသံဝယ် ဒေါသသံ ပါသွား၏။

'အေး.... မင်းကမပြောတော့၊ ကိုယ်ကပြောရမှာပေါ့လေ။ ကျင်စွံ ကျင်စွံကို ဘယ်သွားထားမလဲ နွယ်။ ခုမှမင်းက သူ့ပြဿနာကို ငါ့ပြဿနာလုပ်ပြီး အားလုံး ငါ့အပေါ်မှာ ပုံချလိုက်တော့မလို့လား၊ ငါ့ကို လည်းကျိုးထမ်းခိုင်းမလို့ပေါ့လေဟုတ်လား....'

လှနွယ်၏မျက်လုံးများ ပြာသွား၏၊

မိမိနားကိုလည်း မိမိမယုံနိုင်သလိုဖြစ်သွားရ၏။

အောင်ခက် ဘာတွေပြောနေပါလိမ့်။

ခုတော့ သူ......သူ သစ္စာဖောက်ချင်ပြီထင်သည်။

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

လှနွယ်သည် ကိုယ့်စိတ်ကိုကိုယ်ထိန်း၍ တည်ငြိမ်အောင် ကြိုးစားပြီး ပြန်ပြောသည်။

'နွယ့်ကို ဒီလိုမဟုတ်တရုတ် မစွပ်စွဲနဲ့အောင်၊ ကျောင်းစွဲလို့ ကောင်ကို ဘယ်တုန်းကမှ စိတ်ကူးထဲမှာတောင် မထည့်ခဲ့ဘူး'

'မင်းက ငါ့ကို အမိဖမ်းချင်ပြီဆိုတော့ ဒီလိုဘဲပြောရမှာပေါ့ လေ။ မင်းတို့အကြောင်းကို မသိရင်ခက်မယ် နွယ်'

လှနွယ်၏ရင်ဝယ် မခံချိ မခံသာဖြစ်နေရ၏။

သို့သော်လည်း မိမိစိတ်ကိုမူ တတ်နိုင်သမျှ ချုပ်တီး၍ထား ရ၏။

အခြေအနေမှာ မိမိကဒေါသဖြစ်လိုက်လျှင် ပို၍ ဆိုးမည်။ ထိန်းမနိုင် သိမ်းမရဖြစ်တော့မည်။

ပြီးတော့ အောင်ခက် ဤသို့ပြောနေသည်မှာလည်း အထင် လွဲစရာ တခုခုရှိနေ၍ ဖြစ်ကောင်းဖြစ်မည်။

ထိုသို့ဆိုလျှင်လည်း ပြေပြေလည်လည်ရှင်းပြလိုက်လျှင် ပြီး သွားလိမ့်မည်ပင်ထင်သည်။

'မဟုတ်ပါဘူး အောင်ရယ်၊ နွယ့်အပေါ်မှာ အထင်မလွဲ ပါနဲ့။နွယ်ဟာ အောင့်အပေါ်မှာ ဘယ်တုန်းကမှ သစ္စာမဖေါက် ခဲ့ပါဘူး၊ ကျောင်းစွဲနဲ့ နွယ် ဖေါက်ပြားဘို့ မဆိုထားနဲ့၊သူနဲ့စကား တောင်မှ ဟက်ဟက်ပက်ပက်ပြောခဲ့တာမဟုတ်ပါဘူး'

'ဒါဖြင့်ရင် ဒီကိစ္စကို စောစောတုန်းက ဘာဖြစ်လို့မပြော ခဲ့တာလဲ'





'ဩော်....ခက်ပါဘိအောင်ရယ်၊ အစတုန်းကတော့ ကိုယ့် ဟာကို သေမှ မသေချာသေးဘဲကိုး၊ ခုတော့ သေချာနေလို့ အောင့်ကို အသိပေးတာ'

ဟင်း....ဟင်း'

အောင်ခက်သည် ထိုသို့သရော်ရယ် ရယ်လိုက်ပြီးမှဆက် ပြော၏။

'မင်းကသာ မသိသေးတာ၊ ကျောင်းစွဲကတော့ အစောကြီး ကတည်းက သိနေပါလားကွ'

'ဘာ....ဘာ.... သိတာလဲ၊ ကျောင်းစွဲကဘာသိတာလဲ'

'ဘာသိရမှာလဲ မင်းဗိုက်ကြီးနေတာကိုပေါ့၊ သူ့ကြောင့် မင့်မှာ ကိုယ်ဝန်ရှိနေပြီဖြစ်တဲ့အကြောင်း သူကိုယ်တိုင်က ဖွင့် ပြောတာ၊ ဒီထက်သေချာတာတော့ ဘာမှမရှိတော့ဘူး'

'မဟုတ်ဘူး....မဟုတ်ဘူး၊ ဒါ သက်သက် ညာပြောတာ။ အောင် ဒီစကားကို မယုံပါနဲ့၊ နွယ် သူနဲ့ မျက်နှာစုံညီမေးပြီး ရှင်းရဲပါတယ်။ နွယ့်စကားကို ယုံပါအောင်။ နွယ် ကျိန်ပြီး တော့ ပြောရဲပါတယ်'

ဤတခါ သရော်ရယ် ရယ်လိုက်သော မင်းဝေ၏အသံမှာ ပို၍ကျယ်လောင်လာ၏။

'ဘာပြောတယ်နွယ်၊ မင်းက ကျိန်ပြီးတော့ပြောမယ် [illegible]တ် လား။ရယ်....ရယ်စရာကောင်းသေးတော့ 'မင်းမာ[illegible]ဝလကာ



www.burmeseclassic.com

www.burmeseclassic.com



ကြီးထဲက စာတပုဒ်မတွေ့ဘူး ဘူးလား။ ငါ ရွတ်ပြမယ် နားစောင်၊ မိစ္ဆာစာရ၊ ကျင့်ပါပနှင့် ဒုဿီလမျိုးလိုဆိုးယောက်ျားရမ်း၊ မိန်းမသွမ်းတို့၊ ပေါ်ဆမ်းပျားရည်၊ ယုံစိမ့်သည်ဟု ထွေလည်ထိုထို တောင်ကြီးမျိုရှဲ၊ ရွတ်ဆိုနှုတ်က ကျိန်သမျှလည်း မိန်းမသစ္စာ မှုသားသာတည်း....တဲ့။ဟွား... ဟား'

အောင်ခက်၏ လေသံ။ရွတ်ဆိုသောစာသားနှင့် သရော်ရယ်ရယ်လိုက်ပုံတို့မှာ လှနွယ်၏ နှလုံးသားကို ဆုတ်ခြေလိုက်သည့်နှယ်၊ အခံရခက်လှသည်။

ရင်ထဲ၌ မခံချိ မခံသာ ရှိလွန်းရသည်။

ထို့ကြောင့် သူသည် စိတ်ကိုမထိန်းနိုင်တော့။

'အောင်....အောင်ခက်၊ မင်း....မင်း ငါ့ကို ဒီလောက်မစော်ကားနဲ့၊ မင်း....ငါ့အပေါ်မှာ သစ္စာဖေါက်ချင်တိုင်း ငါ့ကို သူများနဲ့ မတရားမငွပ်စွဲနဲ့။ မင်းငါ့ကို စွန့်ချင်ရင် စွန့်ချင်ပြီလို့ဘဲပြော'

လှနွယ်၏အသံမှာ ဒေါသကြောင့်တုန်ယင်လှုပ်ရှားနေသည်။

အောင်ခက်ကလည်း အားကျမခံ ဒေါသဖြင့်ပင် ပြန်ပြောသည်။

'စိတ်ချ လှနွယ် စိတ်ချပါ၊ ငါကလဲ့ မင့်ကိုစွန့်ရမှာပါဘဲ၊ မင်းလို မြွေဟောက်လိုလျှာနှစ်ခွနဲ့သစ္စာမရှိတဲ့ မိန်းမမျိုးကို ယူဘို့တော့ ဝေးသေးတယ်ဟေ့၊ နာမည်ကိုက အောင်ခက်တဲ့၊ လွယ်မယ်မထင်နဲ့'

---





လှနွယ်၏တကိုယ်လုံးသည် ဒေါသဖြင့်မှုန်သွားသည်။

မိမိကိုယ်ကို မိမိမထိန်းနိုင်ဘဲ ရှုတ်ဘရက် အောင်ခက်အားလှေပေါ်မှနေ၍ တွန်းချလိုက်၏။

အမှတ်တမဲ့ ခံလိုက်ရသောအောင်ခက်သည် လှေပေါ်မှနေ၍ ဂွမ်းစိုက်၍ ရေထဲသို့ကျသွားသည်။

လှနွယ်သည် လှော်တက်ကိုဆွဲယူလိုက်ပြီး အောင်ခက်ကျသွားရာဆီသို့ စိုက်ကြည့်နေ၏။

မှန်သားပြင်လို ငြိမ်သက်နေသောရေပြင်သည် 'ဘွမ်း' ကနဲမြည်သံနှင့်အတူ လှိုင်းဂယက်တို့ထကာ ပလုံစီသွားသည်။

လှနွယ်၏ပြင်ပဟန်က တည်ငြိမ်နေသော်လည်း သူ့ရင်တွင်း၌မူ ဒေါသဖြင့် ဘလောင်ဆူနေသည်။

ပင်ကိုယ်အားဖြင့် စိတ်ထက်သော လှနွယ်၏ဒေါသ အရှိန်အဟုန်သည် အဆုံးစွန်သို့ ရောက်နေပြီ။

ခေါက်ထိုးကျနစ်မြုပ်သွားပြီးမှ ရေပေါ်သို့ ပြန်ပေါ်လာသော အောင်ခက်သည် ကြောက်အားလန့်အားနှင့် လှေနံရဘောင်ကို ဆွဲကိုင်ထားလိုက်ပြီး သူ့ကို မော့ကြည့်လိုက်သည်။

'နွယ်....နွယ်....လှနွယ်'

ဟူ၍လည်း သူက တုန်တုန်ရင်ရင်နှင့်ခေါ်နေ၏။

အန္တရာယ်နှင့် ကြုံကြိုက်ဆဲမို့သာလျှင် နွယ်...နွယ် လှနွယ်ဟု တောင်းပန်ဟန်နှင့် ခေါ်နေသော်လည်း အမှန်မူ ဤအန္တရာယ်

---



www.burmeseclassic.com

www.burmeseclassic.com



မှ အောင်ခက်လွှတ်မြောက်ခဲ့လျှင် သူ့အပေါ်၌ နှစ်ဆတိုး၍ အောင်ခက် ဒေါသမာန် ပွားတော့မည်ဆိုသည်ကိုလည်း လှနွယ်၏ စိတ်က သိပြီးဖြစ်နေ၏။

ထို့ကြောင့် သူသည် အောင်ခက်၏မျက်နှာကို တည်ငြိမ်သော မျက်နှာထားနှင့်ကြည့်လိုက်ပြီးနောက် သူ့လက်တွင်း၌ ကိုင်ထားသော လှော်တက်ဖြင့် အောင်ခက်ခေါင်းကို ရိုက်ချလိုက်သည်။

'အား' ကနဲ အော်လိုက်သံနှင့်အတူ အောင်ခက်သည် ခေါင်းငိုက်ဆိုက်ကျသွား၏၊ လှေနံဘောင်ပေါ်ရှိ လက်နှစ်ဖက်လည်း ပြေကျသွား၏။

ရေပြင်ဝယ် သွေးနီတို့ဝေ၍ ကျန်ခဲ့သည်။

မကြာမီအတွင်းမှာပင် ရေပြင်သည် ပြန်လည်၍ ငြိမ်သက်မြဲ ငြိမ်သွား၏

လှနွယ်သည်ထိုနေရာမှမျက်စိလွှဲလိုက်ပြီး အရှေ့ဘက်သို့လှမ်းကြည့်လိုက်၏။

ဟိုးအရှေ့ဘက်ကန်စပ် ရေစွယ်စွန်းဝယ် လဝန်းရိပ်ထင်နေသည်ကို မြင်လိုက်ရ၏။

ကန်ရေစွန်းဝယ် လဝန်းသာနေပါ၏။

---

သက်တင်စာပေ



'အောင်ခက်....အောင်ခက်၊ မ,ဘက်လိုက်လို့ မိုက်ဘက်ပါတဲ့ အောင်ခက် ခုတော့သွားရှာပြီ၊ လှနွယ်လှနွယ်ရယ်၊ ရက်စက်ပါပေတယ်။ အောင်ခက်ကို သနားပါတယ်၊ အင်းလေ သင့်ါရပေါ့၊ သင့်ါရပေါ့ပလို့ဂျ'

လှနွယ်မျက်လုံး ပြူးသွားရသည်။

အသံလာရာကမ်းဘက်ဆီသို့ လှမ်းကြည့်လိုက်သောအခါတွင် လရောင်ဝယ် အရူးမ ဖြူလုံးအား ထင်ထင်ရှားရှား မြင်လိုက်ရ၏။

လှနွယ်တုန်လှုပ်သွားရသည်။

ခုမှပင် ရှည်လည်းခုန်လာသည်။

●

---

သက်တင်စာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

(၂၁)

အတိတ်ဟောင်းကို ဇာတ်ကြောင်းပြန်နေသော ဒေါ်လှနွယ်၏ စကားများကို နားစိုက်၍ ထောင်နေသော မင်းဝေသည် အံ့ဩတုန်လှုပ်စွာနှင့် ဒေါ်လှနွယ်၏ မျက်နှာကို ကြည့်လိုက်မိသည်။

သူ့မျက်နှာထားသည် ပကတိတည်ငြိမ်နေသည်။

သူ့အမူအယာမှာလည်း ရုပ်ရှင်ဇာတ်လမ်းတပုဒ်ကို ပြောပြလိုက်သည့်ဟန်မျိုးနှင့်ပင် တူနေသည်။

'ငါတယောက်ထဲသာသိခဲ့တဲ့အနှစ်အစိတ်လုံးလုံး ငါ့ရင်ထဲမှာဘဲ မျိုသိပ်လျှို့ဝှက်ထားခဲ့တဲ့ ငါနဲ့ အောင်ခက်ရဲ့ ဇာတ်သိမ်းဟာ အဲဒါဘဲ မောင်မင်းဝေ။ မင်းကော မမှတ်မိဘူးလားဟင်'

'ဟာ....ဒေါ်ဒေါ်ကလဲ မဟုတ်တာ'

ဒေါ်လှနွယ်သည် သဘောကျဟန်နှင့် ရယ်လိုက်သည်။





ပြီးမှ....

'ကဲ....မောင်မင်းဝေ၊ အဲ့ဒီတော့ မင်းနဲ့ ခင်နွယ်ခက် လက်ထပ်လို့ ဘယ်ဖြစ်နိုင်ပါမလဲ။ မင်းဟာ အောင်ခက်ဝင်စားသူဆိုတော့ ခင်နွယ်ခက်ဟာ မင့်သမီးဘဲပေါ့'

'မဟုတ်ပါဘူး ဒေါ်ဒေါ်ရယ်၊ ကျွန်တော့ကိုယ် ကျွန်တော် ဦးအောင်ခက် ဝင်စားသူရယ်လို့လဲ ဘယ်လိုမှ လက်မခံနိုင်ပါဘူး ဖြစ်လဲမဖြစ်နိုင်ပါဘူး'

မင်းဝေသည် ထိုသို့သာလျှင် ခါးခါးသီးသီး ပြောလိုက်ပြန်သည်။

ဘာဘဲဖြစ်ဖြစ် ဤအယူအဆနှင့် ယုံကြည်ချက် ကိုတော့ ဤသို့လျှင် ဇွတ်သာငြင်းဆန်ရမည်ဖြစ်သည်။

'ဟုတ်ပါပြီလေ၊ မင်းကတော့ ခုလို ဇွတ်ငြင်းမှာဘဲပေါ့။ မင်းအနေနဲ့ကလဲ ငါပြောတာ ဟုတ်ဟုတ်-မဟုတ်ဟုတ်ငြင်းရတော့မှာဘဲပေါ့။ ဒါပေမယ့် ဒီမယ် မောင်မင်းဝေ မင့်ခေါင်းပေါ်မှာလဲ အမာရွတ်ကြီး တခုရှိတယ် မဟုတ်လား၊ အဲဒါလဲ မွေးရာပါ အမာရွတ်ကြီး နေမှာပါ။ ဘဝဟောင်းက မင်းရခဲ့တဲ့ ဒဏ်ရာရဲ့ အမှတ်အသားလေ။ ရှင်းပါတယ် မောင်မင်းဝေ။ ဒါကြောင့် ငါကတော့ မင်းနဲ့ငါ့သမီးကို ဘယ်နည်းနဲ့မှ မပေးစားနိုင်ဘူး'

မင်းဝေသည် ဘာမျှမပြောဘဲ ဒေါ်လှနွယ်၏ မျက်နှာကိုသာ စိုက်ငေး၍ကြည့်နေ၏။

တကယ်တော့လည်း သူ့တွင် ဘာစကားမှ ပြောစရာ မရှိတော့။



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ်လည်း ဆင်ခြေတက်စရာဟူ၍ ဘာမျှမရှိတော့။

မင်းဝေ၏ မျက်လုံးများသည် ဒေါ်လှနွယ်၏ ညာဘက်ပါးပြင်ပေါ်မှ စပယ်ဘင်မှဲ့နက်လေးပေါ်သို့သာ ရောက်နေ၏။

ဤမှဲ့နက်ကလေးမှ သူ့အိပ်မက်ထဲမှ အလှရှင် နွယ်၏ပါးပြင်ထက်မှ မှဲ့နက်နှင့် တပုံစံတည်းပင်ဖြစ်၏။

အိပ်မက်ထဲတွင် သူ့အားလှေ့ရပေါ်မှ တွန်းချသူ။

ပြီးတော့...ရက်ရက်စက်စက် လှော်တက်ဖြင့် ရိုက်ခဲ့သူ၏ ပါးပြင်ပေါ်မှမှဲ့။

ဤမှဲ့ပိုင်ရှင် ဒေါ်လှနွယ်လည်း အိပ်မက်ထဲမှ နွယ်ပင် ဖြစ်နေပါပကော။

မင်းဝေတုန်လှုပ်ရသည်။

သူ့ရင်ဝယ် ကြေကွဲဝမ်းနည်းရသည်။

ပြီးတော့...ဤသို့ တိုက်ဆိုင်လာပုံ များကိုလည်း မယုံနိုင်လောက်အောင်ပင် အံ့သြရသည်။

မင်းဝေသည် သက်ပြင်းတချက်ကိုချကာ ဒေါ်လှနွယ်၏ မျက်နှာမှ မျက်စိလွှဲလိုက်မိရာတွင် လဝန်းရိပ် ထင်နေသော ကန်ရေစွယ်စွန်းကို အမှတ်မထင်ပင် မြင်လိုက်ရသည်။

ဘာဘဲဖြစ်ဖြစ်....ပြီးခဲ့တာတွေ ပြီးပါစေတော့။

အဖြစ်ဟောင်းတို့သည် အတိတ်မှာပင် ရှိခဲ့ပါစေတော့။

ပြီးတော့....မင်းဝေသည် မင်းဝေသာဖြစ်သည်။

ဦးအောင်ခက် မဟုတ်၊ ဘယ်နည်းနှင့်မှမဟုတ်။

ပြီးတော့....ခင်နွယ်ခက်ကိုလည်း ဘယ်နည်းနှင့်မှ လက်မလွှတ်နိုင်။ အဆုံးရှုံးမခံနိုင်။ ဒေါ်လှနွယ်က သဘောမတူဘူးဟုဆိုရုံ



BURMESE CLASSIC .com



နှင့် မိမိကလည်း အသာတကြည် လက်လျှော့ပြန်သွားရပါမည်လော။

ခင်နွယ်ခက်သည် အရွယ်ရောက်ပြီး မိန်းခလေးတယောက် ကိုယ့်ကြမ္မာကို ကိုယ်ဖန်တီးနိုင်သည့် လူသားတယောက်။

ဒီတော့....ဤကိစ္စတွင် ဒေါ်လှနွယ်သည် မိခင်တဦးဖြစ်သည် မှာ မှန်သော်လည်း တကယ့်အဆုံးအဖြတ်သည် ခင်နွယ်ခက် သာလျှင် ဖြစ်သည်။

ခင်နွယ်ခက်သဘောတူ ကျေနပ်လျှင် ပြီးစတမ်း။

ယိုအတွေးကို တွေးလိုက်ပြီးနောက် စိတ်သက်သာရာ ရသွားသော မင်းဝေသည် သက်ပြင်းတချက်ကို လေးလေးပင်ပင် ချလိုက်မိရသည်။

မင်းဝေအားတချိန်လုံး စိုက်ကြည့်နေရင်း အကဲခတ်နေသော ဒေါ်လှနွယ်ကလည်း ပြုံးလိုက်၏။

'မင်းတို့ကတော့ ငါ့စကားကို နားထောင်ကြမှာ မဟုတ်ဘူးလေ။ ခုခေတ်ကတော့ နှစ်ယောက်သား ရှုံးတက်လက်ထပ်တာဟာ လွယ်လွယ်ကလေးပါ၊ မင်းကော ခင်နွယ်ခက်ကော ရန်ကုန်မှာဘဲ နေ့ကြတာ မဟုတ်လား၊ မင်းတို့ လုပ်ချင်တာ လုပ်ဘို့ လွယ်ပါတယ်လေ။ ဒါကိုလဲ ငါမသိတာ မဟုတ်ပါဘူး၊ သိပါတယ်။ ဒါပေမယ့် ငါကလဲ ငါ့နည်းနဲ့ငါ မင်းနဲ့ခင်နွယ်ခက်ကို မရအောင် လုပ်ရမှာဘဲ'

ဒေါ်လှနွယ်၏အသံမှာပြောရင်း ပြောရင်းနှင့် တင်းမာလာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့လေသံနှင့် သူ့ဟန်မှာလည်း တစုံတခုကို ယတိပြတ်ဆုံးဖြတ်လိုက်ပြီးဖြစ်ဟန် ပေါ်နေသည်။

မင်းဝေ၏ရင်ဝယ် ဒိတ်ကနဲ ဖြစ်သွားရ၏။

ဒေါ်လှနွယ်၏ မျက်နှာကိုလည်း မမှိတ်မသုံ စိုက်ငေး၍ကြည့်နေမိ၏။

ဒေါ်လှနွယ်၏ မျက်နှာမှာလည်း တင်းနေ၏။

သူသည် မင်းဝေကို ကြည့်နေရာမှ ကောင်းကင်ပြင်ကို မော်ကြည့်သည်။

ပတ်ဝန်းကျင်တဝိုက်ကို ဝေ့ကြည့်သည်။

ကန်ရေပြင်ကို ငေးကြည့်သည်။

ပြီးတော့....သူ့ဟာသူ တယောက်ထည်း ပြောနေဟန်မျိုးနှင့် ခတ်တိုးတိုး ရေရွတ်လိုက်ပြန်သည်။

'အင်း....အားလုံးကတော့ ဟို တုန်းကလိုပါဘဲလေ၊ လသာနေတာ၊ ကန်ရေပြင်မှာ လရောင်ကျနေတာ၊ နှင်းတွေဝေနေတာ၊ အို အားလုံးဟာ ဟိုတုန်းက အတိုင်းပါဘဲလား။ အင်း ဟိုတုန်းကဲအတိုင်း၊ ဟိုတုန်းကအတိုင်း။

မင်းဝေထိတ်လန့်တကြား ရုတ်တရက်ပြောမိ၏။

'ဒေါ်ဒေါ်....ဘာ....ဘာ....ဟိုတုန်းကအတိုင်းလဲ ခင်ဗျ'

သူ့စကားကို ဒေါ်လှနွယ် ဂရုမပြု၊ သူ့ကိုလည်းမကြည့်၊ သူ့ဟာသူ တယောက်ထည်း ဆက်ပြောနေ၏။

'အင်း....သံသရာဆိုတာ ဒါဘဲထင်ပါရဲ့လေ။ အဖြစ်အပျက်တွေ ဆိုတာကလဲ ထပ်ခါတလဲလဲ ပြန် ပြန်ဖြစ်တတ်တယ် ထင်ပါရဲ့'

သက်တင်စာပေ



'ဒေါ်....ဒေါ်....ဒေါ်ဒေါ်၊ ဘာတွေ ပြောနေတာလဲ ဟင်'

ဒေါ်လှနွယ်သည် မင်းဝေကို လှည့်ကြည့်ကာ ရယ်လိုက်သည်။

အသံထွက်ကာ ရယ်လိုက်ပုံမှာလည်း ကြောက်စရာ ကောင်းနေ၏။

အဓိပ္ပါယ်မရှိ ချောက်ကပ်ကပ်ကြီး ရယ်နေသော ဒေါ်လှနွယ်အားကြည့်ရင်း ဒီမိန်းမကြီး ရူးများ သွားလေပြီလားဟု တွေးရင်း မင်းဝေလန့်သွားသည်။

'ဒေါ်ဒေါ်....ဒေါ်ဒေါ်'

မင်းဝေ၏ အသံမှာလည်း တုန်ယင်နေ၏။

'ဘာဒေါ်ဒေါ်လဲ....၊ ဒေါ်ဒေါ်မဟုတ်ဘူး၊ နွယ် နွယ်လှနွယ်ပါ အောင်ခက်ရယ်။ မင်းက ငါ့ကိုမေ့ပြီလား၊ ဟင်း ဟင်း'

ဒေါ်လှနွယ်သည် စကားအဆုံးတွင် ရယ်လိုက်ပြန်သည်။

ဟက်ဟက်ပက်ပက်ကြီး ဆက်တိုက်ရယ်နေပြီးမှ ဆက်ပြောပြန်၏။

'ဘာလဲ....မင်းကြောက်နေသလား၊ ဟင်း ဒီတခါတော့ ငါမင့်ကို တယောက်ထဲ မလွှတ်လိုက်တော့ပါဘူးကွာ၊ ငါလဲ လိုက်မှာပါအောင်ခက်ရယ်၊ မင့်အတွက် အဖော်ရှိပါပြီ'

'ဒေါ်ဒေါ်....ဒေါ်ဒေါ်....အို၊ ဒေါ်ဒေါ် ဘယ်လိုလုပ်တာလဲ၊ အို မလုပ်နဲ့လေ၊ မလုပ်....'

မင်းဝေ၏စကား မဆုံးလိုက်။

သူသည် ဒေါ်လှနွယ်နှင့်အတူ လှေပေါ်မှနေ၍ ရေထဲကျသွားသည်။

သက်တင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



စောင်းသွားသော လှေအတွင်းသို့လည်း ရေများဒလဟော ဝင်လာ၏။

သူတို့နှင့်အတူလှေလည်း ရေထဲသို့ စုံးစုံးနစ်မြုပ်သွားသည်။

ပင်းဝေသည် ကြောက်အားလန့်အားနှင့် လက်ခြေများကို ရုန်းကန် လှုပ်ခတ်လိုက်မိ သေးသော်လည်း သူ့ကိုယ်အား တင်းတင်းကြပ်ကြပ်ကြီး ဖက်ထားသည့် ဒေါ်လှနွယ်နှင့်အတူပင် ကန်ရေပြင်အောက်သို့ ပါသွားသည်။

မကြာမီ....အတွင်းမှာပင် ကန်ရေပြင်သည် ပြန့်လည်၍ ငြိမ်သက်မြဲ ငြိမ်သက်သွားသည်။

ရေပြင်ဝယ် ငွေရောင်တောက်နေ၏။

ဟိုအရှေ့ဘက်က ကန်ရေစွန်း၌လည်း လဝန်းသာနေဆဲပင်။

●

BURMESE CLASSIC .com

(၂၂)

ကန်တော့ခင်ရိုး၏ နောက်ဘက် ညောင်ပင်ကွယ်မှ လူရိပ် တခုထွက်လာ၏။ သူသည် ကန်တော့ခင်ပေါ်၌ ရပ်လိုက်ကာ မင်းဝေနှင့် ဒေါ်လှနွယ်တို့ လှေနစ်သွားရာဆီသို့ ငေးကြည့် နေ၏။

သူကား....အရှုံးမဖြူလုံး။

(တက္ကသိုလ်ခင်မောင်အေး)

၄-၁၂-၇၇။

သက်တင်စာပေ

www.burmeseclassic.com